စိတ်ကူးချိုချိုအနုပညာ

# စစ်ကိုင်းဦးဘိုးသင်း

# လောကမျက်ရည်

နန်းတွင်းဝတ္ထုတော်ကြီး



ပြန်လည်ရိုက်နှိပ်ခြင်း

လောကမျက်ရစ်နန်းတွင်းဝတ္ထုတော်ကြီး စစ်ကိုင်းဦးဘိုးသင်း
မျက်နှာဖုံးပန်းချီ - သီဟဓေတ၊ စာမျက်နှာ ၁၉၇မျက်နှာ၊ ၁၂·၇စင်တီ × ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းသာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၉၊ မရိုးနိုလမ်း၊ ရန်ကင်း။
၂၀၁၆၊ ဒီဇင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း ဒုတိယ ကိုတင်အောင် မန်းအာလေးစားလယ်ဘကြိမ်မှု၊ အုပ်ရေ ၅၀၀၊

စောင်းရေး ၁·၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

စိတ်ကူးချိုချိုစာအုပ်

# လောကမျက်ရစ်

နန်းတွင်းဝတ္ထုတော်ကြီး

## စစ်ကိုင်းဦးဘိုးသင်း

ပြန်လည်ရိုက်နှိပ်ခြင်း။ ၂၀၁၆

# လောကမျက်ရစ်

ပေါက္ကံပြည် စေရကျော်ထင်မင်းတရားကြီးသည် တရားနှင့်အညီ မင်းပြုရ၏။ ထိုမင်းတရားကြီးကို တိုင်းသူပြည်သားတို့သည် အသက်ပေး၍ချစ်ခင်ကြ၏။

ပေါက္ကံပြည် စေရကျော်ထင်မင်းတရားလက်ထက်တော်၌ ပြင်ပအမြင်အားဖြင့်... ပညာရှိများ မဆိတ်သည်အတိုင်း ပညာရှိတို့သည် အလွန်ထင်ရှား၏။ ထိုသို့ပညာရှိများ ထင်ရှားသည့်အတိုင်း ပေါက္ကံပြည်တော်ကြီး၌ လူနေမြင့်ကြပြီးသော် အထင်အားဖြင့် မရှိဆင်းရဲကင်းကြကုန်၏။ မြစ်အရှေ့ဘက်ရှိ တိုင်းပြည်များနှင့်... သင်းတွဲပြည်ကြီးက လောကနတ်ပြည် သည်ပေါက္ကံပြည်ဟုပင် ယိုးမှတ်ကြလေ၏။

မြောက်ဘက်တစ်ခွင်မှ တိုင်းပြည်တို့ကလည်း ပေါက္ကံပြည်ကြီးသည် ပဒေသာပင်တည်ရှိရာ ပြည်ကြီးဟု အထင်အယူရှိကြလေ၏။

စေရကျော်ထင်မင်းတရားကြီးသည်လည်း တရားသဘောကို

အလွန့်အလွန် နှစ်သက်တော်မူလေ၏။

စေရကျော်ထင်သည် အခါတစ်ပါးသော် တိုင်းခန်းလှည့်လည်တော်မူ၍ တစ်ခုသောစနပုဒ် ရေမိုးသင့်ရာနေရာတွင်... စခန်းချရပ်တော်မူနေရာ သက်ကြီးတစ်ယောက်သည် မင်းကြီး၏ တည်းတော်စခန်း၏ ရှေ့တွင် ဖြတ်သန်းသွားသည်ကို မြင်တော်မူ၍ မင်းချင်းတစ်ယောက်အား ထိုသက်ကြီးအိုကို လိုက်ပြီးလျှင် ပင့်စေလေ၏။

စေရကျော်ထင် ဘုရင်မင်းမြတ်သည် ထိုသက်ကြီးအိုသည် ဘုရင်မင်းမြတ်၏ တည်းတော်သို့ရောက်လတ်သော် ထိုသက်ကြီးအိုအား မြင့်မြတ်သော နေရာကိုပေး၍ မိမိမူကား နိမ့်သောနေရာကနေ၏။

ထိုအခါ သက်ကြီးအိုလည်း 'အရှင်မင်းမြတ် ဤသို့မပြုစကောင်း၊ လောကသည် ပြုးပါသတတ်' ဟုဆို၏။ ဘုရင်မင်းမြတ်သည် 'အဘိုး လောကတရားတည်နိုင်သရွေ့ တည်သော လူလိမ္မာတို့၏သဘာဝ၌ ဂုဏ်ကြီးသောသူ၊ အသက်ကြီးသောသူတို့ကို ရိုသေသမှုပြုသည် လူတို့ ပြုအပ်သော ဝတ္တရားကောင်းတွင် အဓိကပါဝင်လေသည်။ ဂုဏ်တကာ့ ဂုဏ်တို့တွင် လောကီသားတို့၌ အသက်ကြီးမြင့်ခြင်းဂုဏ်သည် ထိပ်က ဖြစ်ချေသည်။ အကြောင်းတစ်မူကား ကိလေသာ မကုန်သောသူတိုင်း လောကပင် သေခြင်းသဘောကို ကြောက်ခြင်းကြောင့်ပါတည်း' ဟု ဆိုလေ၏။

ထိုသက်ကြီးလည်း ဘုရင်မင်းမြတ်၏စကားကို မချေပနိုင်၍ ဘုရင်မင်းမြတ်ပေးသောနေရာ၌ ခပ်ယို့ယို့ပြုကာနေလေ၏။ ဘုရင်မင်းမြတ်လည်း နိမ့်သောနေရာကနေလျက် 'ဤသို့ပြောဆိုသဖြင့် စကားပေါ်လွင်ကာ နေလေတော့ပြီ။'

'အဘိုး၏အသက်သည် မည်မျှရှိပါပြီလဲ'

'အရှင်မင်းကြီး၊ ကျေးတော်မျိုး၏ အသက်သည်ကား တစ်ရာငါး

နှစ် ရှိပါပြီ'

'အချင်းတို့ အံ့ဖွယ်ရှိစွတကား၊ အဘိုးအတွက် ဝမ်းစာကို အဘယ်သို့ ရပါသနည်း'

'အရှင်မင်းကြီး၊ ကျေးတော်မျိုးကား အရှင်မင်းကြီး၏ ဘိုးတော် လက်ထက်တော်၌ စစ်အမှုထမ်းသား တစ်ယောက်ပါတည်း။ အရှင်မင်း ကြီး၏ ခမည်းတော်လက်ထက်တော်တွင်... မြောက်ခွင်မှ တောင်ရေကျ သကဲ့သို့သော တရုက်တပ်သည် ပြင်းထန်စွာတိုက်ခိုက်လာသောအခါ ကျေးတော်မျိုးတို့ တပ်ဦးကနေ၍ အမှုထမ်းခဲ့ပါသည်။'

'မကြောက်သလော အဘိုး'

'စစ်တိုက်ခြင်းသည် ကိုယ်၏ အကျိုးစီးပွားမဟုတ်၊ စီးပွားရှာဖွေ ခြင်းမဟုတ်၊ တိုင်းပြည်အတွက် ကိုယ်ကျွမ်းကျင်ရာနှင့် အမှုထမ်းခြင်း ကြောင့် ကြောက်စရာမရှိသည့်အတိုင်း... မကြောက်ပါဘုရား'

'စစ်မှုထမ်းရခြင်းသည် အသက်နှင့်အမှုထမ်းရခြင်းကြောင့် သေခြင်းနှင့် အလွန်နီးကပ်နေသည် မဟုတ်ပါလား'

'သေခြင်းနှင့် ဝေးသောသူသည် ပဋိသန္ဓေနေရသော သတ္တဝါတို့၌ မရှိပါဘုရား၊ စစ်မှုထမ်းခြင်းသည် သေတတ်သော် ကျေးတော်မျိုးသည် အသက်တစ်ရာငါးနှစ် မရှိတန်ရာပါဘုရား'

'အချင်းတို့ မင်္ဂလာရှိပေစွ၊ တွေ့ရခြင်းတော်ပေစွ၊ စကားဝေးသွား ပြီ၊ ဆက်တော်မူပါဦး အဘိုး'

'ကျေးတော်မျိုးတို့သည် မိမိတို့ထက် ဆယ်ဆမက အင်အားကြီး မားသော တရုက်တပ်ကြီးကို တွန်းလှန်လိုက်ပြီးနောက် ပေါက္ကံပြည် သည် အေးချမ်းသာယာလာ၍ ကျေးတော်မျိုးတို့သည် တိုင်းပြည်က သိတတ်သောဝမ်းစာနှင့် အေးအေးအမှုတော်ကို ထမ်းလာခဲ့ရာ အသက် ခြောက်ဆယ်ကျော်၍ အနားယူရန် ဘုန်းတော်ဘုရားကြီးထံ တင်လတ်

သော် ဘုန်းတော်ကြီးဘုရားသည် အခွင့်ပြု၍ ပင်စင်စာအတွက် ဆား တစ်ကျင်း ကျေးတော်မျိုး၏တစ်သက်တာတွင် သနားလိုက်ပါသည်။ ၎င်းကို မည်သည့်အကြောင်းနှင့်မျှ၊ မည်သူကမျှ ကျေးတော်မျိုး အသက် တည်နေသ၍ ကာလပတ်လုံး မသိမ်းရဟု အမိန့်တော်သတ်မှတ်ထား ပါသည်။

'ဟုတ်ကဲ့ အဘိုး၊ လုံလောက်ပါ၏လား'

'လိမ္မာသူ၌ ဝမ်းစာသည် လုံလောက်နိုင်ပါသည်'

'အဘိုးမှာ သားသမီးမြေးမြစ် မရှိပါသလော'

'ရွှေဘုန်းတော်ရှင်။ စစ်သူကြီး၊ စစ်ဗိုလ်မှူး၊ စစ်မှူးတို့မှာ အရောင် အဝါနှင့် အာဏာနှင့် ဉာဏ်နှင့်အမှုထမ်းပါသည်။ ကျေးတော်မျိုးတို့ စစ်သည်များမှာကား ရင်ဘတ်ကို ဒိုင်းလုပ်၍ အမှုတော်ကို ထမ်းရပါ သောကြောင့်... နောက်ဆံတင်းခဲ့သော် စွန့်စားဝံ့မည်မဟုတ်ပါ၍ အိမ် ထောင်မပြုခဲ့ပါ'

'အော် အနားယူတော့ကော'

'ကိုယ်နှင့် ရွယ်တူကိုလည်း ရှုတ်တွမို့ မလိုချင်၊ ငယ်ရွယ်သူကို လည်း သမီးအရွယ် မြေးအရွယ် ဖြစ်နေခြင်းကြောင့် တိရစ္ဆာန်သဘော သက်ရောက်မည်ကို စိုး၊ ထို့ကြောင့် တစ်ကိုယ်တည်းပဲ နေလာပါသည်'

'ဟုတ်ကဲ့၊ ဘယ်လို အကျင့်သီလများကို ထိန်းပါသလဲ'

'လူတို့ကျင့်အပ်သော တရားငါးပါးတွင် လေးပါးကို အထိုက် အလိုက် ထိန်းပါသည်။'

'အဘယ်တစ်ပါးကို မထိန်းပါသလဲ'

'သုရာမေရယတစ်ပါးကို မထိန်းပါ'

'အဘယ့်ကြောင့်'

'အရက်ကိုဖြစ်စေ၊ ထန်းရည်ကိုဖြစ်စေ၊ ခေါင်ရည်ကိုဖြစ်စေ မ

သောက်သော် လေထိုးခြင်းစသောရောဂါသည် ကပ်ရောက်လာခြင်းကြောင့် ဤသည်တို့ကိုတော့ သောက်ပါသည်။ သောက်ခြင်းဖြင့် ဓိမ်ရှိသည်ဟုလည်းထင်ပါသည်။ တစ်ခါတလေ တောကြောင်သားနှင့်များ သောက်ရတော့ အထူးကို နှစ်သက်ပါသည်။'

ဘုရင်မင်းမြတ်သည် ထိုသက်ကြီးအား ထိုသို့ပြောဆို မေးမြန်းပြီးနောက်... ရှိသေစွာ ရှိခိုးဦးချ ကန်တော့လိုက်လေ၏။ ထိုအခါ မှူးမတ်များက အရက်သမားကို ကန်တော့ရာသလောဟု တင်ကြကာလ ဘုရင်မင်းမြတ်လည်း ငါသည် အရက်ကိုဦးချ၍ မကန်တော့၊ သူ၏တိုင်းပြည်အတွက် စစ်မှုထမ်းသောဂုဏ်နှင့် သူ၏ရင့်သော လူ့ဘဝတွင် အသက်ကို ကန်တော့သည်ဟု ဖြေတော်မူလေ၏။

ထို့နောက် ဘုရင်မင်းမြတ်သည် ပညာရှိများကိုခေါ်၍ ဤသို့ပြောဆို အေတော်မူလေ၏။

'ပညာရှိကြီးတို့၊ ဤသက်ကြီးအိုအား နေပြည်တော်သို့ ပင့်ချီ၍ ပုဇော်ထားရသော် မတော်ဘူးလား'

'မသင့်ကြောင်းပါ ဘုရား'

'ဘာကြောင့်လဲ အရက်သောက်တတ်၍လား'

'မဟုတ်ပါဘူး ကျေးတော်မျိုးများ အမြင်စူးရှပြီးပါ ဘုရား'

'အကြောင်းကိုဆိုဗျာ'

'ဤသက်ကြီးအား နေပြည်တော်သို့ဆောင်၍ ချီးမြှောက်သည်ရှိသော် ဤသက်ကြီးသည် နေရာအရပ်၏ ဥတုသဘောချင်း ခြားနားခြင်းနှုးဦးစွာ ဒဏ်ကိုခံရလိမ့်မည်။ ထို့နောက် အနေအထိုင် အသွားအလာအအိပ်အနေတည်းဟူသော ၎င်း၏ သဘာဝဆန့်ကျင်ဘက်ဒဏ်ကို ဤသက်ကြီးသည် ခံရလိမ့်မည်။ ထို့နောက် ထိုသက်ကြီး၏ အစားအသောက်တည်းဟူသော ကွဲပြားခြားနားမှုဒဏ်ကို ခံရပေလိမ့်မည်။'

'အင်း'

'ထိုသို့သော သဘောကြောင့် ရင့်စွာသော သစ်ပင်ပန်းပင်တို့ကို သဘောခြင်းမမျှသောနေရာတွင် ရွှေစိုက်ဘိသကဲ့သို့ ရှိချေရကား နေပြည်တော်သို့ပင့်ချီကာ ချီးမြှင့်ပူဇော်ခြင်းအားဖြင့် ထိုသက်ကြီး၏ အသက်ကို ဆုံးဖြတ်သကဲ့သို့ရှိရာရောက်မည်ကြောင့်ပါ ရွှေဘုန်းတော်ရှင်ဘုရား။'

ဘုရင်မင်းမြတ်သည် ထိုသို့သော လျှောက်တင်ချက်ကိုသဘောကျတော်မူသောကြောင့် ထိုသက်ကြီးအား သူ၏နေရာအရပ်မှာပင် တင့်အပ်လျောက်ပတ်စွာ တည်နေနိုင်ရန် များစွာသော အသပြာတို့နှင့် ပူဇော်အထူးကို ပြုခဲ့လေ၏။

အခါတစ်ပါးသော် စေရကျော်ထင်ဘုရင်မင်းမြတ်သည် တစ်ခုသော ဇနပုဒ်၌ မိလက္ခုများနှင့် ရောနှောကာ အကျိုးရှိစကားများကို ပြောဆိုနေစဉ်တွင် ပွဲတော်တည်အံ့သောအချိန်၌ သူတောင်းစားတစ်ယောက်သည် သူ၏ နံနက်စာအတွက် စွန့်ကြဲပါဟု တောင်းခံ၏။

ထိုအခါ... ဘုရင်မင်းမြတ်သည် သူ၏ ပွဲတော်စာကို ကိုယ်တော်တိုင်ထည့်၍ သူတောင်းစားအား ပေးမည်ဟု သူတောင်းစား၏ ခွက်မည်းကို လှမ်းယူသောအခါ ခွက်၏ ညစ်မည်းမသန့်ရှင်းပုံကို မြင်ရသဖြင့် ဤသို့ဆို၏။

'အမောင်... သင့်ခွက်သည်ကား မသန့်ရှင်း။ ငါ၏ စိတ်ကို ဆွံ့၍ တွန့်စေသည်။ ထို့ကြောင့် သင့်ခွက်ကို သင်ပြန်ယူ၍ သင့်ဘယားအိတ်တွင် ထည့်စေလော့...'

ထိုသို့ မင်းကြီးသည် မိန့်တော်မူပြီးသောအခါ... စားတော်ကဲအား ရွှေလင်ပန်းနှင့် အမဲဟင်းလျာစသော စားဖွယ်သောက်ရာတို့ကို ပြင်စေ၍ သူတောင်းစားအား ပေးလေ၏။

သူတောင်းစားသည် မင်းကြီး၏မနီးမဝေး၌ ၎င်း၏ နံနက်စာကို မင်းကြီးမြင်အောင် ယူလေ၏။

ကိုယ်ရံတော်မှူးမတ် အကြီးအကဲသည် မင်းကြီးအား ဤသို့ တင်လျှောက်လေ၏။

'ရွှေပြည့်ရှင်ဘုရား၊ လောက၌ ထိုက်တန်ခြင်းကိုသာ ပေးကမ်းစွန့်ကြဲရာပါသည်။ ဤသူဖုန်းစားအား ဤကဲ့သို့စွန့်ကြဲပေးကမ်းခြင်းသည် လူနှုနှင့် နတ်သမီး တရတည် မိန်းမလှ မိန်းမမြတ်က ပေးစားသကဲ့သို့ပါဘုရား'

ထိုအခါ ဘုရင်မင်းမြတ်လည်း ဤသို့မိန့်တော်မူလေ၏။ ငါ၏အကျိုးကို လိုလားသော အမတ်ကြီး။ သင်၏ ဥပမာကား အပ်သယောင်နှင့် မဟပ်ချေ။ လူနုအား မိန်းမလှ မိန်းမမြတ်ကို ဆုနှင်းချေသော် လူနုကားအရတော်စွဟု ဝမ်းသာပေမည်။ မိန်းမမြတ်ကား ကြောက်၍သာ သဘောတူရမည် မနှစ်သက်ပေ။ ထို့ကြောင့်ဤအပြုအမူသည် သင်ဆိုသည့်အတိုင်းသင့်မလျော်၏။ သို့သော် ထိုမိန်းမသည် လူနုအား နှစ်သက်သည်ရှိသော် ထိုအပြုအမူသည် သင့်လျော်မည်သာတည်း။ ယခု ငါ သူတောင်းစားအား ပွဲတော်စာ ချီးမြှင့်ပေးကမ်းရာ၌ ပွဲတော်စာနှင့် ရွှေလင်ပန်းက... မနှစ်သက်သလော၊ ဝမ်းနည်းလေသလော။ သူတောင်းစားသည် ကိလေသာကာမဂုဏ်၌ ယစ်နေသူတည်း။ သူသည် ကောင်းနိုးရာရာ၊ မြိန်နိုးရာရာ အာဟာရကို အလိုရှိပေမည်။ ကာမဂုဏ်သားတို့၏ သဘာဝအလျောက် ရွှေလင်ပန်းနှင့်လည်း သူသည် အလိုရမ္မက်ကို လိုက်စားခြင်းဖြင့်လည်းကောင်း...၊ တင့်တယ်မှုကို သာခြင်းဖြင့်လည်းကောင်း စားလိုပေလိမ့်မည်။ သူ၏အလိုရှိခြင်းသည် သူ့၌အပ်သည် မအပ်သည်ကို မစဉ်းစားရာ၊ ငါပေးသောသူ၌ကား သူ၏တင့်တယ်သော အလိုကို ဖြည့်ခြင်းဖြင့် အပ်ချေသည်။

အမတ်ကြီးသည် တိတ်ဆိတ်စွာနေ၏။ မင်းကြီးသည် ဆက်၍ အမတ်ကြီးနှင့်ပညာရှိတို့အား ဤသို့မိန့်တော်မူပြန်၏။ ရသေ့သည် ပူပန်ခြင်း၊ တပ်မက်ခြင်း၊ သာယာခြင်း ပြောင့်တံကျင်ကို ကြောက်၍ အင်ဖက်မိုးကာသော သစ်မ်းကလေးနှင့် တင်းတိမ်ကာ သူ၏ အေးချမ်းခြင်းကို ယူနေ၏။ ရှည်သောအသက်ကိုလို၍ ချာန်အဘိဉာဉ်ကိုပွားများ အားထုတ်နေ၏။ ထိုရသေ့အား ငါတို့သည် ရွှေဗိမာန်ကိုပြုပြီးလျှင် သစ်မ်းကိုလှူ၏။ ထိုရသေ့ကိုငါတို့သည် ဖျက်ဆီးရာ ရောက်မရောက်ကို သတိပြုရာသည်။

ရသေ့သည် ငါတို့၏ထံ၌ ခွက်မည်းစုတ်ချာနှင့် လာရောက်၍ အလှူခံ၏။ အဘယ်ကြောင့်ဤခွက်မည်းကို ရသေ့သည် သုံးသနည်း၊ သူ၏ တင့်တယ်ခြင်း၊ ထိုတင့်တယ်ခြင်း၌ သာယာခြင်းတို့ကို ကြောက်လန့်၍ မာန်မရှိသောသဘောနှင့် အလှူခံခြင်းဖြစ်၏။ သူတောင်းစားကား ဤကဲ့သို့မဟုတ်။ ရသေ့သည် မြိုးမြိခြင်းဖြင့် ခရီးသွား၏။ သူတောင်းစားကား ဤကဲ့သို့မဟုတ်တန်ရာ၊ ကာမဂုဏ်နွံကို ငါတို့ကဲ့သို့ တံခွန်ပြုကာ ခရီးသွားတန်ရာ၏။ ငါသည် ပုဂ္ဂိုလ်ကိုရွေးချယ်၍ ငါ့အကျိုးငှာ ပေးကမ်းစွန့်ကြဲခြင်းတို့မပြု၊ သတ္တဝါတစ်ခုအပေါ်၌ သနားခြင်း၊ သူ၏ကောင်းသောအလို၌ ပြည့်စုံစေခြင်းတည်းဟူသော သဘောနှစ်ရပ်ကို မှတည်၍ ငါ့အကျင့်ထုထည်သည် ခိုင်မာရန်အားထုတ်တော့၏။ ငါသည် နှမြောစုံမက်ပိတ်ပင်ဝန်တိုခြင်းမှ ထွက်မြောက်၍ ပေးကမ်းစွန့်ကြဲခြင်းကို ပြု၏။ သူတောင်းစားအား ရွှေလင်ပန်းနှင့် ငါစားအံ့သော ပွဲတော်စာမျိုးနှင့် ပေးကမ်းစွန့်ကြဲခြင်းသည် အသို့လျှင် မအပ်ရာသနည်း။

ထိုသို့ မင်းကြီးမိန့်တော်မူသော စကားတို့ကို နားထောင်လျက် သူတောင်းစားသည် နံနက်စာကို သူ၏ ဝမ်းတွင်းပြည့်စေပြီးနောက် ရွှေလင်ပန်းကို ဆေးကျောပြီးသော် မင်းကြီးထံသို့လာရောက်ဆက်သ၏။

ထိုအခါ မင်းကြီးလည်း အမောင် သင့်ခွက်ကားမကောင်း၊ ဤရွှေလင်ပန်းကို အသင်သုံးစွဲရန်ငါလှူ၏။ ပေးကမ်းစွန့်ကြဲခြင်းသဘောနှင့်လည်းပြု၏။ သင်ယူလော့ဟု မိန့်တော်မူ၏။

သူတောင်းစားသည်ကား ဤသို့ဆိုလေ၏။

ဉာဏ်ပညာ တည်ကြည်ခြင်းသဘောတို့နှင့်ပြည့်စုံ၍... အကျွတ်တရားကို မြန်မြန်ကြီးရအောင် ဆည်းပူးနေသော အရှင်မင်းကြီး။ အရှင်မင်းကြီး၏ အမိန့်တော်သံသည် သာယာပြေပြစ်၍ နားဝင်ချိုဖွယ်ရာဖြစ်၏။ သို့သော် အရှင်မင်းကြီး၏ ဤရွှေလင်ပန်းသည် ကျွန်တော်မျိုး၏ စုတ်ပဲ့ ညစ်ထေးသော ခွက်နက်လောက်မမြတ်၊ တန်ဖိုးလည်းမရှိချေ...။ ဤရွှေလင်ပန်းသည်ကား ကာမဂုဏ်စည်းစိမ်ရိပ်ငြိမ်၍ လူးလဲသူတို့အပေါ်၌ မြင့်သောတန်ခိုးတည်း။ အစိုးတရ အာဏာပိုင်...၊ တန်ခိုးရှိသူတို့၏ တန်ဆာကောင်းပေတည်း။

ဤရွှေလင်ပန်းသည် ကျွန်တော်မျိုးအား အကျိုးကိုထက် ဘေးကိုသာလျှင် ပွားများစေပါအံ့သည်ပါတကား...၊ အကြောင်းသော်ကား ဤသို့ပါတည်း။ ခွက်နက်ကို... အဘယ်သို့သော သူသည် အလိုရှိမှုက် ကာမဂုဏ်အားဖြင့် နှစ်သက်ပါအံ့နည်း။ ရွှေလင်ပန်းကိုကား ကာမဂုဏ်၌ လိုလားတောင့်တကြဲဆသောသူတို့ သည် အလိုရှိကြမည်သာတည်း။ ထို့ကြောင့် ခွက်နက်သည် ဘေးကင်းသော်လည်း တစ်နည်းတုံ ဘေးရန်ကိုမခေါ်သော်လည်း၊ ဤရွှေလင်ပန်းကား ရန်သူကို အမြဲ လက်ယပ်ကာခေါ်ငင်နေလေတော့တကား။

'အင်း'

ထို့ကြောင့် အရှင်မင်းကြီးသည်... သူတောင်းစားကျေးတော်မျိုးအား ရွှေလင်ပန်းကိုပေး၏။ ကျေးတော်မျိုးသည် ရွှေလင်ပန်းကိုင်သူဖြစ်၏။ ကျေးတော်မျိုးသည် မိမိ၏ အရှင်သခင်အား ပူဇော်မှုမျိုးနှင့် ပူဇော်

၏။ ပူဇော်မှုအဖိုးတန် မည်သည်ကှဲမဆိုပြုအပ်၏။ ထို့ကြောင့် ကျေးတော်မျိုးသည် မိမိ၏ အရှင်သခင်အား… ရွှေလင်ပန်းနှင့် ပဏ္ဏာ တော်ပြုပါ၏တကား။

ထိုသို့ပြောဆို၍ သူတောင်းစားသည် မင်းကြီးအား အရိုအသေပြု ပြီးသော် အနည်းငယ်ဖဲ၍ ချက်ချင်း ကောင်းကင်ခရီးဖြင့် ပျံတက်သွား လေ၏။

မှူးမတ်ဗိုလ်ပါအခြံအရံတို့ကား ရင်သပ်ရှုမောနှင့် အလွန်အံ့ဩ ကာရှိကြလေ၏။ မင်းကြီးကား ဤသို့မိန့်တော်မူလေ၏။

မှူးတော်မတ်တော်များ။ ဤသူတောင်းစားကား မြတ်ပေ၏ တကား။ လောက၌ ဘုရင်သည်မြတ်သလော၊ မှူးမတ်သည် မြတ်သ လော၊ သူဌေးသူကြွယ်သည် မြတ်သလော၊ သူတောင်းစားသည် မြတ်သ လော၊ မင်းမှူးမတ်၊ သူဌေးသူကြွယ်၊ ကုန်သည် လယ်လုပ်၊ သူတောင်း စား၊ သဘာရာဇာစသည်တို့ဖြင့် အဆင့်အတန်းခွဲခြားထားခြင်းသည် ကာမဂုဏ်သမားတို့၏ စည်းစိမ်ယစ်မူးသော ထောင်လွှားမှုမျှသာ တည်း။ လောက၌ မြတ်သည်ကား အကျင့်သည်သာလျှင် ပမာနပေ တည်း။ ငါကား တွင်းတူးလျှက်တွင်းမအောင်းသော… ကြွက်ကဲ့သို့ လျှင်ကတည်း။ အသင်မှူးမတ်တို့ကား ရသေ့၏ ကျောင်းမှကျောက်စည် ကဲ့သို့ လျှင်သာကတည်း။

သူတောင်းစားကား အနှစ်နှစ် ပြည့်စုံပေသတည်း။ သူတောင်းစား သည် မဆွက ဈာန်အဘိညာဉ် တန်ခိုးနှင့် ပြည့်စုံသော၊ ဈာန်အဘိညာဉ်ကို ရနေသောသူမဟုတ်။ ငါ၏ စကားကိုကြားရခြင်းအားဖြင့် တစ်ထိုင် တည်းနှင့်ပင် ဈာန်အဘိညာဉ်ကိုရ၍ ကောင်းကင်ခရီးဖြင့် သွားလေတော့ ပြီ။

ထိုသို့ မင်းကြီး၏စကားကို ဗိုလ်ပါတို့ ကြားကြလတ်သော် မယုံ၊

သဘောမကျသောမျက်နှာတို့ကို ပြကြလေကုန်၏။ ထိုအခါ မင်းကြီးသည် ဤသို့ဆို၏။

'မှူးမတ်များ။ သင်တို့သည်ငါ၏စကားကို မနှစ်မြို့ဟန် လက္ခဏာ ရှိပေသည်။ သူတောင်းစားသည်ကား အလွန်မြတ်သောသူ ဖြစ်သည်။ ထိုစကားကို အသင်တို့သည်သာ၍မလျော်သည်ကို ဆိုဘိသည်ဟု ဝမ်းတွင်းသိုကြပေလိမ့်မည်။ သတိပြုကြကုန်...'

သူတောင်းစား၏ မိဘနှစ်ပါးကား မြတ်သောသူတို့တည်း၊ သူတောင်းစား၏မိဘသည် သူတောင်းစားဖြစ်တဲ့လျက် မြတ်ရာသလောဟု သဘောမပြုရာ၊ မည်သူမဆိုမြတ်နိုင်သည်။ အသီးသည်အပင်နှင့်မြေကိုပြဘိသကဲ့သို့ သူ့ မိဘကိုပြသွားလေပြီ။ သူတောင်းစား၏မိခင်သည် ငါကား ကာမဂုဏ် ဝတ္ထုတစ်ခုဖြစ်နေ၍ ငါ့ကို စောင့်ထိန်းအပ်သောသူ လိုချေပြီ။ ထိုသို့ စောင့်ထိန်းသော ယောကျ်ားအား ဝတ်ကြီးဝတ်ငယ်ကိုပြုထိုက်၊ ပြုအပ်သည်အတိုင်း ပြုရမည်ဟု ခင်ပွန်းသည်ကိုဘားတော့ပြီ။ သူတောင်းစား၏ အဖေသည်လည်း ငါသည် ကာမဂုဏ်ဝတ္ထုပါတကားဟုသိတတ်၍ မိမိ၏ကိုယ်ကိုမိမိလုံခြုံစွာ ပုန်းအောင်းလိုသော မိန်းမအား စောင့်ထိန်းခြင်းသဘောနှင့် မွေ့ာက်စားသင့်သည်ဟု ဇနီးပြုတော့သည်။

ထိုဇနီးခင်ပွန်းတို့သည် အိမ်ထောင်သည်ဘဝ၌၊ အိမ်ထောင်သည်ဘဝအားဖြင့်တိရစ္ဆာန်များကဲ့သို့ မေထုန်မှုကို အလိုရှိသောကြောင့်၊ မေထုန်မှုကို အိမ်တစ်ခုဟု သဘောထားခြင်းကြောင့် အိပ်ခန်းသို့မဝင်ကြကုန်၊ သားလိုသောကြောင့်သာ အိပ်ခန်းသို့ဝင်တော့ပြီ။ ထို့ကြောင့်ထိုသူတို့သည် အိမ်ထောင်သည်ဘဝ၌အထက်တန်းဝင်အဖြစ်နှင့် မြတ်၍ "လောကမျက်ရစ်" ဖြစ်ချေပြီ။

ထိုသူတို့၌ ယုတ်သော ပဋိသန္ဓေသည် မဖြစ်နိုင်ပေ။ ထို့ကြောင့်

သူတောင်းစားသည် မြတ်သော ပဋိသန္ဓေအဖြစ်နှင့် သူ့ မိခင်တိုက်ခန်းတွင် အောင်းလာခဲ့ရပေသည်။ သူ့မိခင်သည် သန္ဓေသားကို စောင့်ထိန်းသောအားဖြင့် အကျင့်ကောင်းဆည်းပူး၍ မြတ်သောအကျင့်ကို ကျင့်လေတော့ပြီ။ ထိုအကျင့်ကား သူတစ်ပါးအပေါ်၌ ဖြူစင်သောသဘောကိုထားခြင်း၊ သူတစ်ပါးကို သနားခြင်း၊ သူတစ်ပါး၏ တရားသဖြင့် ကောင်းစားခြင်းကို ဝမ်းသာခြင်း၊ မိမိ၏ အကျိုးကို လောကအတွက်မငဲ့ဘဲ သူတကာ့အကျိုးကို ဆောင်ခြင်းတည်းဟူသော အကျင့်ကို ကျင့်ပေလိမ့်မည်။

ထိုသို့သော မိခင်ကောင်း၊ ဖခင်ကောင်းကို သူတောင်းစားသည် မှီခိုကာကြီးပြင်းလာရခြင်းကြောင့် ငါပြောသောစကားကို ကြားမိသည်နှင့် တစ်ပြိုင်နက် သူ၏အလိုရမ္မက်ကိုလည်းကောင်း၊ တုန်လှုပ်မှုကိုလည်းကောင်း၊ တက်ကြွထောင်လွှားမှုကိုလည်းကောင်း အလျှော့နိုင်ဆုံးအဖြစ်နှင့် လျှော့လိုက်၍ ထွက်သက်ဝင်သက်ကိုသာ အာရုံပြုပြီးဓာတ်၌ပင် မိခင်ကောင်းကိုမှီခိုခဲ့ရသည့်အတိုင်း စိတ်ကိုပိုင်အောင် ချုပ်တည်းနိုင်ခြင်းဖြစ်လာလေတော့ပြီ။ ထို့ကြောင့် သူတောင်းစားသည် ကောင်းကင်ခရီးဖြင့် သူလိုရာသို့ ပြန်သွားလေပြီ။

ထိုသို့ မင်းကြီးသည် အကြောင်းအကျိုးနှင့်ညီသော စကားကို ပြောဆိုသော်လည်း ဗိုလ်ပါတစ်စုသည် သဘောကျဟန် မတူချေ။

ထို့သို့နှင့်ပင် မင်းကြီးသည် နန်းတော်သို့ ပြန်လာလေ၏။

## "တရားဥပဒေ"

တစ်ရံသောအခါ၊ တောင်ပြင်၌ ရှေးသည် ဇနီးခင်ပွန်းတို့၌ သမီးမယ်စနှင့် သားမောင်ဝဟူ၍ ရှိလေ၏။ မယ်စနှင့် မောင်ဝတို့သည် ဆားကျင်းတစ်ခု၌ လက်လုပ်လက်စားအဖြစ်နှင့် အလုပ်လုပ်ကြရလေ၏။

မယ်စသည် ထိုကဲ့သို့ သူတစ်ပါး၏ ဆားကျင်း၌ အလုပ်လုပ်ရ

သော်လည်း အရုပ်အရည်လှပ၍ သနားစမန်းရှိသည့်အပြင် ဣန္ဒြေနှင့်လည်း ကောင်းစွာပြည့်စုံ၍ အလွန်တည်သော မိန်းကလေးဖြစ်လေသည်။

ထိုသို့သော မယ်စကို ဆားဖိုပိုင်ရှင် ဦးတု ဒေါ်စာရတို့၏ သားတိုးလုံးသည် လူပျိုသဘာဝအတိုင်း မျက်စိကျမိ၏။ ထိုသို့ ကျမိသည့်အတိုင်း မယ်စထံ၌ ချစ်စကားကို ဆိုလေရာ၊ မယ်စကား သူနှင့်ငါသည် ဂုဏ်ရည်မတူ လူဘက်မမျှ၊ သူသည်ငါ့ကို အကယ်တည့် ရိုးမြေကျကြံစည်လိုစေကာမူ သူ၏မိဘတို့သည် လက်လုပ်လက်စားဖြစ်သောငါနှင့်မည်သည့်နည်းနှင့်မျှ သဘောတူလိမ့်မည်မဟုတ်ဟု တိုးလုံး၏စကားကို အတန်တန် ငြင်းပယ်လေ၏။

ထိုသို့သောအကြောင်းကို အခြားဆားဖိုပိုင်ရှင် ဦးညွန့်ဖူး၊ ဒေါ်သင့်တို့သား တက်ဖြိုးသည် သိလတ်သော် တက်ဖြိုးနှင့် တိုးလုံးမှာ ချစ်သောသူငယ်ချင်းများ ဖြစ်သည့်အတိုင်း တက်ဖြိုးသည် တိုးလုံးအား မိမိ၏အလုပ်ရုံမှ အလုပ်သမကို ဤကဲ့သို့မကြံစည်အပ်ကြောင်းနှင့် အခါခါပြောဆို၏။

ထိုကဲ့သို့ တက်ဖြိုးပြောဆိုသည်ကို တိုးလုံးသည် လုံးဝဂရုမပြုချေ။ တက်ဖြိုးသည် မယ်စကို အတွင်းကျိတ်ပိုးပန်းနေသောကြောင့်ပင်ဟု ထင်မှတ်ယူဆလေ၏။

တိုးလုံးသည် ထိုသို့သောသဘော၌ အတော်ပင်လည်ပတ်သောသူဖြစ်၏။ ငါ ဆားဖိုပိုင်ရှင်သူဌေးသားတစ်ယောက်ဟု ငွေကိုပစ်၍ ကစားသည့်အတိုင်း တိုးလုံးလွန်ထားနိုင်သော အမျိုးသမီးတို့သည်လည်းအတော်များားဟန်ရှိ၏။

တိုးလုံးသည် ထိုသို့သော သဘောကြောင့် ထိုသို့သော ကာမဂုဏ်မှု၌ အတော်ပင်လည်ပတ် ကျွမ်းကျင်ဟန်ရှိလေ၏။ ထို့ကြောင့် တက်ဖြိုးသည် တိုးလုံးကို အကြိမ်ကြိမ်အဖန်ဖန် နည်းလမ်းပြ၍ တားမြစ်သော်

လည်း တိုးလုံးသည် မရဘဲ အချုပ်၌ မယ်စသည် အလုပ်ရှင်သားနှင့် အလုပ်သမဖြစ်သည့်အတိုင်း တိုးလုံး၏ အလိုသို့ လိုက်ပါရသောကြောင့် မယ်စမှာ ကိုယ်ဝန်ရှိလေတော့၏။

ထိုအခါ တိုးလုံးမှာ လူညစ်ပက်တို့၏ သဘောအတိုင်း မယ်စကို အသိအမှတ်မပြုတော့ပေ၊ ထို့ကြောင့် မယ်စသည် ကလေးမျက်နှာမြင်ပြီးသောအခါ လျော်ကြေးရလိုကြောင်းနှင့် တောင်ပြင်တရားရုံး၌ တရားစွဲဆိုရာ သက်သေထင်ရှားမရှိသဖြင့် မယ်စသည် ရှုံးလေ၏။ ရွှေမြို့တော်တရားသူကြီးထံ၌ အယူခံတက်သော်လည်း မယ်စပင် ရှုံးလေ၏။

မယ်စသည် သူဆွေးသားနှင့် လက်လုပ်လက်စားမကလေး ဖြစ်နေသည့်အတိုင်း မတုပြိုင်နိုင်သည့်အားလျော်စွာ လက်လျှော့နေရလေ၏။ (ဤကား ပြင်ပကဘယ်ကဲ့သို့ မြင်သော်လည်း ပေါက္ကံပြည်၏ အေးချမ်းသာယာခြင်းဖြစ်၏။)

ထို့နောက် များမကြာမီ တောင်ပြင်၌ နတ်ကပေးသည်ဟု နတ်စင်တွင် အကြီးအကျယ် နတ်ကနားပေးလေ၏။ ထိုနတ်ကနား (နတ်ကန္နား) ၌ ဗုံကြီးကိုတီး၍ ဂုံဂေါကိုမှုတ်၏။ အတီးသမားများမှ စည်းဝါးလိုက်ပြီးသော် သီချင်းဆိုကြ၏။ အရပ်ကာလသား ကလေးများသည် နတ်မယ်လျ (နတ်ဝင်သယ်) များနှင့် သောက်စားမူးယစ်ကာ ကကြ၏။

ထိုသို့သော အမူအရာကို တက်ဖြိုးသည် အသောက်သမားမဟုတ်သည့်အတိုင်း ရိုးသားစွာနေသူဖြစ်သဖြင့် မကြိုက်ချေ၊ နတ်ကနားပေးခြင်းကိုလည်း သဘောမကျချေ။ ဤအပြုအမူသည် လှည့်စားသောအပြုအမူတစ်ခုဟု ယူဆသည့်ပြင် နတ်များကိုလည်း ယုံကြည်ခြင်းကင်းမဲ့လေသည်။

တက်ဖြိုးကား နတ်ကနားပေးပွဲ၌ မျက်စိနောက်လာသည်ထက် နောက်လာသဖြင့် အတင့်အတယ်တရိုတသေတင်ထားသော နတ်ရုပ်

များကိုတက်၍ တုတ်နှင့်ရိုက်ချိုးကာ ချလေ၏။

နတ်ကနားပေးပွဲသည် ထိုသဘောကြောင့် ရုတ်ရုတ် ရက်ရက် ဖြစ်ရုံနှင့်မျှမက ရိုက်ပွဲဖြစ်ကြသဖြင့် ရုန်းရင်းဆန်ခတ်ဖြစ်ကာ ရိုက်ကြ၊ ပုတ်ကြ၊ နင်းကြရာတွင် မူးနေသော တိုးလုံးသည် ဒဏ်ရာပြင်းထန်စွာ နတ်ကနားပေးပွဲအလယ်တွင်ပင် လဲလေတော့၏။

တိုးလုံး၏မိဘများသည် တိုးလုံးကို ထိုသို့ဖြစ်နေ၍ အိမ်သို့ယူ သွားကြရာ အိမ်သို့ရောက်၍ မကြာမတင်မီပင် တိုးလုံးသည် သေဆုံး သွားလေ၏။

ထိုအခါ ဦးတုသည် မိမိ၏သား မောင်တိုးလုံးကို တက်ဖြိုးက ရိုက်သတ်ပါသည်ဟု တရားစွဲလေ၏။ တက်ဖြိုး၏ဘက်မှလည်း ရှေ့ရပ် ကောင်းများနှင့် ခုခံ၏။ ဦးတု၏ဘက်မှလည်း ရှေ့ရပ်ကောင်းများနှင့် အမှုကိုခိုင်မာစွာဆိုလေ၏။ ထို့ကြောင့် တောင်ပြင်တရားသူကြီးသည် ဤသို့ စီရင်ဆုံးဖြတ်လေ၏။

မောင်တိုးလုံးကို တက်ဖြိုးကရိုက်၍သေရသည်ဟု တိုးလုံး၏ အဘ ဦးတုက တရားစွဲဆို၏။ တက်ဖြိုးသည် မဟုတ်ရကြောင်း၊ နတ်ပွဲ တွင် ရုံးရင်းဆန်ခတ်ဖြစ်ပွားရာတွင် တက်ဖြိုးပင်မပါကြောင်းကို သက်သေသက်ကန်များနှင့်တကွ တက်ဖြိုး၏ရှေ့ရပ်က ကျနစွာလျှောက် ၍ ပြောဆိုသော်လည်း ငွေနှင့်ဉာဏ်ရှိ၍သာ သို့လောသို့လော ထင်စရာ ဖြစ်လာချေသည်။ စင်စစ်တက်ဖြိုးသည် ပြည်သူအားလုံးတို့ ရိုသေကြ၍ ကြောက်ရွံ့နေရသော နတ်ရုပ်ကိုပင် ရိုက်ချိုးဝံ့သည်ကို မငြင်းကွယ်နိုင် သောကြောင့် အလွန်ဆိုးသွမ်းမိုက်မဲသော သူဖြစ်ချေသည်။ ထို့ကြောင့် တက်ဖြိုးသည် တိုးလုံးကိုရိုက်သည်ဟု ယူဆသည်။ သို့သော် တက်ဖြိုး တစ်ယောက်တည်းသာ ရိုက်ခြင်းမဟုတ်ဘဲ ရုန်းရင်းဆန်ခတ်ရိုက်ကြ သောကြောင့် တိုးလုံးသည် သေသည်ဟု ယူဆရာသည်။

ဤကဲ့သို့ဖြစ်လင့်ကစား ထင်ရှားသူမှာ တက်ဖြိုးသာဖြစ်ချေသည်။ တက်ဖြိုးနှင့် တက်တိုးလည်း ဂုဏ်ရည်တူမျှသာ ဖြစ်ချေသည်။ ထို့ကြောင့် တက်ဖြိုးက တရားလိုဦးတုအား သား သေခြင်းအတွက် အသပြာ တစ်ထောင် လျော်စေ။

ထိုသို့သော စီရင်ချက်ကို ဦးတုသည်မကျေနပ်၍ ရွှေမြို့တော်ရုံး ကြီး၌ အယူခံဝင်လေရာ ထိုရုံးကလည်း အောက်ရုံးစီရင်ချက်အတိုင်း သာ တည်စေ၊ သေစားမသေစေထိုက်ဟု ဆုံးဖြတ်လိုက်လေ၏။

ထိုသို့ ရွှေမြို့တော်တရားသူကြီးထံ၌ အယူခံ၍ မအောင်မြင်သဖြင့် ဦးတုသည် တရားလွှတ်တော်ချုပ်သို့တက်၍ သေစားသေသင့်ခြင်းနှင့် ရှေ့ရပ်တို့အားဖြင့် အယူခံရောက်ပြန်လေ၏။

ထိုအခါ ဘုရင်မင်းမြတ်အမှူးရှိသော လွှတ်တော်တရားဝန်ကြီး များက ဤသို့ စီရင်ဆုံးဖြတ်လိုက်လေ၏။

ကျွန်ုပ်တို့သည် အောက်ရုံးတရားသူကြီးများ စစ်ဆေးချက်၊ တရား လို တရားခံတို့ ထွက်ဆိုချက်၊ ရှေ့ရပ်များ လျှောက်လဲချက် လျှောက်လဲ ချက်တို့ကို ကျနသေချာစွာ ဖတ်ကြည့်လျှင် သုံးရက်တိုင်တိုင် စဉ်းစားကြ ပြီးနောက် သဘောတူညီ ဆုံးဖြတ်ကြသည်။

တရားခံ၏ရှေ့ရပ်က သူ၏ တရားခံသည် နတ်ရုပ်များကို ရိုက်ချိုး ခြင်း မှန်သော်လည်း ရိုက်ချိုးပြီးနောက် နတ်ပွဲ၏ ပွဲဈေးတန်းခေါ် ပိန္နဲပင် ရိပ်၌ ဆီထမင်းနှင့် ကြက်ပေါင်ကြော်အား စားနေခြင်းကို သက်သေသက် ကန်အစုံအညီက ထွက်ဆိုသည့်ပြင် ထိုသို့ ရန်းရင်းဆန်ခတ်နှင့် ရိုက်ပွဲ ဖြစ်လာသောအခါ တက်ဖြိုးက၊ ဒါဟာ အသောက်သမား၊ အမူးသမား တို့ သဘာဝ၊ နတ်ဆိုတာ လူများကို တမင်သက်သက် လှည့်စားပြီး ငွေညှစ်တာ၊ ဒါပေမဲ့ ခင်ဗျားတို့ ဈေးသည်တွေ ငွေရှင်တာပေါ့ဟု ပြောနေ သည်ကို သက်သေသက်ကန်အစုံအညီက ထွက်ဆိုကြပါသည်ဟု တင်ပြ

...လသည်။

ထိုအမှု၌ တစိုးတစိမျှ ယုံမှားဖွယ်မရှိ။

သက်သေမည်သည်၊ တစ်နည်းတုံ အလိုရှိသော သက်သေကို ...ရှိ၍ ဉာဏ်ရှိလျှင် ရနိုင်ပေသည်။ တေက်ဖြိုးသည် တိုးလုံးကို ရိုက် ...သတ်ကြောင်း၊ ရိုက်သတ်ပုံသော် မိုက်ကန်းဆိုးညစ်ကြောင်း၊ သူရိုက် ...သတ်ခြင်း မှန်ကန်ကြောင်းကို သူ နတ်ရုပ်များကို ရိုက်ချိုးပုံခြင်းက ...သက်သေခံနေလေပြီ။

၎င်းကို အသပြာတစ်ထောင်သာဒဏ်ပြု၍ လျော်ကြေးပေးစေ ...သော် စီရင်ထုံးတစ်ခုဖြစ်သွားသဖြင့် နောင် တက်ဖြိုးသော်လည်းကောင်း၊ ...ဘက်ဖြိုးကဲ့သို့ မိုက်ကန်းသော သူသော်လည်း လျော်ကြေး တစ်ထောင် ...ပေး၍ လူများကို သတ်ပေလိမ့်မည်။

ထို့ကြောင့် တက်ဖြိုးကို သေစားသေစေရန် တရားလွှတ်တော်ချုပ် ...က အောက်ရုံးများ စီရင်ချက်ကို ဖျက်၍ ဆုံးဖြတ်စီရင်လိုက်သည်။ ...ဘက်ဖြိုးသည် သေစား သေစေ။

ပေါက္ကံပြည် တရားလွှတ်တော်ချုပ်
စီရင်ချက်

*

ပါးကွက် အာဏာသားတို့သည် တေက်ဖြိုးကို သတ်ရန် သုသာန် ...စပြင်သို့ ဓားကွပ်ကာ ခေါ်ဆောင်လာကြလေ၏။ ထိုအခါ အလွန် ...ဘာက်ပပြောင်လက်သော အဝတ်တန်ဆာကို ဝတ်ဆင်ထားသော... ...န်းကလေး ငယ်ငယ်ရွယ်သည် ပါးကွက်အာဏာသားအမှုထမ်းတို့၏ ...က မတ်တတ်ရပ်ကာ လက်ဖြန့်ကာလျက် ဤသို့ ခုံညားစွာဆိုလေ ...၏ ၊

'ဟယ်… အမှုထမ်းများ ရပ်လော့…။ အသင်တို့ အလွန့်အလွန် မှားသောအမှုကို ပြုတော့မည်။ အသင်တို့၏ အသည် ဝန်သည် ဘယ်မလဲ။ အသင်တို့သည် ဤသူကိုသတ်ချေက ပေါက္ကံနိုင်ငံတော်ကြီး ပျက်စီးရတော့မည်။ ထို့ကြောင့် ကျွန်မတားဆီးပါသည် ရှေ့သို့မတိုးနှင့်…'

ထိုအခါ အာဏာသားခေါင်းသည် ပြန်၍ အသည်ဝန်မင်းကို တင်သဖြင့် အသည်ဝန်မင်းသည် ပါလာလေ၏။

အသည်ဝန်မင်းနှင့် ထိုမိန်းကလေးသည် ဤသို့စကားဆိုနေကြလေ၏။

'ဟယ်… လုံမငယ်၊ အသင်ဘာကြောင့် တားသလဲ'

'အသည် ဘာကြောင့် ပါးကွက်အာဏာသားများနှင့် အုပ်ချုပ်စောင့်ထိန်းကာ မလိုက်မလာပါသလဲ'

'ဤအမှုကား ဘုရင်မင်းမြတ်နှင့် လွှတ်တော်ဝန်ကြီးများ သေချာစွာ စီစစ်၍ စီရင်ဆုံးဖြတ်ခြင်းဖြစ်သောကြောင့် ငါလိုက်ပါလာရန် မလိုတော့ပေ'

'ဘသည် ရာဇသတ်၊ မမှုသတ်ကို အသေအချာ… လေ့လာလိုက်စားရန်လိုသည်။ ရှင်ဘုရင်သည် လူကို သတ်နိုင်သလော၊ တရားဝန်ကြီးများသည် လူကိုသတ်နိုင်သလော၊ လူကိုသတ်နိုင်ခြင်းသည် တရားဥပဒေမှ ပေါ်ပေါက်လာသောအကြောင်းအချက်သာ ဖြစ်သည်။ ဤအမှုသည် စစ်ဆေးဆုံးဖြတ် စီရင်ခြင်းတွင်များစွာအကြွင်းအကျန်ရှိနေသည်။ ရှေ့ရပ်တို့သည် ငွေရ၍ အမှုသည်များ၏ ရှေ့ကရပ်သည်။ ဉာဏ်ပညာရှိမဟုတ်ချေ၊ ဘအား အသည်ဝန်ခန့်ထားသည်မှာ ဘုရင်မင်းမြတ်၏ အမိန့်တော်အရ လွှတ်တော်က ခန့်ထားခြင်းမဟုတ်၊ လေးပြင်လေးရပ်နှင့် ရွှေမြို့တော်အတွင်းရှိ အသည်များက အသည်များ တရားသဖြင့် ဖြစ်ရရန်သဘောတူစုံညီပြုကာ ခန့်ထားခြင်းဖြစ်သည်။ ဘလိုက်ပါမလာ

ခြင်းသည် ဘ၏တာဝန်ပျက်သည်။'

'လုံမငယ် သည်းခံပါ'

'ရှိပါစေ၊ ဘ။ ဘုရင်မင်းမြတ်ထံ အမြန်ပြန်၍ တင်ပါ၊ တရားခံကို သက်မလွှန်စေရာ၊ လက်လွန်က ဘ၏ ခေါင်းပေါ်ရောက်မည်။'

'ကျွန်မ ဘုရင်မင်းမြတ်နှင့် တရားဝန်ကြီးများကို တရားဆိုသည်'

'လုံမငယ်၏ အမည်ကား မည်သို့ခေါ်ပါသနည်း'

'မယ်သိုက်ဟုခေါ်ပါသည်'

'မည်သည့်အလုပ်ကို လုပ်နေပါသလဲ'

'တောမှ ဟင်းသီးဟင်းရွက်တို့ကို ခူး၍ ရောင်းချနေထိုင်ပါသည်'

'ကောင်းပြီ...'

အသည်ဝန်မင်းအား ရွှေနန်းတော်ကြီးသို့ မြင်းသည်ကျော်လွှတ်၍ အောက်ပါအတိုင်း ထန်းဖူးအစီရင်ခံစာကို ပို့ရလေသည်။

ဟင်းရွက်သည် မကလေး မယ်သိုက်က ဘုရင်မင်းမြတ်စီရင်သော တရားလို ဦးတုနှင့် တရားခံ တက်ဖြိုးတို့၏ အမှုတွင် တရားကြွင်းကျန် သေးကျက်ရှိနေသည်။ ထို့ကြောင့် မသတ်ရဟုတားဆီးထားပါသည်။ အမိန့်တော်ကို နာခံရန်ပါတည်း။

ဘုရင်မင်းမြတ်ကား ဘုရင်မင်းမြတ်ဟု ကျော်ကြားနေသည့်အတိုင်း တေက်ဖြိုးကိုသတ်ရန် ရပ်ဆိုင်း၍ တန်းတွင် ချုပ်ထားစေလေ၏။

ဘုရင်မင်းမြတ်သည်... နောက်တစ်နေ့သော် မယ်သိုက်ကို လွှတ်တော်သို့ ပင့်ချီလေ၏။

ထိုအခါ၌ကား မယ်သိုက်သည် ဆင်းရဲသူမကလေး၏ သဘာဝအတိုင်း ဝတ်ဆင်၍ လွှတ်တော်သို့ရောက်လာပြီးလျှင် ဘုရင်မင်းမြတ်သည် တင့်အပ်သောနေရာလွှတ်တစ်ခုကို ပေးသည်နှင့်အညီ... ဤသို့ လျှောက်ထားဆိုလေ၏။ တရားဝန်ကြီးလေးပါးလည်း အသင့်ခြံရံကာ ရှိကြ၏။

'သမီးငယ် ငါတို့စစ်ဆေးစီရင်ချက်၌ တရားအကြွင်းအကျန် မည်သို့ရှိပါသလဲ'

'ငတက်ဖြိုးသည် ထိုအခါက သောက်စားမှုးယစ်ခြင်းရှိမရှိကို စစ်ဆေးပါသလား'

'အင်း ဝန်ကြီးများ ငါတို့ ကြွင်းကျန်သည်။ အောက်ရုံးများက လည်း ကြွင်းကျန်သည်။'

'ရှိပါစေ။ သေသူ မောင်တိုးလုံးသည် သောက်စားမှုးယစ်နေသူ ဟုတ်မဟုတ်ကို စစ်ဆေးပါသလား'

'အင်း သူကောင်းတော်ကြီးများ၊ ငါတို့နှင့်တကွ အောက်ရုံးမှ စစ်ဆေးချက်များသည် ကြွင်းကျန်ခဲ့သည်'

'ရှိပါစေ၊ သေသူ၏ဒဏ်ရာကို တရားသူကြီးသည် မြင်ရပါသ လား'

'အင်း ကြွင်းကျန်နေသည်'

'ဩတိုက်ဝန်မင်းနှင့် အတွန်းဝန်မင်းက ထိုနတ်ပွဲအကြောင်းနှင့် ပတ်သက်၍ မည်ကဲ့သို့ အစီရင်ခံပါသနည်း'

'မခံသေးပါ'

'လူသေမှုဖြစ်နေသော နတ်ပွဲနှင့်ပတ်သက်၍ တရားခံပင် သေစား သေရတော့မည်။ ဩတိုက်ဝန်က… ယနေ့ထိ ထိုနတ်ပွဲအကြောင်းကို အစီရင်မခံသေးသည်မှာ ဘုရင်မင်းမြတ်၏ ကိုယ်တော်တိုင်သည် မည်ကဲ့သို့ အထောက်အထားပြုပါမည်နည်း'

'အင်း… မှန်သည်။ ထိုကရားမှာ အကြွင်းအကျန်များလှပါ တကား'

'မိသိုက်တင်ပါရစေ၊ ရွှေဘုန်းတော်ရှင် ဘုရား'

'ဆို'

'သေခြင်းမည်သည် အမျိုးမျိုး ရှိပါသည်။ ရိုက်၍သေသည်ဟု ဆိုသော် ရိုက်သောဒဏ်ရာကို ကြည့်၍... သေကွင်းရောက်မရောက်၊ ရိုက်သောဒဏ်ရာသည် သေလောက် မသေလောက်ကို တရားသူကြီးသည် သိဖို့လိုသည်။ နိုင်ငံတော်၌ ဖြူများနှင့် ရွှေပြည့်အမှုထမ်းများကို ဘာလုပ်ဖို့ ခန့်ထားသလဲ၊ ၎င်းတို့သည် နတ်ပွဲ၌ လူသေသော် သမားတော်များ၊ အရပ်လူကြီးများတို့ကို သေချာစွာပြ၍ ချက်ချင်းမြို့တိုက်သို့ အစီရင်ခံရမည်။ မြို့ဝန်သည် အတွင်းဝန်မင်းထံ ချက်ချင်းပို့ရမည်။ အတွင်းဝန်မင်းသည် ဘုရင့်ရွှေနားတော်ကြား ချက်ချင်းလျှောက်တင်ရမည်။ ယခုမှာကြွင်းကျန်နေလေပြီ။ လူသေမှုပါတကား။ နွားသေမှုလောက်မျှ မရေမရာ၊ တရားသူကြီးများသည် သေသူ့ဒဏ်ရာကို သိရရန် မြို့တိုက်သို့ ဆောင်းဆို၍ ကြည့်သင့်သည်။ ယခုမတောင်းမဆို၊ တရားစစ်ဆေးသည် မှာ တောထဲ၌ နွားကျောင်းသားများကစားသကဲ့သို့ ဖြင့်နေလေပြီ'

'အင်း၊ အကြွင်းကျန်နေပေသကိုး၊ ဆိုတော့ သမ်းတော်'

သေခြင်း၌ မူး၍သေခြင်းလည်းရှိပါသည်။ မူးသောသူသည် သွေးရူးနေပါသည်။ ထိုအခါ မြူးထူးကခုန်ပါက သွေးသည်ပူရှိမကဆူလာပါသည်။ ထိုအခိုက်အတန့်၌ လက်သီးနှင့် ကျောကိုထုရုံနှင့်ပင် သတိမေ့ပြီးသော် သေရတတ်ပါသေးသည်။ ဤအမှု၌ ကျေးတော်မျိုးမငယ်သည် ရှု၍ သေသည်ဟု မဆိုပါ၊ သဘောကို သဘာဝကျကျ တင်ဆိုပါသည်။

'ဟင်း၊ ဖြူများနှင့် ရွှေပြည်ဝန်အမှုထမ်းများကလည်း ဘယ်လိုဟု သနေ့တိုင် အစီရင်မခံ"

'ဘာခံနိုင်မလဲ၊ သူတို့လည်း မူးယစ်သောက်စားကြလျှက် ဗုံကြီးတီးရာမှာ ဝင်ကနေကြခြင်းပမာဖြစ်တန်ရာ၍ ကသူချင်း ရိုက်ပုတ်ထိုးကြိတ်ကြရာတွင်မှာပင်လျှင် ပါကောင်းပါပါလိမ့်မည်။ ဤကား မင်းမှုထမ်းတို့၏ သဘာဝ။'

'ဟုတ်လှပေပြီ'

'ထိုသေသူ့အကြောင်းကိုကော တရားသူကြီးများနှင့် ခြသေ့်ခံသော ရာဇပလ္လင်သည် မည်သို့သိပါသနည်း။'

'အင်း တယ်လည်း ကြွင်းကျန်သကိုး'

'သန်ဘက်ခါ သေသူ့အကြောင်းကောင်းတစ်ခုကို စဉ်းစားရန် တွေ့ရကောင်းပါသတတ်။'

'ဝမ်းသာသည် သမီးတော်'

*

ထို့နောက် နှစ်ရက်မြောက်သော်သားများ တွဲလောင်းနှင့် ဆယ့်ခုနစ်နှစ်အရွယ်၊ ဆယ့်ရှစ်နှစ်အရွယ် မိန်းကလေး ခုနစ်ယောက်ကို မယ်သိုက်သည် လွှတ်တော်သို့ခေါ်ယူကာလာလေ၏။

ထိုမိန်းကလေးခုနစ်ယောက်မှ အချို့က ငွေနှင့် ကိုတိုးလုံးသည် ဖြားယောင်း၍ ကာမမေထုန်မှုကိုအထပ်ထပ်ယူသဖြင့် ကလေးရကြောင်း၊ အချို့က ကိုတိုးလုံးသည် ငွေရှိန် အလုပ်ရှိန်နှင့် ပိုင်စိုးပိုင်နင်းပြုကာ ကာမမေထုန်မှုကို အထပ်ထပ်ယူသဖြင့် ကလေးရကြောင်းတို့ကို ဘုရင်မင်းမြတ်ထံတွင် တင်လျှောက်ကြလေ၏။

ထိုအခါ မယ်သိုက်သည် လွှတ်တော်၌ ဤသို့ဆိုတော့၏။ ထိုခုနစ်ယောက်သော မိန်းမငယ်တို့သည် ဆင်းရဲသူကလေး ပီသစွာ လူချမ်းသာငွေရှင်၏ ဖောက်လွှဲဖောက်ပြန် ပြုကျင့်မှုကို ခံရသောကြောင့် တရားရုံး၌ တရားစွဲဆိုသောအခါ ဆင်းရဲသူပီပီ တရားရှုံးရပါသည်။ အမှုတွဲများသည် လွှတ်တော်ချုပ်သို့တရားရုံးများမှ ပို့ဆက်သပြီးပင်ဖြစ်ကောင်းပေလိမ့်မည်။ ထိုအမှုတွဲများကို တရားလွှတ်တော်ချုပ်သည် မည်ကဲ့သို့ အရေးယူပါသနည်း၊ သို့တည်းမဟုတ် သဘောတူ၍ ထိုအမှု

များသည် ဝပ်သွားသလား၊ တရားမသေဆိုစကားသည် မှားနေသလား။ အောက်ရုံးမှတင်၍ တက်လာသောအမှုတွဲများကို ကြည့်ရှုပြီးသော် ဘာစုံတစ်ရာမျှ ဆောင်ရွက်ခြင်း မရှိခဲ့ပါလျှင် ထိုသို့ ပို့ရခြင်းသည် အပို အလုပ်တစ်ခုကို လုပ်နေရာ မရောက်ပါသလော။ သို့တည်းမဟုတ် ဘုရားလွှတ်တော်ချုပ်သည် အယူခံရုံး သက်သက်ပါလော...

'အင်း... သမီးတော်၊ ငါတို့ တရားခံ ဖြစ်ရမှန်းမသိ ဖြစ်လာရပြီ...'

'ဘုန်းဘုရား၊ ကျေးတော်မျိုးမ တရားမဆိုပါဘုရား၊ သဘာဝ သဘောကိုသာ တင်ပါသည်ဘုရား...'

'အင်း... တင်စရာရှိက မချန်ဘဲ တင်၊ သမီးတော်...'

'ဘုန်းဘုရား၊ ကျေးတော်မျိုးမ ဆိုခဲ့သော တရားသဘောတို့တွင် ဥပမာများနှင့် ရှေ့ပြည်ဝန်အမှုထမ်းများအပေါ်၌ ရစ်ပတ်နေရာ ရောက်ပါ သည်။ တင်ပါရစေဘုရား...'

'အင်းတင်...'

တရားရုံးတော်သို့ရောက်သော အမှုတို့သည် ဤဥပမာအတိုင်းများ ပါသောကြောင့် မြီများနှင့် သက်ဆိုင်ရာ အမှုထမ်းများတို့သည် တာဝန်မှ သမ်းကုန်အောင် အရေအရာအဖတ်မတင်သော အမှုကို အဘယ်မှာလျှင် သုပ်ပါတော့အံ့နည်း။

'သာကေမဟုတ်ပါ၊ ဥပမာပါဘုရား'

'အင်းဆို...'

ဤအိမ်မှာ လောင်းကစားပိုင်းရှိသည်။ အမှုထမ်းများ ဖမ်းပါဟု သတင်းပို့၊ အမှုထမ်းကဖမ်း၍ ရုံးတင်၊ အပျော်သက်သက်ဟု လွှတ်ပစ်၊ ဤကဲ့သို့များပါက မြီနှင့်အမှုထမ်းတို့သည် ဝတ္တရားအတိုင်း မဆောင် ရွက်ကြဘဲ ရောကျိတ်ဖြစ်လာရမည်မှာ သဘာဝ။

'အင်း...'

ဤငွေရှင်သည် ဤကဲ့သို့တရားမဲ့ ဖောက်ပြန်နေသည်ဟု ဖြမျှား က အမှုထမ်းများထံ သတင်းပို့၊ အမှုထမ်းများက ဖမ်းရုံးသို့ရောက်သော် အရာမထင်၊ ဖြမျှားနှင့် အမှုထမ်းများသည် ဤကဲ့သို့များပါက ၎င်းတို့ လည်း ရောကျော်ဖြစ်လာပါမည် ဘုရား။

'မှန်ပေတယ်...'

'ဤမိန်းကလေး ခုနစ်ယောက်၏အမှုကို ရွှေတိုက်တော်၌ တောင်း ၍ ကြည့်တော်မူပါဘုရား...'

'ဝန်ထောက်တော်မင်း...'

'ဘုရား...'

'ဤမိန်းကလေး ခုနစ်ယောက်၏ အမည်ကို သေချာစွာ စိစစ် မေးမြန်း၍ ရွှေတိုက်တော်၌ ၎င်းတို့၏အမှုတွဲကို ဖွေနည်ပြီးသော် နက်ဖြန် သော်တင်ပြ...'

'ဦးတည့် ရပ်ပါဘုရား...'

*

ဘုရင်မင်းမြတ်နှင့်တကွ တရားဝန်ကြီးလေးပါးတို့သည် တိုးလုံး နှင့် မိန်းကလေး ခုနစ်ယောက်တို့ ဖြစ်ပွားသောမှုခင်းကို သေချာစွာ ကြည့်ရှု၍ ဆွေးနွေးကာ စဉ်းစားကြလေလျှင် တိုးလုံးသည် ၎င်း၏ ကိလေသာ ကာမဂုဏ်မှုကို ငွေနှင့် အရှိန်အဝါနှင့် အောင်မြင်လာခဲ့သည့် ပြင် တရားရုံးများ၌လည်း အောင်မြင်လာခဲ့ပုံကို တွေ့ကြရလေ၏။ ထိုအခါ ဘုရင်မင်းမြတ်သည် မယ်သိုက်အား 'ချစ်သမီး၊ ဤအမှု၌ မှန်ရာကို ရောက်အောင် ဘယ်လို ဝေဖန်သင့်ပါသလဲ' ဟု မေးတော်မူလေ ၏။ မယ်သိုက်လည်း ဤသို့ တင်တော်မူလေ၏။

ဤအမှု၌ မောင်တိုးလုံးကို မည်သူမည်ဝါတို့က သတ်သည်။

မောင်တိုးလုံးသည် မည်သူမည်ဝါတို့အားဖြင့် သေရသည်ကို ဘုန်းဘုရား ဘျားတော်မျိုးမသည် မည်သို့မျှမဆိုပါ။ သို့တမူ စဉ်းစားရန်မှာကား မောင်တိုးလုံးပြုသောအမှုသည် နိုင်ငံတော်၌ တင့်တယ်ပါသလော၊ မောင် ဘိုးလုံးအားဖြင့် အမျိုးသမီးကလေးများသည် အကျိုးနည်းရခြင်းကား ပေါ်လွင်ထင်ရှားလေသည်။ ထိုသို့သော မောင်တိုးလုံးသည် တရားရုံး အားဖြင့် သူ၏အကျင့်ကိုရဲရင့်စေ၍ မွန်မြတ်ပြီးလျှင် ရွှေပြည်တော်မှာ အထွန်ကြွက်တစ်ကောင်ဖြစ်နေပါသည်။

'ထိုမောင်တိုးလုံးကို မည်သည့်လူငယ် လူရွယ်တို့သည် နှစ်သက် ပါ့မလဲ။ ဖြမ့်များ၊ အမှုထမ်းများတို့သည်လည်း နှစ်သက်ပါ့မလား။ ၎င်း တို့၏ မိန်းမများကိုပင် တိုးလုံးနှင့် အရောတဝင်မနေကြရန် တားမြစ် ကြလေပြီ။ အပျိုကလေးလှလှချောချောတို့သည် သူဌေးသားတိုးလုံး၏ နှမ့်မှ အတော်ပင်ရှောင်ကွင်းကြရပုံပေါ်နေလေသည်။ တိုးလုံးနှင့် ဘက်ဖြိုးတို့သည် တစ်ဦးနှင့်တစ်ဦး မည်ကဲ့သို့ပေါင်းသင်းဆက်ဆံနေ သည်ကို ဖြမ့်မှူး ကိုတောက်ရှန်းအား ဆင့်ဆို၍ စစ်ဆေးသော် ထိုလူ သမှု၌ အတော်ထင်ရှားဖွယ် ဖြစ်ပါသတတ်ဘုရား'

ဘုရင်မင်းမြတ်သည် နောက်တစ်နေ့သော် ဖြမ့်မှူးတောက်ရှန်းအား ဘွတ်တော်သို့ဆင့်ဆို၍ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ဤသို့စစ်ဆေး သဖြင့် ထိုသို့ပေါ်ပေါက်ရလေ၏။

'မောင်မင်း၊ သေသူ တိုးလုံးနှင့် တက်ဖြိုးတို့ မည်ကဲ့သို့ ပေါင်း သင်း ဆက်ဆံနေတာကိုတင်။'

'တိုးလုံးနှင့် တက်ဖြိုးသည် အလွန်ချစ်ခင်စွာ ပေါင်းသင်းဆက်ဆံ နေကြသော သူငယ်ချင်းနှစ်ယောက်ဖြစ်သည်ကို ဖြမ့်မှူး၏ ထောက်လှမ်း ချက်အရ သိပါသည်။'

'အင်း သာဓက ဆိုစမ်း'

'တစ်နေ့သော နတ်ကနားပွဲသဘင်မှာ တိုးလုံးသည် သောက်စားမူးယစ်၍ အလွန်ရမ်းကားနေပါသည်။ ထိုအခါ မြို့များ၏ သတင်းပေးချက်အရ အမှုထမ်းများသည် တိုးလုံးကို ဖမ်းကြပါသည်။'

'အင်း...'

'ထိုအခါ တက်ဖြိုးသည်'

'ငတက်ဖြိုးကား မသောက်ဘူးလား'

'မောင်တက်ဖြိုးသည် မသောက်တတ်ပါ၊ လူကောင်းလူရိုးကလေးသက်သက်ပါ'

'ငတက်ဖြိုးသည် မောင်မင်းတင်တဲ့အတိုင်းမှန်ရင် ငတိုးလုံးမိတ်ဆွေဖြစ်နိုင်သလား'

'ပန်းပင်သည်လည်း ပေါင်းပင်များ၏ကြားတွင် ပေါက်ပါသည် ဘုရား၊ ရှင်ပဓွေကဇုဒ္ဒါပင်လည်း တိရစ္ဆာန်များအတွင်းမှာ အလှူခံပါသည် ဘုရား...၊ မကောင်းညစ်ပတ်၍... ကိုယ့်ဖို့ကောင်းစဉ်းလဲသူတို့၏ အလယ်၌ တင့်တယ်သော အသရေနှင့် ထွန်းလင်းတောက်ပသူကို ရှင်ဘုရင်ဟု ခေါ်ပါသည် ဘုရား'

'တောက်ရှန်းကပင် အာဂတောက်ရှန်းပါကလား၊ သို့နှင့်ပင် ဝန်ထောက်မဖြစ်သေးဘဲကိုး၊ ကိုင်း ဆက်တင်စမ်း'

'မြို့များက ငတိုးလုံးကို ဖမ်းဆီးထားရာ၊ တက်ဖြိုးက၊ အစ်ကိုတို့ဖမ်းခြင်းမှာ တရားနည်းလမ်းကျပါသည်။ သို့သော် ရွှေမြို့တော်ဝန်ထံမအပ်ဘဲ အစ်ကိုတို့ထံမှာပင် ချုပ်ထားပါ၊ ရွှေမြို့တော်ဝန်ထံ ရောက်ကတရားရုံးသို့ ပို့၍ အမှုရောက်ပါလိမ့်မည်။ အမှုမှာလည်း မူးရူးမှုမျှသာဖြစ်ပါသည်ဟု တောင်းပါသည်။ ထိုအခါ ကျွန်တော်မျိုးလည်း မြို့ဝန်မင်းထံပို့သော် 'ဟာ သူဌေးကြီးရဲ့ သားပဲ' ဟု တစ်ညမျှချုပ်မထားဘဲပြန်လွှတ်မည်ကိုသိ၍ ကျွန်တော်မျိုးတို့၏ မြို့တိုက်မှာပင် တစ်ညချုပ်

ဘားပြီးနောက် ပြန်လွှတ်လိုက်ပါသည်။'

'အင်း... ရှိသေးကဆို'

'ဗူးကိုင်းရွာကလေးမှ မိန်းကလေးတစ်ယောက်ကို ကျူးလွန်ပြီးမှ သေဘဲပစ်ထားသဖြင့် ရွာသားတို့သည် မခံမရပ်နိုင်ကြသောကြောင့် ဘိုးလုံး၏ အသွားအလာကို အချောင်းရရန် ကြည့်နေကြပါသည်။'

'တစ်နေ့တော့ တိုးလုံးနှင့် တက်ဖြိုးသည် စမ်းပူချောင်းနတ်ပွဲမှ ပြန်အလာ ဗူးကိုင်းရွာသားတို့သိကြလတ်သော် တိုးလုံးကို ဗူးကိုင်းရွာ သားတို့သည် ဝိုင်းဝန်းကာဖမ်းဆီးကြပါသည်။ ထိုအခါ တက်ဖြိုးက ဗူးကိုင်းရွာသားတို့အား များစွာ အနိမ့်အကျပြုပြီးလျှင် တောင်းပန်တိုးလျှိုး သေရာ ရွာသားများမှာ တက်ဖြိုးနှင့် ကျေးဇူးမကင်းသူများ ဖြစ်ကြ၍ 'မောင်မောင် သည်သူယုတ်မာနှင့် မောင်မောင်မတွဲပါနှင့်၊ တွဲရင် တစ်နေ့ မှာ မောင်မောင်ပင် ဘေးဖြစ်ရမှာပါ' ဟု ပြောဆိုကာ လွှတ်လိုက်ပါသည်'

'အင်း...'

'နတ်ပွဲမှာ အဓိကရုဏ်းဖြစ်တာကို မောင်မင်းတို့ မသိဘူးလား'

'သိပါတယ်ဘုရား'

'သိရင်ဘာကြောင့် အဖြစ်အပျက်မှန်ကို မတင်သလဲ'

'တင်သော်လည်း ကျွန်တော်မျိုးတို့၏ ဗြဲတိုက်တော်ဝန်မင်းမှာ ဘန်ခိုးအရောင်အဝါ မရှိပါသဖြင့် ဘုရင်မင်းမြတ်၏ ရှေ့တော်မှောက်သို့ ရောက်နိုင်ပါ ဘုရား'

'မောင်မင်းသည် နတ်ပွဲအကြောင်းကို မသိဘူးလား'

'သိပါသည် ဘုရား'

'ငတက်ဖြိုးက နတ်ရုပ်များအား ရိုက်ချိုးတာကို မောင်မင်းသိပါ သလား'

'ကျွန်တော်မျိုးကိုယ်တိုင် မြင်ပါသည် ဘုရား'

'အင်း ... ဆက်တင်'

'နတ်မယ်လျကြီးခေါင်းက တက်ဖြိုးကို တောင်းပန်ကာ ဆွဲခေါ်၍ နတ်ကနားအပြင်သို့ ထုတ်လွှတ်ပါသည်။ ထို့နောက် မုံကြိုးတီး၊ ဂုံခေါ မှုတ်ကာ လူမျိုးစုံသောက်စားမူးယစ်၍ ကခုန်နေကြပါသည်။ ဟစ်သူ၊ အော်သူ၊ နောက်သူတို့ ဆူညံနေပါသည်။'

'အင်း'

'ထိုအခါ ကျွန်တော်မျိုးနှင့် တေက်ဖြိုးသည် ဆီထမင်းနှင့် ကြက် ပေါင်ကြော်ကို အတူပင် စားသောက်နေပါသည်။'

'မောင်မင်းကို သူဘာကြောင့် သက်သေမထည့်သလဲ'

'မသိပါ ဘုရား'

'သူဘာကြောင့် နတ်ရုပ်ကို ရိုက်ချိုးပစ်သလဲ'

'မသိပါ ဘုရား'

'ဘာသာစော်ကားမှု မဖြစ်ဘူးလား'

'မသိပါ ဘုရား'

'မောင်မင်း သည်အကြောင်းကို မြို့ဝန်ထံ မတင်ဘူးလား'

'တင်ပါတယ်ဘုရား၊ မြို့ဝန်မင်းက အတွင်းဝန်မင်းထံပို့စေ၍ မြို့တစ်ယောက် အတွင်းဝန်မင်းထံသွားရောက်ပို့ရပါသည် ဘုရား'

'အင်း... ကောင်းပြီ'

'ဝန်ထောက်တော်မင်း'

'အမိန့်တော်ကို နာခံလျက်ပါ ဘုရား'

'နက်ဖြန် အတွင်းဝန်မင်းကို ဆင့်ဆို၍ တေက်ဖြိုးကို ခေါ်သုံ့ခံသော ပလ္လင်ပျံရှေ့မှောက်သို့သွား'

'ဦးတည့်လျက်ပါ ဘုရား'

*

'အတွင်းဝန်မင်း နတ်ပွဲအကြောင်းနှင့် ပတ်သက်၍ ဖြတိုက်က အစီရင်ခံစာကို ရသလား'

'ရကြောင်းပါ ဘုရား'

'ရရင် လွှတ်တော်သို့တက်ခါနီးတွင် အဘယ်ကြောင့် ငါ့ထံ တင်မပြသလဲ'

'ထိုအမှုသည် ချက်ချင်းရုံးသို့ ရောက်နေသောကြောင့်ပါ ဘုရား'

'ဘယ့်နှယ်အတွင်းဝန်မင်း၊ ရုံးသို့ရောက်လေ ငါကိုယ်တော်မြတ် ည်ဖွဲ့လိုလေဟု ရာဇနီတိအရ ဆိုက်နေတယ်၊ ထုံးတမ်းစဉ်လည်း ရှိတယ် မဟုတ်လား'

'မှန်ပါ့။ တရားရုံးသို့ ရောက်သော် တရားသူကြီးကား တရား ကန်သူ ဖြစ်ခြင်းကြောင့် တိုတိုနှင့် ကိစ္စပြီးငြိမ်းမည်ဖြစ်ပါ၍ ကိုယ်တော့် အရှင့်စိတ်တွင် ဝင်ပြီးလျှင် အနှောင့်အယှက်ဖြစ်မည်ကြောင့် ကျေးကျွန် ကောင်းပီသစွာ အလိုက်ကို သိရသောအားဖြင့် မတင်ပြကြောင်းပါ ဘုရား'

'မှတ်ပေ့ဗျား၊ ဝန်မင်းတင်သည့်အတိုင်း အမှုကား တိုတိုနှင့်မပြီး ကြီးမြွေကဲ့သို့ တွန့်ပြီးလျှင်လွန့်၍လွန့်၍ နေခြင်းကြောင့် ယခုမပြီး ပြတ်နိုင် ရှိနေတယ် မဟုတ်လား'

'တရားခံ ငတက်ဖြိုးကို အမိန့်ချခြင်းကြောင့် အမှုရှုပ်ရပါသည်'

'ဥပဒေ သဘောကိုလိုက်ရမယ်၊ ဝန်မင်း'

'အမိန့်ချမှတ်ပြန်ပါတော့လည်း ဟင်းရွက်သည်မကလေးတစ် ယောက်က ဟန့်တားခြင်းကို အရေးအမှုထားခြင်းကြောင့် ယခုကဲ့သို့ သည်တန်ဘဲနှင့် အမှုရှုပ်ရခြင်းပါ ဘုရား'

'အလို ဝန်မင်း၊ ဘယ်သို့ဆိုသလဲ၊ ဟင်းရွက်သည်မကလေးတစ် ယောက်ဟာ အခွန်တော်ထမ်းဆောင်နေတယ်။ အကယ်တည့် အခွန် ထမ်း မဟုတ်စေကာမူ အစိုးရရှိတာနှင့် သည်ပြည်မှာ သူမှီနေတယ်။

သူဟာပေါက္ကံပြည်သူတစ်ယောက်၊ အစိုးရဆိုသူ အမှုထမ်း ဆိုသူတို့၏ လုပ်ကိုင်ဆောင်ရွက်ပုံကို သူ့မှာ ပြောပိုင်ခွင့်၊ ဆိုပိုင်ခွင့်၊ ဘောက်တီး မြည်တွန်ပိုင်ခွင့်ရှိပေတယ်။ ဒါကို ပိတ်ပင်လိုက်ရင်၊ အရေးမလုပ်လိုက်ရင် အစိုးရအမှုထမ်းတို့ မတရားလုပ်ကိုင်ဆောင်ရွက်မှုကို အခွင့်ပြုထားရာ ရောက်၍ တိုင်းပြည်ပျက်ရန် မျိုးစေ့ချသကဲ့သို့ဖြစ်သွားမယ်'

အတွင်းဝန်မင်းကား ငုံ့၍နေလေ၏။

'ခု တက်ဖြိုးကိုသွင်း'

'ရှေ့တော်သို့ ရောက်ကြောင်းပါ ဘုရား'

'မောင်မင်း၊ မောင်မင်း၏ အမှု၌ ဖြိမှူးဘောက်ရွှန်းကို ဘာကြောင့် သက်သေမထည့်သလဲ'

'ကိုဘောက်ရွှန်း အလုပ်ဖြုတ်ခံရမှာကြောင့်ပါ ဘုရား'

'ဟင်း... အမှုက မီးစက်၍ကူးသလို ဖြစ်နေပါကလား၊ တင်စမ်း'

'ကိုဘောက်ရွှန်းအရင် ဖြိမှူး ကိုလွန်းတင်ဟု ရှိပါသည် ဘုရား'

'ခု လွန်းတင် ဘယ်မှာလဲ'

'အလုပ်ပြုတ်နေပါသည် ဘုရား'

'အင်း... အင်း... ဆိုစမ်း။ ဘာကြောင့် အလုပ်ပြုတ်သလဲ'

'တိုးလုံးသည် အိုးသည်မကလေး လုထွေးအား ဂျင်းရဲပင်ကြားသို့ ထန်းရည်မူးမူးနှင့် အတင်းအဓမ္မဆွဲခေါ်သွားခြင်းကို ဖြိမှူး ကိုလွန်းတင်က မြင်၍ သက်သေတည်ရာ ရုံးမှာမှ အမှုမဆိုင်ရခင် ကိုလွန်းတင် အလုပ် ပြုတ်နေပါပြီ ဘုရား'

'ဟ... ငါ့နေပြည်တော်မှာ နာတာရှည်ရောဂါ စွဲကပ်နေပါကလား၊ ငါ့တိုင်းပြည်ဟာ ကျိုးအသီးဖြစ်နေပါကလား။ လွန်းတင်ကို မူလရာထူး အတိုင်းချက်ခြင်းပြန်ခန့်ရန်... လွှတ်တော်က သက်ဆိုင်ရာသို့ဆင့်။ မောင်မင်းဘာကြောင့် နတ်ရုပ်များကို ရိုက်ချိုးရသလဲ။ သူတစ်ပါး

ကိုးကွယ်သော ဘာသာကို ဖျက်ဆီးရာ မရောက်ဘူးလား'

'မရောက်ပါ ဘုရား'

'တင်စမ်း'

'လူမျိုးတိုင်းတွင် ဘုရားရှိပါသည်။ ၎င်းတို့သည် ဘုရားကို ပူဇော်သနေခြင်း၊ ဘုရားဝတ်ပြုနေခြင်းတို့ မဟုတ်ပါ၊ ရသေ့ ရဟန်းသူတော်သူမြတ်တို့အား ပူဇော်ပသနေခြင်းလည်း မဟုတ်ပါ။ ရသေ့ ရဟန်းတို့အား ဝတ်ပြုနေခြင်းလည်း မဟုတ်ပါ...၊ ရသေ့ ရဟန်း သူတော်သူမြတ်တို့ ဟောသောတရားကို ဆန့်ကျင်ဘက်ပြု၍ ဘုရားတိုင်းက တားမြစ်ထားသော သေရည်သေရက်ကို အမှန်အမြတ်ပြုကာ ပျော်ပွဲကျင်းပပါသောကြောင့် ၎င်းတို့သည် ဘာသာကျင့်ဝတ်ကို ကျင့်ခြင်းမဟုတ်ပါ၍ ဘာသာဖျက်မဟုတ်ပါ ဘုရား၊ သူတို့၏ အမှားကို ဖျက်ခြင်းသာပါ ဘုရား'

'ကောင်းပြီ ဘာကြောင့် နတ်ရုပ်များကို ရိုက်ချိုးရသလဲ'

'ကျွန်တော်မျိုးနှင့် သေသူ ကိုတိုးလုံးသည် ချစ်ကျွမ်းဝင်သောသူဖြစ်ပါသည်။ ကိုတိုးလုံးအား ထိုသို့သောအကျင့်ကို မကျင့်ရန် ပြောကြား၍ နားထောင်နေသော်လည်း နတ်မယ်လျှတို့သည် လာရောက်ကာ ဆွဲဆောင်ကာ ပါသွားခြင်းများ ဖြစ်ပါသည်။ ၎င်းတို့သည် သေရည်သေကော်ကို တင်၍ သေရည်သေရက်ကို သောက်စားမူးယစ်ပြီးသော် အပျော်ကြူးခြင်းဖြင့် ကျူးရင့်ကာ ကခုန်ကြပါသည်။ ၎င်းတို့သည် ထိုသို့ ငှဲ့ကျူး၍ ကြူးကြပြီးနောက် ညဉ့်အချိန်၌ သုံးဆယ့်ခုနစ်မင်းဟု သုံးဆယ့်ခုနစ်ချင်းဖြင့် မြူးထူးကြပါမည်။

သေရည်သေရက်ကား သေသော အရည်သေရည်။ သေသောအခက် သေရက်ဟုပညတ်လိုက်ရာ ဓာတ်သက်ပါသောကြောင့် ထိုသို့ပျော်မြူးနေသောအခါ လူသေဖြစ်ပါသည်။ တစ်ကြောင်းမှာလည်း...

သေရည်မူး၍ သွေးကြွလာသောအခါ သူ့အသက်ကို သတ်ခြင်းစသော မကောင်းမှုလေးမျိုးကို ကျူးလွန်ခြင်းငှာ လွယ်ကူတတ်ပါသည်။

'ထိုသို့သော သဘောများကြောင့် ... ကျွန်တော်မျိုး၏ သူငယ်ချင်းကိုတိုးလုံးအား ကယ်တင်လိုသောသဘောနှင့် အမြင်မှန်ရပါစေသော်ဟု နတ်ရုပ်များကို ရိုက်ချိုးမိပါသည် ဘုရား'

'ကိုင်း... သမီးတော်မယ်သိုက် စီရင်ပါ'

'ဘုရားကျေးတော်မျိုးမကား တရားသူကြီးမဟုတ်ပါ၊ ခုံလည်းမဟုတ်ပါ၊ ထို့ကြောင့် စီရင်ခြင်းငှာ မထိုက်ပါ။ စီလည်း မစီရင်လိုပါ။ တရားတစ်ခုသည် မမှားရအောင် အလိုရှိ၍ ထိုတရား၌ သက်ဆိုင်သော အကြွင်းအကျန်များကိုပေါ်အောင် ဘုန်းဘုရား ကျေးတော်မျိုးမသည် ပေါ်စေခြင်းမျှသာပါ ဘုရား'

'အင်း ကိုင်း စာရေးတော်ကြီးရေး'

'ဦးတည့်ရပ်ပါ ဘုရား'

'သေသူသည် ရမ်းကား၍ ညစ်ညမ်းသောသူ ဖြစ်သည်။ သို့သော် ထိုသေသူ ငတိုးလုံးသည် ရမ်းကား၍ ညစ်ညမ်းသောကြောင့် သေရမည်လော၊ မသေထိုက်။ သို့သော် ချင်းသည် သေရည်မူး၍ သွေးဆူပြီးသော် နတ်မယ်လျှတို့နှင့် တွဲကာ တပျော်တပါးနေစဉ်တွင် ဤသို့သော သဘောဖြင့် လူငယ်များ ပျက်စီးလေသည်၊ ပျက်စီးရလေပြီဟု တက်ဖြိုးသည် နတ်ရုပ်များကို ရိုက်ချိုးလေတော့သည်။ ထိုသို့ ရိုက်ချိုးခြင်းကြောင့် ဗရုတ်ဗရက်ဖြစ်ပြီးသော် ဆဲကြဆိုကြရိုက်ကြပုတ်ကြနှင့် သူ့ ငါရိုက်၊ ငါ့ သူရိုက်ဖြစ်ကြ၍ ငတိုးလုံးသည် သေရလေပြီ။ ထိုသို့ သေရာ၌ ဒဏ်ရာကို မည်သူကမျှ တင်မပြသောကြောင့် ငတိုးလုံးသည် အရိုက်ခံရ၍ သေသည်ဟု တထစ်ချ မယူနိုင်။

ထိုသဘောကြောင့် ငတိုးလုံးသေခြင်းနှင့် ပတ်သက်၍ ငတက်ဖြိုး

...း ဒဏ်ခံရမည်မှာ သဘာဝမကျချေ။

တောက်ဖြိုးသည် နတ်ပွဲ၌ ထိုကဲ့သို့ နတ်ရုပ်များကို ရိုက်ချိုး၍ ...ောင့်ယှက်ခြင်းမှာ ဘာသာဖျက်မှုလည်း မဖြစ်သင့်။ အဘယ်ကြောင့် ...ဆိုသော် ထိုကဲ့သို့ နတ်ကနားပေးခြင်းသည် လူအမျိုးမျိုးတို့ မှန်းဆ၍ ...ိုးကွယ်သော... ဘုရားအမျိုးမျိုးရှိသည့်အနက် မည်သည့်ဘုရား၏ ...ယူဝါဒမျှ မဟုတ်ချေ။ ဘုရား၏ အယူဝါဒမဟုတ်ခဲ့သော် ဘာသာ ...ရားမဟုတ်၍ ဘာသာဖျက်မှုမဟုတ်ချေ။ ထိုသဘော၌ နွားကျောင်း ...သားများ အပျင်းပြေကစားရာ၌ အပျက်အပျက်နှင့် သွေးထွက်ရတယ် ...ဆိုဘဲ့ စကားကဲ့သို့ မတော်တဆ သေခြင်းဖြစ်သည်။

ထို့ကြောင့် တောက်ဖြိုးသည် ထိုအမှု၌ လုံးဝအပြစ်မရှိချေ။ ...ောဘ်စေ၊ လွှတ်၊ ချက်ချင်းလွှတ်။

လွှတ်တော်ကြီးက ရွှေမြို့တော်ဝန်နှင့် ရွှေပြည်တော်ဝန်ထံသို့ ...ဆိုသတ္တဲ့ သောအတိုင်း ဆင့်ဆိုစေ'

'နတ်ကနားအကြီးအကျယ်ပေး၍ ကလိုကြသော် လွှတ်တော်ကြီး ...၌ အမိန့်တောင်းခံရမည်။ လွှတ်တော်က အမိန့်ရမှ နတ်ကနားပြုကာ ...ကကြရမည်။

ထိုနတ်ကနား၌ ခိုက်ရန်ဒေါသ မဖြစ်ရအောင် ဆိုင်ရာအမှုထမ်း ...များက စောင့်ရှောက်စေ...'

နောက်တစ်နေ့သော်... ဂုတ်ဝန်မင်းသည် ရထားပေါင်းချုပ်နှင့် ...ဘုရင်မင်းမြတ်၏ အမိန့်တော်အရ မယ်သိုက်ကို ပင့်ချိုရန် သွားရောက် ...ရာ မယ်သိုက်ကို မိဘများနှင့်တကွ မတွေ့ရတော့ချေ။ ပြင်စိုးအား ...မေးမြန်းသော်လည်း မရချေ။ မယ်သိုက်တို့၏ အိမ်ထဲ၌လည်း ပစ္စည်း ...င်ခံ့တစ်ရာမျှ မရှိတော့ချေ။

ဂုတ်ဝန်မင်းသည် ထိုသို့သော အကြောင်းတို့ကို ဘုရင်မင်းမြတ်ထံ

သံတော်ဦးတင်လေရာ ဘုရင်မင်းမြတ်လည်း မြို့များကိုလွှတ်၍ အန
စုံစမ်းသော်လည်း မယ်သိုက်ကို မတွေ့ရ၊ မတွေ့နိုင် ဖြစ်လေတော့သည်

ဘုရင်မင်းမြတ်သည် မယ်သိုက်ကို ထိုကဲ့သို့ မတွေ့ရသော်လည်း နိုင်ငံတော်ကို ပျက်စီးအောင်ဖျက်ဆီးနိုင်သူတို့သည်ကား အဂတိ လိုက်စားသော တရားသူကြီးများ၊ ကိုယ်ရေးကိုယ်တာ ကိုယ်ဖို့ကောင်းကို စဉ်းလဲနေသော အစိုးရ၏ အာဏာရ စီမံအုပ်ချုပ်နေသူများ၊ မင်းမှုထမ် များ၊ ငွေအင်အားနှင့် ငွေကို လက်နက်ပြု၍ ဖိစီးနေသော ငွေရှင်များတို ဖြစ်ကြောင်းကို... မယ်သိုက်အားဖြင့်... သရုပ်ပေါ်စေခြင်းကြောင့် ထင်လင်းစွာ သိသာရလေပြီ။

နိုင်ငံတော်၌ ထိုကဲ့သို့ ဥပဒေစည်းမျဉ်းကို မလေးစားဘဲ တရားမဲ့ ပြုကျင့်နေသော သူတို့၏ အင်အားမှာလည်း အတော်ပင် တောင့်တင် လေ၍ မယ်သိုက်ကို ရှာဖွေသော်လည်း မတွေ့ကြရဖြစ်လေတော့သည်

အခါတစ်ပါးသော် ဘုရင်မင်းမြတ် စေရကျော်ထင်သည် နောက် ပါ ကိုယ်ရံတော်အနည်းငယ်နှင့် သုသာန်သို့သွားရောက် ကြည့်ရှုတော် မူလေရာ သုသာန်၌ သုသာန်စောင့်များနှင့် သူတောင်းစားများသည် ရသေ့များကိုပင့်၍ ဆွမ်းလုပ်ကျွေးသည်နှင့် အခန့်သင့် တွေ့ရလေ၏

ထိုအခါ ၎င်းတို့သည် ရသေ့များ... ဆွမ်းဘုဉ်းပေးပြီးနောက် ဘုရင်မင်းမြတ်အား ပွဲတော်စာကို ဆက်လေ၏။ ဘုရင်မင်းမြတ်လည်း ထိုသူတို့ဆက်သော ပွဲတော်စာကို သုံးဆောင်တော်မူလေ၏။ မင်းကြီး၏ နောက်အမှုထမ်းတို့အား ကျွေးရာ အမှုထမ်းတို့ကား စက်ဆုပ်သဖြင့် မစားကြချေ။

ထိုသို့သော သဘောကြောင့် နောက်တစ်နေ့ ညီလာခံတွင် နန်းရင် ဝန်ကြီးသည်ဤသို့တင်လေ၏။

'ရွှေဘုန်းတော်ရှင်ဘုရားသည် မြတ်သော နေမင်းမျိုးမှ ဆင်းသက်

လာ၍ ဘုန်းတန်ခိုး ကြီးမြတ်တော်မူသော ဘုရင်မင်းမြတ်ဖြစ်လှတဲ့လျက်
သူဘရာဇာများ တည်သောပွဲတော်စာကို သုံးတော်မူသည်မှာ မသင့်ချေ
ဘကား။... ထိုကြောင့် ခေါင်းဆောင်မင်္ဂလာပြု၍ ဘိသိက်တစ်ဖန်တင်သင့်
ပါသည် ဘုရား'

'နန်းရင်းဝန်ကြီး၊ ဘုရင်နှင့် ရသေ့ ရဟန်းသည် ပညတ်သဘော
ထုံးအရ ဘယ်သူက မြတ်သနည်း'

'ရသေ့ ရဟန်းများကပါ ဘုရား'

'ထိုသို့ ရသေ့ရဟန်းများပင် သူဘရာဇာ၏ ဆွမ်းကိုစားတဲ့လျက်
မိန်းမ၏ ရင်ခွင်ထဲ၌ လူးလိမ့်နေသော ငါသည် အဘယ်ကြောင့် သူဘ
ရာဇာများတည်သော ပွဲတော်စာကို မသုံးထိုက်ပါသနည်း။'

နန်းရင်းဝန်ကြီးနှင့် သဘာသည်... တိတ်လျက်ရှိလေတော့၏။
ဘုရင်မင်းမြတ်ကား ဆက်၍ မိန့်တော်မူပြန်၏။

'သဘာ'

'တည့်လျှက်ပါ ဘုရား'

'သင်တို့ ငါတို့၌ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောတည်းဟူ
သော ဓာတ်လေးပါးက ထောက်ခံထားသည်။ မြူစိုင်နှင့် တင့်တယ်နေ
သည်မဟုတ်လား၊ တင်ဗျာ နန်းရင်းဝန်ကြီး'

'မှန်ကြောင်းပါ ဘုရား'

'ငါတို့ထက် သူတောင်းစားမှာ ဓာတ်လေးပါးလျော့နေသလား၊
ဘာဓာတ်လျော့သလဲ၊ သို့မဟုတ် သူတောင်းစားက ငါတို့ထက် ဓာတ်ပို
နေသလား၊ ဘာဓာတ်များ ပိုသလဲ၊ သေသွားကြသော် မည်သူ၏ ကိုယ်
ခန္ဓာသည် မွေးကြိုင်၍နေသေးသလဲ'

သဘာသည် တိတ်ဆိတ်၍ နေလေ၏။

ထိုခဏ၌ ဝိဇ္ဇာတစ်ယောက်သည် ကောင်းကင်ခရီးဖြင့် လာ၍

မင်းကြီး၏ ညီလာခံသဘင်သို့ ဝင်လာ၏။ ထိုဝိဇ္ဇာသည် မင်းကြီးကို
ဦးတိုက်၏။

မင်းကြီးလည်း အချင်း လျော်သောနေရာကိုသိ၍ ကြည့်ပြီးလျှင်
နေလော့ဟုဆို၏။ ဝိဇ္ဇာလည်း မင်းကြီးရှေ့၌ ရပ်၍ ဤသို့ဆိုလေ၏။

'လူတို့၏ သနင်း မင်းထက် မင်းခေါင်ဘုရား၊ ဤခေတ်၌ လူတို
တွင်လည်း အရှင်မင်းကြီးကဲ့သို့ မာနကို နှိမ်ချသောသူ မည်သည် မရှိချေ
ထိုကြောင့် အရှင်မင်းကြီးသည် အလွန်တန်ခိုးကြီးမြင့်သော ကေရာ
ဘုရင်ဖြစ်ချေပြီ၊ ယင်းသို့ဖြစ်၍ စိတ်အလိုအတိုင်းကို ပြီးစေနိုင်သော
ဤပြဒါးရှင်လုံးကို အရှင်မင်းကြီးအား ကျွန်ုပ်ဆက်ပါအံ့၊ ထိုပြဒါးရှင်လုံ
သည် ဘုန်းမဲ့သော သူများ၏ လက်၌ကား မတည်ရာသတည်း။

❐

## အခန်း ၂

တက္ကသိုလ်ပြည်၌ ပေါက္ကံပြည်မှ မင်းသားဘုန်းရှိန်၊ မင်းသားကျော်မြင့်သည် အတတ်ပညာသင်ကြားနေကြရာ သုံးနှစ်သုံးဝါစေ့တော့မည့်အချိန်သည် နီးကပ်လာလေပြီ။ ၎င်းတို့တွင် မင်းသားဘုန်းရှိန်သည် အကြီးဆုံးပင် ဖြစ်၍ ပေါက္ကံပြည်မှ လာရောက်ကာ ပညာသင်ကြားကြသော ဆယ်ယောက်သောသူတို့တွင် အကြီးအမှူးဖြစ်နေလေသည်။

မင်းသားဘုန်းရှိန်သည် တောင်နန်းမဒေဝီမဟေသီ မိဖုရားခေါင်ကြီး၏ သားတော်ဖြစ်၏။ သို့ရာတွင် ဘုန်းရှိန်အသက် ဆယ့်ငါးနှစ်သော်ဘုန်းရှိန်၏ မယ်တော်မိဖုရားကြီးသည် နတ်ရွာစံတော်မူသွား၍ မြောက်နန်းမတော် စကားမယ်ကို မဟေသီမိဖုရားခေါင်ကြီးအဖြစ်နှင့် တင်မြှောက်သားလေ၏။

စကားမယ်၏ သားတော်သည်ကား ကျော်မြင့်ဖြစ်၍ သမီးတော်သည် နန်းစိမ်ဖြစ်၏။

ဘုန်းရှိန်သည် တစ်နေ့သောအချိန်၌ တက္ကသိုလ်ကျောင်းတော်

ကြီးအနီး မုန့်ဖိုဦ… ထွက်ဝင်သွားလာ စားသောက်နေသောသူတစ်စု
တို့ကို အကဲခတ်နေရာ အလွန်အံ့ဩခြင်း ဖြစ်လာနေ၏။ အကြောင်း
သော်ကား ဤသို့တည်း။

ပေါက္ကံပြည်မှ ဗြိ၊ ထိပ်တင်ညွှန့်သည် အစားအသောက်ဆိုင်ထဲမှ
ထွက်လာ၍ ဘုန်းရှိန်ထံသို့ ဦးတင်ကာရောက်လာလေ၏။ ဘုန်းရှိန်
လည်း ဤသို့ဆို၍ စကားဖြစ်ပေါ်နေ၏။

'အလို ဦးလေး ထိပ်တင်…'

'ကိုယ်တော့်ထံ ဗြိမှူး ဦးလွန်းတင်နှင့်၊ ဗြိမှူး ဦးတောက်ရွှန်းတို့က
တိုင်ပင်ပြီး လွှတ်လို့ပါ ဘုရား'

'အလို… အကြောင်းထူးသလား'

'ကိုယ်တော် လူဆိတ်ရာ ချောင်တစ်ခုသို့ ခဏကြွပါ။ ကျွန်တော်
မျိုး ကိုယ်တော့်အလာကို စောင့်မျှော်နေပါတယ် ဘုရား'

'အင်း…'

*

'ဘာလဲ၊ ဆိုစမ်းဗျာ ဦးလေးထိပ်'

'နိုင်ငံတော်၌ ဗရုတ်များရဲ့ ညစ်ပတ်မှုအကြောင်းပါပဲ ဘုရား'

'အင်း ဆိုစမ်းဗျာ'

'ဝန်ကြီးများနှင့် ယခု နန်းမတော်စကား၊ တရားလွှတ်တော်ဝန်ကြီး
များသည် လျှို့ဝှက်ကာ တိုင်ပင်ကြောင်းပါ ဘုရား'

'ဘယ်လို ဆွေးနွေးကြံစည်ပုံလဲ'

'ကိုယ်တော်အား ခမည်းတော် ဘုရင်မင်းမြတ်က အိမ်ရှေ့ပေးရန်
ညီလာခံသဘာတွင် တင်ပြသောအခါ ညီလာခံက သဘောတူကြ
ကြောင်းကို ပြောပြီးနောက် ပေါက္ကံနေပြည်တော်မှာ ခေါင်ဖုရားကြီးနှစ်ပါး

…ခံနေရာ သားတော်လည်း တစ်ပါးစီရှိသောကြောင့် ထိုသဘောကို …ရားလွှတ်တော်ချုပ်ကပါ သဘောတူလျှင် သာ၍တင့်တယ်သော …ကြောင့် တရားလွှတ်တော်ချုပ်သို့ပို့ပြီးလျှင် လွှတ်တော်ချုပ်၏ သဘောတူ …ညီမှုကိုရရှိရန် ဆောင်ရွက်သင့်ကြောင်းကို ဘုရင့်ထံတွင် တင်ကြပါလိမ့် …သည်။

'အင်း… အကောင်းသားပဲ'

'မကောင်းပါ ဘုရား…'

'ဆို… ဘာကြောင့်…'

နန်းမတော် ပူပူဓွေး စကားမယ်သည် တရားလွှတ်တော်ချုပ်ဝန် …ကြီးများထံ တံစိုးလက်ဆောင် ပြုပြီးသော် ကောက်ကျစ်ညစ်နှင့် …သူ၏ သားတော် ကျော်မြင့်သာလျှင် ထီးမွေနန်းမွေကို ဆက်ခံရန်ဆုံးဖြတ် …ပေးဖို့ရောက်ထားချေပြီ။ ရောက်ထားသည့်အတိုင်း လွှတ်တော်တရား …ဝန်ကြီးများထံမှ ကတိကိုလည်း ရထားပြီး ဖြစ်ပါသည်။

'ဒါ ဘာဖြစ်သလဲ၊ ကိုထိပ်တင်…'

'ကိုယ်တော်ကသိထားနှင့်၍ ကြံစည်ဖွယ်ရာတို့ကို မနှောင့်နှေးရန် …'

'ကျေးဇူးတင်ပါတယ် ကိုထိပ်တင်…'

*

မင်းသားဘုန်းရှိန်သည် ထိုသို့သောသဘောကို သိရသော်လည်း …စ်စုံတစ်ရာ တုန်လှုပ်ဟန်မရှိပေ။ သို့သော် ထိုစကားတို့ကို အထူးပြု …ာ မှတ်ပုံတင်ထားလိုက်လေ၏။

အကယ်၍ ထိုစကားတို့သည် ဟုတ်မှန်ခဲ့သည်ရှိသော် မင်းသား …န်းရှိန်၌ ထီးနန်းစည်းစိမ်နှင့် ပတ်သက်၍ အကြီးအကျယ်ရန်သူ ရှိနေ

လေပြီ။ ဘုန်းရှိန်သည် မိမိ၏ ပြည်တော်သို့ပင် ပြန်ရန်သင့်ပါသလော။ မင်းသားပီသရန် ကြံစည်အားထုတ်လုပ်ကိုင်ဖို့ အခါဖြစ်လာလေသ လော။

ဘုန်းရှိန်၌ ကျောင်းတော်၌ အတတ်ပညာသင်ကြားနေရာတွင် သလ္လာဝတီပြည် မင်းသမီးကလေး တင့်အုံနှင့် မျက်လုံးချင်းဆိုင်မိ၏။ တင့်အုံသည် သုံးနှစ်သုံးဝါရှိပါက ဘုန်းရှိန်ကို ပေါက္ကံပြည်သို့ မပြန်ဘဲ သလ္လာဝတီသို့ လိုက်ခဲ့ရန် ပြုံးပြုံးကလေးနှင့် ဖိတ်ထား၏။

ဘုန်းရှိန်ကား ယောကျ်ားတို့၌ ရန်သူမရှိ၊ ရန်သူသည်အမြဲရှိ၏ဟု နှလုံးသွင်းထား၏။ ၎င်း၏အယူမှာ တွေ့လာသောအဖြစ်အပျက် အကြောင်းတို့၌ တုန်လှုပ်ခြင်းကို သည်းခံတတ်ခဲ့ပါလျှင် ထိုယောကျ်ား၌ ရန်သူမရှိ၊ တွေ့လာသော အဖြစ်အပျက်အကြောင်းတို့၌ တုန်လှုပ်ခြင်းကို သည်းမခံဘဲ လက်ခံခဲ့သော် ထိုယောကျ်ားသည် ရန်သူနှင့် အမြဲတွေ့နေ သည်ဟု အယူရှိလေသည်။

ဘုန်းရှိန်သည် အတတ်ပညာတတ်လာ၍ ဉာဏ်ကျက်စားတတ် လာသောအခါ လူတစ်ယောက်၌ ရန်သူသည် အခြားကမလာ။ ကိုယ်၏ တုန်လှုပ်ခြင်း၊ လိုချင်ခြင်း၊ ထောင်လွှားခြင်းတို့သာ ဖြစ်သဖြင့် လုလ လျှင် ပြိုင်မလုနှင့်၊ လုသော် ရန်သူနှင့် ရင်ဆိုင်ရတော့ပြီ။ ကိုယ်၏ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ လုပ်ငန်းဆောင်တာတို့သည် လောကီရေးရာ၌ ကိုယ်၏ အကျိုးစီးပွားဖိမ်တို့အတွက်ဟု ယူဆသော် တိရစ္ဆာန်သဘော သက်ရောက်သဖြင့် လူဖြစ်နေသည့်အတိုင်း သူတစ်ပါး၏ကောင်းကျိုး အတွက်သာဖြစ်စေရကား ရန်သူနှင့် ရင်မဆိုင်ထိုက်၊ ပြေပြစ်ထိုက်သည် ဟု သဘောသက်ဝင်နေလေ၏။ သို့သော် ဘုန်းရှိန်သည် သူ့ရဲ့သော ကြောင်သည်ဟု သူတစ်ပါးကထင်မည်ကို ရှက်ဟန်ရှိလေသည်။

ဘုန်းရှိန်သည်ကား ၎င်းအပေါ်၌ အတော်ပင်စဉ်းစားရခက်သော

မင်းသားဖြစ်ဟန် တူပေသည်။ သလ္လာဝတီပြည်မှ မင်းသမီးတင့်အုံသည် ...င်းအား တက္ကသိုလ်မှပြန်ခါနီးတွင် ဤသို့လျှင် လေးလေးနက်နက် ...ပြောဆိုလေသည်။

'မောင်တော်၊ မောင်တော်သည် တင့်အုံတို့၏ သလ္လာဝတီပြည်သို့ ...ိုက်ပါတော်မူခဲ့ပါ။ မောင်တော့်ကို ဤကဲ့သို့ ဖိတ်ခြင်းကား မောင်တော် ၏ အတတ်ပညာနှင့် မောင်တော်၏အပေါ်၌ တင့်အုံ၏ ချစ်ခြင်းကို ...ချစ်၍ ဖိတ်ခြင်းပါပဲ၊ သို့သော် အကယ်၍ မောင်တော်သည် တင့်အုံ ...ချစ်ကိုမျှ ဖူးစာတော်မလှနိုင်လျှင်လည်း သဘောတော်အတိုင်းပေါ့။ အဘယ့်ကြောင့် တင့်အုံသည် မောင်တော်ကို တမ်းတမ်းစွဲ ဤကဲ့သို့ ...ဖျလောက် ဖိတ်ရသနည်းဟု မေးတော်မူရန် ရှိပါသည်။

မောင်တော်မှာကား ညီတော် ကျော်မြင့်ရှိထားပြီးဖြစ်၍ ပေါက္ကံပြည် ၏ ထီးနန်းလျာကို ဆက်ခံရန် ပြည့်စုံပါသည်။ တင့်အုံမှာကား အစ်ကို ...တော်မရှိ၊ မောင်တော်မဲ့ ဖြစ်နေ၍ အဘယ်မည်သော ယောကျ်ားသည် ...ှင့် သာလ္လာဝတီပြည်၏ ထီးနန်းမွေလျာကို ဆက်ခံပါအံ့နည်း။ ထို့ ...ကြောင့် မိတင့်အုံသည်သာ ဘုရင်မအဖြစ်နှင့် ထီးနန်းမွေလျာတော်ကို ...က်ခံ၍ သေွ့ခြောက်စရာ ရောက်ပါတော့မည်။

ယင်းသို့တပြီးကား မင်းယောကျ်ား စွင့်စွင့်မားမားသည် သလ္လာဝတီ ...ိုင်ငံတော်၏ ထီးမွေနန်းလျာကို ဆက်ခံသည်ရှိသော် သလ္လာဝတီနိုင်ငံ ...တော်သည် စည်ပင်ဝဖြိုးပြီးလျှင် တိုးတက်ဝေဆာကာ ရှိပေသတတ်၊ ...ို့ကြောင့် မောင်တော်ကို ပင့်ချိုပါသည်။

ဘုန်းရှိန်သည် ထိုကဲ့သို့လျှင် အခွင့်အရေးသာ၍ သွားရအံ့သော ...မ်းသည် ပြေပြစ်ချောမောနေသော်လည်း မိမိ၏ ပေါက္ကံပြည်သို့သာ ...မ...လာသတင်းကို ရရှိပါလျက် ညီတော်၊ နမတော်များနှင့် ပြန်လည် ...ပေတော့သည်။

ဘုန်းရှိန်သည် ညီတော်၊ နှမတော်များနှင့် တိုင်းတော်ပြည်တော်သို့ ပြန်လည်တော်မူလေရာ ဂုတ်ဝန်မင်းသည် ပရိမ္မနေပြည်တော်တိုင် လာရောက်ကြိုဆို၏။

ဘုန်းရှိန်သည် ဂုတ်ဝန်မင်းနှင့် တွေ့သောအခါ တက္ကသိုလ်မှာ နေစဉ် မိမိကြားသိရသောသတင်းကို မမေ့သော်လည်း ဂုတ်ဝန်မင်းထံ၌ ထိုအကြောင်း၏ အရိပ်အငွေ့နှင့် ပတ်သက်ပြီးလျှင် တစ်စုံတစ်ရာမျှပင် မသန့်ပေ။

ဂုတ်ဝန်မင်းသည်ကား နေပြည်တော်၌ ဖြစ်ပျက်နေသော အကြောင်းအမျိုးမျိုးတို့ကို မင်းသားဘုန်းရှိန်သည်... ၎င်းအားမေးစေလို၏။ ထိုသို့ မေးစေလိုသောကြောင့် မိမိ၏ ယုံကြည်ရသောသူများနှင့် ပရိမ္မနေပြည်တော်တိုင် လာရောက်ကြိုဆိုခြင်းကို ပြုလေ၏။ ဘုန်းရှိန်ကား ကျန်းမာကြောင်း စသော လောကဝတ်ကျေရုံ စကားတို့နှင့်သာ တန်ဆာဆင်လေ၏။

ဂုတ်ဝန်မင်းသည် လူရှင်းနေသောအခါ ဘုန်းရှိန်အား 'လူမှန် လူဟုတ်တို့မည်သည် အရေးအရာရောက်သော စကားတို့ကို သူမမေးဘဲ မပြောရာ၊ သူ့အကျိုးကိုလို၍ ပြောစေကာမူ မမေးဘဲနှင့် ပြောမိချေက ကုန်းချောစကား၊ ညီညွတ်ခြင်းကို ပျက်သောစကား၊ တစ်ဦးနှင့်တစ်ဦး ကို မုန်းထားရန် စကားတို့ကို ပြောခြင်းနှင့် အတူပင် ဖြစ်ပါသည်' ဟု စကားရိပ် စကားရောင်ကိုပြ၍ ပြောဆိုသော်လည်း ဘုန်းရှိန်သည် ကျောက်စာတိုင်ကဲ့သို့သော စိုက်လိုက်မတ်မတ်ဖြစ်နေလေ၏။

ထိုသို့နှင့် ဘုန်းရှိန်တို့သည် အကြိုတော်များနှင့် ပျော်ပါးစွာ နေပြည်တော်သို့ ပြန်လာရာ မန်းတရေးမြစ်တစ်ဖက်ပေါက္ကံနယ်မြေတွင် ထိုနေ့ညအတွက် စခန်းချရပ်နားကြလေ၏။

ဘုန်းရှိန်သည် သစ်ခက်ကွန်းထောက်မှ တောအရေးကို ငေးက

ဆွေးစားနေစဉ် မိန်းမတစ်ယောက်သည် ကောင်းကင်ခရီးဖြင့် ရောက်လာ၏။ ဘုန်းရှိန်သည်... ထိုမိန်းမကို မအံ့သြသော မျက်နှာနှင့် စိုက်ကာကြည့်နေ၏။ ထိုမိန်းမသည်လည်း ပြုံးကြည်သောမျက်နှာနှင့် ဤသို့ပြောလေ၏။

'မောင်တော်ကလေး၊ သည်ကနေ့ သည်အချိန်ရောက်မှ ရောက်ပါ့လေားလို့'

'ဘာကိစ္စ'

'မောင်တော်ကလေးကို မစ စရာရှိလို့ပါ'

'အလို...'

'မောင်တော်ကလေးမှာ တိုင်းတော်ပြည်တော်သို့ ရောက်ကာလအလွန်ကြီးသော ရန်သူများ ရှိနေရပါမယ်'

'အို... မတော်တာ၊ ကျွန်တော်ဟာ သူတစ်ပါးရဲ့ ရန်သူမှ မဟုတ်ဘဲနဲ့ ကျွန်တော်ရဲ့ ရန်သူ ဘယ်မှာရှိနိုင်ပါ့မလဲ'

'ဟော... ခက်ပြီ၊ မွန်းတည့်ရှိန်ရှိန်နေဟာ အင်မတန်ပူပါတယ်။ ကိုယ်ကနေကိုပူလို့၊ နေက ကိုယ့်ကိုပူတာလား'

'အလို... ဘယ့်နှယ်ဟာတွေကို လာပြီးဖြန်းနေပါသလဲ'

'မောင်တော်ကလေး ဖြန်းတာမဟုတ်ပါဘူး။ သတ္တဝါများရဲ့ ရန်သူဟာ လောဘ၊ ဒေါသ၊ မာနတဲ့။ လောဘ၊ ဒေါသ မာနကြီးတဲ့လူ၊ ကြမ်းကဲတဲ့လူတွေဟာ သူတစ်ပါးကိုရန်ပြုတတ်လို့ ထိုသူတို့ဟာ သူတစ်ပါးရဲ့ ရန်သူတွေချည်းပဲ'

'ထားပါတော့၊ ဘာဖြစ်သလဲ ဆိုစမ်းပါဦး'

'အဲသည်တော့ မောင်ကလေးအား ဘေးဆီးရန်ကာ... ဆေးလုံးပေးချင်လို့ လာခဲ့ပါတယ်'

'သည်ဆေးလုံးရဲ့ တန်ခိုးက...'

'သည်ဆေးလုံးကို နံနက်ရွေးကလေးခန့်၊ ညမှာ ရွေးကလေးခန့် စားပါ။ လိုရာကိုပေါက်မြောက်မည့်အပြင် သူတစ်ပါးက ကိုယ့်ကို ရန်ပြု ရင်လည်း မအောင်နိုင်ပါ'

'ဒါဖြင့် သည်ဆေးကို ကျွန်တော်မလို'

'အလို...'

'အလို လုပ်မနေပါနှင့်။ ခင်ဗျားကို ကျွန်တော်မသိ၊ ဒါကြောင့် ခင်ဗျားရဲ့ မစတာကို ကျွန်တော်နည်းနည်းလေးမှ မလိုပါ'

'အော်... သည်လိုလား'

'ခင်ဗျား ပြန်တော့ဗျာ'

'အစ်မပြောမယ်၊ မောင်ကလေးဟာ သုံးဘဝတိတိ အစ်မရဲ့ မောင် ကလေး ဖြစ်လာခဲ့ရတယ်။ ဒါကြောင့် အချစ်ငြိတွယ်မိတာနှင့် အစ်မက မောင်ကလေးအားလာပြီး မစတာ'

'တော်ပြီဗျာ၊ ကျွန်တော်စကားကို များများ မပြောချင်ဘူး။ ခင်ဗျား ကိုလည်း ကျွန်တော်မသိဘူး၊ သို့စေကာမူ သူတစ်ပါးမစခြင်းကို ကျွန်တော်မလိုပါ။ ဝိဇ္ဇာဆိုတာဟာ... ဘယ်ကပေါက်ဖွားလာသလဲ၊ ဝိဇ္ဇာ မျိုးရယ်လို့ ရှိသလား၊ ဝိဇ္ဇာထီးနှင့် ဝိဇ္ဇာမရယ်လို့ ခင်ဗျားကို မွေးလာ သလား'

'အလို အတော်ခက်နေပါကလား၊ သည်အနားမှာ အခြားလူတွေ ကလည်းရှိနေတော့ သိပ်ကို အပြောရခက်တာပဲ။ မောင်တော်ကလေး မှာ နေပြည်တော်ရောက်ရင် တကယ့် အမိပတိရန်သူများနှင့်တွေ့ရမယ်၊ ဒါကြောင့်မောင်တော်ကလေးကို သနားလို့ လာပြီး ပြီးစီးတဲ့ဆေးလုံးကို ပေးတာပါ'

'ခင်ဗျားက ကျွန်တော့်ကို သနားတယ်ဆိုလို့ ကျွန်တော်ကလည်း ခင်ဗျားကို သနားပါတယ်။ ဒါကြောင့် ခင်ဗျားအားလည်း မ စချင်ပါ

ဘယ်'

'ကိုင်း အစ်မအား မောင်ကလေးက ဘာများ မစချင်ခသလဲ'

'အစ်မလည်း တစ်ယောက်တည်းနေရတော့ သနားလို့ ကျွန်တော်က အစ်မအားပျော်ပျော်နေရအောင် ဟောသည်မှာ နှုတ်ခမ်းမွေး ဘုပ်ကုပ်ကြီးနှင့် ဂုတ်ဝန်မင်းကို... ဆက်သမလို့...၊ အစ်မယူမလား'

'ဟာ... မောင်မောင်၊ ဘယ့်နှယ်... ဘာကို မောင်တို့စကားပြောတဲ့ အထဲ ဆွဲထည့်ရသလဲ'

'ဘာက အဖိုးတန်တာကိုး ဘရယ်'

'နေပါဦး သည်ဂုတ်ဝန်မင်းဟာ ဘယ်လို အဖိုးတန်သလဲ'

'ဘာဟာ စေရဗလသိဒ္ဓိကျော်ခေါင်ဘွဲ့ကိုရတဲ့ ဝန်မင်း၊ အစ်မက ဆံပင်ဖြူစဖြစ်ပေမဲ့ နှယ်နှယ်မှတ်သလား'

'ထွီ... သည်လိုဘွဲ့ကြီးကိုရရင်ရွှံစရာ၊ အလကား လူညာ လဝါကြီး ဖြစ်မှာပဲ၊ ဘယ်သူ့အား ဘယ်လိုကပ်လို့ သည်ဘွဲ့ကို ရတယ်လို့မှမသိ ဘဲ၊ အပျိုတော်ကြီးရဲ့ ထမိကို လျှော်ပေးတာနှင့် အပျိုတော်ကြီးက ဆောင် ပေးလို့ ရသလား'

'ဟဲ့... ဟဲ့... ဟဲ့ မိန်းကလေး...၊ မင်းတို့ချင်း စကားပြောနေ တာမှာ ငါတစ်ခွန်းမျှ ဝင်မပြောဘဲနှင့် ဘယ့်နှယ် မင်း ငါ့ကို မကြားကောင်း သေးခံနိုင်တာတွေကို ဆိုရသလဲ'

'စေရ ဗလသိဒ္ဓိကျော်ခေါင်ဘွဲ့ကြီးရနေပြီး ဝင်မပြောလို့ကို ဆိုတာ

'ငါ ဘာကို ဝင်ပြောရမလဲ'

'တကယ်ဆို မောင်မောင်သည် ဝိဇ္ဇာမကလေးက ပေးတဲ့ ဆေးကို သွားလိုက်ပြီး စမ်းသပ်ကြည့်ပါလို့ ပြောပါလား'

'ဟော ဟော ဟော့... ဝိဇ္ဇာမယ်၊ ဝိတ်ပြီးစာလုချည်လား။ မင်းဆေးက

ဘာဆေးမှန်းမှမသိ၊ မျက်နှာချစ်ဆေးများ ဖြစ်နေရင် မခက်ပါလား'

'ကြည့်စမ်း ဒါဘာပြောတာလဲ ဦးသိဒ္ဓိကျော်ခေါင်ကြီး။ မောင်က လေးပါဆိုနေမှပဲ၊ ဂုဏ်ဝန်ပီပီ အောင်သွယ်စကားပြောတာလား'

'ဟဲ့... မိန်းကလေး၊ မင်းက မောင်မောင်ကို မောင်ကလေးလို ချစ်တော့ မောင်မောင်ကလည်း မင်းကို အစ်မလို ချစ်လာအောင် ဆေး ပေးတယ်လို့ မဖြစ်နိုင်ဘူးလား'

'တော်ပါရှင်၊ တကယ့်ဝန်မင်းနှင့် မင်းသား'

'ဟုတ်တယ်။ တို့လောဘ၊ ဒေါသ၊ မာနဆိုတဲ့ ကြိုးဆွဲဆရာက ဆွဲသလိုကနေရတဲ့၊ ယမနေသားကို ထုထားတဲ့ ဝန်နှင့်မင်းသားမဟုတ် ဘူး၊ တကယ့်ဝန်နှင့် မင်းသား'

'တော့် မင်းသားဟာ၊ တော်ကြီးရဲ့ မင်းသား မောင်မောင်ဟာ နေပြည်တော်ရောက်ရင် ဘေးရန်တွေများမှာမို့ ဟိုဘဝက အစ်မကြောင့် သနားတာနှင့် ဘေးဆီးရန်ကာ ဆေးပေးတာ နှုတ်ခမ်းမွှေးကြီးရှင့်'

'သယ် ဘယ်လိုရန်သူကို ငါကမှုမလဲ၊ ပေါ်စမ်းပါစေ၊ ငါ့ ဓား တစ်ချက်မယမ်းလောက်ပါဘူး။ သည်မင်းသားဟာ... တောင်ညာစံဒေဝီ မဟေသီမိဖုရားခေါင်ကြီးရဲ့ သားတော်ကြီးအစစ်၊ ငါ့လက်ထဲမှာ ကြီးလာ တာ။ မင်းဆေးမလို၊ ငါ့မှာ ဓားလှံဆိုတဲ့ လက်နက်ကောင်းတွေရှိတယ်။ ငါဘယ်လို ရန်သူကိုမှမှု၊ သာခေါင်တဲ့ နာမည်ကို မှတ်သွား၊ ငါ့ဓားဟာ သွေးဆာနေတာ'

'နေပါဦး၊ သည်ကအနုသဘောနှင့် ဆေးလာပေးတာပါကပဲ၊ ဘယ့်နှယ်အခြောက်တိုက် ကြိမ်းဝါးပြီးနေသလဲ...၊ တော်ဟာ ကျွန်မကိုပဲ ရန်သူထင်နေသလား'

'မင်းကိုငါ ရန်သူမထင်လို့ပေါ့၊ ထင်ရင် မင်းကိုဖမ်းပြီး ခြေနှစ် ချောင်းကို ဆွဲကိုင်ကာ ပစ်လိုက်မှာ'

'ကျွန်မဟာ ဆေးဝိဇ္ဇာ'

'မင်းတို့ ဝိဇ္ဇာ၊ ဓော်ဂျီ၊ တပသီဆိုတာတွေဟာ အလကား ညာတ
ါတ လူ့ဘဝရှုံးတဲ့လူစားတွေ'

'ကောင်းပြီ၊ နောင်မှ တော်မတနင့်'

ထိုသို့ဆိုကာ ဝိဇ္ဇာမဆိုသူ ထိုမိန်းမသည် ကောင်းကင်ခရီးဖြင့်
ပြန်သွားလေ၍ မင်းသားနှင့် ဂုတ်ဝန်မင်းသည် ဤသို့ပြောဆိုကာ ကျန်ခဲ့
သော၏။

'ဘယ့်နှယ် ဘ'

'အလကား မျက်လှည့်ကောင်မပါ'

'သူက ရန်သူရှိသလေ့၊ ဘာလေ့နင့်'

'မောင်မောင် လူဆိုတာ ရန်သူနှင့်ချည်းပဲ၊ ဘယ်မှာ ရန်သူနှင့်
ကင်းနိုင်မလဲ။ ရန်သူကို အောင်ဖို့ရန်မှာ သတိမလစ်ရဘူး မောင်မောင်'

'ဟုတ်တယ်'

'နေပြည်တော်မှာတော့...'

ထိုအခါ မင်းသားဘုန်းရှိန်သည် မျက်စိတစ်ဖက်ကို မှိတ်ပြလိုက်၍
ဂုတ်ဝန်မင်း ဦးသာခေါင်သည် ပြောမည့်စကားကို မပြောပဲ ရပ်လိုက်လေ
၏။

ထိုနေ့ ညနေစာကို ခပ်စောစော စားသောက်ပြီးနောက် ဂုတ်ဝန်မင်း
နှင့် မင်းသားဘုန်းရှိန်သည် မြစ်ကမ်းသို့ လျှောက်ကြည့်ရင်း ဤသို့သော
စကားတို့ကို ပြောဆိုကြလေ၏။

'ဘ နေပြည်တော်မှာတော့... ဆိုသောစကားကို ဆက်တော်မူစမ်း
ပါဦး'

နေပြည်တော်မှာ မယ်သိုက်က အရှုပ်တော်ပုံ ဗရုဇ္ဇများရဲ့ အခြေခံ
ကို ဆော်ပြလိုက်လို့ ဘုရင်မင်းမြတ်လည်း တော်တော်ပင် အံ့အားသင့်သွား

ပါတယ်။

'ဟုတ်တယ်'

'ဒါနဲ့ ဝန်ကြီးများ၊ အမတ်များ၊ တရားသူကြီးများက မယ်သိုက်ကို တိတ်တိတ်ဖမ်းပြီး သုတ်သင်ဖို့ရန် ကြိုးစားကြတယ်'

'ဟုတ်ကဲ့'

'မယ်သိုက်ကလည်း အပါးအလည်ပညာတတ်မကလေးပဲ သူတို့ကို ဘာမှုမလဲ။ ဒါပေ့ တိုင်းပြည်ဆူမှာကို မလိုလားတာနဲ့ တိတ်တိတ်ရှောင်ပြီး ရုပ်ဖျောက်ပြကာ ထွက်ခွာသွားရှာတယ်'

'အော်...'

'ဘရယ်၊ ဖြတိုက်ဝန်ရယ်၊ သေနာပတိရယ်ကလည်း မယ်သိုက်ကို ထိရင်ဘာခံမလဲ၊ တိတ်တိတ်ကြိတ်ပြီး တိုင်ပင်ထားကြတာဘဲ'

'မယ်သိုက်က ဘယ်က မယ်သိုက်၊ ဘယ်လို မယ်သိုက်လဲ'

'အင်း၊ ဟုတ်တယ် သေနာပတိရယ်၊ မောင်မောင် ခမည်းတော်ရယ်၊ ဘရယ်၊ ဖြတိုက်ဝန် မောင်ရွှေသားရယ်၊ မယ်သိုက်ရဲ့ အဖေ မောင်စွာရယ် တက္ကသိုလ်မှာ ပညာသင်ဖက် ဘတို့က မောင့်ခမည်းတော်နဲ့ လူရင်းများပေါ့'

'ဟုတ်ကဲ့'

'မောင်စွာကတော့ မင်းမှုမထမ်းဘူး၊ ဆင်သုံးစီးနဲ့ တောထဲမှာ သစ်လုပ်နေတယ်။ တစ်နေ့တော့ မောင်စွာဟာ ဘတို့ထက်စွမ်းတယ်၊ ပညာလည်းတတ်တယ်။ သေနာပတိနဲ့ တစ်တန်းတည်းအညီလောက်ပဲ တတ်တယ်။ တောထဲမှာ ဆင်များကိုကောက်ဖို့ သွားတော့ ကျားနှစ် ကောင်ဟာ တစ်ကောင်နဲ့တစ်ကောင် ကိုက်ဖို့ မာန်ဖီနေတာကို သွားပြီး တွေ့တာပေါ့...'

'ဟုတ်ကဲ့...'

'အဲသည်တော့၊ မောင်စွာက ကျွားကို သူက သူ့သူငယ်ချင်းထင်နေ
သည် 'ဟဲ့ အကောင်နှစ်ကောင်၊ နင်တို့ မလုံးမကိုက်ကြနှင့် နှစ်ကောင်
စလုံး နာပြီးသေမယ်' လို့ ပြောသတဲ့။ နားလည်ပါ့မလား မောင်မောင်...'

'ဟုတ်ကဲ့...'

'ဒါနှင့် ကျွားနှစ်ကောင်ဟာ မာန်ဖီနေတာကို မလျှော့ဘဲ ကိုက်ဖို့
အလစ်ကိုကြံနေတော့ မောင်စွာ၊ မောင်စွာ၊ တကယ့် မောင်စွာ၊
ကျွားဘစ်ကောင်ကို 'သည်အကောင် ပြောတာမရဘူး' ဆိုကာ အမြီးကို
ဆွဲချုပ်တော့ အားပေးသလိုဖြစ်ပြီး အတင်း ကျွားနှစ်ကောင်သည် လုံး
ကြသတဲ့...'

'သည်လို ကျွားနှစ်ကောင်လုံးကြတော့ သူလည်း ဘာတတ်နိုင်မ
လဲ ထစ်နေရာက ကြည့်နေရတာပေါ့။ သည်တော့ ဝံတီးတိုးကလည်း
ကျွားနှစ်ကောင်ကို ကြည့်နေတာနှင့် တူသတဲ့။ သူက ဝံတီးတိုးကို မမြင်
ဝံတီးတိုးကလည်း သူ့ကိုမမြင်တဲ့ ဟန်ပဲ၊ ဝံတီးတိုးက ကျွားနှစ်ကောင်
ကိုနေတာကို ခဲနှင့် ထုတယ်ထင်တာပဲ၊ ခဲကြီးတစ်လုံးဟာ သူ့ထံလိမ့်
လာပြီး ခြေထောက်ကို ပိသွားလို့ ခြေဖဝါးတစ်ဖက်ဟာ ပြားသွားတယ်။
ကျွားနှစ်ကောင်ထွက်ပြေးတော့မှ လှမ်းကြည့်လိုက်တဲ့အခါ ကမ်းပါးယံ
ပေါ်က ခမောင်ဝံတီးတိုးကို မောင်ရွှေစွာက လှမ်းကာမြင်မိသတဲ့။

'ဟုတ်ကဲ့...'

'သည်တော့မှ မောင်စွာက ကမြင်းမဝံတီးတိုး၊ နင်တော့ သေပေ
တော့ ဒါကို နင်ခဲနှင့် ထုတယ်ဆိုကာ စိန်းသွားရှိ မြားကိုထုတ်ပြီး ပစ်ရန်
လေးညှို့ကို ဆွဲတော့ ဝံတီးတိုးက သူ သူ့ကိုခဲနှင့်မပစ်၊ ခဲက သူ့ဘာသာ
ကျသွားခံဘာလို့ ဆိုတဲ့သဘောနှင့် လက်ကာကာ ယမ်းပြသတဲ့။ ဒါနှင့်ပဲ
ဝံတီးတိုးကို လေးနှင့်မပစ်တော့မှ ဝံတီးတိုးက သစ်ခေါက်တစ်ခုကို သူ့ထံ
ကမ်းပေါ်ကနေ ပစ်ပေးလိုက်သတဲ့၊ သည်တော့မှ သစ်ခေါက်ကို ထုပြီး

ကျောက်ခဲပိတဲ့ ဒဏ်ရာကို သစ်ခေါက်ရည်ညှစ်ကာ လိမ်းရာ ချက်ချင်း ပျောက်သွားသတဲ့၊ ဒါပေမဲ့ သူ့ညာခြေဖဝါးဟာ ပြားနေတယ်...'

'ဘာရယ်၊ ဘာစကားဟာ ယုံတမ်းစကားလို....'

'မောင်မောင် ဆီမီးခွက်လောက်ရှိတဲ့ ပင့်ကူဟာ ခြေသလုံးခန့် ရှိတဲ့ မြွေကြီးကိုနိုင်တယ်။ ဘယ့်နှယ်လဲ၊ ဖားပြုတ်အာနီက ကင်းခြေများ ကို မသွားနိုင်အောင် ညှို့ဖမ်းတယ်... ဆိုတာ ဘယ့်နှယ်လဲ...။ နာဂ ကောင် (နကျယ်ကောင်) ထိုမြွေက ကြောက်တယ်ဆိုတာ ဘယ့်နှယ် လဲ'

'ဟုတ်ကဲ့'

'သတ္တဝါတို့မှာ တန်ခိုးတစ်ခုခုတော့ ရှိတတ်တာပဲ'

'ဟုတ်ကဲ့'

'မောင် မောင့်ဘိုးတော်ဘုရားက ဘတို့ တက္ကသိုလ်မှပြန်လာကြ တော့ မောင်စွာကို စစ်သူကြီးခန့်တယ်။ မလုပ်ပါ။ ဆင်မတစ်ကောင်ကို သနားပါလို့တောင်းတယ်။ သူ့အဖေဟာ မုဆိုးကြီး'

'ဟုတ်ကဲ့'

'ဒါနှင့် သူ့အား ဘုန်းတော်ကြီးဘုရားက ဆင်မတစ်ကောင်ကို သနားလိုက်တော့ အဲသည်ဆင်မနှင့် တောဆင်အမျိုးတူ လုလုကိုကြည့် ပြီး သားဖောက်သတဲ့၊ ကိုင်း မဆန်းဘူးလား။ သူ့မှာ ဒီလိုနှင့် ဆင်သုံး ကောင်ရှိနေပြီး သည်ဆင်နှင့် သစ်လုပ်စားနေလို့ သူ့အကြောင်းကို မောင် မောင့်ဘိုးတော်က သိတာနှင့် သူ့အား ဖိုးခေါင်မင်းလို့ ဘွဲ့ပေးထားတယ် တောထဲက တိရစ္ဆာန်ဟူသမျှသည် သူ့ကို အင်မတန်ကြောက်တယ် သူ့အသံကိုကြားရင် တုန်နေတာပဲ။'

'ဟုတ်ကဲ့'

'အဲသည် ခြေပြားသွားတော့ သူအလုပ်မလုပ်နိုင်လို့ ကလေးသူ

သမီးများကို စာနှင့်အတတ်ပညာကို သင်ပေးနေတယ်။ သူ့သမီး မယ်သိုက်ကိုလည်း သူ့အဖေနှင့်အမေအား လုပ်ကျွေးသမှုပြုနေတယ်။ နောက် တစ်အိမ်လုံး ဘယ်ကိုရွှေ့သွားတယ်မဆိုနိုင်ဘူး။ တောကြက် ကလေး ပျောက်၊ ပျောက်သွားရှာတယ်။ ဒါလည်း ဟိုအရှုပ်ကောင်တွေ နှင့် မတုပြိုင်ချင်လို့၊ မတုပြိုင်ချင်တာလည်း မယ်သိုက်ကြောက်လို့ မဟုတ်ဘူး၊ မောင့်ခမည်းတော် စိတ်မချမ်းသာမှာစိုးလို့။ သေနာပတိက တော့ မယ်သိုက်အား စိန်ဓားမြှောင် ထုတ်ပေးပါတယ်။ ဒါပေမဲ့ ဘဲတွေးတော် မယူပါဘူးလို့ ပြန်ဆက်တယ်။'

'အော် သည်လိုကိုး...'

'ဘကိုတောင် သူတို့ မတော်တရော်ကြံချင်တယ်။ ဘက စိတ်မ ကောင်းရင် နန်းရင်းဝန်ကိုတောင် ညီလာခံသဘင်မှာ ဆွဲပြီးနားရင်းကို အုပ်မှာ။ အတွင်းဝန်ကိုလည်း မောင့်ခမည်းတော့် မျက်နှာတော်ကို ထောက်ကြည့်လို့ ညီလာခံသဘင်မှာ ခွေးကောင် ဘုရင်မင်းမြတ်က သဘော ကောင်းကြီးပေမဲ့ ငါက ဖနောင့်နှင့်ပေါက်မှာ၊ ဘာမှတ်သလဲလို့ တစ်ခါက ကြိမ်းရသေးတယ်...'

'ဘ အိုပြီ...'

'အိုပေမဲ့ မမှုပါဘူး မောင်မောင်ရယ်။ လူရည်ချွန်း၊ ပညာရည် ချွန်း မတုပါဘူး။ စာမှ ကောင်းကောင်းတတ်တဲ့အကောင်တွေ မဟုတ်ပါ ဘူး...'

*

ထိုသို့နှင့် မင်းသားဘုန်းရှိန်တို့သည် နေပြည်တော်သို့ ပြန်ရောက် ကြလေ၏။ မင်းသားဘုန်းရှိန်သည် နေပြည်တော်သို့ ပြန်ရောက်ကာလ အနည်းတော်ကိုယ်စား လွှတ်သို့တက်ပြီးလျှင် စီရင်ဆုံးဖြတ်ခြင်းကို ပြုရ

လေ၏။

ထိုအခါ ဘုန်းရှိန်မှာ မင်းပျိုမင်းလွင်ဖြစ်နေသဖြင့် အလွန်တရား ဖြောင့်မတ်မှန်ကန်သည်ဟု ကျော်စောထင်ရှားနေလေ၏။ ထို့ကြောင့် ပြည်သူပြည်သားတို့ကား မင်းသားဘုန်းရှိန်ကို အလွန်ချစ်ခင်လေးစား လေးမြတ်ကြ၏။

ပြင်ကြီးလေးပြင်မှ တရားသူကြီးများနှင့် ရွှေမြို့တော်မှ တရား သူကြီးတို့ကား ဥပဒေနှင့်အညီ တရားကို စီရင်ရသောကြောင့် မစားသာ သကဲ့သို့ ရှိကြကုန်၏။ နန်းရင်းဝန်ကြီးမှစ၍ ဝန်ကြီးများ၊ အမတ်များ စသည်တို့လည်း ခြံတိုက်ဝန်မင်း၏ ထန်းဖူးကို လန့်နေကြသဖြင့် အတော် ပင် အနေကျုံ့ခြင်းရှိလာကြကုန်၏။

*

'တပေါင်းလ ပေါက္ကံပြည်၏ နေ့ကြီး'

ထိုခေတ်က ပေါက္ကံနိုင်ငံကြီးသည် အထူးသဖြင့် စည်ကားပြန့် ပြောကြွယ်ဝသည်ဟု အနိုင်နိုင်ငံကပင် အပြင်လှအားဖြင့် ကျော်စော ထင်ရှားကာ ရှိလေ၏။

ပေါက္ကံပြည်ကြီး၌ တစ်နှစ်တစ်ကြိမ် ပေါက္ကံပြည်ကြီး၏ တည်တံ့ နိုင်မြဲရန် သဘာကြီးကို တပေါင်းလပြည့်ကျော် ၁ ရက်နေ့၌ အထူး စည်ကားသိုက်မြိုက်စွာ ကျင်းပလေ၏။ ယခုခေတ် အလိုသော်ကား ပေါက္ကံပြည်၏ နေ့ကြီးဖြစ်၏။ တပေါင်းလပြည့်ကျော် တစ်ရက်နေ့သည် နေစ၍ ထွက်နေ့ဟု ၎င်းတို့၏ နက္ခတ်ကျမ်းက ထွက်ဆိုခြင်းကြောင့် ဖြစ်လေ၏။

ထိုနက္ခတ်ကျမ်း၏ အလိုသော်ကား လူတို့သည် သဘာဝ လျှောက် အလင်းရောင်ရှိကြသဖြင့် မိမိတို့၏အလင်းရောင်နှင့် သွားလာ

လှုပ်ရှားကာ ရှိကြ၏။ ထိုအခါတွင် လူတို့သည် မြေကြီးကို စားသဖြင့် အသက်ရှည်ကြသဖြင့် အသက်အလွန်ရှည်၏။

ထိုသဘောသည်ကား မြေကြီးအတွင်းတွင် အချို၊ အချဉ်၊ အဖန်၊ အခါး၊ အစပ်၊ အငန်စသည်ဖြင့် အရသာအမျိုးမျိုး ရှိနေသဖြင့် လူတို့ အသုံးရှိသော အရသာအမျိုးမျိုးကို လူတို့၏ အလိုအတိုင်းရရှိသည်ဟူ၍ ဖြစ်၏။ ထိုသို့ မြေကြီးကို လူတို့စားကြသဖြင့် လျှာ၏ အရသာကို တပ်မက်လွန်းအားကြီးလာသောအခါ လူတို့၌ ကိုယ်ရောင်ကိုယ်ဝါများသည် ကွယ်ပျောက်သွားကြလေ၏။

ထိုသို့ ကွယ်ပျောက်သွားရာမှ နေစတင်ထွက်ပေါ်လာသောအခါ အလင်းရောင်ကို လူတို့သည် ရရှိလာကြကုန်၏။ ထိုနေ့ကို တပေါင်းလပြည့်ကျော် ၁ ရက်နေ့ဟု နက္ခတ်ဆရာတို့သည် သတ်မှတ်သည် အတိုင်း တပေါင်းလပြည့်ကျော် ၁ ရက်နေ့သည် နေစတင်ထွက်ပေါ်လာသောနေ့ဟူ၍ နေ့ထူးနေ့မြတ်သတ်မှတ်ကာ ပေါက္ကံပြည်၏ နေ့ကြီးကို ကျင်းပလေ၏။ သလ္လာဝတီမြစ်၏ အနောက်ဘက်တိုင်းပြည် နိုင်ငံစုသည်ကား ညအချိန်၌ လူတို့အလိုရှိသည်အတိုင်း လသည် ပေါ်ပေါက်သော တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့တွင် တိုင်းပြည်၏ ပွဲလမ်းသဘင်ကြီးကို ကြီးကျယ်ခမ်းနားစွာ ပြုလုပ်ကြလေ၏။

ပေါက္ကံပြည်ကြီး၌ ထိုသို့ပေါက္ကံပြည်ကြီး၏ ပွဲလမ်းသဘင်အခါကို ပြုလုပ်ရာတွင် တိုင်းပြည်နိုင်ငံကို ပူဇော်ကန်တော့သည်ဟူ၍ လည်းကောင်း၊ တိုင်းပြည်နိုင်ငံကို တည်တံ့ခိုင်မြဲရန် အဓိဋ္ဌာန်ပြုသည် ဟူ၍လည်းကောင်း သတ်မှတ်ကာ ပြုလုပ်ဆောင်ရွက်ကြ၏။

ထိုသို့ ဆောင်ရွက်ပြုလုပ်ရာတွင် တိုင်းသူပြည်သားတို့သည် ပျော်ပျော်ရွှင်ရွှင်ကျင်းပလျက် ဤနှစ်တွင် ကုန်သည်ပိုင်းက၊ ဤနှစ်တွင် ...ပိုင်းက၊ ဤနှစ်တွင် ရက်ကန်းသမားပိုင်းက၊ ဤနှစ်တွင်

တံငါမုဆိုး စသော သူတို့၏အပိုင်းက၊ ဤနှစ်တွင် တောင်သူမိလက္ခ
ပိုင်းက စသည်ဖြင့် အဆင်းရဲဆုံးသော သက်ကြီးကိုရွေးချယ်၍ ထိုသူ
သည်လျှင် မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ တိုင်းပြည်နိုင်ငံအဖြစ်နှ
တည်ရပြီးလျှင် တိုင်းပြည်၏ အရှိအသေကို ခံရလေ၏။

ယခုနှစ်မှာကား တောင်သူမိလက္ခုပိုင်းက နိုင်ငံတော်အဖြစ်နှင့်
အရှိအသေခံရမည့်နှစ်ဖြစ်သဖြင့် တောင်သူများထဲမှ အဆင်းရဲဆုံး
လောက်နှင့် အသက်အကြီးဆုံး အဘိုးအိုတစ်ယောက်ကို တိုင်းပြည်
အဖြစ်နှင့်တည်ရန် ရွေးချယ်ကြလေ၏။

၎င်းတို့၏အယူကား... တိုင်းပြည် နိုင်ငံတော်ကို အလုပ်သမား
အမျိုးမျိုးတို့ တည်ထောင်ကြ၏။ ထို့ကြောင့် တိုင်းပြည်နိုင်ငံဟူသည်
အလုပ်သမားများ ဖြစ်ကြ၏။ ရှင်ဘုရင်နှင့် ဝန်ကြီးများစသော မှူးမတ်
သေနာပတိများ၊ မင်းကြီးများ၊ တရားသူကြီးများတို့နှင့် မင်းမှုထမ်းတို့
သည် တိုင်းပြည်နိုင်ငံတော် တည်တံ့ရေး၌ စောင့်ထိန်းရန် တန်ဆာပလာ
များဖြစ်ကြသည်ဟူ၍ ဖြစ်၍ ဖြစ်လေ၏။

ထိုသဘာကို နံနက်နေထွက်ချိန်ကစ၍ သာယာပြန့်ပြူးညီညာ
သော မြက်ခင်းမြေပြန့်၌ ပြုလုပ်ကျင်းပ၏။ နိုင်ငံတော် အဖြစ်နှင့် အရှိ
အသေခံရန် သူ၏ နေရာ၌ ရာဇပလ္လင်တစ်ခုကို ပြုလုပ်၍ ချင်းရဲခေါ်
များဖြင့် ခုနစ်တောင်ပတ်လည် မိုးထားသောကနားတစ်ခု ဖြစ်လေ၏။

အချိန်မကျရောက်မီကပင် သူဌေးသူကြွယ်စသော ပြည်သူပြည်
သားတို့သည် ထိုကွင်းကြီး၌ ပြည့်ကျပ်ကာ ရောက်နေနှင့်ကြ၏။ မိမိတို့
၏ အလုပ်အကိုင်တူရာ အစုအသိုက်နှင့်တည်ကြ၏။

ဘုရင်မင်းမြတ်သည် မြင်းစီး၍ ကိုယ်ရံတော်မြင်းတပ်နှင့် ရောက်
လာ၏။ ထို့နောက် သေနာပတိနှင့် စစ်သူကြီးများသည် စစ်သည်တော်
တပ်သားများနှင့် ရောက်လာ၏။ ထို့နောက် မြို့ဝန်၊ ရွှေမြို့တော်ဝန်

ချုပြည်တော်ဝန်စသည်တို့သည် မိမိတို့၏ အမှုထမ်းများနှင့် ရောက် ကြ၏။ ဝန်ကြီးများစသော အစိုးရအဖွဲ့နှင့် အမှုထမ်းအသီးသီးတို့ သည် မိမိတို့၏ နေရာအားဖြင့် ရောက်နေနှင့်ကြရ၏။

ထိုအရှိအသေခံရာ ကန္နားကလေးလက်ဝဲ လက်ယာ၌ မိလက္ခူ ဆေ့အတိုင်း ဖုံကြီးနှင့် ဂုံဂေါ်တီးမှုတ်ကာ လယ်သူမကလေးများသည် စလှည့်စီသီဆိုကခုန်ကာ သဘာကြီးကို ဧည့်ခံသကဲ့သို့ရှိနေလေ၏။

စုံညီလတ်သော် ဧည့်ခံအတီးအမှုတ်သည် ရပ်သွား၍ နိုင်ငံတော် သည် တူရိယာများကို တီးမှုတ်၍ကြလာ၏။ ၎င်း၏ လက်ယာဘက်က ကောင်သူအဝတ်အစား ရှံ့ဒလပေနှင့် လူတစ်ယောက်က နွားတစ် ကောင်...၊ လက်ဝဲဘက်က ထိုနည်းလည်းကောင်း ကျွဲကိုဆွဲ၍လာ၏။ နိုင်ငံတော်ကား လက်ယာဘက်က နွားဖြူ လက်ဝဲဘက်က ကျွဲဖြူက သော စွတ်ဖားပေါ်က စီး၍ ပါလာ၏။ ၎င်း၏ လက်ဝဲဘက်က လယ်သူ မ သက်ယာဘက်က လယ်သမား ၎င်းတို့၏ သဘာဝရှံ့ပေသောအဝတ်၊ မောက်၊ လွယ်အိတ်၊ တံစဉ်၊ မားမတို့ကို ကိုင်စွဲကာရံ၍ ပါလာ၏။ ၎င်း၏နောက်မှ တောင်သူမိလက္ခူများ၊ ၎င်းနောက်မှ ဒုံမင်းပတ်သာ ရုန်ယာများ မောင်းများ၊ စည်းများ တီးကာပါလာလေ၏။

နိုင်ငံတော်သည် ကန္နားသို့ရောက်လာသော် လယ်သမား လူပျို ယ်သူမအပျိုတို့ကတွဲ၍ ပလ္လင်ပေါ်သို့တင်လေ၏။ တင်ပျဉ်ခွေ၍ထိုင် သော် တောင်သူကြီးတစ်ယောက်က အချိန်ကျပြီ၊ တိတ်စေတိတ်ဟု အော်လိုက်၍ သာယာသော မိန်းကလေးအသံတစ်သံက 'အသံတော်ပေါ် ပါလတ္တံ့ သဘာ' ဟု ဟစ်လေ၏။

တစ်ခဲနက်သောလူထုကြီးသည် တိတ်ဆိတ်သွား၍ အသက်ရှူသံ ကိုပင် ကြားရမမန်းဖြစ်၏။ ထိုအခါ... နိုင်ငံတော်သည် ဤသို့ မိန့်ခွန်းပေးလေ၏။

လူသည် မိမိ၏ နိုင်ငံတော်ကို တည်တံ့အောင် စောင့်ထိန်းရမည်။ ထိုသို့ စောင့်ထိန်းရာ၌ကြောင့် နိုင်ငံတော်၏ တရားဥပဒေကို လေးစားလေး မြတ်သောအားဖြင့် ထိပ်ထက် အမြဲပန်ဆင်၍ သူတစ်ပါး၏ တရားသဖြင့် ကောင်းစားမှုကို ရှေးရှုကာ ဆောင်ရွက်ကြပါကုန်လော့။

ထိုအခါ ဘုရင်မင်းမြတ်စေရကျော်ထင် မင်းတရားကြီးသည် မိမိ ၏ ကိုယ်ရံတော်မြင်းတပ်သား... ရွှေလုံ ရွှေဓားတို့အား 'နိုင်ငံတော်ကို လေးမြတ်ရှိသေဟု' အမိန့်ပေးပြီးသော် မိမိကိုယ်တိုင်အရှိအသေပြုကာ ဝပ်စည်းမပျက် ပြန်လေ၏။ ညွှန်ခံသဘာကား... မုံကြီးကိုမြိုင်မြိုင်ကြီး တီးနေ၏။ ထိုနောက် စစ်သေနာပတိ၊ စစ်သူကြီးစသည်တို့လည်း စစ်တပ်များနှင့်တကွ နိုင်ငံတော်ကို လေးမြတ်ရှိသေသမှုပြုကာ ပြန်ကြ လေ၏။

ထို့နောက် နိုင်ငံတော်သည် ဤသို့မိန့်ခွန်းပေးလေ၏။ ငါတို့သည် နိုင်ငံတော်ကို တည်ထောင်နေသူများဖြစ်သည်။ ငါတို့ကိုမှီ၍ ရှင်ဘုရင် စစ်သည်တပ်သား မင်းမှုထမ်းများသည် ပေါ်ပေါက်လာရသည်။ ထို သဘောကိုသိ၍ ငါတို့သည် တိုင်းပြည်လူမျိုးအတွက် အလုပ်သမား ကောင်းများ ဖြစ်ရမည်။ အလုပ်သည် ကိုယ့်အတွက်ဟုသာ ရှေးရှုသော် တစ်နေ့မှာ သူခိုး၊ အနုကြမ်း၊ ဓားပြများဖြစ်လာကြရမည်။ ထို့ကြောင့် တိုင်းပြည်အတွက် ရှေးရှု၍ အလုပ်ကို လုပ်ကြပါကုန်လေ။ အလုပ်လုပ် ရာ၌ နား၊ မျက်စိတို့ကို တပ်ဆင်ပြီးလျှင် ပါးစပ်ကို အသုံးပြုတတ် ပြုံ့ခြင်းဖြင့် ငါတို့၏ နိုင်ငံတော်ကြီးကို တည်တံ့အောင် စောင့်ထိန်းကြပါ ကုန်လော့။

သဘာသည် ကွဲလေ၏။

*

ဘုရင်မင်းမြတ်သည် နှစ်သစ်ကူး ဦးကသီမင်္ဂလာကို ခံယူတော်မူ ပြီးနောက် ငါးရက်မြောက် နံနက်ညီလာခံတွင် ဤသို့ မိန့်တော် မူလေ၏။

'ငါ၏ သားတော်ကြီး ဘုန်းရှိန်ကို ငါ၏ ကိုယ်စားလွှတ်သို့တက် ၍ စီရင်ဆုံးဖြတ်စေရာ၌... ပြည်သူအပေါင်းတို့က နှစ်ထောင်းအားရရှိကြ သည်ကို ငါကိုယ်တော်မြတ် သိရှိရလေသည်။ ထို့ကြောင့် ၎င်းအား ချီးမြှင့်မြောက်စားရန်သင့်ပြီဟု ထင်သောကြောင့် ဘုန်းရှိန်ကို အိမ်ရှေ့ မင်းအဖြစ်နှင့် ထားလိုသည်။ သဘာက ဘယ်လိုတင်ချင်သလဲ'

'ရွှေဘုန်းတော်ရှင်ဘုရား'

'တင်ဗျာ နန်းရင်းဝန်ကြီး'

'ကိုယ်တော်ကလေးဘုန်းရှိန်အား အိမ်ရှေ့မင်းအဖြစ်နှင့် ခန့်ထား သည်ကို မှူးမတ်တို့ကိုယ်စား သင့်မြတ်တော်မူပါကြောင်းကို တင်ဝံ့ပါ သည်ဘုရား သို့သော်'

'တင်ဗျာ'

'ထိုသို့ ဘုရင်မင်းမြတ်က ခန့်ထားတော်မူကြောင်းနှင့် ညီလာခံက သဘောတူကြောင်းကို... တရားလွှတ်တော်ကြီးသို့တင်ပြ၍ တရား လွှတ်တော်ကြီးက သဘောတူကြောင်းကို ရယူရန်သင့်ကြောင်းပါဘုရား'

'ရွှေဘုန်းတော်ရှင်ဘုရား'

'မြဲတိုက်တော်ဝန်မင်းတင်ဗျား'

'နန်းရင်းဝန်ကြီးတင်သည်မှာ ထုံးတမ်းစဉ်လာစည်းကမ်း မဟုတ် သဖြင့် အိမ်ရှေ့မင်းခန့်ထားရန်ကို တရားလွှတ်တော်ချုပ်သို့ တင်ရန်မလို ပါဘုရား'

'ကိုဖြဲ... သည်လိုရှိနေတယ်'

'ဆိုပါဗျာ'

'အရေးကြီးတဲ့သဘောခွဲ အများကသဘောတူညီမှ သင့်လျော်ပါသည်။ အိမ်ရှေ့မင်းခန့်ထားရိုး ထုံးတမ်းစဉ်လာသဘောရိုးမှာ မဟေသီမိဖုရားခေါင်ကြီး၏သားတော်ကိုသာ ခန့်ထားရမြဲဖြစ်ခြင်းကြောင့်ပါ'

'ကိုယ်တော်ကလေး ဘုန်းရှိန်သည် မဟေသီမိဖုရားခေါင်ကြီး၏ သားတော်ပင် မဟုတ်လား...'

'ဟုတ်တယ် ကိုဖြိ။ သို့သော် အဲသည်ခေါင်ဖုရားဟာ နတ်ရွာသို့ ကြွတော်မူပြီး ယခုခေါင်ဖုရားမှာလည်း သားတော် ကျော်မြင့်ဟူ၍ ရှိရေသည်။ ထို့ကြောင့် ဘုရင်မင်းမြတ်၏ ခန့်ထားတော်မူခြင်းနှင့် ညီလာခံသဘာက သဘောတူခြင်းသည် တရားဥပဒေနှင့် ညီညွတ်ပေသည်ဟု တရားလွှတ်တော်ချုပ်က သဘောတူခြင်းကို နတ်လူကောင်းချီးပေးရန်လို၍ပါ။ ကိုယ်တော်ကလေးဘုန်းရှိန်အား အိမ်ရှေ့ခန့်ထားတော်မူမည်ကို အားလုံးက သဘောတူညီကြပါတယ် ကိုဖြိ...'

'အစ်ကို၊ အစ်ကို့စကားမှာ မှန်သလိုလိုနှင့် မှားသည်၊ သင့်လျော်သလိုလိုနှင့် မသင့်၊ အကျိုး လိုသယောင်နှင့် အပြစ်ဖြစ်နေသည်။ ကိုယ်တော်ကလေး ဘုန်းရှိန်သည် တောင်နန်းမဒေဝီ မဟေသီခေါင်ဖုရားကြီးက မြင်တော်မူခြင်းအစစ်၊ ကိုယ်တော်ကလေးကျော်မြင့်သည်လည်း အိမ်ရှေ့ကိုယ်တော်နှင့် မထိုက်မတန်မဟုတ် ထိုက်တန်ပါသည်။ သို့သော် ကိုယ်တော်ကလေး ကျော်မြင့်သည် ယခုခေါင်ဖုရား၏ သားတော်ဖြစ်သော်လည်း ခေါင်ဘုရားအဖြစ်နှင့် မြင်တော်မူသော သားတော် မဟုတ်ချေ။ ထို့ကြောင့် ကိုယ်တော်ကလေး ဘုန်းရှိန်သည်သာ ခေါင်ဖုရားကြီးမှ မြင်သောသားတော်ကြီးဖြစ်ခြင်းကြောင့် တရားလွှတ်တော်ကြီးသို့ ပို့ရန် မလိုပါ။'

'ကိုဖြိ ယခုကိစ္စမှာ တရားရေးရာ၌ ပတ်သက်နေ၍ ကိုဖြိလည်း တရားသူကြီးမဟုတ်၊ ကျုပ်လည်း တရားသူကြီးမဟုတ်၊ ဆုံးဖြတ်ရန်

သေင့်၍ တရားလွှတ်တော်ချုပ်သို့ ပို့ရန်လိုသည်။'

'အစ်ကို ကျွန်တော် တရားသူကြီးမဟုတ်သော်လည်း ဓမ္မသတ်၊ ဥဒသတ်ကို ကောင်းစွာနားလည်သည်။ သဘာဝသဘောကို ကောင်းစွာ ာတ်သည်။ လောကသျှတ္တရကို ကျနစွာနားလည်သည်။ တက္ကသိုလ် ကြီးက ကောင်းစွာလေ့လာဆည်းပူးခဲ့သည်။ ကျွန်တော်ကောင်းစွာ းလည်သည်။'

'မောင်ဖြိုကို ကျုပ်က နားမလည်ဘူးမဆို၊ မတတ်ဘူးမဆို။ ည့်သော် မောင်ဖြိုသည် တရားသူကြီးမဟုတ်...'

'မှန်ပါတယ်။ ယခုတရားလိုမရှိ၊ တရားခံမရှိ။ တရားသဘော နှံ့ တရားလွှတ်တော်ချုပ်သို့ တင်ရန်မလို...'

'သဘောတူရင် ကောင်းတယ် မဟုတ်လား...'

'တရားလွှတ်တော်ချုပ်က အဂတိလိုက်စားပြီး ဆန့်ကျင်ဘက် ဆုံးဖြတ်လိုက်ရင် အလွန်ရှုပ်ထွေးခြင်း ဖြစ်လာရမယ် မဟုတ်လား...'

'ကိုဖြိုဟာ တရားလွှတ်တော်ချုပ်ကို ထိပါးပြီး စကားကိုဆို သင့်...'

'တရားလွှတ်တော်ချုပ်မှာလည်း လူတွေပဲ။ နတ်မဟုတ်။ နတ် ဘောင်အဂတိ လိုက်စားသေးတယ်။ လူပဲ အဂတိလိုက်စားမှာပဲ...'

'ကိုဖြိုကော လိုက်စားသလား...'

'ကျွန်တော်လည်း လိုက်စားမှာပဲ၊ အထိန်းအချုပ်ရှိနေ၍သာ ာော်မှန်နေရပါတယ်။ မည်သူမဆို အဂတိ လိုက်စားမှာပဲ'

'ကိုဖြိုရဲ့ စကားဟာ ဘုရင်မင်းမြတ်ကိုပင် မလွတ်ဘဲ ထိပါးနေ ပြီ...'

'မှန်တယ်၊ သည်လိုဟာကို ဖြေတို့ ဂုတ်ဝန်တို့ ပါးစပ်ပိတ်နေခဲ့၍ ယ်သိုက်က ကလော်ပြီးသော် ဖော်ပြခဲ့ပြီ။ သမီးကလေးအရွယ်က နိုင်

တော်မှာ ဖြစ်ပျက်နေပုံများကို လန်လာအောင် ကျင့်ဆောင်သွားတော့ ဘယ်သူ့အပေါ်မှာ တာဝန်ရောက်လာသလဲ၊ ငြေိတို့ရဲ့ ခေါင်းပေါ်ရောက်နေတယ်။ အဘယ်သူ့ငြင်းဆိုနိုင်သလဲ။ နှမ်းတစ်လုံးမျှ တံစိုးလက်ဆောင်မယူဘဲနှင့် ခေါင်းငုံ့ကာနေခဲ့ရတယ်။ အရှက်ကွဲခဲ့ရတယ်။ တက္ကသိုလ်ပြန် ပညာရှိကြီးဆိုသော ဂုဏ်ကို ရှုံ့ရေနှင့်ပက်ရာရောက်ခဲ့ရတယ်။ မနှစ်က အရှိအသေပေးပွဲမှာ နိုင်ငံတော်မေ အဖြစ်နှင့် ရက်ကန်းသည်မကလေးက တိုင်းပြည်။ ပါးစပ်ကို အသုံးပြုကြပါ။ ဘကြီးမြနှင့် ဂုတ်ဝန်မင်းဟာ သူတို့ရဲ့ အတတ်ပညာကို ပေါင်းသင်းဆက်ဆံရေးနှင့် ဖုံးထားပြီဟု ပြောသွားတယ်။ သဘာက ပွဲတင်ထပ်အောင် သြဘာပေးကြတယ်။ ဒါကြောင့် ယခုပြောရတယ်။ မယ်သိုက်ပေါ်လာမှာ ကြောက်ရပါသဗျား၊ လူမိုက်ကြီးအဖြစ်နှင့် နောက်တစ်ခါ ခေါင်းမငုံ့ချင်လို့ ယခုပြောတာပါ–

ညီလာခံသဘာသည်ကား အတော်ပင်ရှုပ်ထွေးသွားလေ၏။ ငြိတိုက်ဝန်ကလည်း ငြိတိုက်ဝန်ဆိုတာ ဘာကိုဆိုတယ်ဟု သိကြရင်ကောင်းတယ်။ ငြိတိုက်ဝန်သည် တံစိုးယူထားသောကြောင့် ယခုကိစ္စမှာ ငြိတိုက်ဝန်ကို အေးမှာချထားသလားဟု ထပြန်သဖြင့် ညီလာခံသည်တိုး၍ လှုပ်ရှားလာကြလေ၏။

ထိုသို့သောသဘောကြောင့် ဘုရင်မင်းမြတ်သည် ထိုကိစ္စကိုတန်းလန်းပြုကာ ညီလာခံသဘာကို ရုပ်သိမ်းလိုက်ရလေ၏။

မင်းသားဘုန်းရှိန်သည် ထိုသို့ ညီလာခံက အဖြစ်အပျက်ကိုကြားသိရရာ မိမိတက္ကသိုလ်တွင်ရှိစဉ်က ထိပ်တင်ညွှန့်၏ လာရောက်ပြောကြားသည်ကို သတိရလာ၍ တိုင်းပြည်ကြီးသည် မိမိကြောင့် ပျက်စီးသွားမည်၊ သို့မဟုတ် ထိကပါး ရိကပါး ဖြစ်လာမည်ကို အလွန်စိုးရိမ်ကာကြံဆ၍နေလေ၏။

ထိုအတွင်း ရင်•၏ လက်စွဲလူယုံတော် မွေန်းသည် ရောက်လာ၍

ဉ်သို့တင်လေ၏။

'ကိုယ်တော်ကလေးကို ဖျောက်ဖျက်ပစ်ဖို့ရန် ဝန်ကြီးများက ကြံဆနေသည်ဟု ဗြမ်များက သတင်းရသောကြောင့် အထူးသတိပြုစောင့်ရှောက်ပါသတဲ့ ဘုရား...'

'အင်း လူဆိုတာ ရန်သူရှိမှာပေါ့ကွယ်။ ကိုယ့်ကိုလိုတဲ့လူ၊ မလိုတဲ့လူရှိတာဟာ သဘာဝပဲ...'

'ကျွန်တော်မျိုးတို့ မခံချင်ဘူး'

'မင်းတို့ ဘာမှမပြောနှင့်၊ ဘာမှလည်း သူတစ်ပါးကို ထိကပါးရိကပါးမလုပ်နှင့်၊ မင်းတို့အလွန်ဖြစ်နေမယ်'

'မခံချင်ဘူး ဘုရား'

'ခံချင်ပါကွယ်။ လောကဆိုတာ သည်လိုပေါ့။ ကိုင်းကိုင်း မင်းပျော်ပျော်သာနေ'

နောက်တစ်နေ့သော် မင်းသားဘုန်းရှိန်သည် လွှတ်တော်သို့ ာက်ရောက်ရန် ဘုရင်မင်းမြတ်၏ တရားဆောင်၌ အတွင်းဝန်မင်းနှင့် တွေ့ရလေ၏။ ထိုအခါ အတွင်းဝန်မင်းသည် ဗြဲတိုက်ဝန်မင်းက ာင်ထားသော အောက်ပါအကြောင်းကို မနေသာတော့သဖြင့် မင်းသားအား ပြရလေ၏။

နန်းရင်းဝန်ကြီး၏သမီး ဓာရမယ်သည် နန်းရင်းဝန်ကြီး၏ အဆောင်ကိုင် မောင်ထွေးနှင့် ချစ်ကြိုက်နေ၍ လောကီဘုံသားတို့၏ ဘာအရ ပျော်ပိုက်နေသည်ကို ဝန်ကတော်ကြီးကိုယ်တိုင် မိလေသည်။ ် အကြောင်းကို ဝန်ကတော်ကြီးသည် နန်းရင်းဝန်ကြီးအား တိုင်ကြား ာရာ နန်းရင်းဝန်ကြီးလည်း အစ်မသဘောရှိသလို စီမံဟု အခွင့်ပြု ်ပါသည်။

ဝန်ကတော်ကြီးသည် တစ်နေ့သော် အဆောင်ကိုင် ထွေးကိုခေါ်

၍ ရွှေပန်းတိမ်သည်ထံ၌ ငါက ရွှေပန်းခိုင်တစ်ခုကို လုပ်ပါဟု ခိုင်းစေ
လိုက်သည်ဟူ၍ ပြောလေ ဆိုကာ ရွှေငါးဆယ်သားနှင့် တောင်ပြင်
ရွှေပန်းတိမ်သည် မောင်ကလေးထံသို့ အသွားတွင် လမ်း၌ ရွှေမြို့တော်
ဝန် အမှုထမ်းများက မောင်ထွေးအား သင်သည် နန်းရင်းဝန်ကတော်
ကြီးထံမှ ရွှေငါးဆယ်သားကို ခိုးယူထွက်ပြေးသည်ဟု တိုင်သောကြောင့်
လိုက်လာကာ ဖမ်းသည်ဟု... ရွှေငါးဆယ်သားနှင့်တကွ ဖမ်းပြီးသော်...
ရွှေမြို့တော်တရားသူကြီး သိရိသုဓမ္မာမဏိရတနာ မိုးဟိန်း၏ရုံးသို့ ပို့ထာ
ကြောင်း'

ဘုန်းရှိန်သည် ထိုထန်းဖူးကိုဖတ်ပြီးနောက် တိတ်ဆိတ်စွာနေ၏။
ထိုအခါ အတွင်းဝန်မင်းသည် မင်းသားအား ဤသို့ ပြောလေ၏။

'ကိုယ်တော်၊ သည်စာဟာ မြဲတိုက်ဝန်က သက်သက် နန်းရင်းဝန်
ကြီးနှင့် သဘောချင်းမမျှသဖြင့် လည်ဆယ်ကာ ရေးသောစာ ဖြစ်ပါ
တယ်'

'နေဦး ဘ၊ မြဲတိုက်ဝန်က တင်ပြသောစာကို ဘက ဆုံးဖြတ်နိုင်
သလား။ ထိုစာနှင့်ပတ်သက်ပြီး ဘက အကြံပေးနိုင်တဲ့ ထုံးရှိသလား'

'ကိုယ်တော်မှားမည်ကြောင့်ပါ'

'ဒါဖြင့် မြဲများနှင့် မြဲတိုက်ဝန်ဟာ... နိုင်ငံတော်မှာ အပိုလား
ဒါမှမဟုတ် နိုင်ငံတော်ကလိန်ခြသမားတွေလား'

'သည်လိုလည်း မဆိုလိုပါ'

'မဆိုလိုပေမဲ့ သည်သဘောသို့ ရောက်နေတာပဲ'

'ကိုယ်တော်ကလေး သိထားရန်သာပါ...၊ နောင်တော့ ကျွန်
မသိရပါလား ဆိုစရာ ဖြစ်လာမည်ကြောင့်ပါ'

'ကိုယ့်ဝတ္တရားအတိုင်း... စည်းကမ်းထုံးတမ်းနှင့်အညီ ဆောင်ရွက်
တာကို ကျွန်တော်ကဆိုရင် ကျွန်တော်လူမိုက်ပေါ့'

'သူတို့ချင်း စကားဦးမတည့်ကြလို့ပါ'

'ကိုင်းလေ၊ သည်စာကိုယူသွားရတာပေါ့။ သည်အမှုတွဲဟာလည်း ပေါ်တရက် လွှတ်တော်ချုပ်သို့ ရောက်လာဦးမယ် မဟုတ်ပါ'

'တင်ကြိုသိထားနှင့်ရန်ပါ'

ဘုန်းရှိန်သည် ထိုထန်းဖူးကိုယူ၍ လွှတ်တော်သို့တက်သွားလေ၏၊

လွှတ်တော်သို့ ရောက်သောအခါ... တရားဝန်ကြီးများ၏ခေါင်းဆောင် မဗ္ဗသေနာပတိက ဤသို့မေးလေ၏။

'မောင်မောင်၊ မြိတ်ဝန်မင်းထံက မည်သည့်သတင်းထူးများရခဲ့ပါသလဲ'

'ဘယ်လို သတင်းထူးများရခဲ့တယ်လို့ ဘတို့အား ကျွန်တော်က ပြောပြရန် ဝတ္တရားရှိသလား၊ ထုံးတမ်းစဉ်လာကောရှိသလား။ မရှိဘဲနဲ့ ကျွန်တော်က ပွင့်ကြားရင် ကျွန်တော်နှင့် လွှတ်ရုံးတော်ကြီးဟာ တန်သလား၊ ဘကကော ကျွန်တော်အား မေးဖို့ ထုံးတမ်းစဉ်လာရှိပါသလား။ မေးခဲ့ရန် စိမ်အုပ်ချုပ်ရေး ဧရာသတ်ကျင့်ထုံး အခွင့်ပြုပါသလား။'

'ရခဲ့သလားလို့ပါ။'

'ကိုင်း အောက်ရုံးများကတင်ပို့သော စီရင်ဆုံးဖြတ်ချက် ဝန်ထောက်မင်းက တင်ပြဗျာ...'

ဘုန်းရှိန်သည် လွှတ်တော်မှ ဝန်ထောက်မင်း တင်ပြသော အောက်ရုံးက စီရင်ချက်များကို ဖတ်ကြည့်ပြီးနောက် အောက်ပါ အနောက်ပြင်ရုံးရုံးတော် မဗ္ဗကျော်ခေါင် ဦးမိုးထိ၏ စီရင်ချက်ကို လွှတ်တော်ဝန်ကြီးများအား စဉ်းစားတည်းဖြတ်ရန် လှမ်းလိုက်လေ၏။

တံငါသည် ခင်မောင်ဦးနှင့် ခင်မောင်ဦး၏မယား တင်တင်နွယ်တို့သည် ခုနစ်ပိဿာခန့်ရှိသော ငါးရွှေကြီး၏ ဝမ်းထဲမှ နော်ဇာကုံး

တစ်ကုံး၊ ရွှေလက်ကောက် တစ်ရန်၊ ရွှေဖက်လိပ်နားတောင်းတစ်ဖက်တို့
ကို ရပါသည်ဟု ရွှေပြည်တော်ဝန်မင်း၏ ရုံးတော်သို့ တင်ဆက်လေ
သည်။ ၎င်းတို့ ငါးရွှေးကြီး၏ ဝမ်းထဲ၌ရကြောင်းကို ငါးကြီး၏ ဝမ်းကို
ခွဲရာ တွေ့ကြောင်းကို အခြားငါးသည်မ မြင့်မြင့်ခေါင်၊ နှင်းနွယ်၊ ထိပ်
တင်စိုး၊ နွဲ့နွဲ့ခင်တို့အား သက်သေတင်ပြသည်။ ၎င်းတို့၏ သက်သေများ
ကလည်း သူတို့၏ရှေ့တွင် ငါးရွှေးကြီး၏ ဝမ်းကိုခွဲရာ၌ တွေ့မြင်ရ
ကြောင်း တစ်ထပ်တည်း ထွက်ဆိုကြသည်။

ထိုသို့ ခင်မောင်ဦးနှင့် တင်တင်နွယ်တို့၏ အစစ်ခံခြင်းနှင့်
သက်သေများ၏ ထွက်ဆိုချက်ကို ယုံကြည်ဖွယ် လုံးဝမရှိချေ။

နော်ဇာကုံး၊ ရွှေလက်ကောက်၊ ရွှေဖက်လိပ်နားတောင်းတို့သည်
ငါးဝမ်းထဲသို့ မည်ကဲ့သို့ ရောက်ရာသနည်း၊ ရောက်နိုင်သနည်း။

စင်စစ်စွပ်စွဲ၍ အမှုကို လျှောက်ထားသော သူကြွယ်ကြီး ဦးစိတ်
ကောင်းက ၎င်း၏ နော်ဇာကုံး၊ ရွှေလက်ကောက်၊ ရွှေဖက်လိပ်နား
တောင်းတို့ ပျောက်သွားသည်မှာ ကြာပါပြီ။ ယခု တံငါသည် ခင်မောင်ဦး
တင်တင်နွယ်တို့က ငါးဝမ်းထဲမှရသည်ဟု ရွှေပြည်တော်ဝန်မင်းထံ
တင်ပါသည်။

ဤပစ္စည်းတို့ကို ၎င်းတို့သည် ခိုးယူပြီးမှ မလုံသဖြင့် လည်ဆယ်
ကာ တင်သွင်းခြင်းဖြစ်ပါသည်ဟု အဆိုသည်အကြောင်းမှန် ဖြစ်သည်။

ထိုပစ္စည်းများကို ပန်းထိမ်ဆရာတော် မောင်လိမ္မာက ဦးစိတ်
ကောင်းအား သူလုပ်ပေးဖူးကြောင်း သက်သေခံသည်။ ထို့ကြောင့် ထို
ပစ္စည်းများကို ပစ္စည်းရှင် သူကြွယ်ကြီးအား ပြန်ပေးစေ။ ခင်မောင်ဦးနှင့်
တင်တင်နွယ်တို့ကား သူကြွယ်ကြီး၏ ပစ္စည်းများကို တစ်နည်းနည်းနှင့်
ခိုးယူကြောင်း ထင်ရှားသဖြင့် ထောင်ဒဏ်ခြောက်လစီကျခံစေ။

မင်းသားဘုန်းရှိန်သည်ကား ဤသို့ဆို၏။

'ဘယ့်နှယ်လဲ ဘတို့'

'တရားလမ်းကြောင်း မှန်ပါပေတယ်'

'ကောင်းပြီ၊ သူကြွယ်ကြီးဦးစိတ်ကောင်းကို နက်ဖြန်လွှတ်တော်သို့ ဆင့်၊ မြို့မျူး ဦးတောက်ရှမ်းကလည်း ဆင့်ခေါ်လိုက်ပါ'

*

ထိုနေ့ညနေသော် ဘုန်းရှိန်သည် လူ့အဘိဓာန်ကို ကြည့်ရှုကာ ဆုံးသပ်နေ၏။ ထိုအခါ ငှင်း၏ အဆောင်ကိုင် ငမွှမ်းသည် လာရောက် ၍ ဤသို့တင်လေ၏။

'ကိုယ်တော်၊ သီရိသုဓမ္မမဏိရတနာမိုးဟိန်း တရားသူကြီးလာ ပါတယ်'

'ဒါဘာဖြစ်သလဲ'

'ကိုယ်တော်နှင့် တွေ့ချင်လို့ပါတဲ့'

'မတွေ့နိုင်ဘူးလို့ ပြောလိုက်'

'ကိုယ်တော် သီရိသုဓမ္မ မဏိရတနာဘွဲ့တံဆိပ်ရထားတဲ့ တရားသူ ကြီးတစ်ဦးပါ'

'ဒါကြောင့်မတွေ့ချင်တာ'

'ဟာ... ကိုယ်တော့်နှယ်'

'ငါသည်လို ဘွဲ့တံဆိပ်သမားတွေကို တွေ့ရမှာ သိပ်ကို.........။ ပြောလိုက်ကွယ်၊ မတွေ့နိုင်ဘူးလို့'

ငမွှမ်းလည်း ပြန်ရောက်၍ တရားသူကြီး သီရိသုဓမ္မမဏိရတနာ မိုးဟိန်းအား ကိုယ်တော်ကလေး ညောင်းညာတော်မူလို့ ညည့်သည်နှင့်... အတွေ့မခံနိုင်ပါ... ဟု လိမ္မာသော တပည့်ပီသစွာပြောလေလျှင် တရား သူကြီးဦးမိုးဟိန်းသည် ပြန်သွားလေ၏။

ထိုအခါ မှွမ်းလည်း ၎င်း၏ သားထံပြန်၍ ဤသို့ပြောဆိုနေ
လေ၏။

'ဘယ့်နှယ်လဲ'

'ပြန်သွားပါပြီ'

'မင်းက ဘယ်လိုပြောလိုက်လို့လဲ'

'ကိုယ်တော်ကလေး ညောင်းညာတော်မူလို့ ညှိသည်နှင့် အတွေ
မခံနိုင်ပါဟု ပြောလိုက်ပါတယ်'

'မင်းနှယ်ကွယ် သံသရာရှည်အောင် ဆက်ရန်ရှိသေးတယ် လု
ထားတာကိုး'

'ကိုယ်တော့်နှယ်'

'ငါက ဘွဲ့တံဆိပ်တွေ ဘာတွေရတဲ့လူကို တွေ့ကို မတွေ့ချင်ဘူ

'ကိုယ်တော် ဂုဏ်ဝန်မင်းဘနှင့်တော့...'

'မောင်မှွမ်းရေ၊ မင်းက ဦးမိုးဟိန်းနှင့် ဘကိုမှ နှိုင်းယှဉ်ပ
ကွယ်။ ဦးမိုးဟိန်းက ဘုရင့်ထံကဘွဲ့တံဆိပ်၊ တို့ ပေါက္ကံနိုင်ငံတော်
ဘုရင့်ထံက၊ ဘုရင့်အစိုးရထံက ဘွဲ့တံဆိပ်ရတဲ့လူတွေဟာ ဘယ်
လူတွေလို့ မင်းသိတယ်မဟုတ်လား။ ဂုဏ်ဝန်မင်းဘကတော့... မနှစ်
နိုင်ငံတော့် မေအဖြစ်နှင့် ဂျက်ကန်းသည်မကလေးကပေးသွားတဲ့
တံဆိပ်။ ဒါကြောင့်... ဘွဲ့တံဆိပ်ချင်းတူစေကာမူ တိုင်းပြည်ကပေး
တံဆိပ်ကမှထိုက်တန်တဲ့ တံဆိပ်၊ ငါသဘောကျလို့ ငါပေးတဲ့တံဆိ
ဟာ ဘယ်လိုလဲကွယ်၊ မင်းသတိပြု'

*

ဘုန်းရှိန်သည်ကား မာနကြီးသည်ဟု ဆိုမလား၊ ခေါင်းမာသည်
ဆိုမလား။ ဘုန်းရှိန်ကဲ့သို့သောသူမျိုး နိုင်ငံတော်ကို အုပ်ချုပ်၍ တိုင်းပြ

နိုင်ငံ အေးချမ်းသာယာနိုင်ပါ့မလား။

ဘုန်းရှိန်သည် နောက်တစ်နေ့၌ တရားလွှတ်တော်ချုပ်တွင် ...ကြွယ်ဦးစိတ်ကောင်းကို ဤသို့စစ်ဆေးလေ၏။

'သူကြွယ်ကြီးရဲ့ အိမ်က နော်ဇာကုံး၊ ရွှေလက်ကောက်၊ ရွှေဖက် ...နားတောင်းတို့ပျောက်စဉ်က မည်သူ့ထံမှာ တိုင်ကြားသလဲ'

'မည်သူ့ထံမှာမျှ မတိုင်ကြားပါ'

'ဘာကြောင့်လဲ'

'ပျောက်တဲ့ဟာ ပျောက်ပါစေတော့လို့... နေလိုက်ပါတယ်'

'ဒါဖြင့် ဘယ်သူ့ကိုမျှ မတိုင်ကြားဘူးပေါ့'

'မတိုင်ကြားပါ'

'ခု တံငါသည်လင်မယားထံမှ... သည်ပစ္စည်းများကို ရတယ်လို့ ...သူကပြောသလဲ'

'ရွှေပြည်တော်ဝန်မင်းထံက မင်းလုလင်တစ်ယောက် လာပြောပါ ...'

'အဲသည်မင်းလုလင် နာမည် ဘယ်သူလဲ'

'မသိပါ'

'သူ့ကိုကော သူကြွယ်ကြီးက ပစ္စည်းများပျောက်ကြောင်းကို ပြောဖူး ...'

'မပြောဖူးပါ'

'အဲသည်ပစ္စည်းတွေဟာ ယခု ဘယ်ထံမှာလား'

'ရှိပါတယ်'

'ကောင်းပြီ၊ ဗြဲမှူး ဦးတောက်ရွှမ်း'

'အသင့်ပါဘုရား'

'သူကြွယ်ကြီးထံမှာ ငါးဝမ်းထဲကရသော ပစ္စည်းများကို လိုက်၍

ယူခဲ့၊ သူကြွယ်ကြီး သည်ပစ္စည်းများကို ယခုဗြိမ့ူးအားပေးလိုက်ပါ'

'သည်ပစ္စည်းများ ရှိမယ်မထင်တော့ပါ'

'ဟာ... ဘယ့်နှယ် စုတွင်ကတော့ ရှိတယ်ဆို'

'ကျွန်တော်မျိုး သတိမထားမိ၍ပါ...၊ ကျွန်တော်မျိုးရဲ့ မိန်းမက

ထုခွဲပစ်လိုက်ပြီထင်ပါတယ်'

'ကောင်းပါပြီ၊ သူကြွယ်ကြီးကတော်နာမည် ဘယ်သူပါလဲ...'

'မသိုင်းခြုံပါ'

'ဟဲ့ အမှုထမ်းများ သူကြွယ်ကြီး ဦးစိတ်ကောင်းရဲ့ကတော်

ဒေါ်သိုင်းခြုံကို လွှတ်တော်ကြီးကခေါ်သည်ဟု ရထားနှင့်အမြန်ချက်ချင်

သွားခေါ်'

'မှန်လှပါ့ဘုရား'

ဦးစိတ်ကောင်းကား မျက်နှာပျက်၍ တုန်တခိုက်ခိုက်ကဲ့သို့ရှိဟန်

ပေါ်နေလေ၏။ ဘုန်းရှိန်လည်း 'ဟဲ့ ဗြိမ့ူး၊ ဦးလွန်းတင်နှင့် ဗြိဆ

ယောက်ကို အမြန်ဆင့်ခေါ်၊ ထောင်ထဲမှ တံငါသည် ခင်မောင်ဦးနှ

တင်တင်နွယ်တို့ကို ထုတ်ခဲ့။ ချက်ချင်းရောက်စေ'

ဦးစိတ်ကောင်း၏ကတော် ဒေါ်သိုင်းခြုံ ရောက်လာ၍... မင်းသာ

ဘုန်းရှိန်သည် ဒေါ်သိုင်းခြုံအား 'ခင်မောင်ဦးနှင့် တင်တင်နွယ် သို့မဟုတ်

သူခိုးများ လက်ကရသော ပစ္စည်းများကို ထုခွဲပြီးပလား'

'ဘယ်လိုပစ္စည်းများပါလဲ ဘုရား'

'ပျောက်သွားတယ်ဆိုတဲ့ ပစ္စည်းများလေ'

'မပျောက်ဖူးပါဘုရား'

'ဘယ့်နှယ်လဲ ဦးစိတ်ကောင်း'

'တော့်ကို ကျုပ် ခဏခဏပြောတယ်။ သည်မင်းတွေ၊ စိုးတေ

အရာရှိတွေနှင့် မပေါင်းပါနှင့်လို့။ ခဏခဏထီးဖြူရုံကိုသွားရတ

ဘာဖြစ်နေသလဲ။ တော် ဘာအမှုရောက်နေသလဲ။ ဘုရားကျွန်မရဲ့
ကျိုးဟာ သက်သက်လူအ၊ လူနုလပိန်းတုံးကြီးပါဘုရား။ ပြော
ဆိုမှားရှိရင် သည်းခံတော်မူပါ ဘုရား'

ခင်မောင်ဦးနှင့် တင်တင်နွယ်တို့လည်း ရောက်လာ၍ တရားခွင်သို့
ာလေ၏။

'ခင်ဗျားတို့ ခိုးတယ်ဆိုတဲ့'

'ကျွန်တော်မျိုးတို့ မခိုးပါဘုရား'

'အေးလေ... သူတို့စွပ်စွဲတဲ့အတိုင်း မေးရတာပေါ့၊ အဲသည်ပစ္စည်း
ကို မှတ်မိရဲ့လား'

'မှတ်မိကြောင်းပါ ဘုရား'

'ဦးလေးတောက်...၊ သည့်လင်မယားနှစ်ယောက်ကိုခေါ်သွား၊
ပြည့်ဝန်မင်းအိမ်မှာ အရပ်လူကြီးလူကောင်း လေးယောက်ကိုခေါ်၍
ရှာ၊ သူတို့ ခိုးတယ်ဆိုတဲ့ ပစ္စည်းများကိုတွေ့ရင် သိမ်းခဲ့'

ဗြဲမှူးတောက်ရွှမ်းလည်း အမိန့်အတိုင်း လွှတ်တော်ကြီးမှ အမိန့်
ယူ၍ ရွှေပြည်တော်ဝန်မင်း၏ အိမ်သို့ရဲထားများနှင့် သွားရောက်ကြ
၏။

(မင်းသားကား နေ့လယ် စားသောက်စရာများကို ဦးစိတ်ကောင်း
သိုင်းခြုံ၊ ဝန်ကြီးလေးပါးတို့နှင့်အတူ... စားသောက်နေကြရင်း
သိုလ်ကျောင်းတော်တွင် ပညာသင်ကြားရပုံများကို ရယ်စရာများ
၍ ပြောဆိုနေလေ၏။ ဦးစိတ်ကောင်းနှင့် ဒေါ်သိုင်းခြုံတို့သည်
ားကိုကြောက်နေရာမှ ချစ်လာကြလေ၏။ လွှတ်တော်ဝန်ကြီး
ါးလည်း မင်းသားကို တရိပ်ရိပ် ကြည်ညိုစိတ်ပေါ်လာလေ၏)

ဗြဲများသည်လည်း ရွှေပြည်တော်ဝန်မင်း၏ အိမ်သို့ရောက်လတ်
် ရွှေပြည်တော်ဝန်မင်းက ဤသို့ဆီးကာ ဟောက်တော့၏။

'ဟော့ ဘာလဲကွဲ့၊ မင်းတို့ မောင်ဖြွှေသားက ဘာလာပြီး ရှုပ်သ
လဲ၊ အရပ်လူကြီးတွေလည်း ခေါ်လာလို့"

'လွှတ်တော်ကြီးက အမိန့်တော်ပါလာတယ် ဘုရား'

'ပြစမ်း'

ဖြူမှူးတောက်ရှမ်းသည် အောက်ပါစာများပါသော လွှတ်တော်က
အမိန့်စာကို ရွှေပြည်တော်ဝန်လက်တော်သို့ အပ်လိုက်လေ၏။

ရွှေပြည်တော်ဝန်မင်း၊ သူကြွယ်ကြီး ဦးစိတ်ကောင်းကို ခေါ်ယ
စစ်ဆေးရာ အမှုမှာ ရှုပ်ထွေးနေ၍ ခင်မောင်ဦးနှင့် တင်တင်နွယ် မိုးသည်
ဆိုသော ပစ္စည်းများကို ရှာလိုသောကြောင့် လွှတ်လိုက်သည်။ ထုံးစံ
စည်းကမ်းအတိုင်းအခွင့်ပြုလိုက်ပါ'

လွှတ်တော်ချုပ် တရားဝန်ကြီးများ
နှင့် ဦးစီး ဘုန်းရှိန် (မင်းသား)

'ကိုင်း ရှာကြဗျာ၊ တယ်လည်း ရှုပ်တာပွေတာကို'

'ဟော့...ဟော့... ဟိုအခန်းထဲ မဝင်ကြနှင့်၊ အပျိုကလေးများအခန်း

'ခေါ်ခေါ်ဘုရား...၊ ဘယ်သူ့နေရာမှာမဆို ရှာရပါမယ် ဘုရား

ထိုအခါ ရွှေပြည်ဝန်မင်းသားသည် ဓားကိုဆွဲ၍လာလေ၏။
တောက်ရှမ်းလည်း တည်တည်နှင့် ဤသို့ဆို၏။

'မောင်မောင် ပွဲချင်းပြီးစန့်သွားမယ်၊ ပြီးတော့လည်း သူပုန်မှုဖြ
လာမယ်။ အသာငြိမ်ငြိမ်နေ'

'မေမေ့သား၊ ရမ်းနိုင်သရွေ့ ရမ်းစမ်းပါစေ နတ်ကောင်းနတ်မြတ်
များ သိပါလိမ့်မယ်'

'ဟော့... ရှာကြ၊ ဘာငေးနေသလဲ။ ဟို ဘီကျပ်ပြားထဲမှာ ဖွင့်ကြည့်

'မဖွင့်ကြနှင့်၊ ဒါဟာ ကျွန်မတို့ ပစ္စည်း'

'ဟော့... ဘယ်သူ့ ပစ္စည်းဖြစ်ဖြစ် ရှာသာရှာ'

'သမီး ရှာပါစေ'

'ဟောသည်မှာ နော်ဇာကုံး။ မင်းတို့အပ်တဲ့ပစ္စည်း ဟုတ်သလား၊ ခင်မောင်ဦး'

'ဟုတ်ပါတယ်'

'လူကြီးမင်းများ မြင်တယ် မဟုတ်လား'

'မြင်ပါတယ်'

'ဟောသည်မှာ ရွှေလက်ကောက်ကြီး တစ်ဖက်။ ခင်မောင်ဦး ပိုင်ရဲ့လား'

'ဟုတ်ပါတယ်'

'လူကြီးများ မြင်တယ်မဟုတ်လား'

'မြင်ပါတယ်'

'ကိုင်း... ရှာကြဦး'

ဒြိများသည် ရှာကြရာ နောက်ထပ် မတွေ့တော့ပေ။ ထိုသို့နှင့် များသည် တရားလွှတ်တော်ချုပ်သို့ ထိုပစ္စည်းများနှင့် ပြန်ကြလေ၏။

*

'ဘယ့်နှယ် ဦးစိတ်ကောင်း၊ ဘာရဲ့ပစ္စည်းဟုတ်ရဲ့လား'

'ကိုယ်တော်ကလေး မှန်ရာတင်ပါ့မယ်...'

'မတင်ပါနှင့်ဗျာ၊ ဟုတ်မဟုတ်ကိုသာ ပြောပါ...'

'ကျွန်တော်မျိုး သည်ပစ္စည်းများကို မြင်ကိုမမြင်ဖူးပါ'

'ကောင်းပြီ။ ဦးလေးလွန်းတင်၊ တရားသူကြီး မမွှကျော်ခေါင် ထံသွားရှာကြပါ။ အရပ်လူကြီးများ ပါပေစေနော်၊ သူတို့ရှေ့မှာ ပါ —'

(ရွှေပြည်တော်ဝန်မင်းထံမှာ ရှာကြောင်းနှင့် မည်သို့ရှာကြောင်း ချက်ချင်း တရားသူကြီး ဦးမိုးထိထံရောက်သွားလေ၏။ ညနေလည် အတော်စောင်းသွား၏။) (ရွှေပြည်တော်ဝန်မင်းလည်း နန်းရင်းဝန်ကြ ထံ သော့အမြန်ရောက်တော့၏)

လွန်းတင်တို့သည် တရားသူကြီး ဓမ္မကျော်ခေါင်ဘွဲ့ရ ဦးမိုးထိ အိမ်သို့ ရောက်လတ်သော် ဦးမိုးထိလည်း တည်တည်နှင့် ဤသို့ဆိုလေ ၏။

'ဟော့ ဘာလဲကွဲ့...'

'လွှတ်တော်ကြီးက အမိန့်ပါလို့ပါ...'

'အမိန့်ပါရင် ပြန်ယူသွား၊ မင်းတို့လည်း ငါ့ဝင်းထဲက ထွက် သွား...'

'ကိုယ်တော် စဉ်းစားပြီးမိန့်တော်မူပါ၊ ချက်ချင်း ထောင်ထဲရော သွားမယ်၊ ရောက်သွားရင်လည်း ကိုယ်တော် ထောင်ချထားတဲ့လူတွေ ထောင်ထဲမှာအသင့်ရှိနေလို့ ညစာမစင်ကို ပွဲတော်တည်နေရမယ်...'

'ပြစမ်းကွယ် မင်းတို့တရားဌာနက အမိန့်...'

လွန်းတင်သည် အောက်ပါအမိန့်တော်ကို လှမ်းလိုက်လေ၏...

တရားဝန်ကြီးများ ခေါင်းဆောင် ဓမ္မသေနာပတိအမိန့်ချမှတ် လိုက်သည်။ ဓမ္မကျော်ခေါင်ဘွဲ့ရ တရားသူကြီး ဦးမိုးထိ

ဦးမိုးထိစီရင်၍ ပို့လိုက်သော ဦးစိတ်ကောင်းနှင့် ခင်မောင်ဦး တင်တင်နွယ်တို့၏ အမှုတွဲအရ ဦးမိုးထိအိမ်တွင် ရှာလိုသောကြောင့် အခွင့်ပြုလိုက်ရမည်။

အမိန့်တော်

ဓမ္မသေနာပတိ ဦးကျော်လုံး

'မောင်ကျော်လုံးက တယ်ပြီးလှုပါးဝနေတယ်။ ကိုင်းရှာရှာ မတွေ့
င်တော့ကွယ်...'

'သည် သေတ္တာကသော့ကို ပေးပါ...'

'ဒါဟာ ဘဘဘုရားရဲ့ သေတ္တာ...'

'ဘယ်သူ့ သေတ္တာပဲ ဖြစ်ဖြစ်...'

'သော့လည်း ပျောက်နေတယ် ထင်ပါရဲ့...'

'သော့ပျောက်နေရင် သည်သေတ္တာကို ယူသွားရလိမ့်မယ်၊ ချိပ်
ငည်ပ် ရိုက်လိုက်ပါ...'

'ဟော့ မောင်လွန်းတင်၊ မင်းက သိပ်လည်နေပါကလား၊ မင်း
ဆရာ မောင်ရွှေသားက သင်ထားသလား...'

'ဘယ့်နှယ်လဲ ကိုယ်တော်...'

'ဟို ညောင်ရေအိုးစင်ပေါ်မှာ သော့ကို ထားမိတယ် ထင်တယ်
ကွယ်...'

ဦးမိုးထိ၏ သမီးခင်လေးကြီးသည် သော့ကိုယူ၍ ပေးလေ၏...။

လွန်းတင်၏ မြဲများလည်း အလွန်လည်သောသူများ ဖြစ်ကြ၍
ပိုး စခင်ဗျာ" ဆိုကာ အရပ်လူကြီးလေးယောက်ကိုခေါ်၍ ညောင်ရေ
အိုးစင်ပေါ်၌ ပြလေ၏။

'ခင်ဗျားတို့... လူကြီးများ မြင်ကြပလား။ ဟိုမှာ ရွှေလက်ကောက်
တစ်ခက်၊ ရွှေဖက်လိပ် နားတောင်းတစ်ဖက်၊ ကိုခင်မောင်ဦး ဟုတ်ရဲ့လား
သေချာချာ ကြည့်ပါ...'

'ဟုတ်ပါတယ်...'

'ကိုင်းလူကြီးများ မြင်ပလား...'

'မြင်ပါတယ်...'

ဩမျ်ားသည် ထိုပစ္စည်းများကို သိမ်းယူခဲ့လေ၏။

ဗြဲများသည် လွှတ်တော်သို့ ပြန်ရောက်လာသောအခါ ည နေဝင် တော့မည်ဖြစ်သဖြင့် တရားသူကြီးဦးမိုးထိအိမ်မှ တွေ့ခဲ့ရသော ပစ္စည်း များကို သေတ္တာငယ်တစ်ခုထဲမှာထည့်၍ ဓမ္မသေနာပတိ၏ ချိပ်တံဆိပ် ရိုက်ပြီးသော် ရွှေမြို့တော်ဝန်ထံ ထုံးစံအတိုင်း အပ်နှံထားလိုက်လေ၏။

အမှုသွားကား ပြီးပြတ်ပြီးမှ ရှုပ်ထွေးလာလေ၏။ နေမျိုးတို့ကား တရားစီရင်စစ်ဆေးမှု၌ အလွန့်အလွန် နည်းလမ်းကျသည်ဟု ဂုဏ်ယူခဲ့ ဟန်ရှိလေ၏။ တရားသူကြီးများ စစ်ဆေးစီရင်ချက်များကို လွှတ်တော် တရားဌာနချုပ်သို့ ပို့ကြရ၏။ လွှတ်တော်တရားဌာနချုပ်၌ တရားဝန်ကြီး လေးပါး၊ ဝန်ထောက်ရှစ်ပါးရှိ၍ ဤအောက်ရုံးများမှ စီရင်ချက်များကို ဖတ်ကြည့်ပြီးသော် သုံးသပ်ဝေဖန်လျက် အမှုများကို ထပ်ဖွင့်သင့်က ထပ်ဖွင့်ပြီးလျှင်... တရားနိုင်သမျှ တရားလေအောင် ဆောင်ရွက်ကြလေ့ ရှိခြင်းများလေသည်။ ထိုစနစ်သည် ပုဂံပြည် အနော်ရထာမင်းကြီး၏ လက်ထက်တော်အထိ တည်ရှိဟန်တူလေသည်။

ရွှေပြည်တော်ဝန်မင်းကား နန်းရင်းဝန်ကြီး၏အိမ်ကပြန်လာ၍ တရားသူကြီးဦးမိုးထိနှင့် ဆွေးနွေးတိုင်ပင်ကာရှိလေ၏။ ခင်မောင်ဦးနှင့် တင်တင်နွယ်တို့ထံမှရသော ခိုးရာပါဆိုသည့်ပစ္စည်းများကို ရွှေမြို့တော် ဝန်မင်း၏အထံတွင် အပ်ထားသည်ဟု သတင်းရသဖြင့် ရွှေမြို့တော်ဝန် မင်းနှင့် တရားသူကြီးသည် အတော်ပင် စိတ်အေးချမ်းပုံရှိလေ၏။

ထိုနေ့ညမိုးချုပ်လတ်သော် တရားသူကြီးဦးမိုးထိသည် ရွှေမြို့တော် ဝန်မင်းထံ သွားရောက်၍ ဤသို့ပြောဆိုလေ၏။

'ဝန်မင်း၊ တရားလွှတ်တော်ချုပ်က ခိုးရာပါပစ္စည်းများကို ဝန်မင်း ထံမှာ လာရောက်အပ်နှံထားတယ်ဆိုပါတယ်'

'ဘာမှန်းတော့မသိပါဘူး။ သေတ္တာငယ်တစ်လုံးတော့ လာရောက် ပြီး အမှုထမ်းများအပ်သွားပါတယ်။'

'ပြစမ်းပါဗျာ'

ရွှေမြို့တော်ဝန်မင်းကား... လွန်းတင်က အထပ်ထပ်မှာသွားသော စကားကို သတိရသဖြင့် အတန်ကြာစဉ်းစားနေပြီးနောက် ဤသို့ ဆိုလေ၏၊

'ပြလို့မဖြစ်ဘူးဗျာ'

'ပြရုံကလေးပဲ'

ရွှေမြို့တော်ဝန်မင်းလည်း လွန်းတင်က ဝန်မင်းဘယ်သူ့ကိုမှ မယုံနှင့် ကိုယ့်မယားကို ကိုယ်လုပ်ကျွေးနေကြတာ...။ သေတ္တာချိပ်ကို ဖက်သည်းနှင့် ထိုးကော်သွားပြီး နေရာပျက်ရင် ဝန်မင်းအကြီးအကျယ် ဒုက္ခရောက်မယ်ဟု... အထပ်ထပ်မှာသွားသည်ကို သတိရသဖြင့် ဤသို့ ဆိုသော့၏။

'ခင်ဗျားက ဘာကြောင့် ကြည့်ချင်ရတာလဲ'

'ကျုပ်တရားသူကြီးဗျ'

'သည်ဟာအိမ်၊ တရားရုံးမဟုတ်ဘူးဗျာ'

'ကိုရင်မပြဘူးလား၊ ပြမလား'

'အလို... ဘာစကားမေးသလဲ'

'ကိုရင်မပြရင် အကြီးအကျယ်ဒုက္ခတွေ့မယ်။ ကျုပ် ဓမ္မကျော်ခေါင်နဲ့ တရားသူကြီး'

'ကျုပ်ဘယ်လိုလူ ဘာဘွဲ့ရတာကို နိုင်ငံတော်က သိသလိုသိတယ်'

'ကောင်းပြီ ကိုရင်' ထိုသို့ပြောဆိုကာ တရားသူကြီးဦးမိုးထိသည် မကျေနိုင်ဆိုးသောသဘောနှင့် ပြန်သွားလေ၏။ ရွှေမြို့တော်ဝန်လည်း မင်းသားဘုန်းရှိန်ထံသို့ ချက်ချင်းသွားရောက်လေတော့၏။

'ဟ... ဘာ၊ ဘာကိစ္စ' ဟု မင်းသားသည် ပြုံးသောမျက်နှာနှင့်

ဆီးကာမေးရာ ရွှေမြို့တော်ဝန်မှာ စိတ်ဆိုးသောမျက်နှာနှင့် သူနှင့် ဦးမိုးထိ မချေမငံဖြစ်ရပုံအကြောင်းတို့ကို စုံစုံလင်လင် ပြောကြားလေ၏။ ထိုအခါ ဘုန်းရှိန်သည် ပြုံး၍ 'ဘ၊ ဘဘမှမစိုးရိမ်ပါနှင့်...၊ သတိဝီရိယကိုတော့ ထားပါ။ ဘရဲ့ အမှုထမ်းများကိုလည်း မလစ်ဟင်းစေနှင့်ပေါ့'ဟု မှာထား ကာ ပြန်လွှတ်လိုက်လေ၏။

ဘုန်းရှိန်သည် ဖြစ်လတ့်သော သဘောကိုမြင်၍ မြိများအပြင် သေနာပတိထံ အကြောင်းကိုပြောပြ၍ စစ်အမှုထမ်းများကိုပါ လျှို့ဝှက် ကာ စီစဉ်ထားလိုက်လေ၏။

ရွှေမြို့တော်ဝန်လည်း မိမိ၏ အမှုထမ်းများကို ခါတိုင်းထက်သတိ ပြုရန်မှာထားပြောဆိုသော်လည်း နန်းရင်းဝန်ကြီး၏ အမှုထမ်းများ ရွှေပြည်ဝန်ကြီး၏ အမှုထမ်းများတို့သည် ရွှေမြို့တော်ဝန်မင်း၏ အမှု ထမ်းများနှင့် အထူးသဖြင့် သောက်စားမူးယစ်ကာရှိကြလေရကား ရွှေမြို့ တော်ဝန်မင်း၏ထံ၌ လက်ရင်းပြုကာထားသော အမှုထမ်းများပင် အလွန် မူးယစ်၍ လူခြေတိတ်လတ်သော် အသောကဲ့သို့ အိပ်မောကျနေကြလေ ၏။

ထိုအခါ လူဆိုးလေးယောက်သည် ရွှေမြို့တော်ဝန်မင်း၏ အိမ်သို့ တက်၍ အနုကြမ်းစီးပြီးလျှင် လွှတ်တော်မှ အပ်ထားသော သေတ္တာငယ် ကလေးကို ယူဆောင်ကာသွားကြလေ၏။ ရွှေမြို့တော်ဝန်ကား ကိုယ်ကျိုးနည်းပေပြီဟု အလွန့်အလွန် စိတ်တွင် ထိခိုက်လေတော့၏။

ထိုလူဆိုးလေးဦးတို့သည်... ရွှေမြို့တော်ဝန်မင်း၏ အိမ်မှ တိုက် ယူလာသော... သေတ္တာကလေးများနှင့်အလာတွင် မြိလေးယောက် စစ်သည်တော်ခြောက်ယောက်နှင့် ပက်ပင်းပါတွေ့သောကြောင့် အဖမ်း ခံရလေ၏။

မြိလေးယောက်နှင့် စစ်သည်တော်တို့သည်... ထိုလူဆိုးလေး

…သောက်ကိုဖမ်း၍ ရွှေမြို့တော်ဝန်မင်းထံ ယူဆောင်သွားကြရလေ၏။ …ရွှေမြို့တော်ဝန်သည် သေတ္တာကလေးကို ပြန်ရခဲ့သော်လည်း အလွန် …ငေါ်လန့်တုန်လှုပ်လျှက် ရှိခြင်းကြောင့် မင်းသားဘုန်းရှိန်သည် ရောက် …ပြီးသော် ဖမ်းမိသော လူဆိုးလေးယောက်ကို တန်းတွင်ချထားကာ …သည်တော်များကို စောင့်ကြပ်စေ နေစေလေ၏။ ရွှေမြို့တော်ဝန်မင်း …အထံ၌လည်း မြနှင့်စစ်သည်တော်များကို သတိမလစ်ရအောင် ထိုနေ့ … စောင့်ကြပ်စေလေ၏။

နောက်တစ်နေ့နံနက်သော် မင်းသားဘုန်းရှိန်သည် နံနက်ခင်း …သောက်စရာများကို… စားနေသည်တွင် ၎င်း၏အဆောင်ကိုင် မွှမ်း …ည် မင်းသားထံ ဤသို့ လာရောက်တင်လေ၏။

'ခင်ဆုံနှင့် ခင်အုံလာရောက်နေပါတယ်'

'ဟဲ့… မောင်မင်းတို့ရယ်၊ ဘယ်က ခင်ဆုံတို့လဲ'

'ရွှေပြည်တော်ဝန်မင်းရဲ့ သမီးတော်များပါ'

'ငါမှ မသိတာဘဲလားကွယ်'

'ကိုယ်တော် မသိပေတယ်လို့ သူတို့က တွေ့ပါရစေတဲ့'

'ဟာ… ငါမတွေ့ချင်ဘူး'

'ကိုယ်တော်၊ ခက်နေပါပြီ။ တော်တော့်ကို ချောတယ် ဘုရား'

'ဟော့… ချောတာ၊ လှတာနှင့် ဘာဆိုင်သလဲ'

'ကိုယ်တော်အဲဒါခက်တာပဲ၊ မနက်ခင်းမှာ အချောအလှကလေး …ချင်း တွေ့ရမြင်ရတာပါ ဘုရား'

'မောင်မွှမ်းရယ် မင်းခက်နေပါပြီ။ လှလို့ကို ငါ အတွေ့မခံနိုင်ဘူး၊ …သွားပေစေ'

'ဒါဖြင့်သည်လိုပဲ ပြောလိုက်မယ်'

'အေး… အေး… မင်းသဘော'

မွှမ်းသည် ခင်ဆုံကြီးတို့ထံလာရောက်၍ 'မမတို့ကို ချောလို့လှလို့ကို အတွေ့မခံနိုင်ဘူးတဲ့ခင်ဗျား'

'ကိုမွှမ်းရယ်၊ ခဏကလေးပါ၊ စကားကလေး တစ်ခွန်းနှစ်ခွန်း နည်းနည်းပြောစရာရှိလို့ပါ' ဟု ခင်ဆုံကြီးသည် မျက်ရည်ကလေးသုတ်ကာသုတ်ကာနှင့်ဆိုနေ၍ မွှမ်းသည် ဘုန်းရှိန်ထံ တစ်ဖန် တက်လာပြီးလျှင် ဤသို့ တင်ပြန်လေ၏။

'ကိုယ်တော် သိပ်သနားစရာပါ။ ခင်ဆုံကြီးက မျက်ရည်တွေကျပြီး စကားနှစ်ခွန်းသုံးခွန်းလောက် ပြောစရာရှိလို့ပါတဲ့။ သနားပါတယ် ကိုယ်တော် အတွေ့ခံလိုက်ပါ'

'ဟဲ့ မောင်မွှမ်းရယ် သူတို့က လှလည်းလှတယ်၊ ချောလည်းချောတယ်။ သနားစရာ ငိုမဲ့မဲ့ကလေးနှင့် မျက်ရည်တွေကျနေတယ်ဆိုတော့ သူတို့ကို ငါမြင်ရရင် ရှုံးသွားလိမ့်မယ်။ ငါရှုံးသွားမှာကို ကြောက်တယ်။ မင်း ငါရှုံးတာကို မြင်ချင်သလား၊ မတွေ့နိုင်ဘူးကွယ် ပြန်လွှတ်လိုက်'

မွှမ်းလည်း ခင်ဆုံကြီးတို့ထံပြန်လာ၍ 'မမတို့ကို တွေ့ရရင် ကိုယ်တော်ကလေးက သူရှုံးသွားမှာပဲတဲ့၊ ဒါကြောင့် အတွေ့မခံနိုင်ဘူးတဲ့။ ပြန်ကြပေတော့ခင်ဗျာ' ဟု ပြောနေစဉ်မှာပင် ဦးမိုးထိ၏ သမီး... ခင်လေးကြီးနှင့် ခင်လေးငယ်တို့သည် ရောက်လာကြ၍ မင်းသားနှင့် တွေ့ရရန် အခွင့်တောင်းနေကြလေ၏။ မွှမ်းလည်း 'အင်း... သည်ကနေ့တော့ တကယ့်စုတ်လာတ်ကြီးပဲ ဒါပေမဲ့ ကြောင်ဘားကြီးဟာ အမြီးတိုပြီး အနံ့မသိသလိုခက်တာပဲ' ဟု ညည်းတွားကာ သူ၏မင်းသားထံ တက်သွား ပြန်လေ၏။ ခင်လေးကြီးတို့လည်း ခင်ဆုံတို့နှင့် စကားပြောကာ ကျန်ခဲ့လေ၏။

'ပြန်သွားကြပလား'

'ကိုယ်တော် မသွားတဲ့အပြင် ထပ်တောင် တိုးနေပြန်ပြီ။ တောက်

င်းသားများဖြစ်စမ်းချင်ပါဘိ'

'ဘာလဲ မောင်မွှမ်းရယ်၊ မင်း မင်းသားဖြစ်ချင် ဖြစ်စေကွယ်'

'ကိုယ်တော့်နှယ့် ဦးမိုးထိရဲ့ ရွှေပေါ်စိန်တင်၊ ဘရဏီအသွင်ရှိပြီး ရုပ်မြင်သမျှ ငေးနေအောင်ချောလှတဲ့ သမီးတော်ကလေးနှစ်ယောက် င်ဆေးကြီးနှင့် ခင်လေးငယ်တို့လည်း လာရောက်နေပါတယ်။ ကိုယ် တော်နှင့်တွေ့ပါရစေတဲ့'

'ဟော့ မောင်မွှမ်း၊ သူတို့ကိုလည်း ငါမသိဘူး'

'မတွေ့နိုင်ဘူးဆိုပါ'

'မတွေ့နိုင်ဘူး'

'ခက်တယ်ကိုယ်တော်၊ ကိုယ်တော်သူတို့နှင့်တွေ့လို့ သူတို့က ကိုယ်တော့်ကို ကိုက်စားမှာလား။ သူတို့ဟာ ဘီလူးမတွေလား'

'မင်း တော်တော်ခက်တဲ့လူပဲ။ ငါသိပါတယ်၊ သူတို့ သူ့ဇာမယ် ပါကွယ်။ သူတို့က ငါ့ကို ကိုက်မစားဘူး။ ငါက သူတို့ကို ကိုက်စား မိမှာမယ်။ ငါဟာ ဘီလူးကွဲ့ နားမလည်ဘူးလား'

'တောက် မင်းသားကလေးဘုန်းရှိန်ရယ်လို့ ခဏဖြစ်စမ်းချင် င်၊ တက္ကသိုလ်ပြန်များဟာ သည်လိုပဲ အ–တတ န–တတ ထင်ပါ တက္ကသိုလ်ကိုကလည်း ခက်ပါတယ်။ အမျိုးဖမ်းနည်း နိဿရည်းကို ်ါးကျကျ သင်မပေးဘူးထင်ပါရဲ့။ ကြာရင် နိုင်ငံတော်မှာ လူဦးရေ ်းကုန်ပါလိမ့်မယ်'

'ကိုင်း မောင်မွှမ်း၊ မင်းဘရဏီတွေကိုပြောလိုက်၊ ငါအတွေ့မခံ ူး'

မောင်မွှမ်းလည်း ခင်လေးကြီးတို့ထံ ပြန်လာ၍ ဤသို့ပြောလေ ၏

'မမတို့ကို ကိုယ်တော်ကလေးက လှလို့၊ ချောလို့၊ လှလွန်းလို့၊

ချောလွန်းလို့ အတွေ့မခံနိုင်ဘူးတဲ့။ မမတို့နှင့် သူတွေ့ရင် မမတို့ကို သူက ကိုက်စားမိလိမ့်မယ်။ သူဟာ ဘီလူးလူမျိုးတဲ့'

'ကိုမွှမ်းကလည်းနော်၊ စိတ်ညစ်နေရတဲ့အထဲ နောက်နေပြန်ပါပြီ'

'မမခင် တကယ်ပြောတာပါ...၊ မမတို့ကို အတွေ့မခံဝံ့ဘူးတဲ့'

ထိုသို့ပြောနေစဉ် ရွှေမြို့တော်ဝန်တရားသူကြီး သီရိသုခမ္မမဏိ ရတနာဦးမိုးဟိန်းသည် ရောက်လာ၍ 'ဟော့... မောင်မွှမ်း၊ မင်းကိုယ်တော်ကလေးနှင့် ငါတွေ့ချင်လို့' ဟု ပြောရာ ငမွှမ်းလည်း စပ်ဖြဲဖြဲနှင့်ပြုံးကာ ဤသို့ပြောလေ၏။

'ဘ၊ ဘလိုနှုတ်ခမ်းမွှေးကြီး ကားရားနှင့်လူကြီးကိုမဆိုထားနှင့် ဟောသည်မှာ အလှအချောကို ပြောစရာမရှိ၊ ကြည့်လို့ကို မဝနိုင် ခါးပုံကို ကိုင်ကာ ငေးလောက်ပါတဲ့ သူဇာမယ်ကလေးတွေက တွေ့ခွင့်တောင်းတာကိုတောင် တွေ့ခွင့်မရလို့ ကြည့်တော်မူတော့ ဘုရား။ သည် မင်းသားဟာ ခက်ပါတယ်၊ နည်းနည်းမှ မင်းသားဝါးမဝပါဘူး'

ထိုခဏတွင် 'မြင်းခံ... ဘုရား... ငချိပ်ကိုပြင်လိုက်' ဟု အသံကို မင်းသား၏ အိမ်တော်ပေါ်မှ ကြားလိုက်ရပြီးနောက် မြင်းတော်ခံသည် မြင်းနီချိတ်ကြီးကို ပြင်၍... အသင့်ရောက်ရှိလာလေ၏။ မင်းသားကို တွေ့ရန်လာသောသူတို့သည်လည်း ငေးစိုက်ကာ ထိုသဘောကို ကြည့်နေကြလေ၏။

မင်းသားလည်း မြင်းစီးအဝတ်ကိုဝတ်၍ လှံကိုဆွဲကိုင်ပြီးသော် အိမ်တော်ပေါ်က ဆင်းလာပြီးလျှင် အို... ဘ ပါလား။ ဘ ကျွန်တော် စစ်တပ်ထဲမှာ အရေးရှိလို့ခင်ဗျာဆိုကာ နှုတ်ဆက်ပြီးနောက် မောင်မွှမ်း ကျုပ်သည်ကနေ့ နံနက်ပွဲတော်စာကို ဘထွေးတော် သေနာပတိထံမှာ ယူမယ်။ စားဖို့မှူးကို ပြောလိုက်ဟု ပြောပြောဆိုဆိုနှင့်ပင် မြင်းပေါ်သို့ လွှားခနဲတက်သွားပြီးသော် မြင်းဇက်ကိုမှ မကိုင်ဘဲ အိမ်တော်ဝင်းအတွင်း

ာ ထွက်သွားလေ၏။

'ဘုန်းရှိန်သည် ဘယ်လိုလူစားလဲ၊ အိမ်ရှေ့ရာထူးနှင့် တန်သ
ားသား။ သည်လို လူစားများ ဘုရင်ဖြစ်ခဲ့သော် ဘယ့်နှယ်နေမလဲ'

ဘုန်းရှိန်သည် မင်းသားဘဝကြောင့်လားမသိ၊ သိသူများနှင့်
ဖြစ်စေ၊ မသိသူများနှင့်ဖြစ်စေ တွေ့သော် ပြုံးစိပြုံးစိနှင့် လူအပေါ်တွင်
သူကဝိလုပ်သောသူမဟုတ်။ အမျိုးသမီးများနှင့် တွေ့သောအခါမှာ
သည်း ခုချက်ချင်း ရွာမည့်မိုးကဲ့သို့ မျက်နှာပိုးသတ်လျှက် ရှစ်ခေါက်ချိုး
ည်းမှောင်ကာ... ရုပ်ဆောင်ခြင်းဖြင့် ရှိနေခြင်းသာများလေ၏...။
အကယ်၍ ၎င်းသည် ရှင်ဘုရင်ဖြစ်ခဲ့သော်၊ ဝန်ကြီးများ၊ အမတ်များ
င်းမှူထမ်းများ တို့အား ဘွဲ့ထူး၊ ဂုဏ်ထူး၊ တံဆိပ်ထူးနှင့် မြှုးကြွလာ
အောင် မြှောက်ပေး ပြီးသော်... ကလေးလုပ်ထားမည့် လူစားဟုထင်ရန်ရှိ
နေလေ၏။

၎င်းအား သီရိပဝရသုခမ္မာ၊ ရာဇာဓိရာဇာတွဲ့တံဆိပ်နှင့် ရှင်ဘုရင်
ဖြစ်သောအခါမှာလည်း ပညာရှိဆိုသူတို့က ချီးမြှင့်စေကာမူ ငါ့ကို
ကလေးလုပ်တာလား၊ လူရှုးလုပ်တာလားဟု မေးမည့်မင်းသားဟု
ထင်မှတ်ဖွယ်ရာ ရှိနေလေတော့သည်။ ထို့ကြောင့် မင်းသားဘုန်းရှိန်ကို
ာတတ်သူက မည်သို့ထင်မှတ်ယူစေကာမူ ကျွန်ုပ်ကား အကယ်၍
သို့မင်းသားမျိုး ပေါ်ပေါက်ခဲ့ပါလျှင် အင်း...ဟု အင်းချရပေတော့မည်။

(ကျွန်ုပ်ရေးသားသော စာပေသည် လက်ဝဲစာပေမဟုတ်၊ လက်ဝဲ
စော်နံသည်ဟု မထင်နှင့်။ လက်ယာစာပေစစ်စစ်၊ အဘယ်ကြောင့်
ဆိုသော် လက်ယာဘက်နှင့် စာရေးသောကြောင့်)

ဘုန်းရှိန်သည် အချိန်ကို မှတ်၍ သူ၏အိမ်သို့ပြန်လာပြီးသော်
အဝတ်လဲပြီးလျှင် လွှတ်တော်ချုပ်သို့ တက်သွားလေ၏။ ရောက်လာ၍
အမှုနှင့် သက်ဆိုင်သော သူကြွယ်လင်မယား၊ တံငါသည်လင်မယားတို့

စုံညီသည့်အခါ ဘုန်းရှိန်သည် ရွှေမြို့တော်ဝန်ထံတွင်ထားသော သေ
ကို ဖွင့်၍ လက်ကောက်နှင့် ဖက်လိပ်နားတောင်းကို ထုတ်ပြီးလျှင် ဦးစိ
ကောင်းအား ဤသို့တင်ကာ မေးလေ၏။

'ဒါဟာ ခင်ဗျား ပစ္စည်းများလား'

ဦးစိတ်ကောင်းကား မဖြေသာဘဲ ငေးနေ၏။ ထိုအခါ သူကြ
ကတော် ဒေါ်သိုင်းခြုံက ဤသို့ ဝင်၍ဆိုလေ၏။

'တော်ပြောလေ၊ သည်ပစ္စည်းတွေဟာ ဘုရား ကျွန်မတို့ ပစ္
မဟုတ်ပါ။ သူက ဟုတ်တယ်ဆိုရင် သူ သည်ပစ္စည်းများကို တိတ်တိ
ပုန်း ဘယ်မယားငယ်အိမ်မှာ၊ မယားပုန်းအိမ်မှာ လျှို့ဝှက်ကာထားတ
လို့ မသိပါ။ ထားရင် သူ့ကို ဒီနေရာက ကွာရှင်းပြီး အဝတ်တစ်ထ
ကိုယ်တစ်ခုနှင့် လွှတ်မှာပါ ဘုရား'

'အဒေါ်နေပါဦးလေ... ဆိုပါ။ သူကြွယ်ကြီးဦး'

'ဘာမှမသိပါ၊ ကျွန်တော်မျိုး'

'ကိုင်း... ရပ်ပါတော့ခင်ဗျာ'

'ကိုခင်မောင်ဦး၊ ဒါဟာ မင်းတို့ထံက ရွှေပြည်တော်ဝန်ထံ တ
သော ပစ္စည်းလား'

'ဟုတ်မှန်ပါသည်'

'မတင်တင်နွယ်'

'ဟုတ်မှန်ပါသည်'

'ကိုင်း... ကိုခင်မောင်ဦးနှင့် မတင်တင်နွယ်တို့ ထောင်မှလွှတ်
ပြီ။ အိမ်ကိုပြန်၍ ကောင်းမွန်စွာ နေနိုင်ကြပါပြီ။ စီရင်ချက်ကို
နားထောင်ကြဦးဗျာ'

'ကိုင်း... ဘတို့ ဘယ့်နှယ်လဲ၊ သဘောသွားကို သိပလား'

'ပြင်းပြင်းထန်ထန်အရေးယူရလိမ့်မယ်'

'လက်အောက်တရားရုံးများဟာ သူတို့ရဲ့ စီရင်ချက်ကို တရား...ဌော်တော်ချုပ်က သေချာစွာဖတ်ကြည့်ပြီး အရေးယူတန်သည်ကို မယူ...ရ် သည်လိုပဲ သည်နိုင်ငံတော်မှာ တွေ့ရကာ... ငိုကြွေးနေရမှာပဲ'

'ဟုတ်ပါပေတယ်'

'ခု အမှုမှာတော့ မီးမတိုက်ပါနှင့်တော့ ဘတို့။ ခုတ်မယ့်ကြောင်...င် ကြွက်ငြိမ်တတ်ပါတယ်'

'မောင်မောင်က တောင်းပန်လို့သာ၊ သက်သက် တရားလွှတ်တော်...ကို မလောက်လေး မလောက်စားလုပ်တာ'

'ကိုင်း... ကျွန်တော် စီရင်ဆုံးဖြတ်တော့မယ်'

'ကောင်းပါတယ်'

'စာရေးတော်ကြီး ရေးပါ'

'တံငါသည်လင်မယား ခင်မောင်ဦးနှင့် တင်တင်နွယ်တို့သည်...င်းကြီးပြည်ကြီးသားပီသသောလူဖြစ်သောကြောင့် မိမိတို့သည် ရွှေကို...ာ ငါးကိုရှာသူဖြစ်သည့်အတိုင်း ငါးဝမ်းထဲရှိ ရွှေတို့ကိုတွေ့ရာ ပြည်...ဘဏ်တိုက်တော်သို့ပို့ရန် ရွှေပြည်တော်ဝန်မင်းထံ တင်ပို့လေသည်'

'ထို့ကြောင့် ခင်မောင်ဦးနှင့် တင်တင်နွယ်သည် သစ္စာရှိသော...င်းပြည်သား၊ လုမဟုတ်သည့် လူဖြစ်လေရကား ပြည်သူ့ ရွှေတိုက်...ာ်မှ ဘွက်၍ အသပြာတစ်ထောင်ဆုချစေ။'

'ထိုပစ္စည်းများကို မိမိတို့နှင့် မဆိုင်သော်လည်း... ပြည်သူ့ဘဏ္ဍာ...ာ်ဖြစ်မှန်းကိုသိပါလျက် လိုချင်မျက်စိဖြင့် ယူထားသော သူတို့အား...ပစ္စည်းများကို လွှတ်တော်မင်းလုလင်များက ပြန်ပေးပါလေ။ မက်မက်...မောနှင့် ယူပါစေ။'

'သူကြွယ်ကြီးဦးစိတ်ကောင်းမှာ ဂုဏ်သရေရှိသူများနှင့် ပေါင်း...င်း ဆက်ဆံ၍ သူတို့၏ အလိုကိုလိုက်လျောလုပ်ကိုင်ခြင်းသည်

မည်ကဲ့သို့သဘောဟု သိရှိကောင်းပေပြီ'

'လူသည် လောက၌ အကြောင်းကြောင်းမရှိရအောင် သတိပြုရမည်
အကြောင်းကြောင်းတို့သည်လည်း မည်သည့်ခေတ်မှာမဆို ကောင်းစ
ခြင်း၊ ဂုဏ်ရှိခြင်း၊ အထက်တန်းသို့ရောက်ခြင်းတို့ ရှိတတ်၍ ထိုသူတို့အ
ဖြင့် တိုင်းပြည်မှာ ကမောက်ကမရှိတတ်လေသည်။ ထိုသဘော
ဦးစိတ်ကောင်းသည် မသိရှိဘဲ နောက်တစ်ကြိမ် အကြောင်းကြောင်း
နေပါက ဆေးရှုသမားတို့၏ ပျောင်းတံကဲ့သို့ ရိုက်အချိုးခံရမည်။ ဦးစိ
ကောင်းကို ယခုတစ်ကြိမ် ချမ်းသာပေးလိုက်သည်။'

'ဤစီရင်ချက်ကို ရွှေတိုက်တော်တွင် စုံစမ်းဆောင်ရွက်ချက်
တကွ သွင်းထား၊ သက်ဆိုင်သူများထံသို့ စာရေးတော်ကြီးက ကူး
လိုက ကူးပေးနိုင်ကြောင်း။'

*

မင်းသား ဘုန်းရှိန်သည် ထိုနေ့၌ သူ၏အိမ်တွင် မြိမ့်ပူ ဦးလွ
တင်၊ မြိမ့်ပူ တောက်ရွှမ်း၊ မြိ ဆယ်ယောက်လောက်တို့နှင့် ပျော်ပွဲ ထ
မြိန်စားပြုလုပ်ပြီးလျှင် ဆွေးနွေးတိုင်ပင်အပ်ရာတို့ကို နှီးနှောတိုင်ပင်
နေကြလေ၏။

နောက်တစ်နေ့သော် မင်းသားဘုန်းရှိန်သည် လွှတ်သို့တက်ရော
သွားရာ တရားသူကြီးများ၏ စီရင်ချက်များသည်ရောက်လာလေ
ထိုအခါ ဘုန်းရှိန်သည် ရွှေမြို့တော်တရားရုံး တရားသူကြီး သိရိသ
မဏိရတနာခမိုးဟိန်းထံမှ ရောက်လာသော စီရင်ချက်ကို အောက်
အတိုင်း ဖတ်ကြည့်ရလေ၏။

နန်းရင်းဝန်ကြီး၏ အဆောင်ကိုင်ထွေးသည် နန်းရင်းဝန်ကြီး
အိမ်မှ ရွှေငါးဆယ်ကျပ်သားကို ခိုးယူကာထွက်သွားလေသည်။ ၎င်း

ဝန်ကတော်ကြီးက ရွှေမြို့တော်ဝန်ထံ တိုင်ကြားသဖြင့် ချက်ချင်းလိုက်လံ ရှာဖွေရာ ငထွေးကို လမ်းတွင် ရွှေငါးဆယ်ကျပ်သားနှင့်မိသဖြင့် ရွှေမြို့ တော်ဝန်မင်းက တရားစွဲဆိုလေ၏။

မောင်ထွေးက သူ့အား တောင်ပြင်ရွှေပန်းထိမ်သည် ဦးမောင်မောင် ကလေး၏ထံတွင် ရွှေပန်းခိုင်ပြုလုပ်ရန် အအပ်ခိုင်းသောကြောင့် သွား၍ အပ်ပါသည်။ ထိုအခါ ကျွန်တော်မျိုးအား ဝန်မင်းဘုရား၏ ရွှေကိုခိုးယူ သည်ဟု ရွှေမြို့တော်ဝန်အမှုထမ်းများက ဖမ်းပါသည်။ ကျွန်တော်မျိုး ခံပါဟု ထွက်ဆိုလေသည်။ သို့သော် ငထွေးသည် ဝန်ကတော်ကြီးက သူ့အား ပန်းထိမ်သည်ထံ၌ ရွှေအအပ်ခိုင်းကြောင်းကို သက်သေမပြနိုင် လျှင်ယောက်ချင်းခိုင်းပါသည်ဟု ထုချေလေသည်။

ငထွေး၏ ထုချေချက်ကို ယုံကြည်ဖွယ်မရှိ။ အစေခံ ကျေးကျွန် များသည် အရှင်သခင်၏ပစ္စည်းများကို ထိုကဲ့သို့ သစ္စာမဲ့စွာနှင့် ပြုမူခြင်း သည် အလွန်ယုတ်ကန်းခြင်း ဖြစ်လေသည်။ အခြားအိမ်က ကျေးကျွန် များသည် ထိုကဲ့သို့အတုရမည်ကိုစိုးရိမ်ဖွယ်ရှိလေသည်။

ထို့ကြောင့် ငထွေးအား မှတ်လောက်ရန်အပြင် အခြားသူတို့ပင် ကြောက်လန့်စေရန် ထောင်တစ်နှစ် ချလိုက်သည်။

သီရိသုဓမ္မဓဏိရတနာ မိုးဟိန်း၏ စစ်ဆေး

စီရင်ချက်

'ဘတို့ သည်စီရင်ချက်ဟာ ဘယ်လိုလဲ...'

'သင့်လျော်ပါတယ်။ ဒါပေမဲ့ အပြစ်ပေးနည်းတယ် ထင်ပါ တယ်...'

ငထွေးကို ထောင်ထဲက ထုတ်၍ ခေါ်ခဲ့စေ...

*

ငထွေးသည် လွှတ်တော်ကြီးတရားခွင်သို့ ရောက်လာစေ...

'မောင်မင်း၏ အမှုကို ဆက်လက်စုံစမ်းရာ ရှိနေတယ်။ မောင်မင်းကို ထောင်ထဲမှထုတ်၍ အိမ်မှာပင် လေးလလောက် ထားလိုတယ်။ မောင်မင်းကို အာမခံမည့်သူ ရှိပါ့မလား...'

'ရှိကြောင်းပါဘုရား...'

'ဘယ်လို လူများလဲ...'

'ကျွန်တော်၏ ဦးရီးတော်တစ်ယောက်သည် ဝက်များကို အကြီးအကျယ်မွေးသည့် ဝက်သည် ဦးမျိုးမြင့်ပါ ဘုရား။ ကျွန်တော်၏ အစ်ကိုတစ်ယောက်သည် ရက်ကန်းစင်ပေါင်း တစ်ရာနှင့် အလုပ်လုပ်နေသော မောင်ခွေးပါ ဘုရား'

'သူတို့က အာမခံမှာလား...'

'ခံမှာပါ ဘုရား...'

'မောင်မင်းမှာ သားမယား ရှိသလား...'

'လူပျိုပါ ဘုရား...'

'ကောင်းပြီ။ အမှုထမ်းများ ဦးမျိုးမြင့်နှင့် ကိုခွေးကို သွားရောက်ခေါ်ခဲ့ကြ...'

ဦးမျိုးမြင့်နှင့် မောင်ခွေးတို့ ရောက်လာကြရာ မင်းသားသည် ဤသို့ မေးလေ၏။

'ခင်ဗျားတို့ မောင်ထွေးကို အာမခံနိုင်သလား...'

'ခံနိုင်ကြောင်းပါ ဘုရား...'

'ခံနိုင်ကြောင်းပါ ဘုရား...'

'လေးလအတွင်း ဤလွှတ်တော်က လိုအပ်သောအချိန်တွင် မောင်မင်းတို့ အပ်နိုင်ပါ့မလား...'

'အပ်နိုင်ကြောင်းပါ ဘုရား...'

'ကောင်းပြီ၊ မောင်တွေးကို ခေါ်သွားကြလေ…'

ထိုကဲ့သို့ အတောအတွင်း အဖြစ်အပျက်ကား နန်းရင်းဝန်ကြီး၏ …မ့ မိန်းမငယ် တစ်ယောက်သည် လက်သည်မိန်းမကြီး အကျော် …ဆော်ထံသို့ မမဇာရုက အနှိပ်ခံလိုသောကြောင့်ဟု လာရောက်ခေါ်၍ …သွားလေ၏။

ထိုလက်သည်ကြီး မကြီးတန်သည် နန်းရင်းဝန်ကြီး၏ အိမ်သို့ …က်သောအခါ ဝန်ကတော်ကြီးက ဇာရုမှာရှိသော ကိုယ်ဝန်ကို …င်ပေးပါ၊ ငွေကိုလိုသလောက် ပေးပါမည်ဟုဆို၏။ မကြီးတန်သည် …း အတော့်ကိုလည်းပတ်သော မိန်းမကြီး ဖြစ်သောကြောင့် ဝန်ကတော် …အား လျော်အောင်ပြောထားပြီးသော် ဇာရုအားအလွန်ငရဲကြီးကြောင်း၊ …း နှကို မဖျက်ဆီးအပ်ကြောင်းတို့နှင့် တိုးတိုးတိတ်တိတ်ပြောထား …သည်းကောင်းလမ်းကောင်းများကိုလည်း ပေးထားခဲ့ဟန်တူလေ၏။

နန်းရင်းဝန်ကြီးကတော်သည်ကား သူ့သမီး၌ ကိုယ်ဝန်ရှိကြောင်း …၍ အမျိုးမျိုး ဖျက်ဆီးစေလေ၏။ လက်သည်များ၊ ဆေးဆရာများ …သည်ကား ဗြဲတို့သည် ခြေချင်းခတ်နေသဖြင့် မတော်တဆကလေး …နေ့ဆေးကိုပေး၍ ကလေးပျက်ရန်အပြုအမူကို ပြုလုပ်မိသော …ာင့် သိသွားသောအခါ ရာဇဒဏ်ကြီးစွာကို ခံရမည်ဖြစ်လေရကား …နိုင်သမျှ ရှောင်ကွင်းကြလေ၏။

ထိုသို့သောအကြောင်းကို ဟိုးလေးတကျော် မဖြစ်စေကာမူ ဗြဲများ၊ …သမ်းလူငယ်များတို့သည်သိကြ၍ မင်းသားဘုန်းရှိန်ထံသို့ လာ …ာ ဝိုင်တန်းကြသူတို့ အတော်များကြ၏။ ဆေးဆရာများ၊ လက် …များတို့ကိုလည်း ဗြဲများနှင့် မင်းမှုထမ်းများသည် ခြိမ်းခြောက်ထား …ရလေ၏။

ထိုသို့နှင့် တစ်နေ့သောည သူငယ်အိပ်ဆိတ်ချိန်လောက်တွင် ဇာရု

သည် အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် သူ၏အိမ်မှ ရုပ်ဖျောက်ထွက်
လာခဲ့ရာ လမ်းတွင်စောင့်နေသော ငထွေးနှင့် တွေ့၍ ငထွေးသည် ဇာ
ကို ခေါ်သွားလေ၏။

ငထွေးနှင့် ဇာရသည် မလွယ်တံခါးက မြောက်ပြင်သို့ထွက်
မုဆိုးကြီးတစ်ယောက်ထံ ဝင်ပြီးလျှင် ကျွန်တော်တို့အား လက်ထပ်
ပါဟု တောင်းပန်ကြလေ၏။ ထိုအခါ မုဆိုးကြီး ဘိုးသာခေါ်သည်
သက်သေအဖြစ်ဖြင့် သူတောင်းစားနှစ်ယောက်၊ အကြော်သည်တ
ယောက်၊ ရေသည်တစ်ယောက်တို့ကို ခေါ်ရလေ၏။

'ကိုင်း ပြောစမ်း'

'ကျွန်မက နန်းရင်းဝန်ကြီး၏ သမီးဇာရပါ'

'အင်း'

'ကျွန်မနှင့် ကိုငထွေးသည် လူငယ်တို့၏ သဘာဝချစ်ကြိုက်ကြ
သည်။'

'မှန်မှန်ပြော'

'ပြောပါမည်ရှင်'

'ဘယ်သူက ဘယ်လိုစသလဲပြောစမ်း၊ ဟိုအကောင်တွေ
သေချာစွာ မှတ်ထား'

'ကျွန်မကပင် ကိုငထွေးကို စတင်ကာ ချစ်ကြိုက်ကြောင်းကိုပြော
ကိုငထွေးက အတန်တန် တောင်းပန်ပါသည်။ ငို၍ပင် တောင်းပန်
သည်။'

'ကျွန်တော် ဆန်တောင်းဖို့သွားတော့ မမဇာရက ကိုငထွေးအ
လိုက်ပြီးမွေး...'

'ဟဲ့ အကောင် မင်းကိုဘယ်သူက မေးလို့ ပြောရသလဲ၊ တိ
တိတ် နားထောင်နေ၊ ကိုင်း ပြောစမ်းပါ'

'နောင်တော့ ကျွန်မက ရှင်ကျွန်မကို မကြိုက်ရင် ဖေဖေ့ဘုရားထံ မှာ ရှင်ကျွန်မကို မတော်တရော် ကြံတယ်လို့ တင်မယ်ဆိုတော့မှ ကိုငထွေး သည် ကျွန်မအလိုကို လိုက်လျောကာ ပါပါသည်။'

'အင်း'

'ကျွန်မမှာ ကိုငထွေးနှင့် ကိုယ်လေးလက်ဝန် သုံးလရှိပါပြီ'

'အင်း...'

'ကိုငထွေးသည် သည်အခါမှာ အိမ်ကပျောက်သွားပါသည်။'

'အင်း...'

'ကျွန်မလည်း ငါတော့အရှက်ကွဲတော့မှာပဲ အရှက်ကွဲကိုတော့ မခံတော့ဘူး၊ ရေကန်ထဲ ဆင်းသေမယ်လို့ အိမ်ကတိတ်တဆိတ် ထွက်ခဲ့ ပါသည်။'

'အင်း...'

'သည်အခါ ကံအားလျော်စွာ ကိုငထွေးကို ကျွန်မလမ်းကြား ကလေးတစ်ခုမှာ တွေ့ပါသည်။'

'မင်းတို့ချိန်းချက်ပြီး တွေ့ကြတယ် မဟုတ်လား'

'မဟုတ်ပါ'

'ငထွေးက သည်လမ်းကြားမှာ ဘာလုပ်နေသလဲ'

'ကျွန်တော် စံပယ်ပင်လမ်းကြား အတွင်းဝန်မင်း၏ အမှုထမ်းအုပ် ဦးစောကို တွေ့ရန်အသွားတွင် တွေ့ပါသည်။ ငစောအိမ်နှင့် ဘယ် လောက်ဝေးသလဲ မဝေးတော့ပါ။'

'ကိုင်း မစောရှုပြောစမ်း...'

'သည်တော့ ကျွန်မက ကိုထွေးအား ကျွန်မကို ခေါ်ယူသွားပါဟု ဆိုရာ ကိုထွေးက အတန်တန် ငြင်းပါသည်။ သည်တော့ ရှင့်ကို ကျွန်မ ခေါ်ယူသွားမယ်။ ရှင်လိုက်ခဲ့ရမယ်ဆိုပါသည်...။ ကိုထွေးက... မလိုက်

နိုင်ဟု ငြင်းပါသည်။ သည်တော့ ကောင်းပြီ၊ ရှင်ငြင်းရင် ကျွန်မ အော်မှာပဲ၊ ကိုထွေးဟာ ကျွန်မကို အတင်းနိုးယူလာပါတယ်။ ကယ်တော်မူပါလို့ အော်မှာပဲ ဆိုတော့မှ ကိုထွေးက ကြောက်ကြောက်နှင့် ကျွန်မအလိုကို သဘောတူပြီး ဘထံ ကျွန်မတို့ လက်ထပ်ဖို့လာပါသည်။

'နေဦး နေဦး မဓာရ၊ သည်စကားတွေကို ဖြိမ့်မျူး လွန်းတင်က သင်ပေးသလား'

'ကိုလွန်းတင်ကိုပင် ကျွန်မမသိပါ'

'ဒါဖြင့် ဖြိမ့်မျူးတောက်ရွှန်းက သင်ပေးသလား'

'သူ့ကိုလည်း မသိပါ'

'ဒါဖြင့် သည့်စကားတွေကို ဘယ်သူက သင်ပေးသလဲ'

'ကျွန်မအမှန်အဖြစ်အပျက်ကို ပြောပါသည်'

'ကောင်းပြီ၊ မင်းတို့ဘာကြောင့် ငါ့ထံလာပြီးလက်ထပ်ရသလဲ'

'အခြားသူများဟာ ကျွန်မတို့ကို လက်ထပ်ပေးဝံ့မည် မဟုတ်လို့ပါ'

'ငါကတော့ကော'

'ဘဟာ ကြောင်ကိုတောင် သတ်ဝံ့လို့ ဘထံ ကျွန်မတို့ လာပါတယ်'

'ကြည့်စမ်းကောင်မလေး'

'ဘ။ ခွေးဖိုး တစ်ထောင်၊ ကြောင်ဖိုး တစ်သိန်းဆိုလို့ပါ'

'အင်း... လက်ထပ်မပေးရင်'

'ကျွန်မ ကန့်ထဲဆင်းသေမှာပဲ'

'မင်းတို့ ဘယ်ကို ထွက်သွားမလဲ'

'ဘယ်ကိုမှ မသွားပါ၊ ကိုထွေးရဲ့ အစ်ကို အိမ်မှာပဲ နေပါ့မယ်'

'ကောင်းပြီ'

ထိုသို့မေးမြန်းစိစစ်ပြီးနောက် မုဆိုးကြီး ဘိုးသာခေါင်သည် ဤသို့ ဆိုလေ၏။ 'သူတောင်းစား ငစော်နှင့်၊ အကြော်သည်မ မယ်သူဇာ၊ သည်မ မိဖြူတို့ကို သက်သေထားပြီးသော် ငါသည် လူတစ်ယောက် ၏ အသက်ကို ကယ်ဆယ်သောသဘောဖြင့် ဇာရှနှင့် မောင်ထွေးကို က်ထပ်ပေးလိုက်သည်။'

'မင်းတို့ အကောင်နှစ်ကောင်နှင့် ကောင်မနှစ်ကောင် မှတ်မိပလား'

'မှတ်မိပါတယ်ခင်ဗျား။ မှတ်မိပါတယ် ခင်ဗျား'

'မှတ်မိပါတယ် ရှင့်။ မှတ်မိပါတယ် ရှင့်'

'အင်း၊ အင်း ပြန်ကြတော့။ ငထွေးတော့ အတန်နာသကွယ်...'

'ဘာနာသလဲ ဘ'

'ဟ... နင့်မှာ ကိုယ်ဝန်သုံးလရှိနေတော့မှပဲ ကိုင်း ပြန်ကြ ပြန်ကြ'

*

မောင်ထွေးနှင့်ဇာရှသည် မောင်ခွေးအိမ်၌ အိပ်ကြစဉ်အခါ ပြင်မှ ကိုခွေး "မောင်ထွေးရှိသလား" ဟု မေး၍ မောင်ခွေးက "ရှိပါ ည်" ဟုပြောရာ ဝင်းတံခါးကို ဖွင့်စမ်းပါဗျာဟု မေးသူကဆို၍ ဇာရှက ာပြီးသော် ဤသို့ဆိုလေ၏။

'အစ်ကိုအချိန်မတော်ဘူး၊ ဝင်းတံခါးကို မဖွင့်ပါနှင့်'

'ဖွင့်ပါ'

'မဖွင့်ပါဘူးရှင်။ ရှင်တို့ ကိုထွေးကို တွေ့ချင်ရင် နက်ဖြန်လာခဲ့၊ ာတဲ့အချိန်မတော်'

'ခုပြောတာ ဘယ်သူလဲ'

'ကျွန်မလား၊ ကျွန်မ ဇာရှ'

'ဘယ်က ဇာရှလဲ'

'နန်းရင်းဝန်ကြီးရဲ့ သမီးတော် ဓာရ၊ ရှင်မှတ်ထား'

'အလို မဓာရ သည့်ကိုဘာကြောင့် ရောက်နေရသလဲ'

'ကျွန်မက ကိုထွေးကို ခေါ်ယူလာလို့'

'ပြောတော့မယ်၊ ဒါဟာ မောင်ထွေးရဲ့ အစ်ကို ကိုခွေးရဲ့ အိမ်'

'ဒါဘာဖြစ်သလဲ၊ ကျွန်မသိတဲ့အိမ်ကို ကျွန်မခေါ်လာတာပဲ ဒါဖြင့် ရှင့်အိမ်ကို ခေါ်ခဲ့ရမှာလား၊ ရှင်ဘယ်သူလဲ'

'ခက်နေပါပြီ'

'မခက်နှင့်၊ ရှင်ဘယ်သူလဲ'

'ကျုပ် မြဲခေါင်း မောင်ကောင်းညွန့်'

'အော်...အော်'

'ကိုင်းတံခါးဖွင့်ပါ'

'မဖွင့်နိုင်ဘူးရှင်၊ မနက်မှလာခဲ့၊ ရှင်တို့ ဖြဲတွေကို ကျွန်မမယုံဘူး'

'နေပါဦး မဓာရက ကိုခွေးကို သိသလား'

'သိတယ်လေ၊ ကျွန်မခဏခဏ အလည်ဝင်လာနေတာပဲ'

'ကိုခွေး သူတို့ကို ဘယ်မှမပြေးစေနဲ့ဗျို့၊ ထိန်းထား'

'မထိန်းရပါဘူးရှင်၊ ဘယ်ကိုမှ မသွားပါဘူး၊ အကြောင်းရှိရင်လာခဲ့ပါ'

နောက်တစ်နေ့ နံနက်သော် မြဲမှူးလွန်းတင်နှင့် ရွှေမြို့တော်ဝန် အမှုထမ်းမှူးမင်းခေါင်တို့သည် နောက်ပါ ငါးယောက်တို့နှင့် မောင်ခွေး၏ အိမ်သို့ရောက်လာကြ၍ မောင်ခွေးသည် ကောင်းစွာညှေ့ခံကာ ပြုစုလေ၏။ မင်းခေါင်လည်း ဤသို့ပြောလေ၏။

'ကိုင်း မဓာရ၊ အိမ်ကိုပြန်လိုက်ခဲ့ပါ'

'ကျွန်မပြန်လိုက်ဖို့ လာခဲ့တာမှ မဟုတ်ဘဲ၊ လိုက်ပေါင်'

'ခက်နေပါပြီ'

‘ဘာခက်သလဲ ခက်ပေါင်။ ပေါက္ကံပြည်ကြီးမှာ မင်းသားကစွာ သွန်းပြီး ဥပဒေတွေ ဥပဒဏ်တွေ အမိန့်တော်တွေ အဆိမ့်အဆိမ့်တော် ဆွကို ထုတ်လွှန်းအားကြီးတာနှင့် ယောကျ်ားကြိုက်တော့ မျှော်လိုက်တာ ခိန်းမကြိုက်တော့ ဆိုက်ဆိုက်လာရှင့်၊ ကျွန်မပြန်မလိုက်တော့ဘူး’

‘မတော်တာ မဇာရ’

‘တော်တယ် ကျွန်မတို့ လက်ထပ်ပြီးပြီ’

‘အလို ...’

‘ဘယ်သူကများ လက်ထပ်ပေးသလဲ’

‘မုဆိုးကြီး ဦးသာခေါင်ကရှင်’

‘လုပ်ပါလိမ့်မယ် သည်အတိုးဟာ’

‘ရှင်သူ့ကိုသွားပြီး အပြစ်မတင်နှင့်၊ ရှင်တို့ခွေးကို ရိုက်တဲ့ဝါးတုတ် နဲ့ ရိုက်လိမ့်မယ် သိလား။

‘ကိုလွှန်းတင် ဘယ့်နှယ်လုပ်မလဲ’

‘နန်းရင်းဝန်ကြီးထံလည်း အစီရင်ခံပြီးပြီ၊ လွှတ်တော်ကြီးသို့ အစီ ရင်ခံပေါ့’

‘ခံကြခံကြ၊ ရှင်တို့ မင်းသားနှင့် ကျွန်မတော့ သိရော့မယ်’

‘မဇာရ အရင်ဒီလိုမသွက်ပါဘူး’

‘ခုတော့ ကျွန်မလင်ရပြီရှင့်၊ သွက်မှာပေါ့။ ကိုင်း ရှင်ကုလားမျက်စိ များသောက်ပါဦး၊ ကောက်ညှင်းပေါင်းနှင့် ငါးကြော်ကိုလည်း ဆောင် ကြပါ’

‘ကျွန်တော်တို့တော့ မင်္ဂလာအစားအစာပဲ’

*

ရွှေမြို့တော်ဝန်မင်းသည် ဇာရနှင့် ငထွေး၏ အကြောင်းကို တရား

လွှတ်တော်ချုပ်ကြီးသို့ စုံလင်စွာ အစီရင်ခံလိုက်ရာ လွှတ်တော်ဝန်ကြီ
လေးပါးသည် မျက်လုံးပြူးကြလျက် ဝန်ကြီးများခေါင်းဆောင် မွေ့သေ
ပတိ ဦးကျောက်လုံးက 'အင်း မွေ့ကျော်ခေါင်ဘွဲ့တံဆိပ်ရ ဦးမိုးထိန
သီရိသုမွေ့မဏိရတနာဦးမိုးဟိန်းတို့ စီရင်လိုက်တဲ့ တရားနှစ်ဆူကဖြ
သွက်သွက်ကို ခါသွားတာပဲ' ဟုပြောပြီးသော် ငထွေး၊ ဇာရ မုဆိုးကြ
ဘိုးသာခေါင်တို့ကို ဆင့်ခေါ်လိုက်လေ၏။

မင်းသားဘုန်းရှိန်လည်း လွှတ်တော်သို့ တက်လာရာ ရွှေမြို့တော
ဝန်မင်း၏ အစီရင်ခံစာကို တင်ပြသဖြင့် ဤသို့ပြောပြလေ၏။

'ကိုင်း ဘယ့်နှယ်ဘတို့၊ ငထွေးကို သက်သက်ဆင်ပြီး ထောင်
တာပဲ မဟုတ်လား။ မေမေကြီးက သမီးကိုတော့နိုင်အောင် မအုပ်ချု
တတ်ဘဲနှင့် တွေ့လာတော့မှ သည်လိုဆင်ပြီး လုပ်တော့တာ အရုပ်ဆိ
တာပေါ့။ သိပ်ကို ငရဲကြီးတယ်ဗျ။ တကယ်ဆို ဖြစ်မိလို့ရှိမှပဲ တိုးတ
တိတ်တိတ် ကျိတ်ပြီးတိုင်ပင်ကာ ကြံကြစည်ကြရောပေါ့ဗျာ။ ခုတော
သူတစ်ပါးရဲ့ ချစ်ခြင်းကိုမခွဲသင့်ဘူးဗျ။ မောင်ထွေးက သူ ထောင်ကျသ
ခံတယ်၊ လူကြီးများရဲ့ ဝုဏ်ကိုငဲ့ပြီး သည်အကြောင်းတွေကို ဘာမှမပြေ
ဘူး။ ရှေ့ရပ်တွေက မောင်ထွေးရဲ့ ဘက်ကလိုက်ချင်လွန်းလို့ အလက
လိုက်ပေးမယ်လို့တောင် ပြောကြသတဲ့၊ မောင်ထွေးကလက်မခံဘူ
သူသာ အနစ်နာခံတယ်။ တော်တဲ့ ငထွေးဗျ'

'ဟုတ်ပါပေတယ်။ သူ့အစ်ကိုက ရက်ကန်းထောင်ပါကပဲ ငွေ
ကြံနိုင်သပေါ့၊ ခုတော့ ကိုယ်သာလျှင် အနာခံတယ်'

ဘိုးသာခေါင်၊ မောင်ထွေး၊ ဇာရတို့သည် ရောက်လာကြလေ၏
ဘုန်းရှိန်ကား ဤသို့စီရင်လေ၏။

မောင်ထွေးကို သူသည် နန်းရင်းဝန်ကြီး၏ အဆောင်ကိုင် အ
ထမ်းကောင်းဖြစ်သည့်အတိုင်း ညီလာခံ သဘာအတွက် ဝန်ထော

ရှိသေးသဖြင့် ဝန်ထောက်ခန့်လိုက်သည်။

မောင်ထွေးနှင့် ဓာရကို ဘုရင်မင်းမြတ်က ပွဲတက်မင်္ဂလာအဖြစ် နှင့် ဆောင်နှင်းစေ၊ မောင်ထွေးနှင့် ဓာရအား လက်ထပ်ပေးသော ဘိုး သာခေါင်အား ဆုတော်အဖြစ်နှင့် အသပြာငါးရာထုတ်ပေးစေ၊ ရွှေမြို့ ဘော်ဝန်က… ပွဲတက်မင်္ဂလာပြီးအောင် မောင်ထွေးနှင့် ဓာရကို သိမ်း သားစေ။

'ကျေးတော်မျိုး၊ မလျှောက်ရဘူးလား'

'လျှောက်ပါ ဦးကြီး'

'သည်ဆုတော်ကို လက်မခံပါရစေနှင့်၊ မတော်မဆ သာယာပြီး သည့်လိုသာ လက်ထပ်ပေးမိရင် ခက်နေပါလိမ့်မယ်'

'မကောင်းဘူးလား ဦးကြီး'

'ဘယ်ကောင်းမလဲ၊ ခုသာ ကောင်မကလေးရဲ့ အသက်ကို ငယ်တဲ့သဘောနှင့်ကြောင့်၊ သို့မဟုတ်က ရိုက်လွှတ်မှာ'

'ကိုင်း… ရှိပါစေတော့'

*

ဘုန်းရှိန်၏ စီရင်ဆုံးဖြတ်၊ စီရင်ခန့်ခွဲပုံတို့ကို တစ်စတစ်စနှင့် ဒါကြီးများ၊ မှူးမတ်များတို့သည် အလွန်ကြိုက်နှစ်သက်ကြလေကုန်၏။ ဘုန်းရှိန်လွှတ်သို့တက်သည့်အချိန်ကစ၍ နေပြည်တော်သည် အထူး သဖြင့် အေးချမ်းသာယာပြီးသော် တရိပ်ရိပ် တိုးတက်လာလေ၏။

အလွန်ကြီးလေးသော အမှုကြီးနှစ်မှု၌ တစ်မှုတွင် ရွှေပြည်တော်ဝန် မင်းနှင့် တရားသူကြီး ဦးမိုးထိသည် အရေးယူသလိုခံရတော့မည့် ဘဝသို့ ဆိုက်ရောက်နေသော်လည်း ၎င်းတို့၏တရားကို ၎င်းတို့သာ စီရင်ထိုက် သည်ဟု အောက်မေ့ကာ ရုက်စေရုံနှင့်ထားလိုက်သဖြင့် ၎င်းတို့သည်

တံငါသည်ထံမှ ပစ္စည်းများကို ပြန်ပေးလိုက်ကြသည့်ပြင် လွှတ်တော် ဝန်ကြီးလေးပါးထံသို့လည်း လာရောက်ဝန်ချကာ တောင်းပန်ကြလေ၏။

နန်းရင်းဝန်ကြီးလည်း လွှတ်တော်ဝန်ကြီးလေးပါးထံ လာရောက်၍ မိမိတို့၏ ဝန်ကတော်ညစ်ပုံကို မိမိမသိကြောင်းနှင့် တောင်းပန်လေ၏။

မင်းသားဘုန်းရှိန်သည် တစ်နေ့သော် ဘထွေးတော် သေနာပတိ ထံသွားရောက်၍ ဤသို့သောအကြောင်းတို့ကို တိုင်ပင်ဆွေးနွေးကာ ရှိနေကြလေ၏။

သေနာပတိမည်သည်အစစ်အားဖြင့်… တိုင်းပြည်ဖြစ်ပါသည် ရှင်ဘုရင်နှင့်တကွသော ဘုရင့်အစိုးရသည် တိုင်းပြည်ကို အမှီပြု တိုင်းသူပြည်သားတို့၏ လုပ်ကိုင်စားသောက်နေထိုင်ရေးအတွက် အေးချမ်းသာယာစည်ပင်ဝပြောရန်အတွက် အုပ်ချုပ်စီမံသူများ ဖြစ်ချေသည်။

ရှင်ဘုရင်နှင့် ဘုရင့်အစိုးရသည် အရည်အချင်းမပြည့်စုံ၍ ဖြစ်စေ အဂတိလေးပါးလိုက်စား၍ဖြစ်စေ တိုင်းပြည်နှင့် တစ်နည်းတုံ တိုင်းသူ ပြည်သားများနှင့် မညီမညွတ်ဖြစ်လာခဲ့သော် ဘုရင်နှင့် သေနာပတိသည် နှစ်ကိုယ့်တစ်စိတ်ညှိနှိုင်းတိုင်ပင်ဆုံးဖြတ်ပြီးသော် စီရင်အုပ်ချုပ်ခန့်ခွဲရာ သည်။ သည်သို့မဟုတ်ပါက တိုင်းပြည်သည် ကသောင်းကနင် ဖြစ်လာ၍ ချည့်နဲ့သွားတတ်ပါသည်။

အချို့နိုင်ငံများ၌ ထိုသို့ပြည်တွင်းရေး ရှုပ်ထွေးလာသောအခါ သေနာပတိသည် တိုင်းပြည်ကို သိမ်းပိုက်အုပ်ချုပ်လိုက်၍ ဘုရင်သစ်နှင့် အစိုးရသစ်ကို တည်ထောင်ခြင်းကား သဘာဝဆိုက်စေကာမူ အခြားသော နိုင်ငံများ၏ ကြားဝင်ခြင်းကို လက်ခံရာရောက်ချေသည်။

ထိုအခါ တိုင်းပြည်သည်… ပျက်စီးလုမတတ်သော်လည်းကောင်း၊ ပျက်စီး၍သော်လည်းကောင်း တိုင်းသူပြည်သားများမှာ ဆားကြီး ကြီးစွာဆိုက်ရောက်တတ်ပါသည်။

ထိုသို့သော တိုင်းပြည်ကြီး၏ အန္တရာယ်ကို ကာကွယ်ရန်မှာ …ရင်နှင့် သေနာပတိသည် ကျောချင်းကပ်၊ ရင်ချင်းအပ်၍ စိတ်ဝမ်းမကွဲ … ခြေလှမ်းမှန်ရန်သဘောထား ကြီးမြင့်ရာချေသည်။

ထိုသို့သောသဘော၌ စစ်ဘက်ဌာနသည် လိမ္မာဖို့ အထူးအရေး …ပါသည်။ အဘယ်ကြောင့်ဆိုသော် တိုင်းပြည်၏ ဘုန်း၊ …တိုင်းပြည် … လက်ရုံး၊ တိုင်းပြည်၏ အသက်သည် စစ်သည်တော် တပ်သားများ …လျှင် ဖြစ်ချေသည်။

ထိုသို့ ဖြစ်သောကြောင့် စစ်သည်တော် တပ်သားများသည် အရည် …ချင်းမဲ့ခဲ့သော်၊ စိတ်သဘောထားသေးသော်၊ ကိုယ့်အကျိုးစီးပွားနှင့် …ောင်းစားရေးကိုသာရှေးရှုသော်၊ တိုင်းပြည့်အပေါ်၌ လူမဆန်သော …ကျင့်ကို ကျင့်ခဲ့သော်၊ မိမိသည်တိုင်းပြည်၏ အမှုထမ်းသက်သက်ဟု …ကျင့်ခဲ့သော် ထိုတိုင်းပြည်သည် ဘုန်းမရှိ၊ လက်ရုံးကင်းမဲ့ ဖြစ်လာပြီး …ှင့် အသက်အန္တရာယ်ကို ထိပါးလာတတ်လေသည်။

ထိုကဲ့သို့ တိုင်းပြည်အဘိတန်အရ ပေါ်နေသောကြောင့် သေနာ …နှင့် စစ်သည်တော်သည် တစ်စိတ်တစ်ဝမ်းတည်း၊ တစ်ညီတည်းရှိ …၍ ကွဲပြားသူများကို အချိန်ရှိစဉ်က သတိထားပြီးသော် သိရာသည်။

ကိုယ့်အကျိုးစီးပွား၊ ဂုဏ်သရေ၊ တင့်တယ်မှု၊ ကိုယ်ကောင်းစား … ကိုယ်ထင်ပေါ်ကျော်စောရေးတို့ကိုသာ လိုလားသူတို့ ဝင်လာမည်ကို …ကဲ့ဌာနသည် ပိတ်ပင်၍ တိုင်းပြည်အား အသက်ကို အပ်နှင်းထား …သော် တိုင်းပြည်အကျိုးဆောင်အမှုထမ်းများအတွက်သာ စစ်ဘက်သို့ …ခွင့်ပေးရာသည်။

ထိုသဘောကို စစ်သူကြီး၊ စစ်မှူးကြီး၊ ဗိုလ်ကြီး၊ ဗိုလ်ကလေး
စစ်ကဲတို့သည် နားလည်၍ ငါတို့သည် သေနာပတိနှင့်တကွ တိုင်းပြည်
၏ အမှုထမ်းသက်သက်ဟု ဖြောင့်ဖြောင့်မတ်မတ် လမ်းသွားကြရမည်
သဘောမှန်အားဖြင့် စစ်သူကြီးများ၊ စစ်မှူးကြီးများ၊ စစ်ဗိုလ်ကြီး
များတို့သည် မည်သည့် ဝန်ကြီး၏အကျိုးဆောင်၊ မည်သည့်ဝန်ကြီး၏
ကျေးဇူးစား၊ မည်သည့် ဂိုဏ်း၏ အကျိုးဆောင်၊ မည်သည့်ဝန်ကြီး
အလိုကျ၊ မည်သည့်ဂိုဏ်း၏ အလိုကျဟု ဆောင်ရွက်ခဲ့သော် တိုင်းပြည်
ပျက်ရန်၊ တိုင်းပြည် နိမ့်ကျရန် ရောင်ခြည်သန်းလာခြင်းဖြစ်ချေသည်
တိုင်းပြည်ပျက်သွားသော်၊ တိုင်းပြည်နိမ့်ကျသွားသော်၊ တိုင်းပြည်ပေါ်
တစ်နိုင်ငံသား စစ်သည်များ၏ ခြေရာကျနိုင်ခဲ့သော်၊ တိုင်းပြည်နောက်
လိုက်ဖြစ်ခဲ့သော် ငါတို့လည်းအချည်းနှီးသော တောက်တိုမည်ရလူဖြ
သွားပြီဟု စစ်သည်တော်များသည် သိထားနှင့်ရာသည်။
စစ်သည်တော်များသည် မည်သူကြောင့်၊ မည်သူ၏ အရှိန်အ
ကြောင့် စစ်သည်တော်၏ဘဝသို့ရောက်ခြင်း၊ စစ်သူကြီးစသောရာထူ
ရာခံတို့ကို ရရှိခြင်းတို့ဖြစ်စေကာမူ စစ်မှုရေးရာဌာနတစ်နည်းတုံ နေရာ
ရောက်ရှိလာခဲ့သော် ချက်ချင်းစိတ်ကို ပြောင်းလဲ၍ ငါကားတိုင်းပြ
အမှုထမ်း၊ တိုင်းပြည်လက်ရုံး သားကောင်းတစ်ယောက် တိုင်းပြ
အတွက်သာဟု သဘောထားကို သန့်ရှင်းဖြူစင် တည့်မတ်ရာချေသည်
သို့မှတိုင်းပြည်တန်ခိုးကြီး၍ စစ်သည်တော်တို့သည်လည်း တန်ခိုးကြ
ပြီးသော် တန်ဖိုးမြင့်တက်လာလေသည်။
စစ်သည်တော်တို့သည် တိုင်းပြည်အဘိဓာန်အရ တိုင်းပြည့်
သက်သက်ဖြစ်ချေသည်။ ထို့ကြောင့် စစ်သည်တော်တို့၏ ဂုဏ်ကိုနိမ့်
သော မည်သည့် ဝန်ကြီး၏အကျိုးဆောင်၊ ဩဇာအာဏာခံတစ်ယော
မည်သည့်ဂိုဏ်း၏ အကျိုးဆောင်၊ ဩဇာအာဏာခံတစ်ယောက်အဖြ

...ဖြစ် စေ်သည်တော်တိုင်း ရွံရှာစက်ဆုပ်လာအောင် အလင်းကိုဆောင်သင့် ...သည်။

မင်းသားဘုန်းရှိန်သည် ထိုသို့သော သဘောတို့ကို ဘထွေးတော် ...နာသတိနှင့် ဆွေးနွေးညှိနှိုင်းပြီးနောက် ဝမ်းသာအားရ ကြည်ရွှင်စွာနှင့် ...ခဲ့လေ၏။

ဘုန်းရှိန်အား နန်းရင်းဝန်ကြီးနှင့်တကွ ဝန်ကြီးများသည်များစွာ ...ကလာကြ၏။ ရွှေမြို့တော် တရားသူကြီး၊ အနောက်ပြင် တရား ...ကြီး၊ ရွှေမြို့တော်ဝန်မင်းတို့ကား အလွန့်ကို မင်းသားပီသလှပါတကား ...အောက်မေ့ကာ နှစ်သက်လိုလားခြင်းသည် ဖြစ်ပေါ်လာလေ၏။ ...တော်တရားဝန်ကြီးလေးပါးတို့သည်လည်း ဘုန်းရှိန်သည် မင်းသား ...ပါပေသည်။ တောင်နန်းစံဒေဝီမဟေသီ မိဖုရာခေါင်ကြီးပီသသော ...ကြီး၏ သားတော်ကြီး ပီသပါပေသည်ဟု အချင်းချင်း ညှိနှိုင်း ...ပင်ကာ သဘောကျနေကြလေ၏။

သုနာပရန္တတိုင်းကြီး ရှေ့မင်းတို့၏ထုံးတမ်းစဉ်လာမှာကား ...တော်ထက်ဖွား၊ ရွှေလင်ပန်းနှင့် အချင်းထားသော မင်းသမီးတို့တွင် ...တောင်နန်းမခေါင်ကြီး၏ သမီးတော်၊ ဤသို့မရက မြောက်နန်းမ၊ ဤသို့ ...က အရှေ့၊ ဤသို့မရက အနောက်နန်းမတော် သမီးတော်များကိုသာ ...သီမိဖုရားခေါင်ကြီးထားရှိုး အစဉ်အလာဖြစ်လေ၏။ တစ်နည်းတုံ ...း ဘုရင့်ဆုတော်ရသော အမျိုးသမီး၊ အတတ်ပညာ၊ စွမ်းရည်၊ ...ည်ထူးတင့်သော အမျိုးသမီးကို မိဖုရားခေါင်ကြီး မြှောက်နိုင်ခွင့် ...ရှိခဲ့၏။

ဘုရင်မင်းမြတ်သည် တောင်နန်းမခေါင်ဖုရား တစ်နည်းနည်းနှင့် ...းသည်ရှိသော် မြောက်နန်းမိဖုရား မဟေသီ မိဖုရားခေါင်ကြီးတင် ...က်နိုင်ခွင့်ရှိ၏။

နန်းရင်းဝန်ကြီးခေါင်းဆောင်သော မှူးမတ်တစ်စုတို့သည် ဘုန်း
ကိုပင် အိမ်ရှေ့မင်းအဖြစ်နှင့် ညီလာခံသဘာတွင် တင်သွင်းရန် သဘေ
တူညီကြသဖြင့် နန်းရင်းဝန်ကြီးသည် သေနာပတိနှင့်တိုင်ပင်လေ
သေနာပတိလည်း သဘောတူညီလေ၏။

ဘုန်းရှိန်သည် သေနာပတိကြီးနှင့် တိုင်ပင်ဆွေးနွေးပြီး နော
တစ်နေ့တွင် ညီလာခံသဘင်သို့တက်ရောက်လေ၏။ ဘုရင်မင်းမြ
သည် တိုင်းရေးပြည်ရေး၊ နိုင်ငံတော်အရေးကို စိစစ်ပြီးသောအ
ဘုန်းရှိန်သည် ဤသို့ တင်လေ၏။

'တုန္နိုင်းမရ၊ ကျေးဇူးတော်ကြီးလှသော ခမည်းတော် ဘုရား'

'သားတော်မောင် တင်စရာရှိက ပလ္လင်ဗွေ တင်စေဗျား'

'ယခုနိုင်ငံတော်၌ အိမ်ရှေ့မင်းသားမထားမရှိရသေးပါ၊ ဤသ
ကား တင့်တယ်ခြင်း လိုနေပါသေးသောကြောင့်... ညီညီကျော်မြင့်
အတတ်ပညာနှင့် ပြည့်စုံသော မင်းသားဖြစ်ပါ၍ ညီညီကျော်မြင့်အ
အိမ်ရှေ့မင်းအဖြစ်နှင့် ခန့်ထားသနားတော်မူရန် ဦးထိပ်ထက်ဆင
တင်ဝံ့ပါသည် ဘုရား'

'ဟာ...' ဟု သဘာသည် အသံဖြစ်ကာ ညီလာခံသဘာ
လှိုင်းရိုက်သွားလေ၏။

'မင်းထက်မင်းလင်၊ ရွှေဘုန်းတော်ရှင် ဘုရား'

'နန်းရင်းဝန်ကြီးတင်ဗျား'

'သားတော်ကြီး ဘုန်းရှိန်သည်သာ၍ အိမ်ရှေ့မင်းအဖြ
သင့်လျော်ကြောင်းပါ ဘုရား'

'သဘာ'

'နန်းရင်းဝန်ကြီး ဝ◌ာင်သည့်အတိုင်း ညီလာခံသဘာက သင့်
ကြောင်းကို ထပ်လောင်း၍ တင်ဝံ့ပါ ဘုရား'

'ဘုရားသားတော်တင်ပါရစေ ဘုရား'

'တင် သားတော်မောင်'

'ဘုရား သားတော်သည် အာတပွနအတတ်ပညာကို တစ်ဖက်ကမ်းခတ် တတ်မြောက်သူဖြစ်ပါ၍ တက္ကသိုလ်ကျောင်းတော်မှာရှိစဉ်ကပင် မှူးမတ်တို့၏ သဘောကိုသိပြီးဖြစ်ပါသည့်အတိုင်း နေပြည်တော်သို့ ပြန်ရောက်ကာလ ညီညီအား မင်းတို့၏ အတတ်ကို လေ့လာစေပြီးနောက် အိမ်ရှေ့ထားရန် ခမည်းတော်ဘုရားထံမှာ တင်လေးမည်ဟု နှလုံးသွင်းရှိခဲ့ပါသည် ဘုရား ယခု ညီညီကျော်မြင့်မှာ မင်းလုပ်နိုင်သော မင်းလုပ်တတ်သော အရည်အသွေးနှင့် တင့်အပ်ပြီဖြစ်ပါသည့်အတိုင်း ဘုရားသားတော်သည် ညီညီကိုအိမ်ရှေ့မင်းခန့်ထားရန် တင်ဝံ့ပါသည် ဘုရား၊ ညီညီကိုသာ အိမ်ရှေ့မင်းခန့်ထားတော်မူပါ ဘုရား။'

'သားတော်မောင်။ မယ်မယ်ပြောပါရစေ...။ ကျော်မြင့်သည် မယ်မယ်၏ သားတော်ကြီးအရင်း၊ သို့သော် ယခု သားတော်မောင် တင်သည်ကို မယ်မယ်နှလုံးတော်တုန်ပါသည်။ သားတော်သာလျှင် ဘုံပြည်၏ ရှေ့ထီးရှေ့နန်းကို ဆက်ခံကာ သိမ်းမြန်းစိုးစံထိုက်သူဖြစ်ခြင်းကြောင့် သားတော်မောင် ရှိန်ရှိန်သာလျှင် အိမ်ရှေ့မင်းသားအဖြစ်နှင့် ထိုက်တန်သည်ဟု မယ်မယ်ယူဆပါသည်။ ထို့ကြောင့် သားတော်မောင် တင်သည်ကိုပြန်၍ ရုပ်သိမ်းစေလိုပါသည်'

'မယ်မယ်ဘုရား'

'လူကလေး ဆိုတော်မူ'

'မယ်မယ်ဘုရား။ ဘုရားသားတော်သည် တက္ကသိုလ်မှာနေစဉ်ကပင် ပြည်တော်သို့ပြန်၍ အာရုံပြုလိုက်သောအခါ လွှတ်တော်ချုပ် တရားသူကြီးများ၏ သဘောတော်ကို အတပ်မြင်ပြီးပါ ဘုရား။ ထို့ကြောင့် ညီညီကျော်အား အိမ်ရှေ့ထားတော်မူရန် ဘုရားသားတော်သည်

ခိုင်ခိုင်မာမာကြီး တင်ဝံ့ပါသည် ဘုရား'

သဘာသည် အံ့သြခြင်းအလွန်နှင့် ငြိမ်လျက်ရှိ၏။ နန်းရင်းဝန်ကြီးသည် သမုဒ္ဒရာထဲ၌ သွားနေသော ငါးကို မည်ကဲ့သို့ မြင်နိုင်သနည်းဟု သာ လွန်၍အံ့သြနေ၏။ ဘုန်းရှိန်သည်ကား ဆက်၍ ဤသို့ ခမည်းတော်ထံ တင်ပြန်လေ၏။

'ကျေးဇူးတော်ရှင်၊ ပြည်သူ့ထိပ်တင် ဘုရား၊ ဘုရားသားတော်သည် သားတော်အကြီးဆုံးဖြစ်ရာတွင် မဟေသီမိဖုရားခေါင်ကြီးက မြင်တော်မူ၍ ထားခဲ့သော သားတော်ကြီးဖြစ်ပါသည်။ ထို့ကြောင့် ညီငယ်များနှမငယ်များ၏ အကျိုးကျေးဇူးကို လို၍မစမြှင့်တင်ရမည့် ဝတ္တရားရှိသည်ကို ငြင်း၍ မရစကောင်းပါ'

ဘုရားသားတော်သည် ညီညီ၏အကျိုးကို လိုလားပါသည် ဆိုတဲ့လျက် ညီညီအား အိမ်ရှေ့မင်းသား ခန့်ထားရန်ကို မလိုလားသော် ဘုရားသားတော်ထက် လောကကို လှည့်စားနိုင်သူမရှိပါ ဘုရား ဘုရားသားတော် ဘုန်းသည် သူတစ်ပါးအား လှည့်စားရာရောက်သော အပြုအမူတို့အား ပြုမိမည်ကို အလွန်ရှက်ကြောက်ပါသည် ဘုရား။

တစ်ကြောင်းမှာလည်း ဘုရားသားတော်ရောက်လေရာ တိုင်းပြည်၌ ထီးနန်းစည်းစိမ်သည် ဘုရားသားတော်ထံ ညွတ်လျက်ရှိသည်ကို သိပြီးဖြစ်ပါသည်။ ညီညီမှာကား ဤထီး၊ ဤနန်း၊ ဤစည်းစိမ်မှတစ်ပါး အခြားမျှော်မှန်းစရာ မရှိပါဘုရား၊ ထို့ကြောင့် ဘုရားသားတော်သည် ညီညီ၏ အကျိုးကိုလိုလားသည်ဟု နှစ်ပါးသောအဆိုနှင့် ဆိုခဲ့ချေသော် ညီညီအား အိမ်ရှေ့မင်းအဖြစ်ကိုရရန် ဆောင်ရွက်ပေးနိုင်ရပေလိမ့်မည်။ ထို့ကြောင့် ညီညီအားသာ အိမ်ရှေ့မင်းစည်းစိမ်ကို ခန့်နှင်းအပ်ပေးတော်မူပါ ဘုရား...

အားလုံးသော သူတို့၏ အလိုကျလည်း ဖြစ်ပါသည် ဘုရား

…ချင်မင်းမြတ်သည်ကား မဆည်နိုင်ဘဲ ရွှေမျက်ရည်တော် နွေးနွေးသည်
…ဆင်းပြီးလျှင် 'အော်ခေါင်ခေါင်မြပန်းရည် ဤမျှထိ လိမ္မာ၍ သဘော
… မြင့်မြတ်သော သားတော်ကို ထားခဲ့ပြီးလျှင် နတ်ရွာသို့ သွားလေပြီ
…ကား' ဟု ညည်းတွားတော်မူပြီးသော် အတွင်းတော်သို့ ဝင်တော်မူလေ
…၏ ၊

❐

# အခန်း ၃

ဘုန်းရှိန်သည် ပေါက္ကံပြည်မှ ထွက်လာခဲ့၍ တစ်ခုသောရွာငယ်
သို့ ရောက်လေ၏။ ထိုရွာမှ အလွန်ဆင်းရဲပဟန်တူ၍ အိမ်ခြေနှစ်ဆယ်
ငါးအိမ်သာရှိ၏။ ထိုအိမ်များမှာ အိမ်မြင့်များဖြစ်လျက် မျက်နှာ
လမ်းဘက်တွင် အကာအရံမရှိ၊ လှေကားများမှာ အရှင်ဖြစ်၍ အိမ်
လူများသည် အလုပ်အကိုင်ထွက်သွားကြသော် ကလေးငယ်များကို
ယူ၍ အိမ်ရှိလူကုန်ထွက်သွားကြခြင်းများကြသဖြင့် ခွေးပါမကျန် အလု
ခွင်သို့ ပါသွားတတ်၏။ တစ်ခါတစ်ရံ မျက်နှာမြင်ပြီးစ မီးနေသည်
သော်သာ ထိုမီးနေသည်သည် အိမ်တွင် ကျန်တည်နေခဲ့၏။ ထို့ကြော
အိမ်မှ လူသွားသောအခါ လှေကားကို အိမ်ပေါ်သို့ထိုးတင်ထားခဲ့ကြ
လှေကားမှာ ဝါးနီးတို့နှင့်သာ ပြီး၏။

ဘုန်းရှိန်သည် ထိုရွာသို့ မွန်းတိမ်းအချိန်နေ့လောက်တွင် ရော
သွားရာ ထိုရွာသည် ရွာဆိုးကုန်းကဲ့သို့ဖြစ်၍ လူသူတစ်ယောက်ကို
မတွေ့ရ၊ ခွေးကိုပင်တွေ့ရမြင်ရခြင်းမရှိ။ ကြောင်ကလေး တစ်ကော

နံခံကောင်စကိုကား အိမ်မိုးခေါင်ပေါ်၌ နေပူစာလှုံနေခြင်းကို တွေ့မြင်ရသေး၏။

ပထမသော် ဘုန်းရှိန်သည် ထိုရွာကို ရွာဆိုးရွာပျက်ဟု ထင်၏။ သို့သော် အိမ်များမှာ တင့်ကောင်းတင့်တယ်နှင့် ဖြစ်ကြပြီးလျှင် အချို့အိမ်များမှာ အိမ်သစ်များပင် ဖြစ်သည်ကို မြင်တွေ့ရလေသော်ကား ရွာဆိုးမဟုတ်ဟု ယူဆလေ၏။

ဘုန်းရှိန်သည် ဆာလောင်လာလေပြီ။ ထိုရွာငယ်၌ လူတစ်ယောက်ကိုမျှမတွေ့ရသဖြင့် အစာစားရရန်ခက်နေ၏။ သို့နှင့် ရွာထဲတွင် လျှောက်ကာကြည့်မိရာ ဆယ့်နှစ်တောင်ခန့် မြင့်သော အုန်းပင်များ၌ အုန်းသီးတို့ တပြွတ်တခဲချည်း သီးနေသည်ကို တွေ့မြင်ရ၏။ သို့သော်... ဘုန်းရှိန်သည် အုန်းပင်ကို မတက်နိုင်၊ မတက်တတ်၍ ထိုအုန်းသီးသီးသော အုန်းပင်ထံမှဝယ်၍ အုန်းသီးကိုမရနိုင်၊ အုန်းသီးကို စားရသော်... ဆာလောင်ခြင်းပြေရသတတ် ၎င်းမှာပါသော ငွေစ၊ ကြေးစ၊ ရွှေစ၊ အသပြာများသည် သူ့ကို ဆာလောင်ခြင်းမှ ထိုရွာကလေးတွင် ပြေစေနိုင်၊ ၎င်းတို့ကို စား၍မရ၊ ၎င်းတို့သည် မည်ကဲ့သို့အသုံးဝင်သနည်း၊ ထိုရွာကလေး၌ ထိုအချိန်တွင် ၎င်း၌ပါလာသော အသပြာစသည်တို့သည် တန်ဖိုးလုံးဝမရှိဘဲဖြစ်နေသည်ကို ဘုန်းရှိန်သည် လက်တွေ့ဖြစ်နေလေသည်။

ဘုန်းရှိန်သည် ထိုရွာကလေး၌ လက်တွေ့သဘောဖြစ်နေသည်ကား လူတို့တွင် စားသောက်စရာသည် မူလ၊ ၎င်းနောက် ဝတ်စရာ၊ ၎င်းနောက် နေစရာ လူတို့၌ စားဝတ်နေထိုင်ရေးသည် အရေးအကြီးဆုံးသောအကားဟူ၍ ဖြစ်လေသည်။

ဘုန်းရှိန်သည် အုန်းသီးကိုမြင်လျက် အုန်းသီးကို မစားရ။ ၎င်းအား နန်းခိုးကြီးသော ယောက်ျား၊ ဘုန်းလက္ခဏာနှင့် ပြည့်စုံသော ယောက်ျား

ကောင်း၊ ဘုရင်ကေရာဇ်ဖြစ်လတံ့ဟု... ပုရောဟိတ်က ဟောထားသည်ကို အထိန်းတော်များအားဖြင့် သိရသည်။ ၎င်း တက္ကသိုလ်သို့သွားသောအခါမှာလည်း ထိုကဲ့သို့ပင် ပုရောဟိတ်ကတွက်ချက်၍ ဟောသည်ကို သတိရသည်။ သူသည် ဗေဒင်၊ ဘေဒင်ကို ကောင်းစွာတတ်၍ သူကိုယ်သူ တွက်ချက်ကြည့်ရာ၌လည်း ထိုကဲ့သို့ပင် ထွက်နေလေသည်။ သို့သော် ယခု အုန်းသီးကို မြင်လျက်နှင့် မစားရ။

ဘုန်းတန်ခိုးသည် အုန်းသီးကိုရနိုင်သလော၊ ဘုန်းပညာလက္ခဏာကောင်းသည် အုန်းသီးကိုရနိုင်သလော၊ ကေရာဇ်ဘုရင် ဘုရင်လောင်းသည် အုန်းသီးကို ရနိုင်သလော...။ မည်သည့်နည်းနှင့် စားရရန် အုန်းသီးကို ရနိုင်သတတ်နည်း။ တက္ကသိုလ်မှာသင်ခဲ့သော အတတ်အမျိုးမျိုးသည် အုန်းသီးကို မည်ကဲ့သို့ ရနိုင်သနည်း။ မြင်းစီး၊ လှံထိုး၊ ဓားခုတ်၊ အာတပ္ပန၊ နီတိအတတ်တို့သည် အုန်းပင်ပေါ်မှ အုန်းသီးကို ရနိုင်သလော...။ ၎င်းတို့သည် သတ္တဝါများကို သတ်ပုတ်ညှဥ်းဆဲရာ၌သာ အစီကတတ်နိုင်သည်။ အုန်းသီးကိုလိုသော် အုန်းပင်ကိုတက်နိုင်၍ တက်တတ်မှ အုန်းသီးကိုရနိုင်မည်။ အော်... သစ်ပင်ပေါ်သို့ တက်ခြင်းသည်လည်း စွမ်းရည်တစ်ခုနှင့် အတတ်ပညာ တစ်ခုပါလား။ မြင်းကို ဒုန်းစိုင်းဝံ့သော်လည်း သစ်ပင်ကို မတက်ဝံ့၊ ဒူးတုန်နေသည်' ဟု ဘုန်းရှိန်သည် တွေးဆနေလေ၏။

'လူတို့သည် တန်ဖိုးကို တန်ဖိုးဟု သိရန်လိုသည်'

ထိုအတွင်း ဘုန်းရှိန်သည် မိမိ၏လက်ရုံးအားကို ကိုး၍ ကျောက်ခဲတစ်လုံးကို ကောက်ပြီးသော် အုန်းသီး၏ အညှာကို မှန်းပြီးလျှင် ပစ်ချလေ၏။ ထိုကဲ့သို့ သုံးခါပစ်လိုက်သော် ရှဥ့်ကိုက်စပြုထားသည့် အုန်းသီးတစ်လုံးသည် ကြွေကျလေရာ ဘုန်းရှိန်သည် အုန်းသီးကို ကောက်ယူပြီးသော် ခွဲရန်အားထုတ်လေ၏။ သို့ရာတွင် အုန်းသီးကို

ခဲ့တတ်သဖြင့် အကျပ်ကျနေပြန်၏။

ဘုန်းရှိန်လည်း 'ဟဲ့ တက္ကသိုလ်ပြန်၊ အုန်းသီးကိုမှ မခွဲတတ်ပါ လား' ဟု အောက်မေ့၍ ခါးတွင် အသင့်ပါလာသော သံလျက်နှင့် ခမ်း၍ ခွဲလေရာ အုန်းရည်များသည် ထွက်ကျသဖြင့် အုန်းရည်အနည်း ငယ်ကိုသာ သောက်ရတော့၏။ သောက်ရသမျှသော အုန်းရည်သည် ည်းကိုယ်တွင်စိမ့်ဖြန်းသွားသောကြောင့် အတော်အတန် အားအင် ိုးတက်လာသည်ဟု ထင်မိလေ၏။ ထို့နောက် အုန်းသီးဆံများကို သျှက်ဓားနှင့်ထိုးကာ စားရသဖြင့် အဆာပြေသွားပြီးနောက် သစ်ပင် ပ်တစ်ခုတွင် သစ်ပင်ကိုမှီကာ အိပ်ကျွန်ပြုနေလေ၏။

ထိုသို့နှင့် ညနေစောင်းသွားသောအခါ ထိုရွာမှလူများသည် အလုပ် င်မှ တစ်စတစ်စနှင့် ရောက်လာလေတော့၏။ ဘုန်းရှိန်လည်း ရွာသား ၏ အမူအလေးကိုကြည့်၍ အကဲခတ်ကာ ထိုင်နေ၏။

၎င်းနောက် အတန်ကြာသော်... လူကြီးတစ်ယောက်သည် ရောက် ၍ ဘုန်းရှိန်ကို ဤသို့လျှင် နှုတ်ဆက်မေးမြန်းကာ စကားရောမိကြ ၏။

'မင်္ဂလာ မောင်။ မောင့်နာမည်။ ဘယ်ကဘယ်ကို သွားမှာလဲ...'

'မင်္ဂလာ ဘ။ ကျွန်တော့် နာမည် ဘုန်းရှိန်ပါ'

'အလို ပေါက္ကံပြည်က မင်းသားဘုန်းရှိန်ဆိုတာပါလား'

'ဟုတ်ပါတယ် ဘ'

'ကိုင်း... ကြွပါ မောင်မောင်။ ဘတို့ အိမ်ကို'

'ဟုတ်ကဲ့'

*

ဘုန်းရှိန်ထံ၌ ထို ထိုရွာမှ လူကြီးများသည် ရောက်လာကာ

နှုတ်ခွန်းဆက်သကြ၍ ပျူငှာစွာနှင့်ရှိကြလေ၏။ ထိုအခါ ဘုန်းရှိန်သည် မိမိနှင့် ဦးစွာစတင်တွေ့၍ ခေါ်ယူလာသည့် လူကြီးအား ဤသို့မေးလေ၏။

'ဘ၊ ကျွန်တော်က ကျွန်တော့်နာမည်ကို ပြောရုံနှင့်ပင်… ဘက ကျွန်တော့်အား မင်းသားပါလားဟု ဘာကြောင့်သိပါသလဲ'

'အော်… ရုတ်တရက်တော့ ကျေးတော်မျိုးက မမှတ်မိပါ၊ နာမည်ကိုကြားမှပင် သိရပါတယ်'

'မိန့်တော်မူစမ်းပါဦး ဘ'

'ကျေးတော်မျိုးတို့၏ ရွာကလေးသည် ပေါက္ကံနိုင်ငံတော်နယ်မြေထဲတွင်ပါသော်လည်း ပေါက္ကံပြည်တွင် မင်းမှုထမ်းများ၊ လက်နက်ကိုင်တပ်များက မင်းမှု၍ တရားမဲ့ပြုကျင့်ကာ မင်းမူနေသောကြောင့် သွားလာရောက်ပေါက် ဆက်ဆံခြင်းမရှိဘဲ တစ်နှစ်တစ်ကြိမ်လောက် အခွန်တော်ဆက်သရန် အခါသို့ရောက်မှသာ ရောက်ပါသည်။'

'ဟုတ်ကဲ့'

'ကိုယ်တော်ကလေး တက္ကသိုလ်ပြန်လာ၍ လွှတ်တော်ကြီးသို့ ခမည်းတော်ကိုယ်စား တက်ရောက်ကာ စီရင်ခန့်ခွဲခြင်း၊ နေပြည်တော်ကို အေးချမ်းသာယာအောင် စီမံဆောင်ရွက်ခြင်းတို့ကြောင့် ပေါက္ကံပြည်မှာ အေးချမ်းသာယာစွာနေရပြီဟု သတင်းရလာသောကြောင့် ကျွန်တော်မျိုးတို့ သွားရောက်ကာ ရောင်းဝယ်ပါသည်'

'ဟုတ်ပါရဲ့လား'

'မှန်ပါသည်။ ထို့ကြောင့်… အခေါက်ခေါက်ဆိုသလို သွားလာရောက်ပေါက် ရောင်းဝယ်လို့ ငါးခေါက်လောက်ရှိတော့ တစ်နေ့ရာမှာ ကျေးတော်မျိုးတို့ ဆေးမြစ်များကို ရောင်းနေပါသည်'

'ဟုတ်ကဲ့'

'ထိုအခါ... ကျွန်တော်မျိုးတို့ထံမှာ အမှုထမ်းတို့က အကောက်ခေါက်ကောက်နေသည်တွင် ကိုယ်တော်ကလေး ရောက်လာ၍ 'ဟော့... ခင်းတို့လွန်လွန်းတယ်၊ သည်လိုပျံကျဈေးက ဈေးသည်ကလေးများ ဆီမှာ အကောက်ကောက်လို့ သူတို့မှာ စားစရာ ဘာကျန်တော့မလဲ၊ ချက်ချင်းပြန်ပေးလိုက်။ နောက်ကို မကောက်နှင့်။ ငါ အမိန့်ထုတ်ထား တာကို မောင်မင်းတို့ ဝန်များက မပြောဘူးလား။ ခင်ဗျားတို့ အကောက် မပေးရဘူး။ မပေးနှင့်။ ကျွန်တော့်ထံလာတိုင်။ ကျွန်တော်ဟာ ဘုရင့် ကိုယ်စားလွှတ်တော်တက်ပြီး စီမံ စီရင်နေတဲ့ မင်းသား ဘုန်းရှိန်လို့ ပြောသွားပါတယ်'

'အော် သည်လိုကိုး။ ကိုင်း... ဗျာ ညမှစကားစမြည်ပြောကြရအောင် ဘတို့လည်း မောလာကြတဲ့ လက္ခဏာ။'

*

'မင်းသားဘုန်းရှိန်၏ ညနေပွဲတော်စာအတွက် ဟင်းများလာ ဆောက် ပို့ကြသည် ဟင်းခွက်ပေါင်း လေးဆယ်ခန့် ရှိလေ၏'

မင်းသားသည် အလွန်အံ့သြ၏။ တောကလူများသည် ခေါက်ကျစ်စဉ်းလဲသည်။ ယုတ်ကန်းသည်ဟု ငါကြားခဲ့ဖူးသည်။ ယခု အတော်ပင်ဖြူစင်၍ ကျင့်ဝတ်ကောင်းရှိသူများပါတကားဟုလည်း အားဆကာနေပြီးလျှင် ဤသို့ဆိုလေ၏။

'ခင်ဗျားတို့ ညှော့ဝတ်ပြုတာလွန်နေပြီ။ ကျွန်တော်တစ်ယောက် တည်း သည်ဟင်းခွက်များကို ဘယ်လိုစားမလဲ ခင်ဗျာ'

'မင်းသား ဘုရား၊ ဘုရား ကျွန်မတို့ ဟင်းကို ကိုယ်တော်ကြည့် ဆာနှင့်ပင် ဝမ်းသာလှပါတယ် ဘုရား'

'ဘုရား ကျွန်မ ဈေးတောင်းကို မချနိုင်တော့ ကိုယ်တော်က ကိုင်း...

အစ်မ ကျွန်တော်ချပေးမယ်ဆိုကာ ဈေးတောင်းချပေးတဲ့ ကျေးဇူးကို မမေ့နိုင်လို့ပါ ဘုရား။ အဲဒီတုန်းက ဈေးဝယ်တဲ့ မိန်းမတွေက ရှင်တို့ သူ့ကို သိသလား၊ သူဟာ မင်းသား။ ရှင်တို့ တွေ့ကရာတွေကို ပြောနေ တာပဲ ဆိုတော့မှ မင်းသားမှန်းသိလို့ တို့မင်းသားဟာ သိပ်သဘော ကောင်းပါကလား၊ သိပ်ကို ချစ်ဖို့ကောင်းတာပဲဟု... ကျေးဇူးတင်လွန်း လို့ပါ ဘုရား'

မင်းသားလည်း ညစာစားရင်း တောသား၊ တောလိုတွေး တော ရောက် တောင်ရောက်၊ ဘယ်လို အမိပ္ပာယ်ရောက်သည်ဟု မသိကြဘဲ ဘာသာဘာဝ ပြောဆိုကြသည်ကို နားထောင်ရပြီးလျှင် အလွန်ဝမ်းသာ လျက် ဤသို့လည်း တွေးဆမိလေ၏။

နိုင်ငံတစ်ခု၌ အကျင့်ပျက်ကွက်ခြင်းသည် ရွှေမြို့တော် ပြည်ဖြစ် သည်။ ဘာကြောင့် ရွှေမြို့တော်နှင့် ပြည်မှာ အာဏာပိုင် ဝန်ကြီးများ၊ ဝန်များ၊ အရာရှိများနှင့် မင်းမှုထမ်းများ... များသောကြောင့်၊ 'မြို့သူဆန်း တစ်ဖွန်း၊ တောသူဆန်းက ခွက်လုံးမှောက်ဆိုတာ' မြို့ပြပြည်သူတို့နှင့် ကပ်လျက် နေသည့် မြို့ပြပြည်တို့နှင့် ဆက်ဆံကာ လူလည်လုပ်နေသော တောသူတောင်သားတို့ကို ရည်ရွယ်ကာ ဆိုထားသည့်စကားနှင့်တူသေ သည်။ စင်စစ် လူတို့သည် တောခေါင်လေ၊ အကျင့်ကောင်း၍ ရိုးသား လေ ထင်ပါရဲ့။

မင်းသားသည် ညစာစားပြီးသောအခါ လူကြီးများနှင့် ဤသို့ စကားပြောနေကြလေ၏။

မင်းသားဘုန်းရှိန်သည် ပညာကြီးသည်။ ဖြောင့်မတ်သည်။ ဉာဏ်ကြီးသည်။ အစွမ်းရှိသည်ဟု ကျော်ကြားနေသည့်အတွက် ကျေး တော်မျိုးများ အလွန့်ကို ဝမ်းသာနေကြပါသည်။

'ဘာ၊ ကျွန်တော် အစွမ်းရှိသည်ဆိုတာတော့ မဟုတ်ပါ'

'ကိုယ်တော်၊ ကိုယ်တော်ဟာ လူဆိုးကြီး ငစိုင်ကို လက်ရဖမ်းတာ အခွမ်းရှိလို့ပေါ့'

'ကျွန်တော် ပြောပြမယ်'

'မှန်လှပါ'

'ကျွန်တော် ရွာထဲမှာ ဆာတာနှင့် လျှောက်ကြည့်တော့ အုန်းပင်ပေါ်မှာ အုန်းသီးတွေကို မြင်ရတယ်ခင်ဗျာ၊ ရအောင်ကို မယူတတ်ဘူး'

'ဟာ ကိုယ်တော့်နှယ် ခက်ခက်ခဲခဲ၊ ပေါင်ခွင်ထိုးတက်ပြီး...'

'အဲသည် ပေါင်ခွင်ထိုးပြီးမတက်နိုင်တာဟာ အစွမ်းမရှိလို့'

'ကိုယ်တော့်နှယ် မဟုတ်တာ၊ မောင်ညာဏ်သီးရဲ့ သား ဆယ်နှစ်သား ငခွေးတောင် သည်အုန်းပင်အနိမ့်ကလေးကို တက်နိုင်သေးတယ်'

'ကျွန်တော် ငခွေးလောက်ကို အစွမ်းမရှိဘူး။ လူဆိုးကိုသာ ဖမ်းနိုင်တယ်၊ ဝမ်းစာအတွက် ဘာမှမတတ်နိုင်။ ဝမ်းစာအတွက် မတတ်နိုင်တဲ့ လူဟာ အစွမ်းမရှိတာဘဲ'

*

'ကိုယ်တော် စကားမစပ်၊ ယခုဘာကိစ္စ တစ်ကိုယ်တော်တည်း ဒသ့်လည်တော်မူလာပါသလဲ'

'သလ္လာဝတီပြည်သို့ သွားမလို့'

'ဘာကိစ္စ၊ လက်စွဲတော် ရံရွေတော်တို့လည်း မပါပါလား ကိုယ်တော်'

'ကျွန်တော် သလ္လာဝတီပြည်မှာ မင်းလုပ်ဖို့ရန် မင်းသမီးကလေးတစ်ဦးက ဖိတ်ထားတာနှင့် လာတာပါ'

'ကိုယ်တော် သည်လိုဖြင့် ကြွတော်မမူနှင့်၊ သလ္လာဝတီပြည်ဆိုတာကောင်းတဲ့ပြည်မဟုတ်ပါ ဘုရား'

'အလို... ဘယ့်နှယ် ဘာ'

ကိုယ်တော် သလ္လာဝတီနိုင်ငံတော်ကြီးသည် အလွန်ကျယ်ပြန့်သည့်အတိုင်း ရွှေပြည်တော်နှင့် ရွှေမြို့တော်သည်လည်း မြို့ရိုးသုံးထပ်ကျုံးသုံးထပ်နှင့် အလွန်ကြီးကျယ်ခမ်းနားပါသည်။ ထိုသို့ ခမ်းနားသည့်အတိုင်း သောင်းပြောင်းရောရာ လူတို့ဖြင့် အလွန်စည်ကားပါသည်။ ထိုသို့ စည်ကားသည့်အတိုင်း လူရှုပ်၊ လူမွေ၊ လူနောက်၊ လူဆိုး၊ သူဆိုး၊ ဆေးရူးသမား၊ အရက်သမား စသည်တို့ဖြင့် အလွန်ပေါများသဖြင့် လူဆိုး၊ လူမိုက်တို့နေရာ ပြည်ကြီးဟု ကျေးတော်မျိုးတို့ ခေါ်ဆိုပါသည်။

'အင်း...'

'မင်းနှင့်တကွ အလွန်ရမ်းကားပါသည်'

'ဘယ်လို'

'ဘုရင်မင်းမြတ်က သူဟာ ရသေ့ရဟန်းတို့၏ဒကာ၊ ဒါယကာကြီးဘွဲ့ကိုယူ၍ စိပ်ပုတီးကို လက်ကမချဘဲ နေ့တိုင်းကသိဏ်းဝင်စားသတဲ့။ တကယ့်ရသေ့ ရဟန်းဒါယကာတော်။ သူ့ပြည်မှာ တစ်ပြတွင်သေရည်ဆိုင်တစ်ဆိုင်၊ ကစော်ဆိုင်တစ်ဆိုင်စီ ရှိကြပါသည်။ ရွှေမြို့တော်အတွင်းမှာတော့ ပျားလဘို့လိုပဲ သေရည်ဆိုင်၊ ကစော်ဆိုင်တို့သည်သောက်သောက်လဲလို့။ ညနေ၊ ညခင်းများကျတော့ မူးရူးကြပြီး ဆဲသံဆိုသံ၊ အော်သံတညံညံ၊ ရန်ဖြစ်တာက တဲ့ဆိုသူ၊ အဝတ်မပါဘဲ လမ်းလျှောက်တဲ့ အမူးသမားကမရှား။ လုံကွင်းလည်ဝယ်ရောက်ကာ ငါကွ၊ ငါမြဲပေါက်တူးရဲ့ ယောက်ဖ ဘယ်သူ့လူထင်ရမလဲ ကြိမ်းပသံလည်း ညတိုင်းတညံညံ'

'အော်...'

'နေ့ကြောင်တောင်မှာပင် လမ်းမှာ အတုံးအရုံးနှင့် မူးလဲနေသူမှမရှား'

'အင်း'

'အဲသည်တော့ အမှုအခင်းထူထပ်လိုက်သည်မှာ ရုံးများသည် ဈေး...နေပါသည်။ နေ့ကြောင်တောင် လုယက်မှု၊ ဓားပြတိုက်မှု၊ လူကိုဖမ်း...ဆောင်မှုတို့ အလွန်ပေါပါသည်။'

'သည်လောက်ပဲလား'

'ကိုယ်တော်... သည်ထက်ဆိုးလျှင်သာ ဆိုးပါမည်။ ကြွတော်...ပါနှင့်။ သည့်အထဲ ဘုရင်အစိုးရအဖွဲ့က... ဘာကြောင့် အမှုအခင်း...ပ်သလဲဟု အစုံအစမ်းပြုစေသတဲ့။ ဖြစ်ပုံ ဖြစ်ပုံ ရယ်စရာ'

'ဒါကိုသည်လိုပဲ ဘုရင်မင်းမြတ်က အခွင့်ပြုထားသလား'

'ကိုယ်တော့်နှယ် ဘုရင်ကရသေ့ရဟန်း ဒါယကာကြီးလုပ်ပြီးလျှင်...စံနေ၊ ကသိုဏ်းကွင်းကြည့်နေ၊ ဆိုင်ရာအာဏာပိုင်များက အမဲသား...သော၊ ဝက်ခြေထောက် နှစ်ချောင်း၊ ဝက်နားရွက်တစ်ဖက်၊ ...ဆိုင်၊ ကစော်ဆိုင်ဖွင့်လိုသူက လာရောက်ကာ တံစိုးထိုးလျှင် ဖွင့်...တော့ပြီ။ သာယာစည်ပင်လှသော သလ္လာဝတီမြို့ကြီး... ...ကြောင်တောင် တံခါးပိတ်နေကြရသည်။ တရားရုံးများ...လည်း ...လိုက်စား၊ နိုင်အောင်သာလုပ်လုပ်၊ နိုင်ရင် တရားတာပဲ...'

'ဘာရယ်...၊ ဘာ ပြောသလိုဖြင့်'

'ကိုယ်တော် လုပ်ကြံပြောသလို့များ ထင်တော်မမူပါနှင့်။ မင်းသမီး...ကလည်း တကယ့်မင်းသမီး။ ကျေးတော်မျိုးတို့ သစ်စေးနှင့် ချိပ်...ခောင်းတုန်းက တွေ့ခဲ့ရပါသည်။'

'ဆိုစမ်းပါဦး ဗျာ'

'ဈေးတန်းမှာ ဝက်သားသည်နှင့် ကြက်သားသည် ရန်ဖြစ်ကြရာ ...သားသည်က ဝက်သားခုတ်သော ဓားနှင့်၊ ကြက်သားသည်က ...သားလှီးသော ဓားချွန်းကြီးနှင့် ခုတ်ကြ၊ ထိုးကြမည်ဟု တကဲကဲ

ဆဲလိုက်ကြသည်မှာလည်း နားမချမ်းသာ၊ အရမ်းကာရော ဗရုဇ
ကြမ်း၍ နေကြတော့ပြီ။

'မင်းမှုထမ်းများ မရှိဘူးလား'

'ရှိကြပါ၏။ သူတို့က ဝက်မြီး၊ ကြက်ခေါင်းနှင့် ကြက်ခြေထော
အမြဲရနေ၍ သဘောရှိပေါ့'

'အော်'

'ဟော မင်းသမီးတင့်အုံရောက်လာပြီ...။ 'ဟော့ဟော့ ကောင်မ
မိန်းမချင်း ရန်ဖြစ်တာ လက်နက်တွေကိုင်လို့၊ တကတဲ မခံကော
မခံသီးတော်၊ ချလိုက် လက်နက်တွေ။ ညည်းတို့တကယ် အစွမ်းထက
ဘယ်သူကသာပြီး ထက်သလဲ သိရအောင် တစ်ယောက်နှင့်တစ်ယော
လှန်ပြကြတဲ့။ တကယ့် မင်းသမီး စကားပါပဲ ကိုယ်တော်'

'ပြကြရောလား ခင်ဗျာ'

'ဘာပြမှုမလဲ ငြိမ်တော့ငြိမ်သွားတာပါပဲ'

'ဘတို့ မမြင်လိုက်ရတာနာတာပေါ့၊ ဘယ်သူက အစွမ်းထ
တယ် ဆိုတာကို မမြင်လိုက်ရတော့ဘူး ဟုတ်လား'

'ဟာ... ကိုယ်တော်ကလည်း၊ ကျေးတော်မျိုးတို့ နိုင်ငံသား
သည် မောရိယပြည်သားများလို မဟုတ်ပါဘူး'

'မောရိယပြည်သားများက ဘယ်လိုလဲ'

'ကြားဖူးတာပါပဲ ဘုရား'

'ပြောစမ်းပါဦးဘ'

'မောရိယပြည်မှာ တစ်နှစ်တစ်ကြိမ် မိန်းမလှပြိုင်ပွဲလုပ်ပါသည်'

'ဟုတ်ကဲ့'

'ကြည့်သူများက... အနည်းဆုံး အသပြာတစ်ကျပ်ပေး၍ ကြ
ပါသည်တဲ့'

'ဟုတ်ပြီ'

'အလှပြသော မိန်းမများက သူတို့ရဲ့ လက္ခဏာကို အဝတ်ပါးပါး လေးနှင့်သာဖုံးထားပါသည်တဲ့။ ထားသော်လည်း ကွင်းကွင်းကွက် ကွက် သရုပ်ပေါ်နေပါသည်တဲ့။ ပေါ်သည်မှ သေသေချာချာကို ပေါ်ပါ သည်တဲ့။ ပေါင်ရင်းခွအထိ၊ ခါးရင်ဘတ်တို့တော့ အသေအချာဖော်ပြ ပါသည်တဲ့။ မောရိယက ယောကျ်ားများကတော့ လူကြီးလူငယ်မရှောင်... ဘက်ကျားအိုကြီးများပါမကျန် သူ့ထက်ငါ ကြည့်ကြ၍ အသပြာ ငါးထောင်စနှံ့ပင် ရပါသည်တဲ့'

'ဘလည်း တော်တော်စုံတာပဲ'

'ရောင်းရေးဝယ်တာနှင့် သွားရတော့ ကိုယ်တော်၊ နယ်စုံက လူစုံ နှင့် တွေ့ရတာကိုး'

'ဟင်း...'

'ကိုယ်တော် သလ္လာဝတီပြည်ကိုတော့ မကြွလိုပါနှင့်။ သည်ရွာ လေးမှာပင် နေတော်မူပါ။ အလွန်အေးချမ်းသာယာပါသည်။ မြို့ပြည် နှင့်ဝေး၍ သူခိုး၊ ဓားပြ၊ လူဆိုးသူဆိုးမရှိ။ အသောက်သမား၊ ကစား သမားမရှိ။ အိမ်များ၌ တံခါးတပ်မထားသည်ကိုပင် ရှုတော်မူပါ။ နေ့ ခင်းအလုပ်ခွင်ကိုသွားကြသောကြောင့် ယနေ့လိုပင် ရွာမှာလူရောခွေး ကောင်မရှိသည့်နေ့ကများပါသဖြင့် အလွန်အေးချမ်းပါသည်။ ကျေးတော် တို့၏ ရွာမှာသာ စံနေတော်မူပါ'

'ဘရယ် စကားလိုဖြင့် မြို့ပြပြည်ရွာနှင့် နီးသောနေရာမှာ လူဆိုး၊ သူခိုး၊ ဓားပြထူထပ်တာပေါ့'

'မှန်ပါသည်။ အမှီမရှိသောအသည်များ ဆိုးသွမ်းခဲ့ပါလျှင် ဖမ်း၍ ပေးသောကြောင့် မဆိုးဝံ့ကြပါ။ ဆိုသမျှ ရမ်းသမျှသည် မင်းမှု ထမ်း မင်းမှုထမ်းတို့၏ လူစုများသည် များနေပါသည်။ လူဆိုး၊ သူဆိုး

များသည် ဝန်ကြီးဝန်ကလေး၊ မင်းကြီးစိုးကြီး၊ အမတ်များနှင့် အမှု
များထံက ထွက်သည်ဟု ပညာရှိကြီးဦးမာတလိက စာဆိုမိသောကြေ
ရွှေပြည့်ဝန်အမှုထမ်းကဖမ်းပြီး ထောင်းသဖြင့် ဦးမာတလိသည်
တစ်ဖက်စောင်းနေပါသည်။ သေရာပါပါတော့မည်။

*

မင်းသားဘုန်းရှိန်သည် ထိုအိမ်ခြေနှစ်ဆယ်ရှိ ရွာကလေး
နှစ်မြိုက်ပျော်မွေ့စွာ သုံးရက်နေပြီးနောက် သလ္လာဝတီပြည်သို့ ခရီးထွ
လေ၏။

ဘုန်းရှိန်သည် သလ္လာဝတီသို့ ရောက်လတ်သော် ကုန်သည်
နှင့်အတူ ဇရပ်တစ်ခုတွင် တည်းခိုနေ၏။ နောက်တစ်နေ့တွင် ဈေးတ
သို့ သွားရောက်ကာ ကြည့်နေသည်တွင် 'မောင်တော် မောင်တော်'
ခေါ်သောအသံကိုကြား၍ ဘုန်းရှိန်သည် နောက်သို့ လှည့်ကြည့်လိုက်
တင့်အုံနှင့်အတူ လာနေသော ထောင်ကဲကို မြင်သဖြင့် ကြည်သောမျက်
နှင့် ကြည့်နေလေ၏။

'မောင်တော်ထောင်၊ ဒါဟာ တင့်တို့နဲ့အတူ တက္ကသိုလ်ကျေ
တော်မှာ ပညာအတူသင်ဘက်ဖြစ်တဲ့ ပေါက္ကံပြည်က မင်းသားဘုန်
ပါတဲ့...'

'အော်... တွေ့ရတာ ဝမ်းသာပါတယ်။ ခုဘယ်မှာ တည်းခို
မှုပါသလဲ...'

'ဇရပ်မှာ...'

'အောင်မယ် ဘယ့်နှယ်ဇရပ်မှာတည်းရတယ်လို့၊ ဖြစ်မှဖြ
လေ။ ကိုင်း အိမ်တော်ကို သွားကြမယ်။ ဝန်စည်စလယ်များ ဘယ်မှ
မိတ်ဆွေ...'

'ဇရပ်မှာပါ...'

'ကိုင်းလာ ဇရပ်သို့သွားမယ်...'

ဇရပ်သို့ရောက်သော် ထောင်ကဲသည် ဘုန်းရှိန်၏ ဝန်များကို ...၍ သွားရန်ပြုရာ ဘုန်းရှိန်ကလည်း 'ဟာ မတော်ပါဘူး၊ ကျွန်တော် ...မယ်' ဟု ဆွဲယူနေသဖြင့် တင့်အုံလည်း 'တကာတဲပေးပါ သည်ဝန် ...လေးကို၊ တင့်အုံ ရွက်ခဲ့ပါ့မယ်' ဟု ဆွဲယူလေ၏။ ထိုအခါ ထောင်ကဲ ... ဤသို့ဆို၏။

'သည်မင်းသမီးဟာ အတော်အမြင်မတော်လုပ်ပါလိမ့်မယ်။ ...ကျွားနှစ်ယောက်က မိန်းမတစ်ယောက်ကို အထုပ်ရွက်ခိုင်းပြီး ခေါ် ...ဘယ်...၊ အတော့်ကို ရက်စက်တဲ့ ယောကျ်ားနှစ်ယောက်။ ...ကျ်ားဆိုတဲ့အတိုင်း၊ ကျားလိုပဲဟုဆိုကုန်ပါ့မယ်...'

ထိုခဏ၌ အမှုထမ်းတစ်ယောက်သည် ရောက်လာ၍ 'ကျွန်တော် ...ပါ့မယ်' ဟု အထုပ်အပိုးကို တောင်းလေ၏။ ထောင်ကဲလည်း ... လာပြီး မင်းတံစိုးမထိုးနှင့်၊ ငါနိုင်တယ်' ဆိုကာ အခွင့်မပြုဘဲ၊ ...ကြတော့မည် ပြုရာ ရထားပေါင်းချုပ်ရောက်လာသဖြင့် ရထားပေါ်၌ ...ကာ သွားကြလေ၏။

*

ဘုန်းရှိန်သည် တင့်အုံတို့နှင့် နံနက်စာကို စားပြီးကြ၍ စကား ...များကို ပြောနေကြရာ တင့်အုံတို့သည် ထောင်ကဲ၏အနား၌ ...သဖြင့် ထောင်ကဲသည် ဤသို့ဆို၏။

'ဘိပ်ထားတင့်၊ ဟိုအနား ခပ်ဝေးဝေးမှာ ထိုင်ပါ...'

'ဘာလဲ၊ နံလို့လား...'

'ခက်ပါတယ်၊ လူကိုမြင်ရင်သိရတယ်။ ကိုယ့်ညှေ့သည်ဟာ

ဘယ်လိုညှော်သည်ဆိုတာ သိမှပေါ့။ ထိပ်ထားတင့်ရယ် အင်မတ
သန့်စင်တဲ့ယောကျ်ား၊ တကာတဲ မျက်စိနောက်ပြီး ညှော်သည်ထွက်ပြေး
ရှာရာမရ ခက်နေပါဦးမယ်...'

'ကတဲတော်... ဒါထက် အတင့်တောင်းပန်ပါရစေ၊ မောင်တေ
ရှိန်...'

'မိန့်တော်မူပါ...'

'သလ္လာဝတီပြည်ကြီးမှာ အိမ်ရှေ့ကိုယ်တော် မရှိသေးသောကြေ
အိမ်ရှေ့မင်းအဖြစ်ကို လက်ခံတော်မူပါ။ တင့်ခမည်းတော်ထံမှာ တင်
စေ...'

'သည်က အကြည်တော်...'

'အကြည်တော်လုပ်မနေစမ်းပါနှင့်၊ ကျွန်တော် မင်းသားမဟု
ပါ...'

'ဘယ့်နှယ် မိန့်တော်မူပါသလဲ။ မင်းသမီး၏ ကြင်ဘက်တေ
သည် ဘုရင်မင်းမြတ် သဘောညီပြီးက မင်းသားစာရင်းဝင်၊ ဒါကြေ
အကြည်တော်မို့ အကြည်တော်ပါ။ အကြည်တော်ကို အိမ်ရှေ့မ
ခန့်ထားရန် ဘုန်းတော်ကြီးဘုရားထံမှာ လျှောက်ထားမလို့ လာခဲ့ရ
ပါ...'

'ဟာ... မတော်တာ မိတ်ဆွေ၊ ကျွန်တော်ဟာ စာကိုမှ မတ
ဘဲနှင့် မထိုက်မတန်...'

'အကြည်တော်။ စာဆိုတာ သင်ရင်တတ်တယ်၊ ခဏကလေး
အကြည်တော်ရဲ့ သမ္မာတော်က မင်းဧကရာဇ်အဖြစ်နှင့် ထိုက်တန်
အိမ်ရှေ့မင်းခန့်ထားသည်ကို လုပ်ရမယ်...'

'မဖြစ်ပါဘူး။ ဘယ့်နှယ်။ ကျွန်တော်ထွက်ပြေးချင်ပြီ...'

'မတောက်တခေါက်များ မလုပ်နှင့်နော် ဒါပဲ...'

'ဘာလုပ်ဦးမှာလဲဗျာ...'

'ထွက်များပြေးရင်တော့ ပွဲတော်စာကိုမယူဘဲ သေသည်အထိ ငိုနေ ...'

'ကိုင်း မခက်ဘူးလား မိတ်ဆွေ၊ မိန်းမဆိုတာ အင်မတန်ခက်တယ်၊ မိန်းမများကို မ ခက်လို့ နာမည်မှည့်ရကောင်းတယ်။ မိတ်ဆွေ ... အိမ်ရှေ့မင်းအဖြစ်ကို လက်ခံတော်မူပါ...'

'မဟုတ်ဘူး အကြည်တော်၊ အကြည်တော်ဟာ အိမ်ရှေ့မင်းအဖြစ် ... လက်ခံဆောင်ရွက်ရမယ်...'

'မဖြစ်ဘူးလေ...'

'အကြည်တော်ဟာ မင်းသမီးကိုယူရလို့သာ ထောင်မှာသွင်းပြီး ... ဆင်းရဲခြင်းကို ခံရတော့မယ်လို့ ဖြစ်ရာမှလွတ်လာပြီး အိမ်ရှေ့မင်း ... ရင် တစ်ခါ ထောင်ထဲရောက်နေရဦးမယ်...'

'ဟာ ထိပ်ထားတင့်ရယ်၊ ထိပ်ထားတင့်ဟာ သိပ်ကိုနှိပ်စက်တာပဲ ... နှယ် အိမ်ရှေ့မင်းလုပ်ရဦးမယ်လို့ ကြကြစည်စည်၊ ဖုံကြီးကို ... ဘော်ထဲမှာ တီးရမယ်လို့'

'အကြည်တော် တစ်ခုသတိပြုနော်'

'မိန့်တော်မူပါ မိတ်ဆွေ'

'အကြည်တော်သည်အလိုရှိမှုကို အလွန်သည်းခံနိုင်သော ... ၏၊ ဤစကားသည် မမှား'

'သားပါတော့'

'မထားနိုင်၊ မှန်ရမည်'

'ဆိုတော်မူပါ'

'အကြည်တော်၏ ရုပ်လက္ခဏာကို မြင်ရခြင်းဖြင့်၊ အကြည်တော် ... အသံကိုကြားရခြင်းဖြင့်... ယခု အကြည်တော်၏ မိဘများသည်

ရှာန်နှင့် မွှေ့လျော်နေသော ပရိဗိုဇ်များဖြစ်ကြသည်။ 'မှားသလား'

'မှန်ပါတယ် မောင်တော်ရှိန်၊ ကောင်းကင်ခရီးဖြင့် တစ်ကြိမ်ကြ
လာတော်မူ၍ ဆွမ်းရပ်သွားပါပြီ'

'အကြည်တော်၏ မိဘတို့သည် မိခင်ဖခင်တို့၏ စကားကို န
ထောင်၍ အိမ်ထောင်ပြုကြသော်လည်း... အိမ်ထောင်သည်တို့၏
သဘောကို ကင်းရှင်းစွာနေလာခဲ့ကြရာ သလ္လာဝတီပြည်၌ မင်းကော
မင်းမြတ်ကို အလိုရှိသဖြင့် အိပ်ရာခန်း၌ တစ်ကြိမ်သာ အတူဝင်ခဲ့
အကြည်တော်ကို မြင်ခဲ့သည်။ အကြည်တော် အရွယ်ရောက်လတ်သေ
ပရိဗိုဇ်ပြု၍ တောသို့ ဝင်တော့ပြီ'

ထောင်ကဲ လူကြမ်းသည် မျက်ရည်စက်လက်နှင့် ငေးနေလေတေ
၏။ ဘုန်းရှိန်သည်ဆက်၍ ဤသို့ ပြောပြန်၏။

'အကြည်တော်သည် အလိုရမ္မက်၌ နည်းသည်။ တစ်နည်း
ချုပ်တည်းနိုင်သည်။ ထိုသို့သော သူသည် ကာမဘုံသားဖြစ်လင့်က
ကာမဂုဏ်ကို စည်းကမ်းသပ်နိုင်သော ယောကျ်ားဖြစ်ချေ၍ သမ္မာ
ယောကျ်ား ဖြစ်ချေသည်။ သမ္မာရှင်ယောကျ်ားသည် အဘယ်ကြော
ကေရာဇ်မင်းအဖြစ်နှင့် မထိုက်တန်ရမည်နည်း။'

'အဆွေတော်၊ ကျွန်တော်ကား အတတ်ပညာ၌ ကန်းပါသည်
'အကြည်တော် မစိုးရိမ်ပါနှင့် စာကို စာလုံးနှင့် အသံကိုသိပြီးနော
အကြည်တော်သည် တစ်ရက်နှင့် တတ်နိုင်ပါသည်။ သူတကာ တစ်
သင်သော အတတ်ပညာကို တစ်လနှင့် တတ်နိုင်ပါသည်။ အကြည်တေ
သည် စာကို ရေးတတ်ဖတ်တတ်ပြီးနောက် ပေကို ပုရပိုက်ကိုလေ့
ဆည်းပူးခြင်းအားဖြင့် အတတ်ပညာရှိ ဖြစ်နိုင်ပါသည်။ မစိုးရိမ်ပါနှ
ယနေ့ကစ၍ စကြပါစို့၊ မိဖုရားခေါင်ကြီးလျာရယ် ကိုယ့် ကြင်ဖေ
တော်ကို စာအတတ်ပညာများနှင့် ဖျော်ဖြေစမ်းပါ'

'ဟုတ်တယ်၊ သူ့မှာ မွေးဖို့ချည်းပဲ'

'မွေးချင်တာကိုး၊ မောင်တော်က ဘာကြောင့် မွေးချင်အောင် ရှိရသလဲ'

'ကိုင်း အကြည်တော်၊ စိတ်အားမငယ်ပါနှင့်'

*

ဘုန်းရှိန်သည် မင်းသမီးတင့်အုံ၊ ကြင်ဖက်တော် ထောင်ကဲတို့၏ ညှို့သည်တော်အဖြစ်နှင့် တစ်လခန့်နေပြီးနောက် သလ္လာဝတီဘုရင်မင်းမြတ်၏ တစ်နေ့သော ညီလာခံတွင် တင့်အုံသည် ၎င်း၏ ကြင်ဖက်တော် ထောင်ကဲ၊ ညှို့သည်တော် ဘုန်းရှိန်တို့နှင့် ဝင်ရောက်ခစားလေ၏။

ဘုရင်မင်းမြတ်သည်ကား တိုင်းရေးပြည်ရေးတို့ကို မေးမြန်း စိစစ်တော်မူပြီးသောအခါ ဤသို့ မေးတော်မူလေ၏။

'သမီးတော်၊ တင်စရာ အကြောင်းစကားများ ထူးသလား'

'ထူးကြောင်းပါ ဘုရား'

'တင် သမီးတော်'

'ပေါက္ကံနေပြည်တော်မှ မင်းသားဘုန်းရှိန် ညှို့သည်တော်အဖြစ်နှင့် အလည်ရောက်လာခိုက် ခမည်းတော်၏ စက်တော်အောက်သို့ ခစားရောက်ကြောင်းပါ ဘုရား'

'အင်း ဝမ်းသာတယ်၊ သားတော်မောင် အကြည်တော် စေရကျော်ထင် မင်းတရားကြီးနှင့် မိဖုရားမြတ်များ၊ နန်းတွင်းသူ နန်းတွင်းသားများ ကျန်းခန့်သာလို့ ကိုယ်စိတ်နှစ်ပါး အေးမြစွာရှိကြပါရဲ့လား'

'ရွှေဘုန်းတော်ရှင် မေတ္တာကြောင့် အေးမြစွာ ရှိကြကြောင်းပါ ဘုရား'

'တိုင်းသူပြည်သား မှူးမတ်များကော ဝမ်းသာအားရနှင့် ရွှင်မျော်ကြပါရဲ့လား'

'ရေတွေ့သော ကြာကဲ့သို့ပါ ဘုရား'

'ဝမ်းသာတယ် သားတော်မောင်'

'ဘုရားသားတော် စက်တော်စုံခိုလှုံ၍ တင်ပါရစေဘုရား'

'တင်...'

'သလ္လာဝတီနိုင်ငံတော်ကြီးသည် ကျယ်ပြန့်လှပါသည်။ နေပြည်တော်သည်လည်း မြို့ရိုးသုံးတန်၊ ကျုံးသုံးတန်ပတ်ရံကာသဖြင့် ကြီးကျယ်စည်ကားလှပါသည်။ သို့သော် အိမ်ရှေ့ကိုယ်တော်လိုနေကြောင်းပါဘုရား'

'အင်း... ဟုတ်တယ်၊ အကြောင်းမပြည့်စုံဘဲကိုး'

'ပြည့်စုံပါပြီ ဘုရား'

'ဘယ်လိုလဲ၊ တင်သားတော်မောင်'

'သားတော်မောင်ကဲအား၊ အရာအထောင်သော မင်းသားတို့ထက်ကဲလွန်ပါသောကြောင့် အိမ်ရှေ့တော် ခန့်ထားသင့်ကြောင်းပါ ဘုရား'

'သဘာ'

'ကျေးတော်မျိုး နန်းရင်းဝန်ကြီး တင်ပါရစေ ဘုရား'

'တင် သူကောင်းတော်ကြီး'

'မင်းမျိုး၊ မင်းရိုးမဟုတ်၍ မသင့်ကြောင်းပါ ဘုရား'

'သားတော် ဘုန်းရှိန်တင်ပါရစေ ဘုရား'

'တင်...'

'ကမ္ဘာအစ မဟာသမတမင်းသည် မည်သည့်မင်းမျိုးမင်းရိုးမှ မဟုတ်ပါ၊ ခတ္တိယနွယ်စင်၊ လယ်သမားပင်လျှင် ဖြစ်ကြောင်းပါ ဘုရား'

'ဆိုဗျာ နန်းရင်းဝန်ကြီး'

နန်းရင်းဝန်ကြီးနှင့်သော သဘာသည် တိတ်လျက်သာနေသဖြင့် ဘုန်းရှိန်သည် ထပ်၍ ဤသို့တင်ပြန်လေ၏။

'ရွှေဘုန်းတော်ရှင်ဘုရား၊ မျိုးရိုးဟူသည်ကား အကျင့်သာလျှင် ဖြစ်ပါသည်။ အကျင့်သည် သမ္ဘာဖြစ်ပါသည်။ သားတော်မောင် မင်းထောင်ကဲသည် သမ္ဘာတော်ရှင့်ဖြစ်သည့်အတိုင်း လက်ရုံးတော်အား နှင့် ဘုဘက်ကင်းမဲ့သော ယောကျ်ားမြတ် ဖြစ်ပါသည်။ ဖြစ်သည့်အတိုင်း ည်း နိုင်ငံတော်အဝန်း၌ မည်သို့သော ရန်သူတော်မျှ ထိခိုက်၍ မပြုဝံ့ ၊ ရွှေမြို့တော်၊ ပြည်တော် ရွှေကြိုးသတ်မှတ်ရာ နယ်မြေ၌ သေတင်း ပ်တို့သည် ပျောက်ကွယ်သွားရသောကြောင့် ပြည်သူတို့အားလုံးသည် င်ပြုံးခြင်းဖြင့် အထူးနှစ်သက်ပျော်မွေ့ကာ ရှိကြကြောင်းထင်ရှား ပါသည် ဘုရား။ ထို့ကြောင့် သားတော် မင်းထောင်ကဲအား အိမ်ရှေ့ ာ်ခန့်ထားရန် နှောက်ကျ၍ပင် နေကြောင်းပါ ဘုရား'

'ဘယ့်နှယ် နန်းရင်းဝန်ကြီး'

'နှလုံးရည်လိုပါသေးကြောင်းပါ ဘုရား။ တိုင်းပြည်ကို ချုပ်ရန် မင်းယောကျ်ားတို့၌ လက်ရုံးရည်၊ နှလုံးရည်ရှိရပါမည်။ မင်းတို့ မည်သည် အောင်ရမည်အတိုင်း အောင်နိုင်ပါမည်။ ကြောင့် မသင့်ပါ ဘုရား'

'ငဘုန်းရှိန် တင်ပါရစေ ဘုရား'

'တင်ဗျား'

'သားတော်မောင်ထောင်ကဲ၏ နှလုံးရည်မှာ ပြိုင်ဘက်ကင်းမဲ့စွာ ပါ ဘုရား။ ရာဇသတ်၊ ဓမ္မသတ်၊ သျှတ္တရတို့၌ ကဝိအမော်ခေါ်၍ လောက်သူပါ ဘုရား'

'ဘယ့်နှယ် နန်းရင်းဝန်ကြီး'

'ယခုပညာရှိသဘာ၌ ခက်ခဲနက်နဲသော တရားထုံးရှိနေပါသည်။

ထိုတရားက စိရင်ဆုံးဖြတ်ပါစေဘုရား'

'ယခုပင် တင်ပြပါစေ ဘုရား'

'နက်ဖြန်ညီလာခံသဘင်အလယ်တွင် တင်ပြပါမည် ဘုရား'

'သင့်လျော်ကြောင်းပါ ဘုရား'

'ယနေ့ ညီလာခံကွဲ'

ဘုန်းရှိန်၊ ထောင်ကဲ၊ တင့်အုံတို့သည် တင့်အုံ၏ အိမ်တော်၌ နံနက်ပွဲတော်စာကိုယူပြီးနောက် ပျော်ပျော်ပါးပါးနှင့် ဤသို့လျှင် စကား လက်ဆုံကျနေကြလေ၏။

'သမ္ဘာတော်ရင်မှာ အရာပေါ်ပြီး ထင်လာရမယ်'

'အဆွေတော် မမြွက်အပ်၊ မှူးမတ်တို့က သဘောမကျနိုင်ကြ ပေဘူး'

'ဟုတ်ပါတယ်။ ဘာကြောင့်လဲ နှမတော်တင့်အုံ'

'တင့်အုံ သိပေါင်'

'ဒါ ပညာတတ်တဲ့'

'တခြားစီပါ မောင်တော်ရှိန်'

'မခြားဘူး၊ ကိုယ့်တိုင်းကိုယ့်ပြည်ပေါ်မှာ အမြစ်စူးစမ်းဆင်ခြင် ထောက်လှမ်းရမယ်'

'မိန့်တော်မူပါ'

'ယခုပြည်တော်တစ်ဝိုက်မှာ ရွှေမြို့တော်နှင့်တကွ သေတင်းကုပ် များသည် ပျောက်ကွယ်လေပြီ။ ထိုသို့ ပျောက်ကွယ်သည်နှင့်အညီ လူဆိုး သူဆိုးကင်းရှင်းသွားလေပြီ။ ၎င်းတို့နှင့် ကွင်းဆက်ပြု၍ အလောင်း အစားပိုင်းများတို့လည်း တိမ်ကောနေလေပြီ။ ထို့ကြောင့် မင်းမှုထမ်းဆို သူတို့၌ လာဘ်သပ္ပကာ တံစိုးလက်ဆောင်တို့ပါးရှားလေပြီ။ ထိုသို့ ပါးရှားသဖြင့်... ဝန်ကြီး၊ အမတ်စသည့် အာဏာပိုင်တို့မှာလည်း

သာတ်တိတ်ပြီးသော် မိုးခေါင်နေလေပြီ။ ထိပ်ထားတင့်အုံ ကြင်ဖက်ရှာမမှားသောကြောင့် မိုးကွက်ကြားရှာနေသဖြင့်... ဝန်ကြီးစသော မှူးမတ်စုက မနှာလိုကြခြင်း သဘောပါပဲ’

‘ဟုတ်ပါပေတယ်’

*

နောက်တစ်နေ့ညီလာခံ၌... မောင်ဘုန်းရှိန်၊ ထောင်ကဲ၊ တင့်အုံတို့သည် ညီလာခံသို့ တက်ရောက်ကြရလေ၏။

ထိုညီလာခံ၌ နန်းရင်းဝန်ကြီးသည် ပညာရှိ အဖွဲ့သို့ရောက်နေ၍ ပညာရှိများပင် မဆုံးဖြတ်နိုင်သော ဤသို့ဖြစ်သည့် တရားတစ်ထုံးကို တင်ပြလေ၏။

အရှေ့ပြင်သူဌေးကြီး ဦးညီငယ်သည် ငယ်ပေါင်းဖြစ်သော သူဌေးကတော် ကွန်လွန်သွားသောအခါ သမီးကလေးတစ်ယောက် မိစာဟု ချန်ခဲ့၏။ ဦးညီငယ်သည် ငယ်ပေါင်းမယားကြီး ကွယ်လွန်သွား၍ ငါးနှစ်ကြာရှိသောအခါ ပန်းသည်မတစ်ယောက်နှင့် တရားဝင် အိမ်ထောင်ပြု၏။ ပန်းသည်မမှာလည်း မိစာနှင့်ရွယ်တူ မိညွာဟူ၍ သမီးတစ်ယောက်ပါလာလေ၏။

ဦးညီငယ်သည် ပန်းသည်မနှင့် ပေါင်းသင်းဆက်နွှဲလာရာ နှစ်ကာလအတော်ကြာသောအခါ ပန်းသည်မသည် ကွယ်လွန်သွားပြန်လေ၏၊ ထိုအခါ မိညွာသည် ဦးညီငယ်အိမ်ထက်မှ ဆင်း၍ အဒေါ်တစ်ယောက်၏ အိမ်တွင် နေရရှာလေ၏။ ထို့နောက် ဦးညီငယ် ကွယ်လွန်သော် မိညွာက သူလည်းအမွေအနှစ်ကို ရထိုက်ပါသည်ဟု တောင်းဆို၍ တရားစွဲသဖြင့် ရုံးသို့ရောက်လေ၏။

တရားရုံး၌ မိညွာ၏ ရှေ့ရပ်က မွေ့သတ်အစောင်စောင်ကို ပြ၍

ဓမ္မသတ်က အမွေပေးရမည်ဟု ဆိုသောကြောင့် အမွေရထိုက်သည်ဟု ဆို၏။

မိစာ၏ ရှေ့ရပ်က မိညွာရှေ့နေ လျှောက်ဆိုချက်သည် ဓမ္မသတ် သဘောအရ ဖြစ်သော်လည်း သဘာဝမဆိုက်၊ မိညွာ၏ရှေ့ရပ်သည် လုံလောက်သောအကြောင်းကို မပြနိုင်၊ သဘောမှာကား ဤသို့ပါတည်းဟု လျှောက်လဲ၏။

ယခုပစ္စည်းတို့သည် ဦးညိုငယ် ပစ္စည်းဖြစ်၏။ ပန်းသည်မ၏ ပစ္စည်းမဟုတ်။ ပန်းသည်မကား အလွန်ဆင်းရဲလှစွာ၏။ ဦးညိုငယ် သေသော် လင်သေ၊ မယားရ ဓမ္မသတ် စကားအတိုင်း မယားက ရသင့်၍ ထိုမယားနှင့် အဆက် သမီးမိစာတို့သည်ဝေခြမ်းကာ ယူသင့်၏။ ထိုပန်းသည်မ၏ရသော ပစ္စည်းသည်သာလျှင် မိညွာနှင့် သက်ဆိုင်ရာ၏။ ယခုသော်ကား ပန်းသည်မအရင်သေသောကြောင့် မိညွာသည် အမွေကို မရထိုက်။ ထို့ကြောင့် ဓမ္မသတ်စကားကို ပယ်ရာ၏။ မိညွာ၏ လျှောက်ထား စွဲဆိုချက်ကို ပယ်ရန်သာ သင့်ပါသည်။

ထိုကဲ့သို့ ဖြစ်နေ၍ တရားသူကြီးများသည် တရားခံရှေ့နေ၏ အကြောင်းပြကောင်းပြီးလျှင် သဘာဝဆိုက်နေသည်ဟု အယူရှိသောကြောင့် မိညွာအား အမွေခွဲဝေပေးရမည်ဟု မဆုံးဖြတ်ဝံ့၊ ဓမ္မသတ်ကို ပယ်၍လည်း... မိညွာလျှောက်ထားချက်ကို မပယ်ဝံ့ဖြစ်နေသဖြင့် ထိုအကြောင်းများကို ရှေ့ရပ်များ၏ လျှောက်လဲချက်နှင့်တကွ သလ္လာဝတီပြည် ပညာရှိအဖွဲ့သို့ တင်ပြထားရာ ပညာရှိအဖွဲ့လည်း ချွေးကျနေခြင်းသာ များသဖြင့် တရားတန်းလန်း နေလေတော့သည်။

ထိုတရားထုံးကို ထောင်ကဲသည် ပညာရှိကြီးများ၊ တရားသူကြီးများပင် ပါဝင်သော ညီလာခံသဘင်၌ ဤသို့အကြောင်းပြပေးလေ၏။

ထောင်ကဲသည် အလွန်ကြီးမားသော... သစ်ပင်ကိုပင် ဖြတ်နိုင်

သေးလျက်သည် တရားကို အဘယ်ကြောင့် အကြောင်းမပြနိုင်ရမည်နည်း။ အကြောင်းပြ၍ ကောင်းစွာဖြတ်နိုင်၏။

အိမ်ထောင်တစ်ခု၌ လင်သည်မယား၏ ကျေးဇူးရှင်...၊ မယားသည် လင်၏ ကျေးဇူးရှင်။ လင်သည် မယား၏ ရန်သူ၊ မယားသည် လင်၏ ရန်သူ၊ သဘာဝအလျှောက် သဘောဖြစ်နေ၏။ ဤသို့ မှတည်၍ စဉ်းစားရမည်။

အကြင်လင်မယားတို့သည် ဒိုးတူပေါင်ဖက်ပြုကာ လုပ်ကိုင်စားသောက်နေထိုင်ခြင်းဖြင့် စီးပွားဖြစ်ထွန်း၏။ စီးပွားဆုတ်ယုတ်၏။ ပျက်ပြန်လည်း ပျက်၏။

ယခုသော်ကား စီးပွားမဆုတ်ယုတ်ချေ...၊ တိုးတက်၍လာကြောင်းထင်ရှားပြီးလျှင် ဦးညီငယ်သေသွားသော် အမွေအနှစ်များစွာ ကျန်ခဲ့သည်။ ထားပေါတော့၊ လူ့သဘော၏ စေတကအရ ပန်းသည်မ၏ဘက်ထက်ပွားပစ္စည်းများမဟုတ်၊ အရင်မယားကြီးလက်ထက်က ပစ္စည်းများဟု ဆိုပါစေ။ ရှိပါစေ။

ဦးညီငယ်၏ နောက်မယား ပန်းသည်မသည် မယားအပြားခုနစ်ပါးတွင် သူခိုးနှင့်တူသော မယား၊ ရန်သူနှင့်တူသော မယား၊ သူသတ်နှင့်တူသော မယားဖြစ်ခဲ့သော် ဦးညီငယ်၏ ပစ္စည်းတို့သည် ပြုန်းတီး ပျက်စီးရာသည်။ ယခုသော်ကား တည်နေသောကြောင့် ပန်းသည်မသည် မယားကောင်းဖြစ်သည်။ လင်၏ ကျေးဇူးရှင်ဖြစ်သည်။ လင့်ဒဏ်ကို ခံရဘိသကဲ့သို့ အရင်သေပေးရသည်ဟု ယူဆလိုသော် ယူဆနိုင်ပေသည်။ သို့သော် ဤသည်ကား တရားမဝင်၍ထားသော်၊ မယားဟောင်း မယားမြတ်ဖြစ်သော ပန်းသည်မသည် ဦးညီငယ်ကို အနှံ့အတာခံကာ ပေါင်း၍ ဦးညီငယ်၏ ပစ္စည်းများကို စောင့်ထိန်းခြင်းကြောင့် မည်ကဲ့သို့အကျိုးကျေးဇူးခံစားရဘိသနည်း။ မသေမီ

ထမင်းစားရခြင်း၊ အဝတ်ဝတ်ရခြင်းကို ကျေးဇူးခံစားရသည်ဟု ယူဆ
ရာသလော။ ဤကား ကျေးကျွန်များမှာပင် ရနေပေသည်။ ထို့ကြောင့်
ထိုကျေးဇူးကို ပန်းသည်မသည်...ခံစားရမည်။ ပန်းသည်မ မရှိသော်
ပန်းသည်မ၏ သမီးအဆက်အနွယ်သို့ ထိုကျေးဇူးသည် လိုက်ရမည်။

တစ်နည်းတုံ ပန်းသည်မကိုယူသော်... မိညှာသည် ပါလာသည်။
ဥပမာဆိုသော် လှည်းကိုရောင်းသော် ဘီးကိုဖြုတ်ယူထား၍မဖြစ်၊ ထို့
ကြောင့် ပန်းသည်မနှင့် မိညှာသည် မပြတ်ချေ။ ကပ်၍နေပါသည်။
ထို့ကြောင့် မယားကပါသောသမီးသည် ကိုယ်၏ သမီးပင်ဖြစ်သည်။
ထိုသို့ဖြစ်သောကြောင့် မိညှာသည် အဖေအဖြစ်နှင့် ဦးညီယယ်ကိုဆက်ဆံ
လာခဲ့ရချေသည်။ အယုတ်သဖြင့် ဆေးလိပ်မီးညှို၍ပင် ပေးရပေလိမ့်
မည်။ ယောကျ်ားနှင့် မိန်းမသည် ပျော်မွေ့ခြင်းကြောင့် မိမိ၏ မိန်းမထ
မွေးသမျှကို မိမိ၏ သားသမီးပါဟု ကျမ်းမရှုက်ဝံ့။ ထို့ကြောင့် မိမိ၏
မယားက မွေးထားသမျှ၊ မွေးလာခဲ့ခြင်းသည် မိမိ၏ သားသမီးသာ
ဖြစ်ချေသည်။ သဘာဝကား အမေ့လင်သည် အဖေဖြစ်သည်။

တစ်နည်းတုံ အိုးအိမ်သီးခြားပြု၍မနေဘဲ... အမေနှင့် ရင်အုပ်
မကွာ နေရသေးသော သားသမီးရှိနေသော မိန်းမကို အိမ်ထောင်ပြုသော
သူသည် သူမ၏ သားသမီးကို မလိုသော် သားသမီးကို ပစ်ခွာကာထား
စေရာသည်။ အတူနေ သားသမီးနှင့်တကွ တစ်နည်းတုံ မိခင်နှင့် ရင်အုပ်
မကွာရှိနေသော သားသမီးနှင့်တကွရှိနေသော မိန်းမကိုယူခြင်းသည်
ထိုသားသမီးတို့ကိုပါ သားသမီးအဖြစ်နှင့် ယူရာရောက်ချေသည်။

ပမာဆိုသော် ကြက်သားအုပ်မကို ဝယ်သောသူသည်... ကြက်က
လေးများကိုပါ ပိုင်သည်။ မလိုသော် ထားခဲ့ရာသည်။ နွားကလေးနှင့်
သော နွားမကိုဝယ်သည်ရှိသော် နွားကလေးကို မလိုက ထားခဲ့ရာသည်
မထားခဲ့သော် နွားကလေးကိုပါ ဝယ်ရာရောက်ချေသည်။ မိခင်နှင့်

င်အုပ်မကွာရှိနေသော သားသမီးရှိ မိခင်ကို သိမ်းပိုက်သည်ရှိသော်
သာသော သားသမီးတို့ကို ထိုယောကျ်ားသည် မွေးစားပြီဟု သဘာဝ
ဆုံးဖြတ်သည်။ လူ့အဘိဓာန်ကလည်း ညွှန်ပြသည်။

ထို့ကြောင့် မွေ့သတ်ကျမ်းကိုပြုသော ဆရာကြီးတို့သည် မိန်းမက
သာသော သားသမီးတို့ကို အမွေဆက်ခံနိုင်ခွင့်ရှိစေဟု ထည့်သွင်း
လေသည်။

ယခု ပြဿနာ၌ အမွေကို မည်ကဲ့သို့ ခွဲဝေပေးရမည်ဟူသော
သနာမဟုတ်၊ မိန်းမဘက်ပါသော သားသမီးတို့အား အမွေခွဲဝေ
ရမည်ဆိုသော ဓမ္မသတ်စကားကို အကြောင်းပြ ရှင်းလင်းရန်သာ
ချေသည်။ ထို့ကြောင့် ဤစကားများအစဉ်ဖြင့် ရှင်းလင်းပြီး ဖြစ်သ
ည်း...။ စောဒကတက်လိုသောသူရှိပါက တက်ဖို့ရန် လမ်းဖွင့်ထားပါ
ည်း။

တရားသူကြီးများနှင့်သော သဘာသည် ဉာဏ်စူးရှလှပါဘိတ
ဟု အလွန်အံ့ဩနှစ်သက်ခြင်းသည် ဖြစ်လေတော့သည်။

ထိုအခါ အတွင်းဝန်ကြီးသည် ဤသို့လျှောက်တင်လေ၏။

တရားသူကြီးများသည် ဓမ္မသတ်ကားကျယ်ပျံ့လှသည်ဟု ဆိုပါ
ည်၊ သို့သော် ရာဇသတ်ကိုမှီ၍ နိုင်ငံတော်မှာ မအေးမချမ်းခြင်း၊
ည်းသူဆိုးပေါ်ခြင်းတို့ဖြစ်ရာတွင် များစွာသော မှုခင်းရေးရာတို့၌ အုပ်
ု အာဏာပိုင်များသည် သိလျက် မြင်လျက်နှင့် ပါးစပ်ပိတ်နေရပါ
၊ အများသဘောကျဆိုသော ကျင့်ထုံးနှင့်လည်း ဆန့်ကျင်ဘက်ဖြစ်
သည်။ ထို့ကြောင့် ထိုရာဇသတ်ကို ရှင်းစေလိုပါသည်။

'သားမက်တော် မောင်ထောင်ကဲ ရှင်းနိုင် သတတ်လော'

'လွယ်ကူလှစွာသော ကျင့်ထုံးပါ ဘုရား'

'ကောင်းပြီ၊ ယနေ့ညီလာခံကား ညောင်းပြီဖြစ်၍ နက်ဖြန်သော်

ထိုသဘောကို ပြတ်သားစွာ ရှင်းလင်းပြောဆိုစေ။ ယနေ့ ညီလာခံ
သိမ်း...'

*

နန်းရင်းဝန်ကြီးနှင့်တကွ မှူးမတ်တို့ကား ရာဇသတ်ကျင့်ထုံးကို ထောင်ကဲသည် မည်သို့မျှ နားလည်မည်မဟုတ်။ အကယ်၍ မင်းသမီး က သွန်သင်ပေး၍ တတ်သမျှနှင့်ရှင်းလင်းနိုင်စေကာမူ ၎င်းအား သည်တစ်ပွဲနှင့် အလဲထိုးမည်ဟု ညှိနှိုင်းတိုင်ပင်ထားကြလေ၏။

ထောင်ကဲ၏ အပြုအမူကား... အတော်ပင် ကြမ်းခဲ့၏။ သို့သော် မင်းသမီး၏ ကြင်ဖက်တော်ဖြစ်၍ အရမ်းပြုကာအတိုက်အခံ မပြုဝံ့ကြ မင်းသမီးမှာလည်း သာမန်မင်းသမီးမဟုတ်ချေ။ မင်းမျိုးမင်းရိုးပီသ မဟေသီ မိဖုရားခေါင်ကြီးကမြင်သော နန်းတော်ထက်ဖွား ရွှေလင်ပန်းနှင့် အချင်းထားပြီးလျှင် မြပုခက်နှင့်သိပ်ခဲ့ရသော မင်းသမီးဖြစ်ချေသည်။

နန်းရင်းဝန်ကြီးစသောဝန်ကြီးများ၊ မင်းကြီး စိုးကြီးစသော အမှု တရ အာဏာပိုင်များတို့သည် ထောင်ကဲ၏ အပြုအမူကို မနှစ်သက်ချေ

ထောင်ကဲသည် နောက်ပါအိမ်တော် အမှုထမ်း သုံးလေးယောက် နှင့် ညနေခင်းနံနက်ခင်းတွင် ရွှေမြို့တော်၊ ရွှေပြည်တော်တို့အတွင်း လှည့်လည်ကြည့်ရှုခြင်းပြုတတ်၏။ ထိုအခါ တွေ့ရသော အမူးသမား ကစားသမား၊ အလစ်သုတ်သမားတို့အား ဖမ်းဆီး၍ရုံးသို့မတင်ဘဲ ရိုက်ပုတ်ကာ ဆုံးမ၍လွှတ်လေ့ရှိသဖြင့် အာဏာပိုင်များထံတွင် ခြောက် ကပ်နေ၏။

ညအချိန်သော် ထိုနည်းလမ်းကောင်း လှည့်လည်ကြည့်ရှု၍ တွေ့ ရသော လူဆိုးသူဆိုးများဖြစ်ဟန်ရှိသည့် မသင်္ကာသူများကို ရိုက်ပုတ် ဆုံးမကာ လွှတ်လေ့ရှိ၏။ ကစားဝိုင်းများကို တွေ့ရသောအခါမှာလည်

…ည့်သည့်ရပ်ကွက်၊ မည်သည့်အိမ်မှာမဆို တွေ့လေရာတွင် ဝင်ရောက် …ရ ရိုက်ပုတ်ဆုံးမကာ လွှတ်လေ့ရှိလေ၏။ လူကုံထံတို့၏ အကြီး …ကျယ် ကစားရာဖြစ်သော ထီးဖြူရုံကြီးသို့ဝင်၍ အလောင်းကစား …နေကြသည့် ဝန်ကြီးအစရှိသော သူဌေးသူကြွယ် လူကုံထံများကိုပင် …တစ်ခါတွေ့ရရင် တစ်ယောက်တလေမျှ အသက်နှင့်တကွ …သောပေးမည်မဟုတ်၊ ခေါင်ကမုမိုးမလုံသော် အဘယ်မှာ သည်အိမ် …င်း ပျော်အောင် နှစ်နှစ်ခြိုက်ခြိုက် အိပ်နိုင်ပါအံ့နည်းဟု ကြိမ်းမောင်းဖူး …။

ထိုသဘောကြောင့် ဝန်ကြီးများ၊ တရားသူကြီးများထံတို့တွင် …က်ခန်းသကဲ့သို့ ငြီးငွေ့ဖွယ်ဖြစ်နေကြ၏။

နောက်တစ်နေ့ ညီလာခံ၌ ထောင်ကဲသည် ဤသို့ပြောဆိုရလေ …။

(ဘုန်းရှိန်၊ တင့်အံ့တို့လည်း ရှိ၏။)

သဘာ။ မမှုသတ်ကား ကျမ်းဘွဲ့တစ်ခုနှင့် ထင်ရှားစွာ တည်နေ …သောပြီ။ ရာဇသတ်ကား အခါအခွင့်အလျောက် အုပ်ချုပ်စီမံ ဆောင် …ခြင်းနှင့် ပတ်သက်နေသဖြင့် ပေ၊ ပုရပိုက်တို့နှင့် ချည်နှောင်ထား …ခြင်းမရှိပေ။

ဆိုသို့သော သဘောကြောင့် ဥပဒေဆိုသော သဘောကို ရှေးဦး …ငေ်းစားရာသည်။

ဥပဒေ၌ ပြည်သူလူထုသဘောတူ၍ ညီလာခံသဘင်ကပြုထား … ဥပဒေ…၊ ရတ်တရက် ပြည်သူတို့က အရေးပေါ် ဆောင်ရွက် … ဥပဒေဟု အကြမ်းအားဖြင့်ရှိချေသည်။

ခပ်သိမ်းသောဥပဒေသည် ပြည်သူလူထုက ဆင်းသက်ရာသည်။ …လူထုသဘောမတူသော ဥပဒေကိုပြု၍ စီမံအုပ်ချုပ်သူသည် မင်း

မဟုတ်၊ မှားပြဖိုလ် အကြီးစားမျှသာ ဖြစ်သည်။

'အကြောင်းက သို့ကလို'

အသည်တို့သည် ကျေးရွာများကို တည်ထောင်ကြသည်။ မြို့များကို တည်ထောင်ကြသည်။ ပြည်များ၊ ရွှေမြို့တော်များကို တည်ထောင်ကြသည်။ ထို့ကြောင့် ၎င်းတို့မရှိဘဲ တိုင်းပြည်မြို့ရွာတို့သည် မပေါက်နိုင်၊ ၎င်းတို့က မတင်မြှောက်ဘဲ တစ်နည်းတုံ သဘောမတူ မင်း သို့မဟုတ် ရှင်ဘုရင်သည် မရှိနိုင်၊ မတည်နိုင်ရာ။ ထို့ကြောင့် တိုင်း ပြည်တစ်ပြည်က လိုက်နာရန် ရာဇသတ်၊ ဓမ္မသတ်ဥပဒေအရ ရပ်တို့သည် တိုင်းသူပြည်သား သဘောတူ၍ တိုင်းသူပြည်သားတို့ ဆင်းသက်လာရမည်။ ရှင်ဘုရင်သည် အစစ်အားဖြင့် ဥပဒေကို ထိန်းထားရသော တိုင်းပြည်၏ အမှုထမ်း အကြီးဆုံးအဖြစ်နှင့် တည် မည်။ သို့မှသာ တရားမင်းပီသသတတ်ဟု ဆိုတုံရာသည်။

ထိုသို့သော သဘောအရဥပဒေရှင်သည်ကား တိုင်းသူပြည်သား ဖြစ်၍ တစ်ခါတစ်ရံ ၎င်းတို့၏ အရေးပေါ်ဥပဒေနှင့် အသုံးပြုကြ သည်။

တိုင်းပြည်နိုင်ငံ၌ တိုင်းသူပြည်သားတို့သည် ဥပဒေရှင်ဖြစ်သ ကစား ထိုဥပဒေ၊ စည်းမျဉ်း၊ ဘုရင့်အမိန့်တို့ကို မလိုက်နာသော တိုင်း သူပြည်သားတို့လည်း ရှိသည်။ ရှိခဲ့သော် ၎င်းတို့ကို နှိပ်ကွပ်ဆုံးမ မင်းမှုထမ်းတို့ ရှိလေသည်။

ဝန်ကြီးကစ၍ မင်းမှုထမ်းတို့သည် တိုင်းပြည်ဥပဒေကို မလိုက် ဘဲ၊ စည်းမျဉ်း ဘုရင့်အမိန့်တို့ကို မလိုက်နာဘဲ ကိုယ်ကျိုးကိုယ့်စီး ကိုယ့်လူတို့၏အကျိုးကိုသာ ကြည့်၍ စဉ်းလဲသော်လည်းကောင်း၊ တံ ယူ၍သော်လည်းကောင်း၊ လာဘ်ယူ၍သော်လည်းကောင်း၊ အဂတိလိုက် စား၍သော်လည်းကောင်း ရှိချေသော် မည်သူသည် နှိပ်ကွပ်ပါအံ့နည်း

ထို့ကြောင့် ဥပဒေကိုမကျိုးနွံသော၊ ဘုရင့်အမိန့်ကိုဆန့်ကျင်ဘက်ပြုသော မင်းမှုထမ်းတို့ကို မည်သူတို့သည် နှိပ်ကွပ်ပါအံ့နည်း။ တိုင်းပြည်၌ မင်းမှုထမ်းမဟုတ်သော လူဆိုးတို့သည်မည်မျှလောက် အင်အားကြီးစေကာမူ ကောက်ရိုးမီးကဲ့သို့ဖြစ်၍ ဟုန်းခနဲဖြင့် ကြောက်မက်ဖွယ်ရာကောင်းစေကာမူ ငြိမ်းအေးနှိမ်ဝပ်သွားဖို့ရန် မခဲယဉ်းချေ။ ဥပဒေကိုဆန့်ကျင်ဘက်ပြုသော၊ မင်းမိန့်ကိုမနာယူသော မင်းမှုထမ်းတို့သည် ထိုသည်အင်အားကောင်း၍ ခိုင်မာသော် ဖွဲမီးများ၊ အမှိုက်ပုံ၌ စွဲလောင်နေသော မီးများကဲ့သို့ တငွေ့ငွေ့ လောင်ကျွမ်းနေသဖြင့် ငြိမ်းအေးနိုင်ကြပါ၊ နှိမ်ဝပ်သွားရန် အလွန်ခဲခက်သည်သောကြောင့် အသည်လူဆိုးများထက် အဂတိသမား မင်းမှုထမ်းသမားတို့သည် တိုင်းပြည်ကို ပျက်စီးစေနိုင်ပေသည်။

ထိုဥပဒေကို မလေးစားသူ၊ ဘုရင့်အမိန့်ကို မနာခံသောသူ မင်းမှုထမ်းတို့၏ အကျင့်အားဖြင့်လျှင် နိုင်ငံတော်အတွင်းရှိ အသည်လူဆိုးများတို့အား အထောက်အပံ့ ဖြစ်လာတတ်သောကြောင့် တိုင်းပြည်နိုင်ငံပျက်စီးစေကာမူ ယိုယွင်းယိမ်းကာလာရတတ်ပေသည်။

ထိုအခါ ဥပဒေရှင် တိုင်းသူပြည်သားတို့သည် အာဏာကိုသုံးရတော့သည်။ ထိုသို့သုံးရာ၌... အသည်တို့မှာ အခွန်တော်ပေးဖို့ အစရှိသော တိုင်းပြည်အတွက် အလုပ်လုပ်နေရသောကြောင့် ၎င်းတို့၏ ကိုယ်ရိုက်ကိုယ်စားလှယ်သည် ဥပဒေ၊ အာဏာကိုအသုံးပြုရလေသည်။ ကိုယ်စားလှယ်ကား မင်းဟူ၍ တိုင်းပြည်က အသိအမှတ်ပြုထားသော မင်း၊ သို့မဟုတ် တိုင်းပြည်က အသိအမှတ်ပြုထားသော မင်းမျိုးတို့၏ အကောင်းမှုုးဖြစ်ချေသည်။

မည်သို့နည်း။ သဘောကား ဤသို့ဖြစ်၏။

မင်းမျိုးဟု တိုင်းပြည်က အသိအမှတ်ပြုနေသမျှကာလပတ်လုံး

ထောင်နန်းမဒေဝီ မဟောသီဓိဖုရားခေါင်ကြီး၏ သားတော်အကြီးသ
တိုင်းပြည်လူထု၊ ထိုသို့မရှိခဲ့သော်... သမီးတော်အကြီး သို့မဟုတ်
သမီးတော်အကြီးက ယုံကြည်ကိုးစား လွှဲထားသောကြင်ဖက်တော်သ
တိုင်းပြည်လူထု၊ ထိုသို့မရှိ ချွတ်ယွင်းခဲ့သော် မြောက်နန်းမ၏ ထိုန
လည်းကောင်း၊ ထိုသို့မရှိခဲ့သော် အရှေ့နန်းမ၊ အနောက်နန်းမတို့
ထိုနည်းလည်းကောင်း၊ ထိုသို့မရှိခဲ့သော် မင်းသားကြီးဟူ၍ အသိအမှ
ပြုထားသောသူသည် လူထု၊ တစ်နည်းတုံ... တိုင်းသူပြည်သား ဖြစ်
သည်။ ထိုသူသည် အရေးပေါ် ဥပဒေရှင်။ အရေးပေါ် တရားသူ
ဖြစ်ချေသည်။

ညီလာခံသဘင်၌ ထောင်ကဲသည် ထိုသို့ပြောဆိုရာ မည်သူ
ချေပပြောဆိုခြင်းမပြုကြသဖြင့် ထိုနေ့ ညီလာခံသဘာကို ရုပ်သိမ်း
၏။

ထိုသို့ထောင်ကဲသည် ထောင်၍ကဲလာသည်ကို ချိုးနှိမ်နိုင်
ဖိနှိပ်နိုင်သူမရှိသကဲ့သို့ ဖြစ်နေသော်လည်း ထောင်ကဲကို အိမ်ရှေ့မင်း
ထားရန် အကြောင်းသည် တိမ်မြုပ်ကာရှိနေ၍ ခုနစ်ရက်ကြာရှိသွား
၏။ ထောင်ကဲနှင့် တင့်အုံသည်လည်း အိမ်ရှေ့မင်း၏ရာထူးကို မျှော်
နေသူ...၊ အလိုရှိနေသူတို့ မဟုတ်ကြသဖြင့် အေးအေးပင် နေမြဲနေ
လေ၏။

တိုင်းပြည်၌ကား ထောင်ကဲ၏ ညီလာခံသဘာ၌ ပြောဆိုသေ
စကားများသည် ဂယက်ရိုက်ဝေ်သွားလေ၏။ ထို့ကြောင့် နိုင်ငံတေ
တွင် ထောင်ကဲကို အိမ်ရှေ့မင်းခန့်ထားရန် အလိုရှိကြကုန်၏။ ထို့ကြေ
သလ္လာဝတီပြည်သူလူထုကြီးသည် တစ်နေ့သော ညီလာခံအချိန်တွ
ရွှေနန်းတော်ကြီးသို့ ချီတက်ကာ ဝန်းဝိုင်းဆန္ဒပြကြ၍ ဤသို့ ဟစ်
လေ၏။

'ထိပ်ထားတင့်၏ ကြင်ဖက်တော် ထောင်ကဲကို အိမ်ရှေ့မင်းခန့်တော်မူပါ ဘုရား'

ထိုသို့သော ပြည်သူပြည်သားတို့၏ အသံတို့သည် ဆူလိုက်ကာ ပဲ့တင်ထပ်၍ ညံနေကြလေလျှင် ဘုရင်မင်းမြတ်လည်း ညီလာခံကို ရုပ်ပြီးလျှင် အရှေ့လှေကားတော်ဦး၌ ရပ်ပြီးသော် ပြည်သူပြည်သားတို့အား သက်ကိုပြုပြီးလျှင် ရပ်တန့်စေလေ၏။

ပြည်သူပြည်သားတို့ကား ရပ်နေကြ၏။ မင်းကြီးလည်း ဤသို့ မိန့်တော်မူလေ၏။

'အသင်တို့မှ ကိုယ်စားလှယ်ရှေ့သို့ လာကာတန့်လော့'

ထိုအခါ လူတစ်ယောက် ပုအိုင့်အိုင့် ကုပ်တိုတိုနှင့် ရှေ့သို့တက်ကာ ရပ်နေလေ၏။

'မောင်မင်း၏ အမည်ကို တင်...'

'ကျေးတော်မျိုး၏အမည်ကား ငတောက်ထွန်းပါ ဘုရား'

'မောင်မင်း ဘာလုပ်စားသလဲ...'

'တံငါသည်ပါ ဘုရား...'

'မောင်မင်းတို့ ဘာကိုလိုသလဲ...'

'ထိပ်ထားသခင်မကလေး၏ ကြင်ဖက်တော် ထောင်ကဲကို အိမ်ရှေ့မင်းခန့်ထားရန် အလိုရှိကြ၍ပါ ဘုရား...'

'ဘာကြောင့်လဲ...'

'ကိုယ်တော်ကလေး ထောင်ကဲကြောင့် အရက်သမား၊ အမူးသမားများလည်းမရမ်းဝံ့ကြ၊ အလောင်းကစားဝိုင်းတို့လည်း ကင်းသလောက်ရှိနေပါ၍ သူခိုးများသေားရန်ကိုလည်း စိတ်ချရခြင်းတို့ကြောင့်ပါ ဘုရား'

'ကောင်းပြီ၊ မောင်မင်းတို့ အလိုရှိကြသည့်အတိုင်း...၊ ငါလိုက်လျောမည်'

'ဦးတည့်လျက်ပါ ဘုရား'

'သလ္လာဝတီပြည် ဘုရင်မင်းမြတ်...။ ။ဘုန်းတော်ကြီး၍ သက်တော်ရှည်ပါစေ...' ဟု သုံးကြိမ်ကြွေးကြော်ကြလျက် လူထုသည် သလ္လာဝတီပြည်ကြီး အေးချမ်းသာယာဝပြောပါစေဟု ဟစ်အော်ကာ ပြန်ကြလေ၏။

သလ္လာဝတီဘုရင်မင်းမြတ်သည်လည်း တရားသောမင်းဖြစ်သဖြင့် သမက်တော်အား ပြည်သူပြည်သားတို့၏ သဘောကျအတိုင်း အိမ်ရှေ့မင်းခန့်ထားတော်မူလေ၏။

*

မင်းသားဘုန်းရှိန်သည် ထောင်ကဲနှင့် တင့်အုံ မျက်ရည်ဝက်လက်နှင့်ရှိစဉ်မှာပင် ကျောခိုင်း၍ သလ္လာဝတီပြည်ကြီးမှ ထွက်ခွာခဲ့လေ၏။

ဘုန်းရှိန်သည် တက္ကသိုလ်ကျောင်းတော်တုန်းက တင့်အုံကို အမြင်ရှိခဲ့ရုံမျှမက မျက်စိကျခဲ့လေ၏။ တင့်အုံကလည်း ထိုနည်းလည်းကောင်းပင် ဆိုသင့်ရုံမျှမက ၎င်းပြည်သို့ အတန်တန်ပင့်၏။ ထိုစဉ်အခါက ဘုန်းရှိန်သည် ငြင်းပယ်ခဲ့၏။ သို့လင့်ကစား ၎င်း၏တိုင်းတော်ပြည်တော်၌ တက္ကသိုလ်မှာ နေစဉ်ကကြားသိရသည့်အတိုင်း နေပြည်တော်သို့ မပြန်ခဲ့သော် ယောကျ်ားတို့၏ စွမ်းရည် ညွှံရာရောက်မည်ကြောင့် ဖွတ်ပြု၍ နေပြည်တော်သို့ ရောက်၏။

၎င်းသည်နေပြည်တော်သို့ရောက်သောအခါ... နေပြည်တော်၌ မဆွကကြားရသည့်အတိုင်း ဟုတ်မှန်ကြောင်းကိုသိရသည့်ပြင် အစိုးတရ အာဏာပိုင်များသည် အလွန့်အလွန် ညစ်ပတ်နေကြောင်းကိုပါ သေချာစွာသိရလေ၏။

ဘုန်းရှိန်သည် ထိုကဲ့သို့ရှိလင့်ကစား... မိမိသည် လွှတ်သို့တက်၍

ရင့်ကိုယ်စား စီမံစီရင်ခန့်ခွဲရပါလျက် မည်သူ့အပေါ်မှ ရန်မပြုဘဲ တ်နှင့် ယှဉ်ပြီးလျှင် အေးချမ်းသာယာအောင် ကြံဆောင်ခဲ့လေ၏။ ထိုသို့ ကြံဆောင်သည့်အတိုင်း အထမြောက်၍ တိုင်းပြည်အေးချမ်း သာယာပြီးလျှင် မှူးမတ်ဝန်ကြီးတို့အားလုံးကပင် ၎င်းကို အိမ်ရှေ့မင်းခန့် းခစလို သောအခါမှ ညီတော်အား အိမ်ရှေ့မင်းခန့်ထားရန် ခမည်း ော်ထံ လျှောက်တင်ပြီးလျှင် တင့်အုံကို အမဲထားပြီးသော် သလ္လာဝတီ ို့ သွက်လာခဲ့၏။

ဘုန်းရှိန်သည် တင့်အုံအကြောင်းကို လမ်းကပင်သိသော်လည်း င်သည်ဆုတ်နစ်ပါက ဖျင်းသောသူညံ့တစ်ယောက် ဖြစ်တော့မည်ဟု တော်ပြု၍ တင့်အုံထံရောက်အောင်သွား၏။ သွားပြီးသော် တင့်အုံနှင့် ောင်ကဲကို ကောင်းစားအောင်ဆောင်ရွက်ပေးခဲ့၏။

ဘုန်းရှိန်သည် လူညံ့လူဖျင်းတို့၏သဘောနှင့် ငယ်ကျိုးငယ်နာ ည့်ယ်ဝိုက်ကာ အလွှမ်းအဆွေး မင်းသားပြုလုပ်ခဲ့လျှင် ထောင်ကဲသည် င့်အုံကို ဘုန်းရှိန်၏လက်၌ထားခဲ့၍ ထွက်သွားမည်ဖြစ်၏။ တင့်အုံက ည်း ထိုသဘောကို လက်သင့်ခံမည်ပင် ထင်ရ၏။ သို့သော် ဘုန်းရှိန် ား ဥပီသသူဖြစ်သည်ဟု ဆိုစရာပင်လော့။

ဘုန်းရှိန်သည် မိမိ၏တိုင်းပြည်နိုင်ငံအကျိုးငှာ မြောက်ခွင်၌ မြို့ရွာ ည်ဆိုင်တော့မည်ဟု အားခဲကာ မြောက်ပိုင်းအရပ်သို့ သွားတော့၏။ ၎င်းသည် ခေတ်အလျောက် ရဲရင့်စွန့်စားသော ယောကျ်ားဖြစ်ပုံ ၏။ အဘယ်ကြောင့်ဆိုသော် တစ်ယောက်တည်းတောနက်ကြီးထဲ၌ တ်ပညာကိုးပြီးသော် ဝါးရုံပင်ပေါ်များတွင် လင့်ဖွဲ့ညအိပ်လျက် နေလေ၏။

တစ်နေ့သော်သူသည် ခရီးသွားနေရာမှ ရှေ့သို့မရောက်ဘဲ တဝဲ ည်နှင့် နေသည်ကဲ့သို့ထင်ပြီးသော် မျက်စိပင်ပြာ၍လာသည်ဟု

ထင်မိ၏။ ထို့ကြောင့် သတိမကင်းသည့်အတိုင်း ငါ့ကို စပါးကြီးချက်
ညို့ပြင်မိလေသလောဟု သံလျက်ဓားကို ဆွဲထုတ်၍ နောက်ပြန် ကြ
ခြေခတ်လိုက်လေသော် ဘိုင်းခနဲဟူသောအသံကို လန့်ခမန်းလိ
ကြားမိလေ၏။ ထို့ကြောင့် ထိုအသံပေါ်လာရာသို့... သွားရော
ကြည့်ရှုလေရာ အလွန်ကြီးမားသော စပါးကြီးမြွေကြီးကို တွေ့ရလေ

ဘုန်းရှိန်သည် ဤသို့လျှင် နက်နဲသော သဘောကို ကြံဆမိ

သတ္တဝါတိုင်းသည် မိမိတို့နှင့်လျော်သည့် တန်ခိုးရှိရမည်။ အလွ
အလွန်ထိုင်းမှိုင်းသော ထိုသတ္တဝါသည် တစ်ပါးသတ္တဝါကို မညို့နိ
နိုင်သော် ပါးစပ်၏အရသာကို ခံစားရဖို့မရှိတော့ပေ။ စပါးကြီးမြွေတို
သည် ဤသို့သော တန်ခိုးရှိ၏။ ထိုသို့သော တန်ခိုးကို အဘယ်ကြေ
ရသနည်း။ မရှိမဆုံနှင့် သေကျေပျက်စီးရအံ့သော သတ္တဝါတို့
မကောင်းမှုအကျိုးကြောင့် ၎င်းတို့မှာ ထိုတန်ခိုးကို ရဟန်တူပေသည

'ငါသည် လူသည် ညစ်ပတ်သည်။ ထို့ကြောင့် လူတို့နေ
မြို့ပြပြည်ရွာတို့ကို ကြောက်စရာကောင်းသည်ဟု ထင်မှတ်ခဲ့သည
တော၌ တိရိစ္ဆာန်သည် ညစ်ပတ်၍ ကြောက်စရာကောင်းသလော၊ ထ
ကြီးမြွေသည် ညစ်ပတ်သလော၊ ၎င်းသည် မည်သူ့အပေါ်၌ ညစ်ပတ
သနည်း။ သူ၏ ဝမ်းစာအတွက် ရှာနေစားသောက်ခြင်း ဖြစ်သ
မြို့ပြပြည်ရွာ၌လည်း ထိုသို့သဘော။ ၎င်းတို့၏ နေမှုထိုင်မှုတို့အတွ
ရှာဖွေခြင်းဖြစ်ရာသည်။ သည်သို့ဆိုသော် ကြောက်စရာကောင်းသ
ကား မည်သူနည်း။ စက်ဆုပ်စရာကောင်းသည်ကား မည်သူန
မိမိပြုကျင့်သော မကောင်းမှုသည်သာလျှင်ကတည်း။ ကောင်းမှုထု
အားကောင်းသောသူ၏အပေါ်၌ သူယုတ်မာ၊ သူညစ်ပတ်တို့
အောင်မြင်နိုင်ရာသလော။

ဘုန်းရှိန်သည် ထိုသို့စိတ်ကစားပြီးနောက် ခရီးကို ဆက်

သွား၍ ညနေဝင်လုနီးသော် ဖုန်းဆိုးတစ်ခုကို တွေ့၏။ ထိုဖုန်းဆိုး၌ တဲပျက်တစ်ခုရှိ၏။ ထိုတဲပျက်ကလေး၌ မိမိရှာဖွေစုဆောင်းကာ အစာအစာများကို စားပြီးသော် ညနေ၏။ လူတို့၏နေရာနှင့် နီးလာပြီဟုလည်း ထင်၏။

ဘုန်းရှိန်သည် နံနက်လင်းသော် ပြုဖွယ်ကိစ္စများကိုပြုပြီးနောက် ခရီးကို ခပ်ဖြည်းဖြည်းဆက်၍ သွား၏။ ၎င်းသည် မွန်းတည့်လုနီးသော် ရေချောင်းငယ်တစ်ခုကို တွေ့၍ သာယာဆိပ်၌ ရေမိုးချိုးပြီးသော် စားစရာဘို့ကို စားပြီးလျှင် အရိပ်တစ်ခု၌ သစ်ရွက်များကိုခင်းကာ လျောင်းနေ၏။

ထိုအခါ တောအတွင်း၌ သာယာသည်ဟုထင်ဖွယ်ဖြစ်သော မုံသံနှင့် သီချင်းသံသည် လေလှိုင်းထဲတွင်ရိုက်ခတ်ကာပါလာလေ၏။ ထိုအသံကို ဘုန်းရှိန်နားထောင်၍ အရသာတွေ့ပုံ နေလေ၏။

ထိုအသံတို့သည်ကား ဗုံကြိုးသံ၊ ဂုံဂေါက်မှုတ်သံ၊ ဝါးခြောက်လိုက်သံ၊ သီချင်းသံတို့ ဖြစ်၏။

ဘုန်းရှိန်သည် အရသာကောင်းကို တွေ့နေဘိသည့်အလား ထိုအသံများရှိရာသို့ သွားရောက်လေရာ မိန်းကလေးသုံးယောက်သည် ဘလျက်ရှိ၏။ လူငယ်တစ်ယောက်သည် ဗုံကြိုးတီး၏။ အခြားနှစ်ယောက်သည် ဝါးခြောက်လိုက်၏။ မိန်းကလေးတစ်ယောက်သည် ဂုံဂေါက်မှုတ်၏။ မိန်းကလေး၊ ယောကျ်ားကလေးတချို့က သံပြိုင်သီချင်းဆို၏။

သီချင်း၏အဓိပ္ပာယ်မှာ ဤသို့ဖြစ်၏။

တို့တောရွာကလေးသည် သာယာဝပြောပါ၏။ ဘေးကင်း၍ အေးချမ်းပါ၏။ ပေါကြွယ်ပြည့်သည် နွံ့စရာကောင်းသလောက် တို့တောရွာကလေးသည် ချစ်စရာကောင်း၏။ ဝန်ကြီး၊ မှူးကြီး၊ မင်းကြီး၊ သူဌေးကြီး၊ သူကြွယ်ကြီးတို့ ညစ်ပတ်စုတ်ပဲ့ မိုက်မဲကြသော်လည်း တို့နွားတို့

သည် လိမ္မာကြကုန်၏။ မြို့ကြီးပြည်ကြီးတို့၌ နေ့ဖို့ညစာအတွက် ခဲယဉ်းစွာ ရှာဖွေရသော်လည်း တို့တောရွာကလေးမှာကား အသက်မွေး ချောင်ချိ လွယ်ကူလှပါ၏။ တို့တောရွာကလေး၏ ဂုဏ်ကို အဘယ် ရွှေပြည်ကြီး တို့သည် မှီပါအံ့နည်း။

ဘုန်းရှိန်ကား ထိုသီချင်း၏ အဓိပ္ပာယ်ကို သေချာစွာမှတ်သား၍ ဤသည်တို့သည် ပညာရှိနှင့်မကင်းရာဟု အောက်မေ့၏။ ထိုသို့ အောက်မေ့မိသည့်အတိုင်း ထိုသီချင်းအားဖြင့် ထိုသူတို့ကို နှစ်သက်လျက် ခရီးမဆက်ဘဲနေ၏။

ထို ကနေကြသော သူတို့လည်းအချိန်အတန် ကြာသွားသဖြင့် ၎င်းတို့၏ကပွဲကိုရပ်ကြလျက် လုပ်ကိုင်စရာတို့ကို လုပ်နေကြလေ၏။ ၎င်းတို့သည် နေနိမ့်သွားသော် ကျောင်းနေသောနွားများကို သိမ်း၍ ရွာသို့ သွင်းရန် ပြန်ကြလေ၏။

ဘုန်းရှိန်သည် ထိုသူတို့၏နောက်သို့ လိုက်သွား၍ အိမ်ခြေငါး ဆယ်ခန့်ရှိသော ရွာကလေးတစ်ရွာသို့ ရောက်သွား၏။ ဘုန်းရှိန်သည် ထိုရွာ၌ ရွာ၏အကြီးအကဲအိမ်ကို မေးပြီးလျှင် ထိုအိမ်၌ တည်းခိုလေ၏။

ဘုန်းရှိန်သည် ထိုရွာ၌ ဧည့်သည်အဖြစ်နှင့် တည်းခိုရာ ရွာ၏ အကြီးအကဲလည်း နာမည်လောက်ကိုသာမေး၍ ဧည့်သည်သာမာ ကဲ့သို့လျှင်ပင် သဘောထားကာ ဧည့်ဝတ္တရားဖြင့်ကုန်စေ၏။

ထိုရွာကလေး၌... ညအချိန်သော် ရွာလယ်ကနွားဖျင်း၌ အနည် ငယ်သော လူစုလူဝေးတို့သည် စည်းဝေးကာနေကြလေ၏။ ထိုအစည်း အဝေးသို့ မိန်းကလေးတစ်ယောက်သည် ခေါင်းတွင် တဘက်ကိုပတ် ကာ ရောက်လာ၍ ဤသို့ ပြောနေလေ၏။

'ရှင်တို့ကို ကျွန်မမှာထားပါရစေ။ မြို့သို့ရောက်ရင် သူတပါး အပြောအဆိုအတင်အစီးတို့ကို သည်းခံကြပါ။ လမ်းခရီးမှာလည်

ကိုယ်က သူတကာကို တင်စီးရန်ထား၊ စော်ကားရန်ထား သူတကာက တင်စီးစော်ကားခြင်းကိုပင် သည်းခံကြပါ။ သည်းမခံနိုင်ခြင်းသည် ငါဟု တက်ကြွထောင်လွှားခြင်း ဖြစ်ပါတယ်'

'ဘယ်အခါမဆို ငါဟု တက်ကြွထောင်လွှားခြင်းဟာ နိမ့်ကျရပြီး ရှုံးနိမ့်ရတတ်ပါတယ်။ သည်းခံခြင်းသာလျှင် အောင်မြင်ခြင်း၏ လမ်းစ ပါ...'

(ဟုတ်ကဲ့ဟူသော အသံတို့သည် တညီတည်း ကျယ်လောင်စွာ ထွက်လာလေတော့၏။ ထိုမိန်းကလေးလည်း ဆက်၍ ဤသို့ပြောပြန်၏)

'ရှင်တို့မှာပါသော ကုန်များကို သူတို့လိုသော ဈေးနှင့်ပင် ရောင်း ခဲ့ကြပါ။ သူတို့ထံမှ ဝယ်တဲ့အခါအမှာလည်း သူတို့ဆိုတဲ့ ဈေးနှင့်ပင် ဝယ်ခဲ့ကြပါ။ ကိုယ်လိုတဲ့ဈေးနှင့် ရောင်းဝယ်မှုဟာ အလိုရမ္မက်အားပေး ရာ ရောက်ပါတယ်။ သူတို့လိုတဲ့ဈေးကိုလိုက်လျောပြီး ရောင်းဝယ်ခြင်း ဟာ သူတစ်ပါးရဲ့ အကျိုးကိုဆောင်ရွက်ခြင်းထဲမှာ အပါအဝင်ဖြစ်ပါ တယ်။ သူတစ်ပါးရဲ့အကျိုးကို ဆောင်ရွက်သူတို့ထံမှာ ဘယ်တော့မှ ဆင်းမခေါင်ဘူး၊ မြေဆီမြေနှင့် မြေဩဇာတို့ဟာ တင်လျက်ရှိပါတယ်။ အသတ်တို့ဟာ တန်ခိုးရှိလာပါတယ်...'

ထိုသို့ ထိုမိန်းကလေး၏ပြောဆိုခြင်းကို လူစုလူဝေးသည် သဘောကျလျက် ပြန်ကြလေ၏။

ထိုသို့ပြောဆိုရာ၌ ဘုန်းရှိန်သည် သေချာစွာမြင်လောက်သော နေရာကနေ၍ ထိုမိန်းကလေးကိုကြည့်ကာ နားထောင်နေ၏။ ထိုသို့ နေရာ၌ မိန်းကလေး၏ခေါင်းမှာ အအေးဒဏ်ကိုကာကွယ်စေရန် အဝတ်နှင့်ပတ်ထားသဖြင့် သာယာချောင်သော အနှစ်ပါပါအသံနှင့် စကားကိုကျနစွာကြားရသော်လည်း မျက်နှာကိုကား ကောင်းစွာမမြင်ရ ချေ။ သို့လင့်ကစား ဘုန်းရှိန်သည် ဤသို့စိတ်ကစားနေလေ၏။

အလွန်နက်နဲသော စကားများပါလား။ ဤစကားတို့သည် တော သူမကလေးတစ်ယောက်၏ စကားလား။ ဟင် ငါ့အသို့ ထင်ဘိပါသ နည်း။ မနော်မယိဒ္ဓိပတ္တမြားသည် စစ်ရေးလေ့ကျင့်နေသော ရွှေမြို့တော် စစ်ကွင်းကြီးကမထွက်၊ ဘုရင်မင်းမြတ်နှင့် မိဖုရားမောင်းမမိဿံတို့အ ဖျော်ဖြေနေရာဖြစ်သည့် အက အဆိုသဘင် ကျင်းပရာ တလင်းပြင်က မထွက်။ တောကြီးအတွင်းရှိ တောင်ကြီးမှ ထွက်ပါကလား။ အဖိုးတ ကရမက်သား၊ စန္ဒကူးနှစ်တို့သည် ရှင်ဘုရင့် ဥယျာဉ်ထဲကမထွက်၊ တော ကြီး တောင်ကြီးအတွင်းကသာ ထွက်ပါကလား'

'ထိုမိန်းကလေး၏ စကားတို့သည် အဖိုးတန်လှပါကလား'

ဘုန်းရှိန်သည် ထိုသို့တွေးဆပြီးနောက် မိမိတည်းခိုရာ ရွာအကြီ အကဲအိမ်သို့ ပြန်ပြီးသော် ဤသို့စကားပြောဆို နေလေ၏။

'ဦးကြီး၊ ဦးကြီးတို့ရွာက အတော်ကို ခေတ်မီပြီး ထူးဆန်းတယ်လို့ ဆိုရမယ်'

'ဘယ့်နှယ်ကြောင့်လဲ မောင်'

'လူစု လူဝေးလုပ်ပြီး ပြောပြတဲ့စကားတွေဟာ အလွန်အဖိုးတန်က မှတ်လောက်သားလောက် ဖြစ်ပါတယ်။ သည်စကားမျိုးကိုလည်း ရွှေ တော်မှာတောင် ပြောတတ်မယ့်လူ မရှိပါ။ သည်တော့ ကျွန်တော်မှ သည်အပြုအမူနှင့် စကားဟာ အထူးအဆန်းဖြစ်နေတာပါ ခင်ဗျာ'

'မောင်ရင်၊ မထူးဆန်းနှင့် မောင်၊ သည်နေရာဟာ အရင်က တောကြီးမျက်မည်းပေါ့။ သည်မိန်းကလေးတို့ သားအဖကလာပြ ရွာတည်ထောင်နေတာ၊ ဦးကြီးကိုလည်း သူတို့ကပဲ ရွာအကြီးအကဲထ တယ်။ ရွာဟာတဖြည်းဖြည်း စည်ကားလာကာ ယခုအိမ်ခြေငါးဆ လောက် ရှိနေပြီ။ သည်မိန်းကလေးက အတော်ဉာဏ်ကြီးတယ်၊ သ စကားကို နားထောင်ပြီး လုပ်ကိုင်ကြလို့ မောင်ရင် နက်ဖြန်တော့ မြင်လိ

ယ်။ ရွာသာဆိုရတယ် မြို့ကလေးတမျှပဲ သိပ်ကိုသာယာတယ်။ သြည်ပင်ပြီးတော့လည်း ဝပြောတယ်။ ကလေးသူငယ်များလည်း စာသင် ကြရတယ်။ လူကြီးများအားလည်း သည်မိန်းကလေးတစ်လှည့် သူ့အဖေကတစ်လှည့် စာသင်ပေးလို့ တစ်ရွာလုံးဟာ နားမျက်စိပွင့်နေတဲ့ ့ချုပ်းဆိုရင် မမှားပါဘူး။ အဲဒီတော့ သည်မိန်းကလေးပြောတဲ့စကား ကို ရွာသားများက နားလည်ပြီး နာယူကြတာပေါ့'

'သည်မိန်းကလေးနာမည်နှင့် သူ့အဖေနာမည်ကို သိပါရစေခင်ဗျာ'

'သည်မိန်းကလေးက မယ်သိုက်တဲ့၊ သူ့အဖေက ဦးစွာတဲ့ သူ့ အမေက နန်းကေသီတဲ့'

အလို... ဟုဆိုကာ ဘုန်းရှိန်သည် ပါးစပ်ဟနေလေတော့သည်။ သော် ထိုသဘောကို ရွာအကြီးအကဲသည် ညဖြစ်၍ ကောင်းစွာမမြင် က်ပေ။ ထို့ကြောင့် စကားစပြတ်သွား၍ ညနက်လာပြီအတိုင်း အိပ်ရာ ဝင်ကြလေတော့၏။

နံနက်လင်းလတ်သော် ဘုန်းရှိန်သည် အကြီးအကဲအား ဦးစွာ၏ အိမ်သို့သွားပါရစေ လိုက်ပို့ပါဟုဆိုသဖြင့် ရွာအကြီးအကဲသည် ဘုန်းရှိန် ကို ဦးစွာ၏ အိမ်သို့လိုက်ပို့ရာ... နန်းကေသီသည် ဘုန်းရှိန်ကို မြင်လတ် သော် 'အင်းဟင်' ဟု စဉ်းစား၍ 'မောင်ဟာ ဘုန်းရှိန်မဟုတ်လား' ဟု မေးလေရာ ဘုန်းရှိန်လည်း 'ဟုတ်ပါ' ဆိုလေ၍ နန်းကေသီသည် 'ဘာလာလာတော်လေးဆီ' ဆိုပြီးလျှင် ဘုန်းရှိန်၏ လက်ကိုဆွဲခေါ်၍ အိမ်းတွင် ကျုံ့ကျုံ့ယုံ့ယုံ့နှင့် ရှိသေစွာထိုင်နေသော ဘုန်းရှိန်ပခုံးကို ကိုင်ကာ စကား ဤသို့ပြောဆိုနေကြလေ၏။

'အမိ။ ကြီးလို့ ကြီးပြောင်စင်လာတော့ ရုပ်ကလေးတစ်မျိုးလိုလို ဖြင်နေတာနှင့် ကျုပ် ရုတ်တရက်မမှတ်မိဘူး'

'မောင်တော်၊ အမိကတော့ ချက်ချင်း ငယ်ရုပ်ကိုဖမ်းပြီး တူပါတယ်

လေလို့ ကြည့်နေရာ နဖူးမှာ အမာရွတ်ကလေးကို မြင်မိတော့မှ အတ
သိတာကလား...။ တူတော်ကလေးဟာ ပုခက်တွင်းသားမှာ မငိုယ
သိပ်ဆော့တယ်။ ဒါနှင့် မြပုခက်နှင့် ခိုက်မိလို့ နဖူးမှာပဲ့သွားတယ်'

'ဘုရား တူတော်မောင် ရတ်တရက်မသိတာကို သည်းခံတော်
ပါ ဘုရား'

'ဝမ်းသာတယ် ဘုန်းရှိန်ရယ်'

ရွာအကြီးအကဲကား ရုတ်တရက်သော်... မသဲကွဲ၍ စိုက်
ကြည့်နေလေရာ နန်းကေသီသည် ဤသို့ပြောလေ၏။

'ရွာမှူးကြီး။ ဒါဟာ ပေါက္ကံပြည့်ရှင် ဘုရင်မင်းမြတ်၏ နတ်ရွာ
သွားတော်မူသော မဟေသီမိဖုရားခေါင်ကြီးရဲ့ သားတော် ဘုန်းရှိန် ကို
တော်ကလေး'

'မမဟာ မင်းသမီးပေါ့'

'ဟုတ်ပါတယ် အနောက်နန်းမတော် သမီးတော်ပါပဲ'

ထိုသို့ပြောဆိုနေကြစဉ် မယ်သိုက်သည် တောသူကလေးတို့
သဘာဝအတိုင်း ရေအိုးရွက်၍ အိမ်ထဲသို့ရောက်လာလေ၏။ နန်းကေ
သည် မယ်သိုက်အား ဤသို့လျှင်... ဝမ်းသာအားရနှင့်ပြောလေ၏

'မယ်သိုက်ရေ၊ ညည်းကိုကိုဘုရား ရောက်လာတယ်'

မယ်သိုက်သည် ရေအိုးကိုချထားခဲ့ပြီးနောက်... အနီးသို့ရော
၍ ဤသို့ဆိုလေ၏။

'သည်လောက်တောင်ဝေးတဲ့ခရီးသို့ ဘာကြောင့်ရောက်လာသ
ဝန်ကြီးများနှင့် လဲမတ်များက နှင်လွှတ်လိုက်ပါသလား'

'မဟုတ်ပါ။ ညီတော်ကျော်မြင့်ကို အိမ်ရှေ့မင်းခန့်ထားဖို့ရန် ခမ
တော်ဘုရားထံမှာတင်ပြီး ထွက်လာခဲ့ပါတယ်'

'ဝန်ကြီးများ၊ အမတ်များတို့ရဲ့ စိတ်ကြိုက်ပေါ့...'

'သည်လိုလည်း မဟုတ်ပါ။ ပထမတော့ ကိုကိုအား နှမတော်ဆင်တဲ့အတိုင်းပဲ ဝန်ကြီးများက အိမ်ရှေ့ခန့်ထားရန်ကို မလိုတဲ့သဘောါပဲ။ သို့သော် နောက်ကျတော့ သူတို့ကပဲ ကိုကိုအား အိမ်ရှေ့အဖြစ်ကိုသိုလားကြပြီး ခမည်းတော်ထံမှာ တောင်းဆိုကြပါသည်။ သို့သော် ဘုန်းနှံ့န်သည် အိမ်ရှေ့မင်းအဖြစ်ကိုလိုသောကြောင့်သာ နိုင်ငံတော်၌ပြေပြစ်နေလအောင် ဘုရင့်ကိုယ်စားတော် စီမံအုပ်ချုပ်ကာ စီရင်ဆုံးဖြတ်ပေသည်ဟု ထင်မည့်အထင်ကို ရှက်ပါတယ်။ လန့်ပါတယ်။ လူသည်မိကျင့်အပ်သော လူ့အကျင့်ကို ကျင့်သည်ဟူသောသဘောကို ထိုအထင်ဘ ဖုံးအုပ်သွားမည်ကြောင့် ညီတော်အားသာ အိမ်ရှေ့ခန့်ရန် ဖွတ်တင်ဘာ ထွက်လာခဲ့ပါတယ်။'

'အော် ထိုက်သူမှန်မှ စံရမှာပါ...'

❒

## အခန်း ၄

ဘုန်းရှိန်သည် တောရွာကလေး၌ ပျော်၍နေ၏။ ၎င်းသည် တော နေလူတို့၏စရိုက်အတိုင်း ဖျာရက်ရန် နှီးထိုး၍နေ၏။ မယ်သိုက်လည်း 'ကိုကို ဒန့်ကျွဲစေ့ရည်ပူပူနှင့် ဆတ်သားခြောက်ကို သောက်ဦးလေ၊ အေး ကုန်လိမ့်မယ်' ဟု ဆိုလေ၏။

ဘုန်းရှိန်လည်း နှီးထိုးခြင်းကိုခဏရပ်၍ ဒန့်ကျွဲစေ့ရည်ပူပူကို သောက်နေရင်း ဤသို့စကားပြောနေကြလေ၏။

'ကိုကို ပျင်းသလား'

'မပျင်းပါဘူးကွယ်၊ ခုမှအေးအေးချမ်းချမ်းနှင့် စိတ်ကြည်ကြည် လင်လင်ရှိပါတယ်'

'ဂုဏ်၊ ထင်ပေါ်ကျော်ကြားမှု၊ ကောင်းစားလိုမှု၊ မြင့်မြတ်ကြီးကျယ် မှုတို့ကို အရသာကောင်းထင်တဲ့ လူတစ်စုဟာ မကောင်းမှုကို ပြုရမှာ မရှက်မကြောက်။ အသိုက်တို့ရွာကလေးမှာတော့ သည်စိတ်တွေဟာ မထွေသေးလို့ ပျော်စရာပေါ့'

'ကိုကိုတော့ တစ်ခါတစ်ခါတွေးမိပြီး ရယ်ချင်တယ်'

'ပြောစမ်းပါဦး ကိုကို'

ဘုန်းရှိန်သည် ၎င်းအား တက္ကသိုလ်မှာရှိစဉ် ထိပ်တင်ညွန့်ပြော

သောစကားတို့ကို ပြောပြလေရာ မယ်သိုက်ကလည်း ပြုံး၍ ထီးနန်းသည်းစိမ်ရာထူးဆိုတာတွေဟာ စက်ဆုတ်ဖွယ် မလွဲသာလို့သာ လက်ခံရဘယ်ဆိုတာကို မသိကြဘဲကိုးဟုဆို၏။ တစ်ဖန် ဘုန်းရှိန်သည် တက္ကသိုလ်က အပြန်တွင် လမ်း၌ ဆေးဝိဇ္ဇာမဆိုသူက ပြောသောစကားတို့ကို ပြန် ပြောပြန်ရာ မယ်သိုက်လည်း ပြုံး၍ ဤသို့ပြောလေ၏။

'ကိုကို ဤသည်တုန်းက ဆေးဝိဇ္ဇာဆိုသူ မိန်မကပေးသော ဆေး ကို စားမိရင် အသက်ခန္ဓာပျက်ပြုန်းတန်ရင် ပျက်ပြုန်းရမယ်၊ သို့မှမဟုတ် ၎ုးတန်ရင် ရှုးရမယ်'

'ဟင်...'

'အဲဒီမိန်းမဟာ ဝိဇ္ဇာမဟုတ်ဘူး ကိုကို၊ ဝိဇ္ဇာဆိုတာ အများအားဖြင့် သူတစ်ပါးအပေါ်မှာ အမြင်တိုပြီး မနာလိုစိတ် အင်မတန်များတတ်ပါ ဘယ်။ ကိုကို့အား လာပြီးဆေးပေးသူမှာ ဝိဇ္ဇာမ ဟုတ်တယ်ထား၊ သူဘာ ကြောင့် သည်ဆေးကိုလာပေးရသလဲ။ ကိုကိုဟာ သူ့ကျေးဇူးရှင်လား'

'ဒါဖြင့်ဘာလဲ'

'ကိုကို့အား နေပြည်တော်သို့ ပြန်ရောက်က ဘုန်းတော်ကြီးဘုရား ၏ အိမ်ရှေ့ခန့်မှာကို မနာလိုလို့ ပျက်စီးအောင် ကြံဆောင်ရန် မနာလိုသူ တို့က လွှတ်လိုက်တာ'

'သူဟာ ကောင်းကင်ခရီးကလာပြီး ကောင်းကင်ခရီးကပင် ပြန် သွားပါတယ်'

'ဟုတ်ပါတယ်'

'ဘယ်လိုမိန်းမစားများပါလဲ'

'စုန်းမပါ ကိုကို'

'အသိုက်၊ စုန်းမရယ်လို့ ရှိသလား'

'ရှိတာပေါ့ ကိုကို'

'ကိုင်း... ပြောစမ်းပါဗျာ'
(မရေးသင့်၍ မရေးပါ၊ ခြွင်းခဲ့ပါအံ့)

*

'ကိုကို မိခင်ကတည်သော စိတ်၊ အာရုံမထွေသော စိတ်ရှိသ
သားသမီးများသည် လွင့်ပါးသောစိတ်ကို မလွင့်ပါးရအောင် နိုင်အေ
ထိမ်းသိမ်းနိုင်လျှင် ကောင်းကင်ခရီးနှင့် သွားနိုင်တတ်ပါသည်။ ထို
သည် အလိုရမ္မက်၊ တုန်လှုပ်ခြင်းထောင်လွှားခြင်းတို့နှင့် ၎င်းကို အ
ပြုချေသော် ကောင်းကင်သို့သွားနိုင်သော စုန်းကဝေဖြစ်နေပါသည်
'အော် သည်လိုကိုး'
နောက်တစ်နေ့သော် ဘုန်းရှိန်သည် ထင်းပေါက်နေ၏။ မယ်သို
သည် ထင်းများကို စုစည်းချည်နေ၏။ ထိုခဏ၌ ဂုတ်ဝန်မင်း၊ ရွှေ
တော်ဝန်မင်း၊ အသည်ဝန်မင်းတို့သည် ရောက်လာကြလေ၏။
ဂုတ်ဝန်မင်းကား ဘုန်းရှိန်နှင့် မယ်သိုက်တို့၏ အနေကိုမြင်လ
သော် ရင်ဘတ်ကိုတီးလျက် 'ကိုယ်တော်ကလေး၊ မယ်သိုက်...။ အ
နှမ နှစ်ယောက်ကို ဘမြင်ရချက်က မသက်သာနိုင်၊ နှလုံးကွဲ၍အ
တော့အံ့။ အော်... ကိုယ်တော်ကလေး ကိုယ်တော်ကလေး။ မယ်သို
မယ်သိုက်' ဟုဆိုကာ ငိုလေတော့၏။ ဝန်ကြီးသုံးပါးလည်း မျက်
ကျလျက် မဆည်နိုင်ရှိကြလေတော့၏။
ဂုတ်ဝန်မင်းကား ဤသို့စတင်ကာ စကားဆိုလေတော့၏
'ကိုဗွာ၊ ထိပ်ထားကေသီတို့ကော မယ်သိုက်ရယ်'
'အဖေတို့ ရေချိုးသွားကြပါတယ်။ ကိုင်း... ဘတို့ အိမ်ထဲ ဝင်
တော်မူကြပါ'

*

'ဘ လျှော်လိုလို့လား၊ နီးလိုလို့လား၊ ကိုကို ကောင်းကောင်းကြီး နီးထိုးတတ်ပြီ။ အုန်းပင်ကိုလည်း တက်နိုင်ပြီ ဘ။ မန်ကျည်းရွက်နုကို လည်း တက်ခူးနိုင်ပြီ'

'မယ်သိုက်က ဘကို... ရင်ကွဲနာကျသေစေချင်တယ် ထင်တယ်'

'ဘတို့ကလည်း ကြံကြံဖန်ဖန်ပဲ၊ သည်တောထဲ ရောက်လာကြ ဘကို၊ ရွာမိန့်မရဘဲ ရွာတည်နေတာနှင့်... ဖမ်းမလို့လား'

'မယ်သိုက်၊ နင်ကလေး မဟုတ်တော့ဘူး'

'ဘရယ်... လူကြီးမို့ သိလို့ပြောတာပေါ့'

'တကတဲ တွေ့ကရာပြောတာပဲ'

'ဘတို့ ဆတ်ကျိုပူပူနွေးနွေးပါ၊ သုံးဆောင်တော်မူကြပါ'

ထိုဇာတ္တိ ဦးစွာနှင့်နန်းကေသီသည် ရောက်လာကြလေ၍ ဝမ်းသာ အားရ ဖက်လဲတကင်းပြောဆိုနေကြလေ၏။

'နေပါဦး...၊ သည်မှာကျွန်တော်တို့ရှိနေတာကို ဘာကြောင့်သိကြ ပါသလဲ'

'သည်လိုလေ၊ ပတ္တမြားတို့အရောင်ထက် ပညာရှိသူတော်ကောင်း တို့ရဲ့ အရောင်ဟာ ထွန်းတောက်ပပါတယ်'

'ကိုရင်ဟာ ဝန်ကြီးပီပီရှည်လိုက်တာ၊ တိုတိုတုတ်တုတ်နှင့် ရှင်း ရှင်းပြောစမ်းပါ။'

'ဈေးတန်းမှာ သမင်သားလုပ်ပြီး နွားသားကိုရောင်းနေတဲ့သူအား အမှုထမ်းတစ်ယောက်က ဖမ်းပါရောဗျာ။ သည်တော့ အမဲသားသည်က သော်ကလည်းတော်၊ သမင်သားပါဆိုပြီး နွားသားတစ်ပိဿာနှင့် အသ ပြာ ငါးကျပ်ပေးလိုက်တယ်။ သည်တော့ အမှုထမ်းက သူ့မိန်းမအား အဲဒါကို ပေးလိုက်တယ်။ နောက်တစ်ယောက် အမှုထမ်းကလာပြန်ပါ ရောဗျာ၊ သည်တော့အရင်အမှုထမ်းက ကျွန်တော့်လူပါဗျာဆိုရာ မိတ်ဆွေ

ကျွန်တော့်အိမ်က ဈေးဝယ်စရာမရှိဘူးလို့ လိုက်လာတယ်လို့ဆိုတဲ့ အခါ… အမဲသားအစိတ်သားနှင့်… အသပြာတစ်ကျပ် တောင်းတာနှင့် ပေးလိုက်သတဲ့…'

'ကိုယ်ရင့်စကားဟာ ရှည်တာပဲ…'

'နေဦးလေ၊ စကားဆိုတာ လည်ပတ်မှ…'

'ပြောဗျာ…'

'အဲဒီတော့ အနားမှာရှိတဲ့ မိန်းကလေးနှစ်ယောက်က အေ့၊ ဒါတွေ ကိုရှုလို့ မမသိုက်ဟာ တောထဲမှာ ပျော်နေတာပဲ။ ကိုယ်တော်ကလေး ဘုန်းရှိန်ကလည်း သည်လူညစ်ပတ်တွေကို စက်ဆုပ်လို့ တို့ဆီမှာလာနေ တာပဲဆိုသံကို ဖြိုနှစ်ယောက်က ကြားတော့ သည်မိန်းကလေးနှစ် ယောက်ကို ဖြိုတိုက်သို့ခေါ်လာတယ်။ ဖြိုတိုက်ရောက်တော့မှ ချော့ပြီး မေးလို့ သေသေချာချာပြောတာနှင့် သိကြရတယ်…'

'ဒါကြောင့် ကျွန်မက ရွှေပြည်တော်ကြီးက နီးမှိုက်ထွေးကို ထုတ် ပြတော့ ကျွန်မတို့သားအမိ သားအဖသုံးယောက်ကို ဝန်ကြီးများက တိတ် တိတ်ပုန်းဖျောက်ဖျက်ဖို့ ကြံကြတာဟာ အရင်က မအောင်မြင်လို့ ခုလာ ဖမ်းပြီ…'

'ဟဲ့… ငသိုက်နေဦး။ ငါ့အား ကိုစွာနှင့်ထိပ်ထားကေသီက ငယ် ငယ်ကလေးကစပြီး နှင့်အပ်ထားတာ၊ ငါက နှင့်ရိုက်နိုင်တယ်သိလား၊ တကတဲ ရှေ့လောကြီးပြီး စကားကိုပြောတာပဲ၊ နှင့် ငါတက္ကသိုလ်သို့ ကိုယ်တော်ကလေးတို့နှင့် ပို့ဖို့ဟာ ကိုစွာနှင့်ထိပ်ထားကေသီအား ပူစာရ နစရပြုမယ့်သူမရှိလို့ ထားခဲ့ရတယ်။ နင်သိပ်စကားပြောလောကြီးတာပဲ၊ ဉာဏ်ကျယ်ပြီးအမြင်သွားတိုင်း ကျင့်ဆောင်တာကလည်း သိပ်မြန်တာ ပဲ။ နင်ထင်တာမြင်တာမှန်စေကာမူ ငါရယ်၊ ဂုဏ်ဝန်မင်းရယ်၊ နင့်ဘထွေး တော် သေနာပတိရယ်က သေသွားပလား၊ အလကား ကြည့်နေပါ့မ

ဘား...'

'မဟုတ်ဘူး ဘရဲ့၊ လေကြီးကျမှာ ကြောက်လို့ပါ...'

'လာပြန်ပြီ...'

'ဒါဖြင့် ဘာကိစ္စ...'

'ဘုန်းတော်ကြီးဘုရားက ကိုစွာ၊ နှမတော်ကေသီနှင့် တူမတော်ယယ်သိုက်တို့ကိုပါ ကိုယ်တော်ကလေးဘုန်းရှိန်နှင့်အတူ ပင့်ဆောင်ခဲ့လိုက်လို့ပါ။ အမိန့်တော်လည်း ပါပါတယ်...'

'ဆိုဗျာ...'

'ကိုင်း အတွင်းဝန်မင်း ဖတ်ဗျာ...'

'သူငယ်ချင်းကိုစွာနှင့် နှမတော် နန်းကေသီကို တူမတော်မယ်သိုက်နှင့်တကွ ရှိရာအရပ်မှာသွားရောက်ပင့်ရမည်။ သားတော်ဘုန်းရှိန်ကို အိမ်ရှေ့မင်းခန့်ထားလိုက်ပြီ။ အိမ်ရှေ့တော် အဆောင်အရွက်နှင့် ရှိရာအရပ်တွင် သွားရောက်ပင့်ချီရမည်။ အမိန့်တော်...'

'ကိုကိုတော့ လိုက်ပေါ့။ အဖေ ကျွန်မတို့တော့ ဆော်ရာသို့သွားနေအောင်နော်...၊ နေပြည်တော်ဆိုတာ... အင်မတန်ကြောက်စရာကောင်းတယ်။ မတော်တဆ အိပ်နေတုန်းမှာလာပြီး မီးရှို့ရင် သေရမှာကိုကြောက်စရာကြီး အဖေ...'

'အသိုက်၊ ဘကိုလွှတ်တော်ကခန့်သည်မဟုတ်၊ အသည်များကခန့်သည့်အတိုင်း လွှတ်တော်နှင့် ဘုရင့်အစိုးရကသဘောတူရတဲ့ ခန့်ဘက အသည်ဝန်ပီပီဘာခံမလဲ။ အသိုက်ကို ကိုကြီးစွာရဲ့သမီးမှန်းတုန်းကမသိလို့၊ ဘတို့တာဝန်...'

'နေပါဦး ဘတို့ ကျွန်တော်မရှင်းလို့ပါ...'

'မိန့်တော်မူပါ...'

'ညီလေးကျော်မြင့်ကို အိမ်ရှေ့ခန့်ထားတော်မူတယ် မဟုတ်

လား...'

'ကိုင်း နေ့လယ်နေ့ခင်းကျတော့မှ ရွှေပြည်ဝန်မင်းက လင်းပါလိမ့်မယ်။ ခုတော့ပျော်ပျော်ပါးပါးနှင့်...'

'ကိုင်း ကျွန်တော်တို့ တပ်စခန်းသို့ ပြန်ဦးမယ်ဗျာ...'

'သည်မှာပဲ နံနက်စာစားလေ...'

'ရှိပါစေဦးဗျာ ...'

*

နေ့လယ်နေ့ခင်းသော် ဝန်ကြီးလေးပါးတို့သည် မယ်သိုက်တို့၏အိမ်၌ တပျော်တပါးနေကြ၍ ရွှေပြည်ဝန်ကြီးသည် တောင်နန်းမဒေဝီမဟေသီခေါင်ကြီး စံကားမယ်၏ လူယုံတော်ကြီးဖြစ်၍ အတွင်းရေးကိုတတ်ရာကျလောက်ပင် သိသည့်အတိုင်း ဤသို့လျှင် ရှင်းလင်းဖြော်ပြလေ၏။

'ကိုယ်တော်ကလေး ကျော်မြင့်ကို အိမ်ရှေ့မင်းအဖြစ်နှင့် ခန့်အပ်လိုက်သောအခါ ယခုလက်ရှိခေါင်ကြီး စကားမယ်က ငါ့သားသည် ပေါက္ကံပြည့်ထီးဖြူနန်းရပ်ကိုရတော့မည်' ဟုအလွန်ဝမ်းသာခြင်းဖြစ်ဟန်ရှိလေတော့ပြီ။'

'ဟုတ်ကဲ့...'

သို့ရာတွင် ကိုယ်တော်ကလေးကျော်မြင့်သည် အိမ်ရှေ့မင်းဖြစ်လာလေရကား အရှေ့နန်းမတော်၊ အနောက်နန်းမတော်တို့က သူတို့၏ သမီးတော်ကလေးများ ယုယုကေနှင့် သုသုဆွေကို ကိုယ်တော်ကလေးကျော်မြင့်နှင့် စုလျားပတ်ရန် စံကားမယ်ထံ သူ့ထက်ငါဝင်ကြတော့စကားမယ် သည် ရှေးဦးစွာ ဝေခွဲမရဘဲ စိတ်ညစ်ခြင်းဖြစ်လေတော့ပြီ။

'ဘ၊ ဒါဟာ စိတ်ညစ်စရာမဟုတ်ပါကလား။ မင်းသမီးကလေး

နှစ်ပါးစလုံးနှင့်ပင် လက်ထပ်လိုက်ရောပေါ့...'

'အသိုက်၊ အသိုက်ပြောတာလွယ်တယ်။ သည်လိုလက်ထပ်လိုက်လို့ ကျော်မြင့် ရှင်ဘုရင်ဖြစ်တော့မှ တောင်နန်းမ မယောသီလုတာနှင့် နန်းတွင်းရေးဟာ ဖြေမရအောင် ရှုပ်လာမယ်။ သည်သဘောကိုမြင်လို့ သည်လိုလည်း မလိုက်လျောသာ'

'ခက်တယ်နော်၊ မိဖုရား ဖော်မတွေ'

'အသိုက်  ကိုယ်နှင့်နှိုင်းမရိုင်းဘူးဆိုပေမဲ့လို့  သည်နေရာမှာ အသိုက်နှင့် မတင်စားသင့်၊ သည်အထဲ နန်းရင်းဝန်ကြီးရဲ့သမီး ကမုဒေွ ဘလည်း စံကားမယ်ထံ ရုပ်ပြန်တာပေါ့'

'အလို'

'မလိုနှင့် အသိုက်။ ကိုယ်တော်ကြီးဘုန်းရှိန်ရှိတုန်းကတော့ ကိုယ် တော်ကလေး ကျော်မြင့်က ငါစစ်သည်တော်တပ်သားများနှင့်ဆိုင်းကျိုး ပြည်ကျိုးကို ဆောင်ရတော့မှာပဲဆိုတဲ့သဘောနှင့် နန်းရင်းဝန်ကြီး၏ အိမ်ကိုအလည်ရောက်တိုင်း ကမုဒေွထံ မျက်စိကစားပြီး ပြုံးပြုံးပြုံးပြုံးနှင့် နေသားတော့ ကမုဒေွကလည်း ကလှဲ့စားချေမိသပေါ့'

'ဟုတ်ပြီ'

'သည်တော့ မေတ္တာဦးဖြစ်နေ၍ ကမုဒေွကလည်း ကိုယ်တော်က လေးကျော်မြင့် အိမ်ရှေ့ဖြစ်လာသောအခါ သူသာ အိမ်ရှေ့မိဖုရားဖြစ်သင့် သည်ဟု မိဖုရားကြီးစံကားမယ်ထံမှာဝင်နေကျအတိုင်း ဝင်၍ရုပ်လာချေ တော့ပြီ။ သည်တော့ထိုကိစ္စနှင့် မိဖုရားကြီးသည် စိတ်မကောင်းဘဲ အခက်ကြုံနေလေရတော့ပြီ'

'အော် အတော်ညံ့တဲ့ အမျိုးသမီးတွေပါလား။ သူတို့ အိမ်ရှေ့မိဖု ရား ဖြစ်ရတာနှင့်၊ တလင်းထဲမှာ စပါးတွေကို နယ်ပြီးတော့ တပျော်တပါး ကြီးပြုကာ 'တို့တစ်တွေပျော်ရပြီ' စပါးတွေလည်းရကြသည်၊ တို့ပြည်

ချမ်းသာသည်၊ အေးချမ်းသာယာမည်' လို့ အသိုက်တို့ မိန်းကလေးတွေလို သီချင်းသံပြိုင်ဆိုကာ ဗုံကြီးတီးပြီးကနေနိုင်မှာတဲ့လား။ တပျော်တပါး တစီတတန်းကြီး ညနေချိန်၊ နံနက်ချိန်ရေခပ်သွားကြတော့ စကားတွေ ဟိုရောက် သည်ရောက်နှင့် တစ်ယောက် တစ်ပေါက်ပြောကာ မိန်းကလေးတို့ရဲ့ အရသာကို ရနိုင်မတဲ့လား။ နေ့လယ်ချိန် ထင်းခွေသွားကြတော့ တောသွဲ့၊ တောင်ဘွဲ့တို့ကိုဖွဲ့ကာ ယိုးဒယားအသွားနှင့် တစ်လှည့်စီသီချင်းဆိုပြီး ပျော်နိုင်မတဲ့လား'

'အော်... အသိုက်... အသိုက် အလွန့်ကိုတည်ပြီး မြင့်တဲ့စိတ်ထားရှိပါကလား၊ ကိုင်း ဆက်နားထောင်ဦး'

'ဟုတ်ကဲ့... ဟုတ်ကဲ့...'

'ကိုယ်တော်ကလေးကျော်မြင့်က လူငယ်ဆိုတော့ အတော်စိတ်ထန်တဲ့အပြင် စိတ်လည်းဆတ်တယ်။ လွှတ်တော်တက်ပြီး ဘုရင့်ကိုယ်စား တရားစီရင်ခြင်း၊ စီမံခန့်ခွဲခြင်းလုပ်ရာ အဂတိဆိုလုံးဝ လိုက်မစားဘဲ ပြင်းပြင်းထန်ထန် ဥပဒေအရ၊ ဓမ္မသတ်အရ၊ ရာဇသတ်အရ၊ ထုံးတမ်းစဉ်လာ ရာဇဝသတီကျမ်းအရ ဆောင်ရွက်တော့ ဝန်ကြီးတွေ၊ မင်းမှုထမ်းတွေဖျစ်ဖျစ်မြည်ကုန်ကြတာပေါ့။ သာသနာ့ညီမျှခြင်းသဘော၊ သဘာဝသဘော၊ လိုက်လျောပျမ်းမျှတဲ့ သဘောတို့ကို လုံးဝမပြုပါ'

'ဟုတ်ပြီ... ဟုတ်ပြီ...'

'ဘာရယ် ဝန်ကြီးတွေ၊ အမတ်ကြီးတွေ၊ အမတ်ကလေးတွေအလိုရှိတဲ့အတိုင်း ကိုယ်တော်ကလေး ကျော်မြင့် အိမ်ရှေ့ဖြစ်တာပဲ'

'ဟုတ်ပါတယ် ကိုစွာ။ ဒါနှင့် အိမ်ရှေ့တော်ကျော်မြင့်ကလည်း ပေါက္ကံပြည်မှ မည်သည့်အမျိုးသမီးများနှင့်မျှ လက်မထပ်ဘဲ လူပျိုကြီး အိမ်ရှေ့မင်းအဖြစ်ဖြင့် နေထိုင်ကာ သူ့အိမ်တော်မှာပင် အနေနည်းပြီး သေနာပတိကြီး ဘထွေးတော်အိမ်တော်မှာပင် အအိပ်အနေများနေသတဲ့'

'အင်း...'

'သေနာပတိ ကတော်ကလည်းဗျာ၊ အံ့လည်းအံ့ပါရဲ့၊ သမီးတော်ဘ လေးတစ်ပါးမှ မထွန်းကားဘဲ သားတော်ကလေး သုံးပါးသာ ထွန်းကားတော့ အိမ်ရှေ့ကိုယ်တော်ကျော်မြင့်ဟာ သေနာပတိအိမ်တော်မှာသာ သိတော်ကလေးများနှင့် ပျော်နေတာပေါ့။ သူ့အိမ်တော်ဟာ လူမရောက်ဘဲ့ ဇရပ်လိုခြောက်သွေ့ပြီး ငြီးငွေ့စရာကြီးဖြစ်နေတာပေါ့'

'ဘက'

'ဆိုအသိုက်'

'ဘ ကတော်လေးဖုရားကိုသာ အပြစ်တင်ဝန်ချနေတယ်၊ ဘထွေးတော်ဘုရားက ဘာကြောင့်သမီးမပေးဘဲ သားတွေချည်းပေးရသလဲ'

'အဲဒါ ခက်တာပဲ'

'ကိုင်း ဆက်စမ်းပါဦးဗျာ'

အဲသည်လိုနှင့် တွေ့ကြုံနေရသည့်အခါမှာ သင်းတွဲပြည့်ရှင် ဘုရင်မင်းမြတ်က သူ့သမီးတော်သုဝဏ္ဏပဘာကို အိမ်ရှေ့မင်းသား ကျော်မြင့်နှင့် အခွင့်သင့်ချင်ကြောင်း အမတ်ကြီးများအားဖြင့် စကားတော်ရောက်လာတော့ ဘုရင်မင်းမြတ်ကလည်း သဘောတော်တူမိလေတော့ပြီ။'

'ဘယ့်နှယ် ဘယ်လိုဘယ်နည်းနှင့် သင်းတွဲဘုရင်က သူ့သမီးတော်ကို မင်းသားကျော်မြင့်နှင့် လက်ထပ်ချင်ရတယ်လို့။ အကြောင်းတော့ ရှိမှာပါ။ ကျော်မြင့်ကကော နှစ်သက်ပါရဲ့လား'

'သည်လိုလေ ကိုဇွာ၊ ကိုယ်တော်ကလေး ကျော်မြင့်က မိန်းမအတွက် ရှုပ်နေလေတော့ သူလည်းနားအေးရာနားအေးကြောင်း သဘောဘုတဲ့လက္ခဏာပဲ။ သည်မင်းသမီးအကြောင်းက သည်လိုကလားဗျ'

'အမိန့်ရှိစမ်းပါဦးဗျာ...'

'ကုန်သည်ကြီးများအပြော၊ သုဝဏ္ဏပဘာ မင်းသမီးကလေးသည်

အလွန်ချော၍ အလွန်အမင်းလှပပြေပြစ်နူးညံ့သိမ်မွေ့ပါသည်။ ရေကို သောက်သောအခါမှာပင် လည်ချောင်းတွင်းက ရေကိုမြင်ရမတတ်ဖြစ်ပါသည်တဲ့။ ထိုမင်းသမီးကလေး ထွက်တော်မူ၍ မြို့ကိုလှည့်လည်ကြည့်ရှုတော်မူသောအခါ သင်းတွဲပြည်သူပြည်သားတို့သည် သူ့ထက်ငါ တိုးဝှေ့ကာကြည့်ကြရသတဲ့'

'အင်း...'

'ထိုကဲ့သို့လှကြောင်း ချောကြောင်းသည် အလွန်ထင်ရှားကျော်ကြားနေသောကြောင့် မြောက်ဘက် စမ္ပနဂိုရ်ပြည်က မင်းနှင့် မလ္လိယမင်းက သူတို့သားတော်များအတွက် သဝဏ်ပို့ကာ တောင်းကြသဖြင့် သင်းတွဲဘုရင်မင်းမြတ်သည် များစွာသောအခက်အခဲနှင့် ကြုံနေရသည်တဲ့။ သင်းတွဲဘုရင်မင်းမြတ် ကိုယ်တော်တိုင်ကလည်း စမ္ပနဂိုရ်မင်းသားနှင့် မလ္လိယမင်းသားတို့ကို စာဖျကောင်းစွာမတတ်ကြသောကြောင့် မနှစ်မြို့သဖြင့် ၎င်းတို့၏ဆီးမှ လွတ်ရာလွတ်ကြောင်းအလို့ငှာ ပေါက္ကံ ဘုရင်မင်းမြတ်ထံစကားတော် ပို့ကြောင်းပါတဲ့...'

'အင်း...'

ထိုရောအခါ ကိုယ်တော်ကလေးကျော်မြင့်က သင်းတွဲပြည်သို့ သွားရောက်ပြီးလျှင် အမူအရာကိုယ်ကဲကလေးကို ကြည့်ရှုစုံစမ်းပြီးသောအခါမှ တိကျပြတ်သားစွာ ကတိပြုပါရစေဟု ခမည်းတော်ထံ အမိန့်တောင်းခံလေရာ ခမည်းတော်မင်းတရားကြီးက သင်းတွဲပြည်သို့ မင်းသားကျော်မြင့်သွားရောက်ရန် သဝဏ်လွှာပါးပြီးလျှင် အခွင့်ပြုတော်မူလိုက်လေသည်။

'အင်း...'

'ထိုသို့သဝဏ်လွှာကို တင်ကြို၍ပို့တော်မူပြီးသော် မင်းသားကျော်မြင့်လည်း အခြံအရံ အနည်းငယ်နှင့် ထက်ကြပ်မကွာလိုက်သွားလေ

သည်။'

'ဟုတ်ကဲ့...'

ထိုသို့ မင်းသားကျော်မြင့်လိုက်သွားရာ တစ်ခုသောစားခန်း၌ ကွန်းထောက်ပြဲ၍ညနေရန် စတည်းချလေသည်။ ထိုည၌အချိန်တွင် တောင်ပေါ်သားများသည် လေးမြားတို့ကို စွဲကိုင်ကာ အတင်းဝင်ရောက်လာ၍ မင်းသားကျော်မြင့်အား ဖမ်းယူသွားပြီးသော် အခြံအရံတို့ကို ပြန်လွှတ်လိုက်ပါသည်။ ဤနည်းဖြင့် ပေါက္ကံပြည်၌ အိမ်ရှေ့မင်းသားမဲ့လျက်ရှိနေသည်တွင်... ကိုယ်တော်ကြီးဘုန်းရှိန်သည် ကိုစွာတို့နှင့်တကွ ဤသည်၌ရှိကြောင်းကို သိရသောအခါ ဘုရင်မင်းမြတ်က အမိန့်တော်သတ်မှတ်ပြီးလျှင်... အပင့်အချီစေလွှတ်တော်မူပါသည်။

*

မင်းသားဘုန်းရှိန်သည်ကား နွားတစ်ရာကို လူတစ်ယောက်တည်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရန် လွယ်ကူလေသည်။ လူသည် မိမိ၏ကိုယ်ကို မိမိမထိန်းသိမ်းမစောင့်ရှောက်သည်ရှိသော် ထိုလူတစ်ယောက်ကို လူတစ်ရာပင် ထိန်းသိမ်းစောင့်ရှောက်၍ရနိုင်၊ တတ်နိုင်မည်မဟုတ်ဟု ဝန်ကြီးစသော အာဏာပိုင်မင်းမှုထမ်းတို့၏ မျက်နှာကို မမြင်လိုသောကြောင့် ပေါက္ကံနေပြည်တော်သို့ ပြန်၍မလိုက်လိုပေ။

မယ်သိုက်၊ ၎င်း၏ဖခင် ဦးစွာတို့သည်လည်း သူမိုးသူဝက်၊ အနုကြမ်း ဓားပြများစွာကို ငြိမ်ဝပ်ပိပြားသွားရန် လွယ်ကူသော်လည်း ဘုရင့်အမိန့်ကိုယူ၍ တရားမဲ့ကျင့်ကြံနေသော မင်းမှုထမ်းမည်သည်၌ ရာနိုင်နှန်းကိုးဆယ်ခန့်သောသူတို့သည် မင်းအာဏာကိုယူ၍ တရားမဲ့ကြံကာ ကောင်းစားခြင်း၊ ဂုဏ်သရေကိုယူခြင်းတို့သာဖြစ်သည်ဟု နေပြည်တော်သို့ မပြန်လိုကြပေ။

ထိုသို့လင့်ကစား ၎င်းတို့သည် ဘုရင်မင်းမြတ်၏ အမိန့်တော်ကို အကြောင်းကြောင်းကြောင့် ငြင်းဆန်ဖို့ရန် ခဲယဉ်းနေသဖြင့် နေပြည်တော်သို့ ပြန်ကြလေ၏။

ဘုရင်မင်းမြတ်သည်လည်း သားတော်ကြီး ဘုန်းရှိန်ကိုအိမ်ရှေ့မင်းအဖြစ်နှင့် တည်တော်မူစေ၍ ဦးစွာကိုလည်း အိမ်တော်နှင့် မြှောက်စားကာထားတော်မူ၏။ မယ်သိုက်ကို ပညာရှိမယ်အဖြစ်နှင့် လွှတ်သို့ဘုရင့်ကိုယ်စားတက်ရောက်ပြီးလျှင် စီရင်ခန့်ခွဲရန် ချီးမြှင့်မြှောက်စားတော်မူလေ၏။

တိုင်းသူပြည်သားတို့သည်ကား အလွန်အားရနှစ်ထောင်းကြ၍ ငါတို့ပေါက်ဖွားပြည်သည် နတ်ပြည်တမျှ အေးချမ်းသာယာလျက် စည်ပင်သာယာဝပြောခြင်းရှိတော့မည်ဟု အလွန်ဝမ်းသာရွှင်လန်းခြင်း ရှိလေတော့သည်။

ဘုရင်မင်းမြတ်သည် အိမ်ရှေ့ဘုန်းရှိန်ကို ညီတော်စစ်သေနာပတိကြီးနှင့် တိုင်ပင်၍ နိုင်ငံတော်၌ တရားဥပဒေတည်ပြီးလျှင် အေးချမ်းသာယာစေရန် လွှဲအပ်တော်မူထားလေသည်။

ကျော်မြင့်သည်လည်း အစစ်အားဖြင့် ခေသောမင်းသား မဟုတ်ချေ။ သို့သော် အသက်အရွယ်ငယ်သေးသည့် အားလျော်စွာ စိတ်မြန်သဖြင့် သေနာပတိကြီးက တူတော်ကို အမြဲထိန်းထားရ၏။

မင်းသားကျော်မြင့်ကို တိုင်းသူပြည်သား အသည်များက နှစ်လိုချစ်ခင်ကြသော်လည်း မင်းမှုထမ်းများကား ကျားကိုကြောက်ဘိသကဲ့သို့ကြောက်သောကြောင့် တိုင်းပြည်ငြိမ်ဝပ်ပိပြား၍ သာယာအေးချမ်းသည်ဆိုသော်လည်း အရသာမရှိပေ။ အဘယ်ကြောင့်ဆိုသော် အိမ်ရှေ့မင်းကျော်မြင့် လစ်လျှင်လစ်သလို အမှုထမ်းတို့သည် တရားမဲ့ အခွင့်အရေးတို့ကို ယူကြခြင်းကြောင့် ဖြစ်လေသည်။

အိမ်ရှေ့မင်းကျော်မြင့်ကို တောင်ပေါ်သားတို့ ဖမ်းယူ၍သွားသော ကြောင့် ပြန်လာရသော အခြအရံတို့အားဖြင့် သိကြရလတ်သော် ဝန်ကြီး စသော မင်းမှုထမ်းသည် အားရခြင်းမရှိသော်လည်း ဝမ်းမနည်းကြချေ။ ထိုသို့ အိမ်ရှေ့မင်းကျော်မြင့်မရှိသည်ကစ၍ မင်းမှုထမ်းတို့သည် စဉ်းလဲ ခြင်းဖြင့်လည်းကောင်း၊ တရားသူကြီးတို့သည် အဂတိလိုက်စားခြင်းဖြင့် လည်းကောင်း တစ်စထက်တစ်စ ဖောက်ပြန်လာကြသောကြောင့် တိုင်းသူပြည်သားတို့သည် ခေါင်းချင်းဆိုင်တီးတိုးရှုတ်ချကာ ရှိနေကြ သည့်တွင်ပင် တိုင်းပြည်၏ ကံအလျောက် ပေါက္ကံပြည်သို့ ဘုန်းရှိန်နှင့် မယ်သိုက်သည် ရောက်လာကြ၍ အတော်ပင်ဝမ်းသာကြကုန်၏။ ဘုန်းရှိန်တို့ ပြည်တော်သို့ ပြန်လာသောအခါ သပြေရေချမ်း ပေါက် ပေါက်ပန်းတို့နှင့် ကြိုကြပြီးလျှင် ကောင်းချီးအထပ်ထပ်နှင့် ဩဘာပေး ကြသည်မှာ ပွဲတင်ထပ်မျှ လောက်ဖြစ်နေလေ၏။

ဘုန်းရှိန်သည် နေပြည်တော်သို့ ပြန်ရောက်လာသော် မယ်သိုက် သည် ဘုန်းရှိန်အိမ်တော်သို့ သွားရောက်၍ ဤသို့ပြောဆိုလေ၏။

'ဆို... အသိုက် ဘာကိစ္စ...'

'ကိုကို့ထံမှာ အသိုက်ပြောစရာရှိလို့ပါ...'

'ဘာလဲ၊ ဆို...'

'ကိုကို့ကို ထိပ်ထား နန်းစိန်နှင့် လက်ထပ်တော်မူပါဟု တောင်းပန် ချင်လို့ပါ...'

'အလို...'

'ကိုကို အလိုလုပ်မနေရာ၊ ထိပ်ထား နန်းစိန်သည် အတတ်ပညာ ကုံလုံသော အမျိုးသမီးတစ်ယောက်ပါ။'

'သိတယ်၊ တမာမျိုးမှာ အချိုမရှိနိုင်။ သူ့ မယ်တော်သည် ကိုကို့ အပေါ်၌ မိန်းမတို့၏ ဟန်ဆောင်မှုမျိုးနှင့် နေထိုင်သော်လည်း အလွန့်

အလွန်ကောက်ကျစ်စဉ်းလဲခဲ့သည်။ ကိုကို ရှုံးသွားအောင်၊ သေသွားအောင်ကြံစည်ခဲ့ပေသည်။'

'အသိုက် သိပါတယ် ကိုကို၊ လူတို့တွင် ဇာတိပဝတ္တိဟုရှိရာတွင် ပဝတ္တိသည်လည်း လူတို့၏ပြုပြင်နိုင်ပါသည်။ ထိုဝတ္တိ၌ အတတ်ပညာသင်ကြားခြင်းသည် အလွန်ကြီးသောအားတစ်ပါးဖြစ်ပါသည်။ သို့သော် လောကသည် ဇာတိကိုမလွန်နိုင်သောအားဖြင့် မည်သည့် အစားအစာ မဆိုကြသော် အဆုံးမှာ အဆိပ်တစ်မျိုးဖြစ်လာရသည်ဟု ဆိုပါတော့။ ဥပမာ တစ်ခုလည်းရှိပါသည်။ မြင်းသည် မြင်းစီးသူကို လိုက်၍ဖြစ်ခြင်းများပါသည်။ ထို့အတူ မိန်းမတည်းဟူသော မြင်း၌မြင်းစီးတည်းဟူသော ယောကျ်ားသည်လျှင်လည်း ပမာနသဘောတစ်ခုဖြစ်ရပါသေးသည်'

'ကောင်းပြီလေ...'

*

ထိုကဲ့သို့ ဘုန်းရှိန်၏သဘောသည် ညွတ်ပျောင်းလာ၍ နန်းစိန်သည် အိမ်ရှေ့မိဖုရားဖြစ်လာရလေ၏။ ထိုအခါ... နန်းမတော်စံကားမယ်သည် ဘုန်းရှိန်၏အပေါ်၌ ကောက်တကျစ်ဉာဏ်အားဖြင့် ကြံစည်မိခဲ့ခြင်းတို့ကို နောင်တရလျက် ဘုန်းရှိန်ကိုအစစ်အားဖြင့် သဘောနှင့်ချစ်ခင်လာလေတော့၏။

မယ်သိုက်ကား ယခုအခါ၌ ပေါက္ကံပြည်တွင် 'လောကမျက်ရစ်ရတနာကလေးဖြစ်နေလေ၏။ တစ်နေ့သောအခါ... မယ်သိုက်သည် တရားလွှတ်တော်ချုပ်မှဆင်းလာ၍... ပန်းဥယျာဉ်ထဲတွင် ပန်းများနှင့်ကစားနေသည်တွင် မိန်းမတစ်ယောက် အရွယ်ခပ်လတ်လတ်သည် ရောက်လာလေ၏။

'ထိုင်ပါတော်လေး၊ ဟာ... အောက်မှာမထိုင်ပါနှင့်၊ ခုံတန်းလျား

ေါမှာပင် ထိုင်ပါ'

... ... ... ... ...

'ဘာကိစ္စပါလဲရှင်'

ထိုမိန်းမကား ရဲရင့်၍ တည်သောမျက်နှာနှင့် ဤသို့ပြောလေ၏။

'ယခုပေါက္ကံပြည်မှာ တရားသည် မမာနေရာမှ နာလန်ထလာပါပြီ'

'အမိန့်ရှိပါရှင်'

'ထို့ကြောင့် ကျွန်မ နန်းမတော် စံကားမယ်ကို တရားစွဲလိုခြင်း ကြောင့် လာရောက်တိုင်ပင်ပါသည်'

'ဘာမှုနှင့်လဲရှင်'

'နန်းမတော်သည် ကိုယ်တော်ကလေးဘုန်းရှိန် တဏ္ဍသိလ်က ပြန်တွင် လမ်းမှာရူးအောင်၊ သို့မဟုတ် သေအောင်ပြုလုပ်ပါ အသပြာ းရှာပေးမည်ဟုဆိုပါသည်'

'ဒါ ဘာဖြစ်သလဲရှင်'

'ယခုအသပြာတစ်ပြားမှ မပေးပါ'

'တော်လေးက သွားပြီးလုပ်သလား'

'ဆေးဝိဇ္ဇာမအသွင်ဆောင်ကာ သွားပြီးလုပ်ပါသည်'

'ဒါဖြင့် ဘုန်းရှိန်ဟာရူးသလား၊ သေသလား'

'သခင်မ သည်လိုပညာရှိပြီး တည်သောလူကို မတတ်နိုင်ပါ...'

'ဒါဖြင့်လည်း တော်လေးရယ် ဘုန်းရှိန်ဟာ ရူးမှမရူး၊ သေမှ သေဘဲ'

'သခင်မ၊ နန်းမတော်က ရူးရင်၊ သေရင် အသပြာပေးမည်ဟု ဆိုပါ။ ရူးအောင်၊ သေအောင်လုပ် အသပြာပေးမည်ဟု ဆိုပါသည်။ ျွန်မလုပ်ပါသည်။ သူမရူးတာ၊ မသေတာကို တော်လေး မတတ်နိုင် ါ သခင်မ'

'ဒါဖြင့် တော်လေးရဲ့ စုန်းအတတ်ပညာဟာ အလကားပေါ့—'

'အလကားမဟုတ်ပါ သခင်မ။ ကိုယ်တော်ကလေးဘုန်းရှိန်ထံအ စက်ကြိုးစီးကာပြန်လာရာ... သူတော်ကောင်းကို မကောင်းကြံမိတာနှင့် လမ်းမှာစက်ကြိုးပြတ်ကျပြီးသော်... ခွန်လက်သည်းခြေထဲကျ၍ တစ်ကိုယ်လုံးမှာ ဆူးခြစ်ရာများပွနေပါသည်။ ဒါကြောင့် နန်းမတော်ထံမှပေးမည်ဆိုသော အသပြာကိုလိုချင်ပါသည်။ ထို့ကြောင့် တရားစွဲလိုပါသည်'

'တော်လေး စက်ကြိုးစီးနိုင်သပေါ့'

'သခင်မကလည်း၊ ပင့်ကူတောင်စီးနိုင်သေးတာပဲ'

'တော်လေးရဲ့ ဝမ်းထဲမှာစက်ကြိုးတွေရှိသလား'

'သခင်မကလေးရယ်...၊ ပင့်ကူရဲ့ဝမ်းထဲမှာ သူစီးဖို့ စက်ကြိုးတွေရှိသလား။ ဒါဟာ သဘာဝတစ်ခုလိုဖြစ်နေပေမယ့် သင်ယူရင်တတ်နိုင်ပါတယ်။'

'နေပါဦးတော်လေး။ ယခုကျွန်မရောက်လာမှပဲ ခေါင်ဖုရားထို တရားစွဲဖို့လာပြီး စောဒနာပါတယ်။ အရင်တုန်းကတော့...'

'သခင်မ အရင်ကတရားစွဲဆိုရင် ကျွန်မသေားတွေ့ရပါမယ်။ ယခုတော့ သခင်မက တရားရှင်ကြောင့် တရားစွဲဝံ့ပါတယ်'

'တော်လေးအား သည်လိုအသပြာပေးမယ်ဆိုတာ သက်သေရှိသလား'

'သက်သေတော့မရှိပါ။ သက်သေမရှိလို့ နန်းမတော်က ငြင်းရင်ငြင်းစမ်းပါစေ။ အရှက်ခွဲပြပါမည်။ နန်းမတော်၏ သဘောသည်အလွန်လှည့်ဖြားတတ်၍ သည်လိုပါလားဟု ဘုရင်မင်းမြတ်နှင့် ကိုယ်တော်ကလေးဘုန်းရှိန်သိရင်တော်ပါပြီ...'

'တော်လေးရယ်၊ တော်လေးစက်ကြိုးကိုတောင် စီးနိုင်တဲ့ စုန်းကအမကြီးပါကပဲ၊ ပြုစားပါလား။ အလကားပဲ တရားစွဲနေရဦးမလား'

'သခင်မ ပြုစားထားတဲ့အတတ်ဟာ အလကား၊ သူတစ်ပါးကို ပြုစားရင်ကိုယ်ခံရမှာက မလွဲဘူး...'

'ပြောစမ်းပါဦး တော်လေးရယ်...'

'မင်းဆိုတာ နိုင်ငံတော်ကျယ်သလောက် မြေရေပိုင်ပါတယ်။ ထိုမင်းကို တိုင်းသူပြည်သားတို့က ကျေနပ်နှစ်သက်ကြ၍ မင်းဟုအသိအမှတ်ပြုထားခဲ့ပါလျှင်၊ ထိုမင်းက ငါ့နယ်မြေထဲမနေနှင့် ချက်ချင်းထွက်သွားဟု အာဏာတော်ပေးလျှင် လေလွင့်သည်လို လွင့်ပြီးထွက်သွားရပါမည်...'

'တော်လေးကလည်း သာမာန်လူတောင်ခိုကပ်ပုန်းလျှိုးနေနိုင်သေးတာကပဲ...'

'ဟုတ်ပါတယ်၊ သာမာန်သူကနေနိုင်ပေမဲ့ စုန်းဟာမနေနိုင်ပါ။ အဲဒီလိုမနေနိုင်ဘူးထား၊ မှော်ဆရာနှင့်တွေ့ရင် ကိုယ်ကခံရတော့မှာပဲ...'

'မှော်ဆရာကိုပဲကြောက်ရသေးသလား တော်လေးရယ်'

'ငါးပါးသောကျင့်ဝတ်မှတစ်ပါးကို သေသေချာချာကြီး ပိုင်နိုင်စွာဆောင့်ထိန်းထားသော မှော်ဆရာကို ကြောက်ရပါသည်။ မကြောက်သော်ဘိမည် သခင်မ။'

'တော်လေးရဲ့ စကားက မကြားဖူးတဲ့စကားတွေချည်းပဲ...'

'သခင်မ၊ သခင်မနှင့် ဘုရင်မင်းမြတ်၊ ကိုယ်တော်ကလေးဘုန်းရှိန်ဘသာ မကယ်ဘူးဟု ကတိပြုပါ။ ခု နန်းမတော်ကို အဝတ်မကပ်ဘဲချက်ပြေးနေအောင်လုပ်ပြလိုက်မယ်...'

'ကိုင်း သည်လိုနေအောင် လုပ်ပြီတဲ့ရှင်...'

'ကိုယ်တော်ကလေး ဘုန်းရှိန်ကဖြစ်စေ၊ ဘုရင်မင်းမြတ်ကဖြစ်စေ သနားနေရင်လုပ်တဲ့ လူဟာရေနွေးပူထဲကျသလို လူးနေရမှာပေါ့...'

'ကိုင်း တော်လေးရယ်၊ အသပြောဘယ်လောက်ယူမလဲ...'

'ဒါကိုသိပါသည် သခင်မ။ သခင်မက အကျယ်ကျယ်မဖြစ်ဘဲ လူမသိရအောင် ဖုံးသွားမည်ကို။ သူ့ထံက အသပြာကိုသာရလိုပါသည်။ သည်ကိစ္စနှင့်ပတ်သက်၍ ကျွန်မသခင်မထံက အသပြာကိုယူရင် ကျွန်မဘောဖြစ်မှာပေါ့။ ကျွန်မအရင်ကတော့ မလေးစားဘူးပေါ့။ ကိုယ်တော်ကလေးဘုန်းရှိန်ထံ ဆေးသွားပေးရာ ငွင်းပယ်သဖြင့် ပြန်လာရာ ချက်ချင်းကျွန်မမှာ တန်ခိုးလျော့ပြီး စက်ကြိုးပြတ်ကျရပါတယ်...'

'ကိုင်းလေ... တော်လေး၊ စကားတွေဟာ တောရောက်တောင်ရောက်နှင့်။ နက်ဖြန်သည်အချိန် ကျွန်မထံသို့ကြွခဲ့ပါ။ ကြွနိုင်မယ် မဟုတ်လား...'

'လာခဲ့ပါ့မယ်...'

'အခေါ်နာမည်ကို တစ်ဆိတ်အမိန့်ရှိခဲ့ပါ...'

'သီလဝတီပါတဲ့...'

'ကောင်းပါပြီ...'

'နာမည်ကိုသာကြားဖူးပါတယ်။ တွေ့ရတော့ သိပ်ကိုချစ်စရာကောင်းတာပဲ။ ဒါကြောင့်တန်ခိုးရှင်ဖြစ်ရုံမက ပေါ္ကဲပြည်ကြီး၏ "လေးကမျက်ရစ်" ဖြစ်နေတာကိုး...'

'တော်လေးရယ်၊ မတောက်တခေါက်တွေ...'

သီလဝတ်သည် ပြန်သွားလေ၏။

နောက်တစ်နေ့ညီလာခံပွဲချိန်သော် မယ်သိုက်သည် နန်းမတော်ထံသို့ဝင်၍ အကြောင်းကို ပြောပြလေရာ နန်းမတော်သည်မျက်နှာပျက်၍ ဤသို့ပြောလေ၏။

'ခေါင်ကြီး။ ဘုရားသမီးတော်တင်မယ်။ ခုသည်အကြောင်းတွေကို ဘယ်သူမှသိတာမဟုတ်ဘူး။ အကယ်၍ တရားစွဲသော် အလွန်ကို မတော်တယ်ရာရောက်မှာ။ သည်တော့နော် ခွေးကိုက်တတ်ကို ထန်းလျက်တွေ

'အရင်ကကို သိပါတယ်'

'သဘောထားအင်မတန်မြင့်မြတ်ကြပေတာကိုး။ တော်လေးကိုလည်း ဇွဲမယူကြပါနှင့်'

'ကြုံကြုံစည်စည်တော်လေးရယ်၊ ဇွဲယူစရာမဟုတ်တာပဲ'

'ဟင်...'

'အသိုက်ကပြောပြမယ်'

'လောကဆိုတာက ပွဲကလေးတစ်ခုလိုပဲ'

'ဆိုတော်မူပါ'

'ကပွဲတစ်ခုမှာ တစ်ယောက်ကရှင်ဘုရင်၊ လေးယောက်က ဝန်ကြီး နှစ်ယောက်က မင်းသမီးမင်းသား...၊ တစ်ယောက်က ဘီလူးမစသည်ဖြင့် ကကြတာပဲ။ ပွဲပြီးသွားတော့ ဘယ်မလဲ ရှင်ဘုရင်၊ ဘယ်မလဲ ဘီလူး ပြီးကြတာပဲ...။ လူနှင့်လူချင်းပေါ့၊ လောကဟာလည်း သည်လိုပေါ့'

'ဟုတ်ကဲ့'

'တော်လေးကစုန်းမလုပ်ပြီး ကနေတယ်...၊ ထိပ်ခေါင်တင်ကြီး စံကားမယ်က ခေါင်ဖုရားလုပ်ကတယ်၊ ဘုန်းရှိန်က မင်းသားလုပ်က တယ်၊ ဘဝကူးသွားကြတော့ ရယ်စရာပေါ့...။ တော်လေးက စုန်းအ တတ်ကို တတ်လို့ကျင့်တာနှင့် စက်ကြိုးတစ်ရာနှစ်ဆယ်ကိုစီးနိုင်ပါေ ဘယ်သူ့ကိုမှ မဖမ်းနိုင်ဘူး။ ဖြစ်ရတဲ့သူမှာသူ့ဝိပါကအလျောက် တွေ့ရ ခြင်းပါ။ သည်အထဲ ငါ့ကြောင့်၊ ငါ့အတတ်ကြောင့်ဟု တော်လေးက သက်သက်အမြတ်အပြစ်ကို ဝေစုလာခံတာပါ'

'အင်း... နက်ပါတယ်'

'မကောင်းမှုထုထည်အင်အားဟာလည်း ကောင်းမှုထုထည်အင် အားလိုပါပဲ။ သတ္တဝါဆိုသော ဓာတ်ကောင်ကို နောက်က ထက်ကြပ် မကွာ လိုက်နေပါတယ်။ အဲဒီမကောင်းမှုရဲ့ အကျိုးအတိုင်း သတ္တဝါများ

ဟာ ခံရခြင်းပါ။ ဘယ်သူကြောင့်၊ ဘယ်ဝါဒကြောင့်၊ ဘာကြောင့်မှ မဟုတ် ကိုယ့်ဝိပါကကြောင့် လောကမှာ ရှုံးနေတဲ့သူတွေအများကြီး။ တော်လေးက ဖမ်းလို့လား'

'ဟုတ်ပြီ'

'သက်သက်မဲ့အပြစ်လေးအောင် တော်လေးက ဝင်ပြီးမယူပါနှင့်'

'တော်လေး... လင်းပြီ။ သခင်မရယ်'

*

ထိုသို့တွေ့ရပြီးနောက် သားလုမ္မတစ်ခုသည် ရုံးအသီးသီးမှ မစိရင်နိုင်၍ တရားလွှတ်တော်ချုပ်သို့ ရောက်လေရာ မယ်သိုက်သည် ဤအမှုကို တရားလွှတ်တော်ချုပ်၌သာ မထင်ရှားစေသင့်၊ ပညာရှိအဖွဲ့တွင် ရှင်းလင်းမှတော်ပေမည်ဟု အောက်မေ့ပြီးသော် ပညာရှိအဖွဲ့၌ ဤသို့ရှင်းလင်းလေ၏။

သားလုမ္မကား ဤသို့တည်း။

သူဌေးဦးစိုးကွက်နှင့် သူဌေးကတော် ဒေါ်ငါးတို့ဖြစ်၏။ ဦးစိုးကွက်သည် သူဌေးသားတစ်ယောက်ပင် ဖြစ်သော်လည်း ငယ်ငယ်က လူပေလူတေကလေးတစ်ယောက်ဖြစ်သဖြင့် အဖေဖြစ်သူက အိမ်မှနှင်ပစ်ထားသူတစ်ယောက်ဖြစ်၏။

ဦးစိုးကွက်သည် စိုးကွက်ဘဝ လူငယ်အဖြစ်တွင် ဟင်းသီးဟင်းရွက်ရောင်းချအသက်မွေးသော မယ်ငါးနှင့်တွေ့ကြသဖြင့် လူငယ်ဘဝ မေတ္တာမျှကြ၏။ မယ်ငါးကား လိမ္မာ၏။ အသိသဘောကျယ်ပြန့်၏။ ထိုသို့ လုပ်ကိုင်လာရာ အမှီအဖြစ်နှင့် စိုးကွက်ဆိုသော ခင်ပွန်းကိုရသဖြင့် တစ်နှစ်အတွင်းမှာပင် ခြံပိုင်ကြီးအဖြစ်နှင့် တင့်တောင့်တင့်တယ်ဖြစ်၏။

မယ်ငါးသည် အမှီသဟဲ ခင်ပွန်းတစ်ယောက် မောင်စိုးကွက်ကို

ရသည်ဆိုရာ၌လည်း မောင်စီးကွက်က ငွေစ၊ ကြေးစပါလာခြင်းမဟုတ်၊ ခင်ပွန်းအဖြစ်နှင့် အိမ်တွင်တည်တည်ကြီးနေခြင်းကြောင့် လွတ်လွတ်လပ်လပ်နှင့် မိန်းမတစ်ယောက်အဖြစ်ဖြင့် လုပ်ကိုင်ရောင်းဝယ် နေထိုင်ရသောကြောင့်ဖြစ်၏။

ဦးစီးကွက်သည် မယ်ငါးနှင့်ရသောအခါ မယ်ငါး၏ လိမ္မာမှု၊ သဘောထားကြီးမှု၊ သိတတ်မှု၊ ချယ်လှယ်တတ်မှုတို့ကြောင့် အရက်သောက်တတ်ခြင်း၊ လောင်းကစားပြုခြင်းတို့မှ ကျွတ်ပြီးလျှင် အိမ်တွင် လူရေးပြကာ တသသနှင့် နေလာလေ၏။

ထိုသို့သောသဘောကြောင့် ဆယ်နှစ်ခန့် ရှိသောအခါ သားနှစ်ယောက်ကို မယ်ငါးမှာရသည့်အပြင် စီးကွက်၊ မယ်ငါးတို့မှာ ပေါက္ကံပြည်ကြီး၏ မိုနိုရာ ဟင်းသီးဟင်းရွက်ခြံပိုင်ရှင်ကြီးအဖြစ်နှင့် တင့်တင့်တယ်တယ် အကျော်အမော်အဖြစ်ဖြင့် ကောင်းစားနေလေ၏။ 'ကောင်းစားခြင်းသည် အလိမ္မာပေါ်၌ တည်သည်' ဟူသော-သင်ခန်းစာကို စီးကွက်တို့သည် လက်တွေ့တွေ့ကြရလေ၏။

ထိုအတွင်း စီးကွက်၏ အဖေနှင့်အမေသည် အိုလာ၍ မမာမကျန်းရှိသောအခါ မယ်ငါးသည် ကိုယ်ဖိရင်ဖိအခါခါ ပြုစုသဖြင့် စီးကွက်၏ မိဘတို့သည် ကောင်းစွာကျန်းမာခြင်းဖြစ်ကြရ၏။ သို့သော် လူတို့၏ သဘာဝကား မွေးလာရသဖြင့် သေရမည်ဖြစ်သည့်အတိုင်း အဆုံးတွင် စီးကွက်၏ အဖေနှင့်အမေသည် မယ်ငါး၏ လက်တွင်ပင် ဘဝတစ်ပါးသို့ ပြောင်းရလေ၏။

စီးကွက်နှင့်မယ်ငါးမှာ ထိုသို့သောသဘောကြောင့် စီးကွက်၏ အဖေနှင့်အမေတို့၏ များစွာသောဥစ္စာပစ္စည်းတို့ကို အမွေရသော်လည်း မယ်ငါးက ဤပစ္စည်းတို့သည် ကျွန်မတို့လုပ်ကိုင်ရသော ပစ္စည်းမဟုတ်၍ မမက်ရာ၊ ကိုယ်၏ တရားသောစွမ်းရည်နှင့် ချွေးမှအမြတ်မထွက်လာ

သော ပစ္စည်းဥစ္စာအသပြာ ကြေးငွေ၊ ရွှေတို့မည်သည် မိမိတို့၏ဥစ္စာ ပစ္စည်းများမဟုတ်။ ထို့ကြောင့် ထိုအမွေကိုခံယူခြင်းကား လောကကို အကြောင်းရိုက်ခြင်းမျှသာတည်းဟု ပြောဆိုသဖြင့် ဓိးကွက်နှင့် မယ်ငါး တို့သည် ထိုအမွေအနှစ်များကို ဘုရင်အစိုးရထံပြည်သူ့ဘဏ္ဍာအဖြစ် နှင့် အပ်နှင်းလိုက်ကြလေ၏။ ဓိးကွက်နှင့် မယ်ငါးတို့အား ထိုသို့သော သဘောကြောင့် ဘုရင်မင်းမြတ်က တောင်ပြင်တွင် သုဘောဂနှင့် နန္ဒမာ လာဟူသော ဘွဲ့တို့ဖြင့် သူဌေးကြီး၊ သူဌေးကတော်ဟူသော ရာထူးကို အပ်နှင်းတော်မူလေ၏။

ထိုသို့သောသဘောဖြင့် နေလာရာ မယ်ငါးတွင် နောက်ထပ် သမီး ကလေးတစ်ယောက်ကိုပင် ထပ်မံကာရသဖြင့် ထိုကလေးပင် အပျိုဖော် ဝင်လုနီးနီးဖြစ်လာ၏။ ထို့ကြောင့် တစ်ခါတစ်ရံ မယ်ငါးသည် မိမိသမီး ကလေးနှင့်အတူ အိပ်ပျော်ရှိရာ ဓိးကွက်သည် မယ်ငါးကို ယောကျ်ား တို့၏ သဘာဝတစ်ခုအနေနှင့် ဂျေနုပ်နှစ်သက်ခြင်းမရှိချေ။

ထိုသို့သော အခိုက်အတန့်၌ ဓိးကွက်သည်အလုပ်မရှိဘဲ သူဌေး ပီပီ အိမ်စဉ်လည်ပတ်ကာ လေများပြီးနောက် ပြန်လာရာ ၎င်း၏ ဧည့် ခန်းတွင်... သူဌေးကတော် နန္ဒမာလာဘွဲ့ရ ခေါ်ငါးနှင့် အခြား သူကြွယ် တစ်ယောက်သည် စကားပြောနေသည်ကို တွေ့ရ၏။ ၎င်းတို့၏ အနီး၌ လည်း သမီးကလေး မိသန်းသည် ရှိ၏။

သုဘောဂဘွဲ့ရ သူဌေးကြီး ဦးဓိးကွက်သည် ထိုဧည့်ခန်း၌ ဝင်ထိုင် ကာ ရောနှော၍ပင် စကားပြောဆိုနေလေ၏။ ဧည့်သည် သူကြွယ်သည် လည်း မကြာမီပင် ပြန်သွားလေ၏။ ထိုအခါ ဦးဓိးကွက်ကား ခေါ်ငါး အား 'မင်းသည်လူနှင့် စကားမပြောပါနှင့်လို့ အခါခါပြောဆိုတယ်...။ မင်း ငါ့စကားကို နားမထောင်တော့ တော်တော့်ကိုစွဲနေပလား...' ဟု ငေါ့တော့တော့နှင့် မေး၏။ ခေါ်ငါးကလည်း လိမ္မာသောသဘောနှင့်

ဂူခြေမပျက်ဘဲ 'ရှင့်နှယ်ရှင်၊ အကြောင်းရှိလို့ ညှေ့သည်လာတာကို ပြန်သွားဆိုလို့ဘာကောင်းမလဲ' ဟု ဆိုလေ၏။

ထိုအခါ ဦးဖိုးကွက်က 'သိတယ် သိတယ်၊ ပြန်တော့မယ်ဆိုရင်တောင် မပြန်ပါနှင့်ဦးလို့ ဆွဲထားဦးမယ်' ဆိုတော့ ဒေါ်ငါးကလည်း ဒေါပါလာ၍ 'ဒါဟာ တော် ကျွန်မကို ဘာစကားပြောတာလဲ...' ဟု ခပ်ဆတ်ဆတ်ကလေးဆိုတော့ ဦးဖိုးကွက်ကလည်း မနေ့ကညမှ အရှိန်မသေသေး၍ 'မိန်းမဆိုတာ ဟန်ဆောင်မှုတစ်သိန်း၊ လှည့်ဖြားမှု မရေတွက်နိုင်' ဟု ဆိုရာ ဒေါ်ငါးကလည်း 'ရှင်တို့ယောကျ်ားများလို ဟန်ဆောင်မှုမြေအထု၊ လှည့်ဖြားမှုတုနှိုင်းမရ' ကိုယ်ချင်းစာပြီးမပြောနှင့်ဟု ဆိုလေတော့သည်။

ထိုအခါ ဦးဖိုးကွက် ညောင်နာနာပိန်ချည့်ချည့်သည် ဒေါ်ငါးနှင့်တွဲကာ နပန်း (နဘန်း) မလုံးဝံ့သဖြင့် ဖျောက်ထားတဲ့ မိန်းမဆိုတာသိပ်ကို စကားတတ်တယ်' ဆိုတော့ ဒေါ်ငါးကလည်း မိန်းမတို့မှာ မာန်တက်ခြင်း ငါးပါးတွင် သားသမီးတည်းဟူသော မာန်တက်ခြင်းဖြင့် 'တော် သည်လို ယုတ်ယုတ်မာမာမဆိုနှင့်။ တော်မကြိုက်ရင် ကျုပ်ကိုကွာပြီး လွှတ်နိုင်တယ်' ဆိုလေသည်။ ဦးဖိုးကွက်လည်း သူဌေးကြောင်ကြွလျက် ရှိနေလေရကား 'မင်း အချိန်မရွေး ဆင်းသွားနိုင်တယ်' ဟု ဆိုလေတော့သည်။

ဒေါ်ငါးကလည်း ထိုအခါ ဒေါ်ငါးဆိုသည့်အတိုင်း ရေဆင်းငါးသဖွယ် 'လာသားတို့သမီးတို့၊ သွားမယ်' ဟု လျှပ်စစ်လက်သကဲ့သို့ဆိုလေရာ သားသမီးများကို သူရသင့်ငါရသင့်စကားများကြသောကြောင့် တရားရုံးသို့ ရောက်လေတော့သည်။

ထိုအခါ ဦးဖိုးကွက်၏ ရှေ့ရပ်က ယောကျ်ားကြောင့် သားကလေးရသောကြောင့် ထိုကလေးများကို ယောကျ်ားကသာပိုင်သည်။

လင်မယားကွဲ သွားသောအခါ... မိန်းမက ယောကျ်ားအား ကလေးစရိတ် မပေးရ၊ ယောကျ်ားကသာ မိန်းမအား ကလေးစရိတ်ပေးရသည်။ ထို့ကြောင့် ဒေါ်ငါးသည် ကလေးများနှင့်မဆိုင်။ မိမိမပေါင်းလိုက သားသမီးများကို ထားခဲ့၍ ထွက်သွားရမည်ဟု လျှောက်လဲလေသည်။

ဒေါ်ငါး၏ ရှေ့ရပ်ကလည်း ယောကျ်ားသည် မိန်းမအား ကလေးကို ရည်ရွယ်၍ ကလေးပေးသည်မဟုတ်။ ကမြင်းထခြင်းကြောင့် မရှောင်သာ ကလေးရရာ မိခင်ကသနားသဖြင့် ကိုယ်ဝန်ကိုစောင့်ထိန်းခြင်း၊ မွေးသောအခါ ချိုတိုက်ခြင်း၊ ကလေးအားကျန်းမာ၍ သားကောင်းအောင် မွေးမြူရခြင်း၊ ယောကျ်ားကမူကား ကလေးနှယ် အိပ်ခဲလှတယ်ဟုပင် ဆိုသေးသည်။ ထို့ကြောင့် သားသမီးများကို မိခင်ကပင် ယူသွားထိုက်သည်။ ဖခင်နှင့်မဆိုင်ဟု လျှောက်လဲလေသည်။

တရားသူကြီးများက ကလေးများ၏ သဘောကောဟုမေးရာ တရားဆုံးဖြတ်သည့်အတိုင်း နာခံပါရစေဆိုသောကြောင့် တရားရုံးအဆင့်ဆင့်သည် ဆုံးဖြတ်ရရန်ခဲယဉ်းနေလေရကား ထိုအမှုကို တရားလွှတ်တော်ချုပ်သို့ ပို့ရလေသည်။

ထိုအခါအမှုသည် သျှတ္တရသဘောနှင့်မကင်းဟု ပညာရှိအဖွဲ့တွင် တင်ကာဆုံးဖြတ်မည်ဟု ပညာရှိအဖွဲ့သို့ တင်လေတော့သည်။ ထို့ကြောင့် ပညာရှိအဖွဲ့တွင် ဤသို့သောသဘောသည် ဖြစ်ပုံရလေ၏။

ပညာရှိအဖွဲ့တွင် ဘုရင်မင်းမြတ်၊ နန်းရင်းဝန်ကြီး၊ တရားဌာနချုပ်၊ မယ်သိုက်၊ ပညာရှိသုံးဦးတို့သည် ပါကြလေ၏။ နားထောင်ကြသော လူကြီးလူကောင်းတို့လည်း ပြည့်ကြပ်ကာနေလေ၏။

မယ်သိုက်သည် စာတော်ဖတ် မိန်းကလေးနှစ်ယောက်အား အောက်ရုံးများမှ ၎င်းတို့၏ အဖြစ်အပျက် စုံစုံလင်လင်ကို အထက်ပါအတိုင်း ဖတ်ပြစေပြီးနောက် ဦးဓိးကွက်နှင့် ဒေါ်ငါးသည် ကန့်ကွက်ခြင်း

မရှိကြ၍ ဤသို့လျှင် ဒေါ်ငါးအားမေးလေ၏။

'အဒေါ်က ဥစ္စာပစ္စည်းများကိုကော မလိုဘူးလား...'

'မလိုပါ၊ သားသမီးများကိုသာ ကိုယ်ကမွေးထုတ်ရသောကြောင့် လိုပါသည်...'

'ဒါဖြင့် ဘယ်လိုစားသောက်မလဲ...'

'သားသမီးများကို ငွေရှင်များထံမှာ သွားပေါင်ပါမည်။ ပေါင်ရသောငွေနှင့် ဘုရားကျွန်မ လုပ်ကိုင်စားသောက်ပါမည်။ သူတို့ ကံကောင်းသော် ရွေးနိုင်ပါမည်။ ကံမကောင်းသော် ကျွန်ဖြစ်ရမှာပဲ...'

'ဘယ်လောက်စီနှင့် ပေါင်မလဲ...'

'သားတစ်ယောက်ကို ငါးကျပ်စီနှင့် ပေါင်၍ သမီးတစ်ယောက်ကို နှစ်ကျပ်ခွဲနှင့်ပေါင်ပါမည်။'

'အဒေါ်သည် အသပြာကလေးနှင့် လုပ်ကိုင်စားနိုင်ပါ့မလား...'

'ဘုရားကျွန်မသည် ငယ်ငယ်က ဟင်းရွက်သည်မပါ၊ ငွေအဝက်သည် ဈေးရင်းရန်များပါသေးသည်။ နှစ်ကျပ်ခွဲရှိရင် ဈေးရင်းနိုင်ပါသည်။ ထို့ကြောင့် အသပြာတစ်ဆယ်ကို တောင်ပြင် စာသင်ကျောင်းအတွက်ပင် လှူပါဦးမည် ဘုရား...'

'ဘယ့်နှယ် သူဌေးမင်း...'

'ဒါကြောင့်ကို သူ့အား မပေးနိုင်ပါ...'

'ကိုယ်မွေးရတာပဲ၊ ကိုယ့်သဘောပေါ့၊ ကိုယ့်ဝမ်းထဲက ထွက်သည်ကို ခွေးကျွေးကျွေး၊ ဝက်ကျွေးကျွေး ကိုယ်နှင့်သာဆိုင်ပါသည်။'

'ကျွန်တော်မျိုးကပေးသောကြောင့်သာ သူရသဖြင့် သားသမီးများကို ကျွန်တော်မျိုးသာ ပိုင်ပါ၊ ဆိုင်ပါသည်...'

'ပေးပြီးသောပစ္စည်းများကို ပြန်တောင်းသွားလို့ ဖြစ်ရဲ့လား...'

သူဌေးကြီးကားခက်နေတော့၏။ မယ်သိုက်သည်ဆက်၍ ဤသို့

မေးမြန်း၏။

'အဒေါ်ကဘာကြောင့် ပစ္စည်းများကိုမလိုသလဲ...'

'ယောကျ်ားဆိုတာ ရုပ်ကဖြစ်၍ ကြီးပွားလာသောမြူသာလျှင် အိုပါသည်။ ဤအရာ၌ သေသည်အထိမအိုပါ။ ထို့ကြောင့် နုနုထွတ်ထွတ်လှလှပပကလေးများနှင့် သူဌေးစည်းစိမ်နှင့် ပျော်ပါးစေတော့ဟု ဥစ္စာပစ္စည်းအသပြာ ရွှေငွေများကိုထားခဲ့ပါသည်။

'ဘာဟုတ်မလဲ၊ သူအားပေးမယ့်သူရှိလို့...'

'တော်သည်လို ယုတ်ယုတ်ကန်းကန်း မပြောနှင့်၊ သူများပေးသည်ကို လက်ခံခဲ့သော် သတ်ပါဟု ပညာရှိစုံညီရှေ့တွင် ကတိပြုခဲ့ပါမည်...'

'ဟန်ဆောင်ကာပြောခြင်းပါဘုရား...'

'တော့်လိုမှတ်သလား၊ ကန်တော့ပါ ဘုရား။ သူနှင့်အချင်းများသည့်နေ့ကစ၍ သူတစ်ညမျှ ချမ်းသာမပေးပါ...'

'သူဘာပြောပြော သားသမီးများကို ကျွန်တော်မျိုးလည်း ဆိုင်သောကြောင့် သူ့အားမပေးနိုင်ပါ ဘုရား...'

'ပညာရှိများဘုရား၊ ဘယ်လိုထင်မြင်ချက်ကို ပြုကြမည်နည်း...'

'သမီးတော် မယ်သိုက်၊ သမီးတော့်ဓာတ်ထုပ်ကို သမီးတော်ပင်သရုပ်ဖော်ပါ...'

'ဦးတည့်လျက်ပါ ဘုရား...'

ထိုသို့ဆို၍ မယ်သိုက်သည် ဤသို့ရှင်းလင်းချက်ကို ထုတ်တော့၏ ။

ယခုတွေ့ရသောသဘော၌ သားသမီးများကို လင်ကပိုင်သည်၊ မယားကပိုင်သည်ဟူသော သဘောဖြစ်ချေသည်။

သားသမီးများ ပဋိသန္ဓေရှိရာ၌ များသောအားဖြင့် မိခင်ကိုစွဲ၍ ပဋိသန္ဓေစွဲခြင်းများ၏။ ထို့ကြောင့် မြတ်စွာဘုရား၏ မယ်တော်ဖြစ်ရပါ

လို၏ဟု... ဆုတောင်းသည်ဟု... ဆိုကြသည်။ ခမည်းတော် ဖြစ်ရပါ စေဟု... ဆုတောင်းသည်မှာ ရှားပါးလှဟန်တူပါသည်။ သို့သော် သျှစ္စရ စကားအရ မြတ်စွာဘုရား၏ ခမည်းတော်သည် ဘဝပေါင်းများစွာ၌ပင် ခမည်းတော်ဖြစ်ခဲ့၍ ဘုရားအလောင်းသည် ပဋိသန္ဓေကောင်းနှင့် တည်ရ သည်ဟုဖြစ်သည်။ ထို့ကြောင့် သားသမီးတို့သည် မိဘနှစ်ပါးလုံးနှင့်ပင် သက်ဆိုင်သည်။

သန္ဓေစွဲလာသောသတ္တဝါသည် မိခင်ကိုသာလျှင်မဟုတ်၊ ဖခင်ကို လည်းစွဲတတ်သည်။ စွဲနိုင်သည်။ ထိုသို့စွဲခြင်းဖြင့် ထိုသန္ဓေရှင်သည် မိဘလောင်းနှစ်ပါးကို အောင်သွယ်ပြုသကဲ့သို့ဖြစ်တတ်သေး၍ ထို ယောကျ်ားနှင့် ထိုမိန်းမသည် မလွဲနိုင်ဘဲတွေ့ရတတ်သည်။

ထိုသဘောကား အလွန်နက်ပေသည်။

များသောအားဖြင့် အိမ်ထောင်သားတို့သည် သားသမီးလိုခြင်း ကြောင့် မေထုန်မှုကိုပြုသည်မဟုတ်၊ ယုတ်မာညစ်ညမ်းသော ကာမဂုဏ် မှုကို အမှန်အမြတ်ထင်၍ ယောကျ်ားသည် မိန်းမကို တပ်မက်သော ကြောင့်လည်းကောင်း၊ မိန်းမသည် ယောကျ်ားကို တပ်မက်သောကြောင့် လည်းကောင်း မြူးထူးကြသည်။ မလွဲသာ၍ တစ်နည်းတုံ့ သဘာဝကို မလွန်ဆန်သာ၍သာ သားသမီးရကြလေသည်။

အချို့ယောကျ်ားများသည် သားသမီးမရရန် ဆေးစားကြသည်၊ အကြောကို ဆေးဆရာထံ၌ ဖြတ်ကြသည်။ အချို့ မိန်းမတို့သည် ဆေးစားကြသည်။ အနိုပ်သည်မထံ၌ သူငယ်အိမ်ကိုမြှင့်တင်ထားတတ် ကြသည်။ အချို့တို့သည် ထုတ်ပယ်ထားတတ်သည်။ ထိုသဘောကို တည်းဖြတ်သော်... သားသမီးလိုသောကြောင့် အိမ်ထောင်ပြုသူနည်းပါး ၍ ကမြင်းလိုသောကြောင့် အိမ်ထောင်ပြုသူတို့များချေသည်။

'သားသမီးကို လိုသောကြောင့်သာ အိမ်ထောင်ပြုသူများသည်

သားသမီးတို့ကို သူရပိုင်သည်... ငါရပိုင်သည်။ သူရရာသည် ငါရရာသည်ဟု လုရန်အကြောင်းမရှိ။ သားသမီးမျက်နှာကိုငဲ့၍ တစ်ဦး၏အကျိုးကိုတစ်ဦးကဆောင်၍ တစ်ဦး၏သည်းညည်းကို တစ်ဦးကခံကာ လမ်းသွားကြလေသည်။

မြတ်သော သတ္တဝါသည် ဗြဟ္မာပြည်က လည်းကောင်း၊ တန်ခိုးကြီးသော နတ်အဖြစ်မှလည်းကောင်း၊ အလင်းကိုရပြီး၍ တရားရှိပြီးသော သတ္တဝါတစ်ခုခုမှလည်းကောင်း... ပဋိသန္ဓေယူရအံ့သောငှာ မြတ်သော အကျင့်ရှိသည့် ဖခင်နှင့် မိခင်တို့ကိုကြည့်၍၊ ကြည့်နိုင်၍ အကျင့်ကောင်းကို ရွေးချယ်ပြီးသော် သန္ဓေစွဲကပ်ကြလေသည်။ စွဲကပ်ခြင်းရှိနိုင်သည်။

ထိုသူတို့သည် ဗြဟ္မာပြည်သို့ရောက်အောင်... ကျင့်လိုက ကျင့်နိုင်သည်။ ရှင်ပစ္စေကဗုဒ္ဓါအဖြစ်သို့ရအောင် ကျင့်နိုင်တတ်သည်။ ထိုသို့လျှင် မိဘကောင်းကိုမှီ၍ လောကတွင်ထွန်းလင်းပြောင်ဝင်းသော တန်ဆာကောင်းဖြစ်နိုင်သည်။ မိဘကောင်းကား သူတောင်းစားများ၊ အောက်တန်းလက်လုပ်လက်စားများမှာပင် ဖြစ်ပေသည်။

ယခုသဘော၌ သားသမီးများကို သူရသင့်သည် ငါရသင့်သည်။ သူပိုင်သင့်သည် ငါပိုင်သင့်သည်ဟု တရားရုံးသို့ရောက်ကြရသည်မှာ လောက၏ခေတ်တွင် လူကြားကောင်းအောင် သရုပ်ဆောင်ခြင်းမျှသာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုဇနီးခင်ပွန်းတို့သည် သားသမီးကို လိုချင်ကြသဖြင့်... အိမ်ထောင်ပြုခြင်းမဟုတ်၊ တစ်ယောက်နှင့်တစ်ယောက် ညစ်ညမ်းသောကာမဂုဏ်မီးအားဖြင့် ချစ်၍ကြိုက်သောကြောင့် ဖြစ်စေ၊ ကြိုက်၍ချစ်သောကြောင့်ဖြစ်စေ... အိမ်ထောင်ပြုကြလေသည်။ ထို့ကြောင့် ပညာရှိများရယ်စရာသဘောကို မပြုရာ...။

လူတို့သည် ထိုသို့သောသဘောအားဖြင့် အိမ်ထောင်ပြုကြရာ... မိန်းမများမှာ သွေးသားဆုံးသောအခါ၌ ထိုစိတ်ဓာတ်သည် လျော့ပါး

လာလေသည်။ ထိုသို့ ... လျှော့ပါးလာခြင်းကြောင့်... မိမိလင်နှင့် ရှင်ပြီး လျှင် ကစားလိုသောစိတ်သည် နှံ့လာလေသည်။ ထိုသဘောကား လင်ကိုမချစ်ခင် မကြင်နာသောကြောင့်မဟုတ်...၊ ကာမဓာတ်အားနည်းလာသောကြောင့်ဖြစ်ချေသည်။ သို့သော် အသက်ရှစ်ဆယ်ကျော်သော အမယ်အိုပင် မျောက်ထားခြင်းကား ရှိတတ်သေး၍ အချို့ပညာရှိတို့သည် မိန်းမများကို အရိုးမြေသို့ကျမှ ချီးကျူးရာသည်ဟုဆိုစကားရှိပေသည်။ သို့သော် ထိုစကားသည် အများဖြစ်တတ်သည်ကို ရည်ရွယ်၍မဆို၊ ထူးသော အထူးသဖြင့်လွန်ကဲသော မိန်းမတို့ကို ဆောင်၍ဆိုချေသည်။

ယောကျ်ားတို့၌ကား ထိုကဲ့သို့မဟုတ်ချေ။ ကာမဓာတ်အားနည်းစေကာမူ ကုန်းကွကွနှင့် ဆံပင်ဖြူ သွားကျိုးအဘိုးအိုပင်ဖြစ်သော်လည်း သားသမီးကိုရစေနိုင်သောကြောင့် ထိုစိတ်ဓာတ်သည် လူလျှက်ရှိချေသည်။ သို့သော်... မကဲ့ရဲ့ရာ မရှုတ်ချရာ၊ အဘယ်ကြောင့်ဆိုသော် မျိုးစေ့တည်နိုင်ရန်... ထွန်ရက်သောတောင်သူပမာ ဖြစ်ချေသည်။

ထိုသဘောကြောင့် မိမိ၏ အလိုသို့ အလိုရှိတိုင်း မလိုက်ပါသော အိမ်ရှင်မကြောင့် ဂုဏ်ရှင်ယောကျ်ားများ၊ ပစ္စည်းရှင် ငွေရှင်ယောကျ်ားများတို့သည် အခြားတစ်ပါးမိန်းမများထံ၌ ငွေကိုဆောင်၍၊ ဂုဏ်ကိုဆောင်၍ ပျော်ပါးတတ်ကြလေသည်။ ထိုသဘောအတိုင်း ငါသည် ဖြစ်နေလေသလောဟု ဦးဖိုးကွက်သည် မိမိကိုယ်ကို မိမိသတိပြုရာသည်။

ယင်းကဲ့သို့ သဘောတရားရှိလေရကား တံရားသူကြီးများထံ၊ တရားစီရင်နေသူ ခုံမယ်များထံ၌ ယောကျ်ားလုလင်ကလေးများနှင့် လာ၍ တံစိုးပြုရိုးမရှိသော်လည်း မိန်းမလုလင်ကလေးများနှင့် ယောကျ်ားတရားသူကြီးများထံတွင် တံစိုးထိုးလေ့ရှိတတ်ပေသည်။

ဤသည်တို့ကား လောကသျှတ္တရသဘောကိုဆောင်ခြင်းဖြစ်သည်။ ဦးဖိုးကွက်သည် မိမိ၏ ချစ်၍ကြိုက်၍ ယူငင်ပေါင်းသင်းလာ

သော ချစ်ဇနီး၌ ထိုကဲ့သို့မတော်မလျော် မရေမရာပြောဆိုသည်ကား မိမိ၏ဇနီးသည်ကိုချစ်လွန်းသောကြောင့် ပြောဆိုခြင်းဖြစ်ချေသည်။ အကြောင်းကား ဤသို့တည်း။ မယားအပေါ်၌ အချစ်များလျှင် သူတစ်ပါးနှင့်မယုံဟု သျှတ္တရဆရာကအတိအလင်း ဆိုချေသည်။ ထို့ကြောင့် ဒေါ်ဒေါ်ငါးက ဦးဇီးကွက်ကို ငါ့ကို ချစ်လွန်း၍သည်သို့ဆိုပါတကားဟု တိုး၍ပင်ချစ်ရာသည်။

'ချစ်ပေါင်'

'ဒေါ်ဒေါ်အား ချစ်ပါဟုမဆို၊ ချစ်သင့်ကြောင်းကိုသာ သဘောအားဖြင့် ဆောင်ပါသည်။ ဦးဇီးကွက်ကထိုကဲ့သို့ ပြောဆိုသည်ကို သဝန်ကြောင်ရန်မကော၊ ညှဲ့လှပါဘိဟု မယူမဆသင့်၊ မဆိုသင့်။ ငါလည်းသူ့လိုဟု သဘောထားသင့်သည်။ အဘယ်ကြောင့်ဆိုသော် ကိလေသာမကုန်နိုင်ဘဲ သံသရာတွင် ကူးလူးနေရခြင်းက သက်သေခံနေပေသည်။

ဦးဇီးကွက်ကဲ့သို့ သူကိုမဆိုထားနှင့် လူတို့၏ အထိပ်ဖြစ်နေသော ပြည့်ရှင်သေနင်းမင်းကြီးသည်ပင်လျှင် ချစ်သောကြိုက်သောကြောင့် ဟုတ်ဘဲ မှုူးမတ်သေနာပတိတို့က မိဖုရားလေးပါးထားရာသည်ဟု ဆိုသော သောကြောင့်... ထားရလျက်လည်း၊ မိဖုရားတစ်ပါးသည် ဖောက်ပြားခဲ့သော် ဖောက်ပြားသူနှင့် ဤကောင်းမှုသည် အလွန်ဆုံးသော... ဉာဏ်ကိုသိခြင်း၏ အထောက်အပံ့၊ ကိလေသာကုန်ခန်းရန် အထောက်အပံ့ဟု ပေးလှူထိုက်ပါရသော်လည်း ဖောက်ပြားသူအား ပြစ်ဒဏ်ပေးသေးသည်။ ထိုကိုထောက်၍ နှုတ်အားဖြင့် ကျူးလွန်သော သူဌေးဦးဇီးကွက်ကို အဆိုးမဆိုသာပေ။ ထို့ကြောင့် ဒေါ်ဒေါ်ငါးက ငယ်ငယ်ကအားရပါးရ ဝကိုမဝအောင် ချစ်လာခဲ့ရသော ငယ်ချစ်အပေါ်၌ ငါ့ကိုချစ်၍သာ ပါတကားဟု မွေယူသော် ဦးဇီးကွက်ကို မသနားချင်သော်နေနိုင်ငြားလည်း သားနှစ်ယောက်နှင့် သမီးတစ်ယောက် ရွှေရည်ရွှေသွေး

ကလေးတို့ကို ထောက်ထားရာပေသည်။

သူဌေးမင်း ဦးဖိုးကွက်ကလည်း ကိုယ်ပင် ဒေါ်ဒေါ်ငါးအပြင် ရှင်ပါသေးလျက် အကယ်တည့် ဒေါ်ဒေါ်ငါးက ဦးထင်သည့်အတိုင်းရှိင်း ခဲ့ပါသော် သားသမီးများ၏မျက်နှာကိုထောက်၍ 'အင်း ကျမ်းဂန်နှင့် ညီပါတကား' ဟု ပြုံးနေရန်သင့်ပါသည်။ သို့သော် ဒေါ်ဒေါ်ငါးကား ထိုကဲ့သို့လော်လီဖောက်ပြား ရမ်းကားမည့် မိန်းမဟုတ်သည့်အပြင် အလွန်မြင့်မြတ်သောမိန်းမဖြစ်၍ မိန်းမဥက္ကဋ္ဌ်အမျိုးအစားဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကုဋေဖျူသော ဥစ္စာပစ္စည်းအမွေအနှစ်တို့အပေါ် ၌ စိုးစဉ်းမျှအာရုံမတပ်မငြိတွယ်ဘဲ အလိုရမ္မက်ကိုသည်းခံ၍... ပြည်သူ့ ဘဏ္ဍာအဖြစ်နှင့် လှူလေတော့ပြီ။ ထို့ကြောင့် ဦးဖိုးကွက်က ဒေါ်ဒေါ်ငါး အား... မကောင်းထင်မှတ်ခြင်းသည် အကြီးအကျယ် စော်ကားခြင်းပင် ဖြစ်၍ တောင်းတော့မတောင်းပန်နှင့်တော့၊ နောင်ကို သည်သို့မထင်မြင် ရာ၊ မပြောမဆိုရာ...။

'ကျွန်တော်မျိုး တောင်းပန်ပါ့မယ်...'

'မတောင်းပန်ပါနှင့် ခုမှ...'

ထို့ကြောင့် ဟိုယယ်ယယ်တုန်းကလို တော့်လားဟု ပြုံး၍ ဒေါ်ဒေါ် ငါးက ကျောကိုမနာအောင် သုံးချက်ချစ်ထုကလေး ထုခြင်းသည်သာ လျှင် ပေါက္ကံပြည်ကြီး၏ မင်္ဂလာနှင့် ကျက်သရေကို ဆောင်နိုင်ပါသ တည်း။

'ကတဲ သခင်မက...'

အားလုံးသော သူတို့က ကောင်းချီးပြုကြ ပေါက္ကံပြည့် 'လောက မျက်ရစ်' ဟု ပြည်သူတို့က ဘွဲ့ချီခြင်းသည် ချီထိုက်လှပါပေတကား ဟု ဘုရင်မင်းမြတ်သည် မယ်သိုက်ကို မြွက်လေတော့သည်။

□

## အခန်း ၅

သလ္လာဝတီပြည် တစ်နေ့သော နံနက်ညီလာခံ၌ ရသေ့တစ်ပါးသည် ကောင်းကင်ခရီးဖြင့် ကြွရောက်ရပ်လာတော်မူ၍ ရှိသေစွာတည်နေကြသော ဘုရင်၊ မိဖုရား၊ အိမ်ရှေ့မင်း၊ အိမ်ရှေ့မိဖုရား၊ မှူးကြီးမတ်ကြီး၊ သေနာပတိတို့၏အလယ်၌ ဤသို့ မိန့်တော်မူလေ၏။

'ဒကာတို့၊ ငါသည် ကြေးပုရပိုက်ငယ်တစ်ခုကိုရသည်။ ထိုပုရပိုက်ငယ်၌ ဤသို့သောစာတမ်းကိုတွေ့ရသည်။ ထို့ကြောင့် အသင်တို့၏နိုင်ငံတော်၌ ပညာရှိအဖွဲ့ရှိနေသောကြောင့် အဓိပ္ပာယ်နက်သုဘောကို သိပါရစေ'

ထိုအခါ ပညာရှိခေါင်းဆောင် ကောက်ကနဦးမိုးမြင့်သည် 'အရှင်ဘုရား၊ အလိုရှိသောအကြောင်းကို အမိန့်တော်ရှိပါ' ဟု လျှောက်ထားသဖြင့် ရသေ့ဆရာတော်လည်း ဤသို့မိန့်တော်မူလေ၏။

'သတ္တဝါတို့၌ တံခါးကြီးဘယ်နှပေါက်ရှိသလဲ ထိုတံခါးကြီးများတွင် အဘယ်တံခါးပေါက်ကြီးသည် အဆိုးဆုံးပါလဲ။'

'ဘဝတစ်ပါးသို့ ကူးရမည်၌ကြောက်စရာ အကောင်းဆုံးသည် မည်သည်ပါနည်း။'

ထိုအခါ ဘုရင်မင်းမြတ်နှင့်တကွသော ညီလာခံသဘာသည် ခံတွင်းမှဲ့သကဲ့သို့ တိတ်လျက်ရှိလေ၏။ ထို့ကြောင့်ရသေ့လည်း 'ဒကာ တို့၊ ဒကာတို့ထံ၌ ငါသိလိုသော သဘောကိုမရနိုင်တကား' ဟု မိန့်တော် မူ၍ ထိုညီလာခံမှဖဲ၍ ကောင်းကင်ခရီးဖြင့် ပြန်လေ၏။

ထိုရသေ့ ဦးညိုသည် သလ္လာဝတီနိုင်ငံမှ မိမိအလိုရှိသည်ကို မရ လတ်သော် ပရိမ္ဗနိုင်ငံတော်သို့ ကြွတော်မူ၍ အထက်ပါအတိုင်း မေးသော် လည်း မရသဖြင့် မကြာမတင်မီပင် ပေါက္ကံပြည်သို့ သွားရောက်ပြန်လေ ၏။

ထိုအခါ ညီလာခံသဘင်အလယ်၌ ဘုရင်မင်းမြတ်၏ အခွင့်ပြု ချက်အရ မယ်သိုက်သည် ညီလာခံ၌ အသင့်ရှိနေသဖြင့် ရသေ့ဦးညိုအား ဤသို့မေးလေ၏။

'အရှင်ဘုရား၊ ဤအမေးကို အရှင်ဘုရားကြံစည်၍ ရေးမှတ်ကာ မေးတော်မူပါသလား'

'ဒကာမကလေး၊ ဤသို့မဟုတ်'

'ဆောင်တော်မူပါ ဘုရား'

'ငါနှင့်တကွသော ငါ့အဆွေရသေ့နှစ်ပါးသည် တောင်ပုပ္ပါးထက်၌ မြက်မပေါက်သောကုန်းမို့မို့ကလေးတစ်ခုကို တွေ့ကြ၍ တစ်စုံတစ်ရာ ထူးခြားသတတ်ဟု တစ်နေ့တွင် လာရောက်တူးကြည့်ကြရာ ကြွေအုတ် တို့ဖြင့် အုပ်ထားသော ဤကြေးပုရပိုက်ငယ်ကို ဤသို့သောစာနှင့်တကွ တွေ့ရသည်။

'အရှင်ဘုရားတို့ သုံးပါး အဓိပ္ပာယ်နက်ကို မထင်ပါသလား ဘုရား'

'အင်း ငါတို့သာမက ရသေ့များ၊ ဝိဇ္ဇာများတို့၏သဘောခွဲ ထို အမေးစာကိုတင်ပြရာ မည်သူမျှ မရှင်းလင်းနိုင်လေရကား ယခု ပေါက္ကံ့ပြည်သို့ ရောက်လာရတော့သည်တကား'

'ကောင်းပါပြီ ဘုရား'

'ထိုစာ၏အဆိုကို ဖြေဆိုပါမည်။ သို့ရာတွင် အရှင်ဘုရားတစ်ပါးသာ ထိုစာ၏ အဓိပ္ပာယ်နက်ကို သိလိုသည်မဟုတ်။ အခြားရသေ့ဆရာဘုရားများ၊ ဝိဇ္ဇာများ၊ အခြားမှူးမတ် ပရိသတ်များတို့လည်း သိလိုကြပေလိမ့်မည်။ ထို့ကြောင့် ပြည်ထောင်ကြီးသုံးထောင်တို့အကြားတွင် ထိုစာသဘောကို ဖြေဆိုရရန် စီစဉ်နိုင်သောအခါ ထိုအဖြေသည်ထွက်လာနိုင်ကောင်းပါသည် ဘုရား'

ထိုအခါ ရသေ့ကြီးဦးညိုသည် ထိုအရေးကားအလွန်လျှင်သင့်လျော်သည်ဖြစ်၍ ပေါက္ကံ့ဘုရင်မင်းမြတ်အား ဖြစ်မြောက်အောင် ဆောင်ရွက်ပေးရန် တောင်းပန်သဖြင့် ပေါက္ကံ့ဘုရင်မင်းမြတ်သည် သားတော် အိမ်ရှေ့မင်း ဘုန်းရှိန်အား ထိုအရေးကို အမြန်တင့်တယ်စွာ ဆောင်ရွက်ပေးစေရန် အမိန့်တော်ချမှတ်လိုက်လေ၏။

*

ပေါက္ကံ့ပြည်၊ သလ္လာဝတီပြည်၊ ပရိမ္မပြည် သုံးပြည်ထောင်တို့၏ နယ်စပ်၌ ကြီးကျယ်ခမ်းနားသော မဏ္ဍပ်ကနားများ၊ မင်းတဲများ၊ ရသေ့ ဝိဇ္ဇာများအတွက် သင်ခန်းများတို့ကို အိမ်ရှေ့မင်းသုံးပါးတို့သည် ညှိနှိုင်းကာ စီမံဆောင်ရွက်ကြလေ၍ အလွန့်အလွန် တင့်တယ်ခမ်းနားခြင်းသည် ရှိလေ၏။

*

စာဖြေသောနေ့၌ သဘာကြီးသည် အုံမခန်းနိုင်လောက်အောင် အလွန့်အလွန်စည်ကားကာ ရှိလေရကား မယ်သိုက်သည် သဘာမ အဝတ်တန်ဆာနှင့်ပင် ကျုံ့ကျုံ့ထိုင်ကာ ဤသို့ဖြေဆိုပြလေ၏။

'သဘာရှင်'

အမေးကားတို့၍ အဖြေကားနက်ကျယ်ပြီးသော် ရှည်လျားလှပါသည်။ သတ္တဝါတို့၏တံခါးကြီးဘယ်နှစ်ပေါက်ရှိသလဲအမေးမှာ ထင်ရှားသောလောက မျက်မြင်သတ္တဝါများ၌သာ ဖြေဆိုပါအံ့။

'ကြက်ငှက်စသော သတ္တဝါတို့၌ တံခါးကြီး ရှစ်ပေါက်သာ ရှိပါသည်။'

'ငါးသတ္တဝါများ၌ တံခါးကြီး ဆယ်ပေါက်ရှိပါသည်။ လူတို့၌ကား ယောကျ်ားတွင် တံခါးကြီးကိုးပေါက်ရှိ၍ မိန်းမတွင် ဆယ်ပေါက် ရှိပါသည်။'

ထိုသို့ တံခါးပေါက်များရှိရာတွင် တံခါးပေါက်ကြီးများနှင့် ကာမ မေထုန်မပြုနိုင်သော သတ္တဝါတို့ကို အချို့ဆရာတို့က ပြိတ္တာဟုခေါ်ကြပါသည်။

(နေငုနိုင်စွမ်းလေစွ ဟူသောအသံကြီးသည် တစ်ခဲနက်ဖြစ်လေ၏)

ထိုတံခါးပေါက်တို့တွင် အရသာကို အထူးမက်မောစွာ ခံစားတတ်သည့် လျှာရှိသော ပါးစပ်ဆိုသည့် တံခါးမကြီးသည် အလွန့်အလွန် ဆိုးသွမ်းလေသည်။

(သဘာသည် စိုက်၍တိတ်နေလေ၏။)

'နက်သောအဓိပ္ပာယ်ကို ဆောင်ပါအံ့'

ငါးကြီးသည် ထိုအရသာကိုစွဲ၍ မိမိနိုင်သော ငါးကလေးများကို ငါးကဲ့သို့ ဘဝတူအမျိုးသားဟု မအောက်မေ့နိုင်ဘဲ လိုက်လံဖမ်းဆီး

ပြီးလျှင် သူ၏အစာဟု တပ်မက်လေတော့ပြီ။

မြွေသည် သားငါးစသည်တို့ကို အရသာအတွက်ပင် လိုက်လံဖမ်းဆီးစားသောက်လေသည်။ ၎င်းတို့ကို အစားအစာဟု ထင်မှတ်လေသည်။ ထိုမြွေများကို ငှက်ကြီးများသည် ရှာဖွေရှိုယူ၍အရသာ ဝမ်းစာအတွက် ဖမ်းဆီးစားသောက်လေသည်။ ထိုငှက်ကြီးတို့သည် အရသာကို စွဲမက်၍ မြွေများကို သူတို့အစားအစာဟု တပ်မက်လေသည်။

စာကလေးစသော ငှက်ငယ်တို့သည် ပိုးမွှားစသည်တို့ကို သူတို့၏အစာဟု ထင်မှတ်၍လိုက်လံဖမ်းဆီး စားသောက်လေသည်။ ထိုငှက်ငယ်တို့ကို ငှက်ကြီးများသည် အစားအစာဟု ဖမ်းဆီးစားသောက်ပြန်လေသည်။

မြက်သစ်ရွက်တို့ကို မစားသော တစ်နည်းတဲ့ မြက်သစ်ရွက်တို့နှင့် အသက်မမွေးသော အခြေလေးချောင်း တိရစ္ဆာန်တို့သည် တစ်ကောင်နှင့်တစ်ကောင် အမျိုးမတူသည်တို့ကို နိုင်ရာ နိုင်ရာပြု၍ လိုက်လံဖမ်းဆီးစားသောက်ခြင်းဖြင့် နိုင်ရာ နိုင်စားလောကကြီးကို တည်ထောင်ကြလေသည်။ အမျိုးမတူခဲ့ပါသော် ရှုံးသူသည် နိုင်သူ၏ အစာဖြစ်ရလေသည်။

ဤကား ပါးစပ်အရသာကိုစွဲ၍ ဖြစ်ရချေသည်။

မြက်သစ်ရွက်စား၊ သစ်ဥသစ်ဖုစားသတ္တဝါ၊ သစ်သီးသစ်နှံစားသတ္တဝါတို့မှာလည်း အရသာတည်းဟူသော အစားအစာအတွက် လူတို့လုပ်ကိုင်ထားသော ကောက်ခင်း၊ ပဲခင်း၊ သီးနှံခင်းတို့ကို ၎င်းတို့၏အစားအစာဟု ယူမှတ်၍ ဝင်ရောက်စားသောက်ကြလေသည်။ အချို့ကောက်ခင်း၊ ပဲခင်းတို့မှာ ပုရစ်၊ ယုန်၊ ပွေးစသော တိရစ္ဆာန်ပိုးမွှားတို့ကြောင့်ပင် အပင်မဖြစ်နိုင်ကြပေ။ ဤကား အရသာ၌ တပ်မက်မှုကြောင့်... ညစ်ပတ်ခြင်းသဘောနှင့်... ကျူးလွန်စော်ကားခြင်းပင် ဖြစ်လေသည်။

လူသည်မှာကား သစ်သီး၊ သစ်ဥ၊ သစ်ဖု၊ သစ်ရွက်တို့အပြင် နိုင်ထက်စီးနင်းပြုပြီးလျှင် တိရစ္ဆာန်၊ ကြက်ငှက်၊ ပိုးမွှားတို့ကို သတ်ဖြတ် စားကြလေသည်။ ဤကား လျှာအလိုရှိသော ပါးစပ်အရသာအတွက် ဖြစ်လေသည်။

'ထိုထိုသော သဘောတို့ကြောင့် ပါးစပ်တည်းဟူသော လူ၌ တံခါး ပေါက်ကြီးသည် အလွန့်အလွန် ဆိုးသွမ်းလှပါတကား'

'ပါးစပ်တည်းဟူသော တံခါးပေါက်ကြီး၌ လျှာ၏ အရသာသည် လူကိုမည်ကဲ့သို့ ဖန်တီးလေသည်ဟု လူကို သာဓကဆောင်၍ ပြရဦး တော့အံ့'

'ပါးစပ်တည်းဟူသော တံခါးပေါက်သည် အကောင်းကိုသာယူ၍ ပြသခြင်းဖြင့် လူတို့အား တဖြည်းဖြည်း ကျန်းမာထွားကြိုင်းသန်မာလာ စေသည်။ လှပလာစေသည်။ လူပျိုဖြစ်ခြင်း၊ အပျိုဖြစ်ခြင်းတည်းဟူသော အရွယ်ကိုရောက်စေသည်။ ဤမျှလောက်ပြသသည်ရှိသော် ပေါ်လွင်ထင် ရှားလာနိုင်ပေပြီ။'

'ထိုတံခါးပေါက်မှ အစားအစာကို ဆေးဝါးအဖြစ်ငှာ မမှီဝဲဘဲ အရ သာကိုစံစား၍ မှီဝဲခြင်းကြောင့် ညစ်ညမ်းသော ကာမဂုဏ်မှုကို ပွားစေ လေသည်။ မပွားများဘဲမနေချေ။ ထိုကာမဂုဏ်မှုမှတစ်ဆင့်တဏှာ ၍ မေထုန်မှုကို အားပေးလာတတ်လေသည်။'

ထိုသို့သောသဘောကြောင့် အကျဉ်းအားဖြင့် ရုံးရသည်ရှိသော် ပါစပ်တည်းဟူသော တံခါးပေါက်သည် အလွန်ဆိုးသွမ်းလေတော့ သည်။

ထင်ရှားစွာ စဉ်းစားသည်ရှိသော် ပါစပ်တည်းဟူသော တံခါး ပေါက်သည် ချွတ်ယွင်းပျက်စီးသဖြင့်... အသာပျက်ရသည့်ရှိလာချေ သော်... မကြည့်မမြင်လိုပေ၊ အသံကိုပင် မကြားလိုပေ၊ ကာမဂုဏ်အ

ထုန်မှုကိုလည်း မကြုံဆလိုတော့ပေ ထိုသဘောကြောင့်… တံခါးပေါက်ကြီးတစ်ပေါက်ဖြစ်သော ပါးစပ်သည် လူကိုအဓိကရ မျက်လှည့်ပြနိုင်ပေသည့်အတိုင်း အမေးစကားနှင့် တန်ရုံအတိုင်း ဖြေဆိုရသည်ရှိသော် ပါးစပ်တည်းဟူသော… တံခါးပေါက်ကြီးသည် အလွန်ဆိုးသွမ်းလေသည်။

□

## ထိုနေ့ သဘာရပ်စား

နောက်တစ်နေ့သည်၌ သဘာတွင် မယ်သိုက်သည် ဤသို့လျှင် ရသေ့၏ ကျန်အမေးတစ်ခုကို ဖြေဆိုလေ၏။

သဘာ။

'ဘဝတစ်ပါးသို့ကူးရမည်၌ ကြောက်စရာအကောင်းဆုံးသည် မည်သည်ပါနည်းဟူသော အမေး၌ ဤသို့လျှင်ပါတကား...'

လူတို့၌ လျှာအရသာကြောင့်စွဲလမ်းခြင်း၊ အသံ၊ အဆင်း အနံ့ အရသာတို့ကြောင့်စွဲလမ်းခြင်း၊ အထိအတွေ့အရသာကြောင့် စွဲလမ်းခြင်း တို့အပြင် ကောင်းမှု၊ မကောင်းမှု တစ်ခုခုအထုအားဖြင့် မပယ်နိုင်ဘဲ စွဲလမ်းခြင်းဟူ၍ရှိချေသည်။

လူတို့၌ ဘဝကူးရရာတွင် တစ်စုံတစ်ရာ ဖျားနာခြင်းကြောင့် ဘဝ ကူးရခြင်း၊ အိုး၍နာခြင်းကြောင့် ဘဝကူးရခြင်း၊ ရုတ်တရက်ကပ်၍ဖြတ် ခြင်းကြောင့် ဘဝကူးရခြင်းဟူ၍ရှိလေသည်။

'အကြင်သူတစ်ယောက်သည် အလှူပေးခြင်း၊ သီလဆောက်တည်

ခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်းစသော ကောင်းမှုလမ်းကြောင်း ဆယ်ခုကို ပြုလျက်ရှိ၏။ သူတော်ကောင်းဟု အများကထင်မှတ်၏။ ကိုယ့်ကိုယ်ကိုယ်လည်း ကောင်းသောကျင့်ဝတ်နှင့် ပြည့်စုံသည်ဟု အများ နည်းတူထင်မှတ်၏။ ထိုသူသည် ဘဝကူးအံ့သောဂှာ... သေရာညောင် စောင်း၌ လျောင်းသောအခါ လူဟူ၍ပညတ်တင်ထားသည့် မြူစိုင်ကြီး တို့ တည်တံ့နိုင်မြဲနေစေရန် အားပေးနေသော ဓာတ်လေးပါးသည် အစဉ် အတိုင်း ချို့ယွင်းလာသဖြင့် အားနည်းလာလေတော့ပြီ။'

'ထိုအခါ မိမိ၏ဥစ္စာပစ္စည်း ရွှေငွေစည်းစိမ်စသည်တို့ကို လည်း ကောင်း၊ သားသမီး ခြွေရံသင်းပင်း ချစ်ခင်သူတစ်ဦးဦးကိုသော် လည်း ကောင်း စွဲလမ်းကာ အာရုံပြုမိပြီးလျှင် ဘဝကူးရသည်ရှိသော် ထိုသူသည် ပြိတ္တာဘဝကိုတန်းလျက်ရှိလေတော့ပြီ။'

'တစ်နည်းတုံ့ ထိုသို့ ဘဝကူးခါနီးဆဲဆဲ၌ ခွေးဟောင်သံကို ကြား ၍ စွဲလမ်းမိသော်လည်းကောင်း၊ ခွေး ကြောင်တို့ဖြစ်ရရန် ခွေးအချိန်၊ ကြောင် အချိန်မဟုတ်ခဲ့ပါလျှင် ပြိတ္တာတစ်မျိုးအဖြစ်ဖြင့် ခွေးတစ္ဆေ၊ ကြောင်တစ္ဆေ ဖြစ်နေရတတ်လေသည်။'

ထို့ကြောင့် ဘဝတစ်ပါးသို့ ကူးရရာ၌ မကောင်းသော အာရုံနှင့် အလိုရှိခြင်း၊ တုန်လှုပ်ခြင်း၊ ထောင်လွှားခြင်းတို့ထက် စွဲလမ်းခြင်းသည် ကြောက်စရာအကောင်းဆုံး ဖြစ်ချေတော့တကား။

ထိုအခါ ရသေ့တစ်ပါးက ဒကာမကလေး ကုစားရန် ဆေးမရှိ ပါသလောဟုမေး၍ မယ်သိုက်လည်းရှိပါ၏ဟု ဖြေဆိုသဖြင့် အများက ပင် ဆေးကိုဖော်ထုတ်ပါလော့... ဟု တောင်းပန်ကြသည့်အတိုင်း... မယ်သိုက်သည် ဤသို့ပြောပြလေ၏။

'လူတို့သည် ဤဘဝ၌ အသက်ရှည်ခြင်းကိုလို၍ အစားအစာ ကောင်းကိုကြံစည်၍စားကြ၏။ ဆေးကိုကြံစည်ရှာဖွေ၍ မှီဝဲကြ၏။ ၎င်း

ကိုမသင့်ဟုမဆိုတုံသော်လည်း ထိုအစားအစာကောင်း၊ ဆေးကောင်းသည် ရသာကာမဂုဏ်ကိုပွားများစေ၍ ကာမဂုဏ်မေထုန်စိတ်ကို လှုံ့လဲလာသော်ကား သာ၍ကြောက်စရာဖြစ်ချေသည်။ ကာမဂုဏ်မေထုန် စိတ်သည်ကား မိန်းမယောကျ်ား နှစ်ပါးပေါင်းသင်း ဆက်ဆံတွေ့ဆုံခြင်းကိုသာမဆိုလို။ နားအာရုံ၊ မျက်စိအာရုံ၊ ခတ်၏ကြဲဆခြင်းအာရုံတို့နှင့်လည်း ကာမဂုဏ်မေထုန်စိတ်ကို ဖြစ်စေနိုင်လေသည်။

'ထိုသို့သောသဘောကြောင့် ကာမဂုဏ်မေထုန်သဘောကို မြိုးမြ၍ အလိုရှိခြင်း၊ တုန်လှုပ်ခြင်း၊ မြိုးမြခြင်းတို့ကို အထူးသည်းခံလျက်နေ့စဉ်အချိန်မှန်မှန်ထွက်သက် ဝင်သက်ကိုသော်လည်းကောင်း၊ တစ်စုံတစ်ခုသော ကသိုင်းကွက်ကိုသော်လည်းကောင်း၊ ဘုရားသည် အမှန်ရှိပြီး ရှိလတံ့သောကြောင့် ဘုရားကိုအာရုံပြုပြီး လေ့လာပါလော့။ လေ့လာဖန်များသော် ထိုအာရုံသည် စွဲမြဲလာလိမ့်မည်။ ထိုအခါ ထပ်ကာထပ်ကာ စွဲမြဲအောင် သုံးသပ်ရမည်။ ထိုသို့စွဲမြဲလာသောအခါ ဘဝကူးရန်ညောင်စောင်း၌ လဲလျောင်းနေသောအခါဖြစ်စေ၊ ရောဂါ ကပ်ရောက်နေသောအခါဖြစ်စေ ထိုအာရုံကိုသုံးသပ်ဆင်ခြင်နေပါက မိမိကိုရောဂါသည် မနှိပ်စက်နိုင်ချေ။ သက်သက်သာသာနှင့် ဘဝကူး၍ မြင့်မြတ်သောဘဝသို့ရောက်သွားတတ်ပါသည်။ ထို့ကြောင့် ထိုစိတ်၏အကျင့်ကိုမည်သူမဆို နေ့စဉ် အလုပ်တစ်ခုထား၍ စွဲမြဲလေ့လာအားထုတ်ခြင်းသည်လည်း သံသရာလူမမာဖြစ်သော မိမိကိုယ်ကို မိမိဆေးကုသခြင်း ဖြစ်ချေသည်။'

'အဖိုးတန်လှပါတကား...'

'အကယ်၍ ထိုသို့စိတ်၏အကျင့်ကို တစ်စုံတစ်ခုသောသဘောကြောင့် ကျင့်ခွင့်မရသော အိမ်ထောင်သည်တို့၌ တစ်ရံတစ်ဆစ်အားဖြင့်ခပ်သိမ်းသော အပြုသဘောဟူသမျှသည် ပျက်ရမည်။ ထိုအပြု

သဘောသည် ဆင်းရဲမှုမျှသာပါတကား၊ ခပ်သိမ်းသောသဘောတို့ကို အစိုးမရ၊ မပိုင်ပါတကား... ဟု ထင်မြင်၍ ၎င်းတို့ကိုဘာကြောင့် မထင်နိုင်သလဲဟု ဆင်ခြင် သော် လိုချင်ခြင်း တစ်နည်းတုံ အလိုရမ္မက်၊ တုန်လှုပ်ခြင်း...၊ ထောင်လွှားခြင်းတို့ပါတကားဟူ၍ ထိုသုံးရပ်ကို လျှပ်စစ်တစ်လက်၊ လက်ဖျစ်တစ်တွက်လောက် ဝင်ပြတ်အောင် ဖြတ် လိုက်ပါ။ ထိုသို့ခဏလေးပြတ်ခြင်းသည် ခဏကလေးအလင်းရောင်ကို ရခြင်းမည်ပါသည်။'

'ထိုရဖူးသော အလင်းရောင်ကို ထပ်ကာထပ်ကာပွားများသည် ရှိသော် အလင်းရောင်ထုအင်အားကိုကောင်းစေ၍ ဘဝကူးရာ၌ သန့်ရှင်း သော အာရုံကို စွဲလမ်းထင်မြင်စေခြင်းဖြင့် ကောင်းသောဘဝသို့ ရောက်နိုင် ပါသည်။'

'အကယ်တည့် ထိုအလင်းရောင်ကလေးရဖူးသည်ကို ထပ်ကာ ထပ်ကာ မပွားများနိုင်စေကာမူ ထိုလက်ဖျစ်တစ်တွက် အချိန်မျှလောက် ကလေး ရဖူးသော အလင်းရောင်သည် ဘဝကူးရန် ညောင်စောင်း၌ လျောင်းရ သောအခါဖြစ်စေ၊ ကပ်၍ဖြတ်ခြင်းကြောင့်ဘဝကူးရတော့မည် ဖြစ်သော အခါဖြစ်စေ မကောင်းမှုထုထည်ကို ကန့်ကျောက်ခြင်းဖြင့် ပေါ်လာလေတော့ပြီ။'

'ထိုအလင်းရောင်အားဖြင့် ဘဝကူးသောအခါ၌ ယုတ်ညံ့ဆိုးဝါး သောဘဝသို့ ကံကြီးမထိုက်သော် မရောက်နိုင်ဖြစ်တတ်ပါသည်။'

ထို့ကြောင့် လူတို့၌ ရှက်ခြင်း၊ ကြောက်ခြင်းနှစ်ပါးကိုရှိရမည်။ ထိုရှက်ခြင်း၊ ကြောက်ခြင်းနှစ်ပါးသည်ကား အလိုရမ္မက်ကို ရှက်ကြောက် ပါ။ တုန်လှုပ်မှုကို ရှက်ကြောက်ပါ။ ထောင်လွှားမှု၊ ထောင်လွှားမှုတို့ကို ခဏကလေးတော့ဖြင့် တစ်ရံတစ်ဆစ်သိမ်းဆည်းနိုင်ပါသည်။ ထိုသိမ်း ဆည်းနိုင်ခြင်းသည်ပင် ခဏကလေးအားဖြင့် အလင်းရောင်ကို ရနိုင်ပါ

သည်။ ထိုအလင်းရောင်သည်သာလျှင် ဘဝကူးရာ၌ ကြောက်ဖွယ်ရာသော တစ်နည်းတုံ ကြောက်စရာအကောင်းဆုံးသော ဓွဲလမ်းတပ်မက်သည့် အာရုံကိုတားဆီးလျက် ကိလေသာမပြတ်သေးသော် အာရုံကောင်းကို ဖြစ်နိုင်ပါသတည်း။

*

ထိုကဲ့သို့သဘော၌ မယ်သိုက်သည် ရသေ့ဦးညို၏ ကြေးပုရပိုက်ပါသဘောတို့ကို ဖြေဆိုသည်ရှိသော် ရသေ့များ၊ ဝိဇ္ဇာများနှင့်သောသဘာသည် ပွဲတင်ထပ်မျှသြဘာပေးကြလေကုန်၏။ များစွာသော အဖိုးထိုက် အဖိုးတန် လက်ဆောင်တို့သည်လည်း စုပုံကာတည်ကြလေတော့သည်။

*

ထိုခေတ်တွင် ပေါက္ကံပြည်ကြီးသည် အလွန်တန်ခိုးကြီးသောနိုင်ငံကြီးဖြစ်နေသဖြင့် မြစ်မကြီး၏ အရှေ့ဘက်နိုင်ငံများနှင့် မြောက်ဘက်တစ်ခွင်မှ နိုင်ငံငယ်ပေါင်း များစွာတို့ကလည်း လေးစားသော နိုင်ငံတော်ကြီး ဖြစ်နေလေ၏။

ထိုအခိုက်အတန့်၌ သေနာပတိကြီးသည် မယ်သိုက်၏အိမ်တော်သို့ရောက်လာ၍ မယ်သိုက်နှင့် နန်းစိန်ကိုတွေ့ရလေရာ တော်သောနေရာကိုယူပြီးလျှင် ဤသို့ပြောဆိုလေ၏။

'တူမတော် သိုက်...'

'မိန့်တော်မူပါ ဘုရား...'

'နဂါးနိုင်ဟာ... တက္ကသိုလ်ပြည်ကပြန်လာ၍... ပညာကုံလုံလာခဲ့ပေပြီ။ ယခုလည်း သူ့နောင်တော်က စစ်တံခွန်လွှင့်စေလို့ မြောက်ဘက်

နယ်တစ်ခွင်ကို စစ်တံခွန်အလွှင့် ထွက်သွားနေတယ်...'

'ဟုတ်ပါတယ်...'

'အဲဒီတော့ ပြန်ရောက်လာတဲ့အခါ သူ့ကို သေနာပတိရာထူးကြီးကို လွှဲအပ်ချင်တယ် ဘယ့်နှယ်လဲ...'

'ဘထွေးတော် ဘုရားကလဲ...'

'ဘယ့်နှယ် နန်းစိန်...'

'မောင်တော်နဂါးနိုင်ဟာ ကေရာစ်မင်းဖြစ်ရမှာဘုရား၊ ဒါကြောင့် သူတို့ကို ကိုကိုဘုရားက စစ်တံခွန်လွှင့်ဖို့ လွှတ်ပါတယ် ဘုရား...'

'အဟုတ်သားပဲ ဘထွေးတော်ဘုရားရဲ့ အကြံတော်ဟာ မဟာန်သေးပါဘူး...'

'ခက်တယ်ကွာ၊ ကိုကိုဘုရားကလည်း ခွ...'

ထိုသို့ညည်းတွားကာ သေနာပတိကြီးသည် မယ်သိုက်၏အိမ်တော်မှ ပြန်သွား၍ မကြာမတင်မီပင် ဘုရင်မင်းမြတ်ထံမှ ယနေ့လွှတ်တော်သို့ တက်ပြီးလျှင် စီရင်ခန့်ခွဲရမည်ဟု အမိန့်တော်သတ်မှတ်လာလေ၏။

ထိုသို့သောသဘောကြောင့် မယ်သိုက်သည် နန်းစိန်နှင့်ယနေ့ပျော်ပါးစွာနေမည်ဟု ကြံဆထားသော်လည်း လွှတ်တော်သို့ တက်ရလေ၏။

မယ်သိုက်သည် လွှတ်တော်သို့ရောက်သောအခါ ဤသို့သောအရေးကို တွေ့ရ၏။

ပေါက္ကံနိုင်ငံတော်အတွင်း၌ တိတ်တိတ်ပုန်းလာရောက်ခိုအောင်းနေသော သင်းတွဲပြည်ဘုရင်မင်းမြတ်၊ မိဖုရားများတို့နှင့်တကွ ဗိုလ်ပါအနည်းငယ်တို့ကို နဂါးနိုင်မင်းသားသည် ဖမ်းဆီး၍ပို့လိုက်သဖြင့် အကျယ်ချုပ်နှင့် ရောက်ရှိနေလေသည်။

ထိုအခါ မယ်သိုက်သည် ဤသို့ဝန်ကြီးများအား မေးလေတော့၏ ။

'နဂါးနိုင်ရောက်လာပလား'

'မလာသေးပါ'

'ဘုရင်မင်းမြတ်၊ မိဖုရားများ၊ သားတော်သမီးတော်များ၊ နန်းတွင်းအခြံအရံများတို့ကို အိမ်တော်မင်္ဂလာ၌ တင့်တယ်ခမ်းနားစွာဖြင့် မြောက်စားစောင့်ရှောက်စေ။ စစ်သည်ဗိုလ်ပါအမှုထမ်းတို့အား လုံလောက်သောနေရာထိုင်ခွင့်နှင့်တကွ မညှိုးငယ်ရအောင်စောင့်ရှောက်စေ၊ ဂုတ်ဝန်မင်းထံဆင့်'

ပေါက္ကံပြည်ဘုရင်မြတ်သည်ကား ထိုသို့ မယ်သိုက်စီရင်ခန့်ခွဲသည်ကို အလွန်ဝမ်းသာအားရနှင့် မိမိကိုယ်တော်တိုင်ပင်လျှင် သင်းတွဲဘုရင်မင်းမြတ်ထံသို့... မိဖုရားများနှင့်သွားရောက်ကာ ဝမ်းမြောက်ဖွယ်စကားတို့ကို ပြောဆိုနေကြလေ၏။

ထို့နောက် နှစ်ခန့်ကြာမြောက်လတ်သော် နဂါးနိုင်မင်းသားသည် စစ်တံခွန်လွှင့်ရာမှပြန်ရောက်လာ၍ မယ်သိုက်သည် ခေါ်ပြီးလျှင် ဤသို့လျှင် ပြောဆိုမေးမြန်းနေလေ၏။ ထိုအခါ ၎င်း၏အစ်မတော် အိမ်ရှေ့မိဖုရားနန်းစိန်လည်း ရှိနေလေသည်။

'မောင်တော်ကလေး နဂါးနိုင် စစ်တံခွန်လွှင့်ပါဆို၊ ဘယ့်နှယ်သမီးသုဝဏ္ဏပဘာကို ခမည်းတော်၊ မယ်တော်ရံရွေတော်များနှင့်တကွ ဖမ်းပြီးပို့လိုက်ရပါသလဲ'

'မမသိုက်၊ ရာဇသတ်အရပါ'

'အလို... ပေါက်ပေါက်ရှာရှာ။ သူတို့ ဘေးကိုကြောက်လို့ ပုန်းနေရ တာပဲ၊ မရမကရှာပြီးဖမ်းပို့ရတယ်လို့'

'မရှာပါဘူး မမသိုက်'

'ခရားစေ့တွင်းကျပြောစမ်းပါဦး'

'ကျွန်တော်တို့တပ်စခန်းချရပ်ပြီး၊ ဝန်ထောက် ဦးလေးထွန်းနှင့်တောအရေးကို လှည့်ကြည့်တော့ သီချင်းဆိုတာကိုကြားရပါတယ်။ သည်တော့ ဦးလေးထွန်းက နဂါးမတွေသီချင်းဆိုသတဲ့'

'ဟုတ်လှပြီ'

'သည်တော့ ကျွန်တော်က ဦးလေး၊ ဦးလေးပြောတာမဟုတ်နိုင်ဘူး။ နဂါးသီချင်းဆိုရင် ရှူးရှူးနှင့်နေမယ်၊ ဒါမှမဟုတ် တွန်ရင်လည်းတီလို့ မြည်မယ်။ ခုတော့ လူသံပါလို့ပြောတယ်'

'မောင်ကလေး နဂါးမသီချင်းသံကို ကြားဖူးသလား'

'မမသိုက်က ကတ်သီးကတ်သတ်မေးတော်မူပြန်ပြီ။ နဂါးဆိုတာမြွေ။ မြွေကြီး၊ တစ်နည်းတုံ… အဆိပ်ထန်တဲ့ မြွေကြီးကို ဒါရ်ဝိဒိယံလူမျိုးများက နဂါးလို့ခေါ်ပါတယ်။ မြွေဆိုတာဟာ ရှူးဆိုတဲ့နှာသံနှင့် တီ… ဆိုတဲ့ အာသံကိုသာ ပြုနိုင်ပါတယ်'

'ဝန်ထောက်ကိုထွန်းပေါ်က ဘာပြောသလဲ'

'ဦးလေးထွန်းကတော့ ဘာမှမပြောတော့ပါဘူး။ တပ်စာရေးတော်ကြီး ဦးမာတလိကတော့ နတ်သမီးတွေသီချင်းဆိုတာတဲ့'

'အလို… ပညာရှိတွေ'

'သည်တော့ ကျွန်တော်က နတ်သမီးမှာ လူမလို မြူစိုင်းပါးစပ်ရှိသလားမေးတော့ ဦးလေးထွန်းက ကိုင်း… သွားကြည့်မယ်ဆိုပြီး သွားကြည့်လို့တွေ့ရတာပါ'

'အော်… ပြောစမ်းပါဦး'

'သူတို့ထံရောက်သွားတော့… ဖြတ်ဆို ထင်းခွေရင်း သီချင်းသာနေတဲ့ မိန်းမများထံရှေ့လှည့်ပြီး မမတို့ကို ပဘာဟာ… ဓဏဓဏပြောတယ် မမြူးပါနှင့်လို့။ ဟောဟိုမှာ မင်းမှုထမ်းတွေနှင့်တူတယ်။ တစ်ခါတော့

ခက်ကပြီ ဆိုကာ။ သူက...'

'ဘယ်သူကလဲ...'

'သူကပါ မမသိုက်။ ခြေကလေးဆောင့်ဆောင့်ပြီး လက်နှစ်ဖက်ကို ပွတ်နေပါတယ်...'

'နေပါဦး တင်လုံးကလေး ကောက်ကောက်ဟာလှပြီး ကျက်သရေမရှိဘူးလား...'

'အို မမသိုက်ကလည်း ဘယ့်နှယ်လှပြီး ကျက်သရေရှိရမှာလဲ'

'ရင်ဘတ်ကလေးကိုလည်း မြင်လိုက်မိတယ် မဟုတ်လား...'

'မြင်မိပါတယ်...'

'ရင်ကလေးဟာလည်း မို့မို့နှင့် မစို့တရို့ကြွနေပြီးမလှဘူးလား၊ မတင့်တယ်ဘူးလား'

'ခက်တယ်... မမသိုက် ဘာတွေကို စစ်ဆေးပါလိမ့်မလဲ'

'မလှဘူးလား၊ မတင့်တယ်ဘူးလား'

'ဟာ... မမသိုက် ကျွန်တော်မလှတတ်ဘူး၊ မတင့်တယ်တတ်ပါဘူး'

'ကျော်ရှော့ဟယ်၊ တကွသိုလ်ပြန် မျက်နှာကို ရိပ်ခနဲမြင်လိုက်မိပါတယ်'

'သည်တော့ မသနားမိဘူးလား'

'ရာဇဝတ်ကောင်မကို သနားမိရင် ကျွန်တော်သည် နိုင်ငံတော်သစ္စာဖောက်ပေါ့'

'အလို... ဘယ့်နှယ် သူ့ကိုချက်ချင်း ရာဇဝတ်ကောင်မလို့ဆိုနိုင်သလဲ'

'သူပြောတဲ့အသံကို ရိသဲ့သဲ့ကြားလိုက်မိလို့ပေါ့'

'တယ် နားပါးတတ်တယ်၊ ကိုင်း ပြောစမ်းပါဦး'

'ဒါနဲ့ ဦးလေးထွန်းကိုသွားပြီး အစစ်ခိုင်းပါတယ်'

'ဘာကြောင့် မောင်တော်ကလေးကိုယ်တိုင်တားပြီး မစစ်သလဲ...၊ စစ်ရင်သူက မောင်တော်ကလေးကို ကိုက်စားမှာကြောင့်လား'

'ခက်တယ် မမထံတင်ရတာ၊ သူက ဝန်ထောက်မမရဲ့။ ဒါဟာ ဝန်ထောက်မင်းရဲ့အလုပ်၊ မကျေနပ်ဘဲလိုတယ်ထင်မှ ကျွန်တော်က ထပ်စစ်မှာပေါ့'

'ကောင်းပြီ။ သူ့ ခမည်းတော်၊ မယ်တော်များထံ ရောက်သွားတော့ သုဝဏ္ဏပဘာက မောင်တော်ကလေးထံ ငိုငိုပြီး မတောင်းပန်ဘူးလား။ သူ့ဆံနှင့်မောင်တော်ကလေးရဲ့ ခြေကိုပွတ်ပွတ်ပြီး မတောင်းပန်ဘူးလား၊ ဒါတွေကို မောင်တော်ကလေးနည်းနည်းမှ မသနားဘူးလား'

'ဟာ... မမ၊ ရာဇဝတ်သားကို သနားနေရင် နိုင်ငံတော်ကြီးမီးအတိုက်ခံရမှာပေါ့'

'အိမ်ရှေ့ထိပ်ထား မောင်တော်ကလေးဟာ ကိုကိုဘုရားလိုမင်းသွေးမပီသဘူးလား'

'ပီသပါတယ်'

'မောင်တော်ကလေးက သုဝဏ္ဏပဘာကို ဘယ်လိုမှ မသနားဘဲ သုံ့ပန်းအဖြစ်နှင့် ဖမ်းပို့ပေမဲ့ မောင်တော်ကလေးနှင့် သုဝဏ္ဏပဘာကို စုလျားပတ်ပြီး သင်းတွဲပြည်ကြီးရဲ့ စည်ထီးခရိုင်နှင့် နိုင်ငံတော်ကို မောင်တော်ကလေးအားအပ်ရမှာပဲ...'

'အို့အို့ မမသိုက်ကလဲ'

'မအိုနှင့်၊ ထိုက်သူမှန်မှစံရသတဲ့'

*

မကြာမီ သုဝဏ္ဏပဘာနှင့် မင်းသားကလေးနဂါးနိုင်ကို စုလျားပတ်

၍ နဂါးနိုင်မင်းသားသည် စစ်သည်တော်ဗိုလ်ထုနှင့် သင်းတွဲပြည်ကြီးကို ချီတက်ကယ်ဆယ်ပြီးသော် သင်းတွဲနိုင်ငံတော်ကြီး၏ ထီးမွေ၊ နန်းမွေခံ အဖြစ်ဖြင့် အိမ်ရှေ့မင်းဘဝနှင့် တည်ရလေတော့သည်။

*

တစ်နေ့သောပေါက္ကံပြည်ဘုရင်မင်းမြတ်၏ နံနက်ညီလာခံ၌ ရွှေတောင်ကြီးပိုင်၏ တမန်တော်များသည် ရောက်လာ၍ နန်းရင်းဝန်ကြီးသည် အောက်ပါတင်လျှာကို ဘုရင်မင်းမြတ်ထံ ဆက်ရလေ၏။

'ရွှေတောင်ကြီးပိုင် သားတော်ကျော်မြင့်၊ ချွေးမတော် မာလာတို့ ခြေတော်ဦးခိုက် လျှောက်ထားလိုက်ပါသည် ဘုရား'

'ငကျော်မြင့်နှင့် မိမြမာလာတို့သည် ခမည်းတော်ဘုရင်မင်းမြတ်ထံ နောက်တော်ပါ ဗိုလ်ထုနှင့်ကန်တော့ပန်းဆက်သရရန် ဝင်ရောက်ခွင့်ကို သနားတော်မူပါ ဘုရား။'

'ဂုဏ်ဝန်မင်း'

'အမိန့်တော်မြတ်ကို နာခံရရန် အသင့်ပါ ဘုရား'

'သားတော်မောင် ကျော်မြင့်နှင့် ချွေးမတော် မြမာလာဒေဝီကို အကျုံနိတော့ဝင်ရန် အမြန်စီစဉ်၍ နေ့ရက်သတ်မှတ်ကာ ပြန်ကြားလေ...'

'ဦးတည့်လျက်ပါ ဘုရား'

*

ရွှေတောင်ကြီးပိုင်ကျော်မြင့်နှင့် မြလာလာဒေဝီတို့သည် များစွာသော လက်နက်ကိုင် တောင်ပေါ်သား ဗိုလ်ထုအခြံအရံတို့နှင့် ရောက်လာကြ၍ အိမ်တော်မင်္ဂလာ၌ တည်းခိုနေထိုင်ကြပြီးလျှင် ခမ်းနားတင့်တယ်စွာ စီမံခင်းကျင်းထားသော မင်္ဂလာမဏ္ဍပ်ကြီး၌ ဘုရင်မင်းမြတ်နှင့် မိဖုရားများ၊ ဘထွေးတော် သေနာပတိကြီးနှင့် မိဖုရားတို့သည် ကျော်မြင့်

နှင့် မြမာလာဒေဝီတို့၏ အကန်တော့ကို ခမ်းနားသိုက်မြိုက်စွာ ခံယူတော်မူလေသည်။

'လောကသည် အများအားဖြင့် ကိုယ်ဖြစ်ချင်သလိုမဖြစ်၊ သဘာဝက ပေးသလို ဖြစ်ရသည်ကို သတိထား၍ မမှားကြစေရာ'

တိုင်းပြည်နိုင်ငံကို ပျက်စီးစေတတ်သည်ကား... လူညစ်ပတ်တို့ အခွင့်အာဏာရလာခြင်းဖြစ်ချေသည်။ လူညစ်ပတ်မည်သည်ကား ဂုဏ်ကိုငမ်းသောသူ၊ ထင်ပေါ်ကျော်စောမှုကို ငမ်းသောသူ၊ လောကအတွက်ကိုယ်၏ ကောင်းစားရေးကိုသာ ရှေးရှုသောသူ၊ အာဂငါဟု ထောင်လွှားတက်ကြွသောသူတို့သာလျှင်ကတည်း။

တရားမဲ့ ကျင့်ကြံသောသူသည် ညစ်ပတ်ခြင်းလွှန်ကဲ၍ နိုင်ငံတော်ကို ပျက်အောင်ဖျက်နေသော သူသည်သာလျှင်ကတည်း။ ။

တရားမဲ့ ကျင့်ကြံခြင်းကိုမသိသောသူသည် လူရေခြုံနေသော တိရစ္ဆာန်ဖြစ်၏။ တရားမဲ့ ကျင့်ကြံခြင်းကို လိုက်လျောသောသူ ဟူသမျှသည် လောကကို ဖျက်နေသော သူတို့တည်း။

လောကအား ဖျက်နေသောသူကို မြင်ပလား။ ။ မမြင်သောသူမှာ "လောကပျက်ရစ်" မရှိ။ ရပ်လိုက်ပြီ။ ။

စစ်ကိုင်း ဦးတိုးသင်း

❒